


ဆုပြည့်စုံထွန်းစာပေမှ

၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသည်။




ဤဝတ္ထုကို မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ

ဒါရိုက်တာ– ဇဗ္ဗူထွန်းသက်လွင်

ရန်အောင်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊

မြတ်ကေသီအောင်၊ နဒီဝင့်နိုင်–တို့ပါဝင်လျက်

"နေကိုကျောခိုင်းတဲ့ လ" အမည်ဖြင့်

ဗီဒီယိုဇာတ်ကား ရိုက်ကူးခဲ့ပြီးဖြစ်ပါသည်။

၎င်းဗီဒီယိုဇာတ်ကားကို

**Burmese Classic Website**

တွင် ကြည့်ရှုနိုင်ပါသည်။

# နှေတမာန်

# နေ ကိုကျော်ခိုင်းထားတဲ့ လ

## အပိုင်း – ၁

### အခန်းစဉ်– ၁၂

“ဟောဟိုမှာကြည့်လိုက်မိုး၊ ဘတ်စ်ကားမှတ်တိုင်အောက်မှာ ထိုင်နေတဲ့အဘွားကြီး၊ တွေ့လား”

“တွေ့တယ်မောင်”

‘ ‘မောင်ပြောတာ အဲဒီအဘွားကြီးပဲ၊ မနက်ပိုင်း မောင်ဆေးခန်း ဖွင့်ကတည်းက မှတ်တိုင်အမိုးလေးအောက်မှာ ထိုင်ထိုင်နေတာ အဲဒီ အောက်က မခွာဘူး၊ မောင့်ဆေးခန်းပိတ်တဲ့အထိ ကားမှတ်တိုင် အောက်မှာ ထိုင်လိုက်ထလိုက်နဲ့ အချိန်ကုန်နေတာပဲ မိုးရဲ့”

“မောင်က အဲဒီအဘွားကြီးကို ဘယ်လိုထင်လို့လဲဟင်”

“မောင်က သနားလို့ပါ၊ အသက်လည်း ကြီးလှပြီ၊ သူ့မှာ သွားစရာလာစရာမရှိဘူးလားမသိဘူး၊ မောင်လေ. အဲဒီအဘွား ကြီးကို မြင်ကတည်းက ဘယ်လိုသနားမိမှန်းမသိဘူးမိုးရယ်”

“ဒါဖြင့်လည်း .ပိုက်ဆံလေးဘာလေး ပေးလိုက်ပေါ့ မောင်ရယ်၊ ကြည့်ရတာ ပိုက်ဆံတောင်းချင်လို့များ မောင့်ကိုကြည့်နေတာ လား မသိဘူး”

“အဲဒီလိုလည်း မဟုတ်နိုင်ပါဘူးမိုးရယ်၊ အဘွားကြီးကြည့်ရ တာ ရုပ်ရည်ခန့်သန့်သန့်ထဲကပါ၊ မျက်နှာမှာ အမာရွတ်ကြီးရှိလို့သာ အကြည့်ရဆိုးတယ်ထင်ရတာပါ”

“ဩော် .မောင်ဟာလေ၊ တစ်ဖက်သားကိုသိပ်ကြင်နာတတ် တာပဲနော်၊ ဘာမှမဆိုင်တဲ့ လမ်းဘေးကအဘွားကြီးကိုတောင် သနားနေ သေးတယ်၊ အဲဒါကြောင့်လည်း မောင့်ဆေးခန်းမှာ လူနာတွေအများကြီးနဲ့ မောင့်ကိုအားကိုးကြတာထင်ပါရဲ့”

မောင်နှင့်မိုးတို့ စကားပြောနေသည့်နေရာမှ ပြတင်းပေါက်ကို ကျော်၍ကြည့်လိုက်လျှင် .ဆေးခန်းရှေ့ဘတ်စ်ကားမှတ်တိုင်အမိုး လေးအောက်တွင်ထိုင်နေသည့် အဘွားအိုကိုမြင်နေရသည်။ အဘွား အိုသည် ဆေးခန်းထဲသို့ အချိန်ပြည့်ငေးမျှော်ကြည့်လေ၏။

“ဒေါက်တာ မင်းမြတ်မောင်မောင်”–ဆိုသည့် ဆိုင်းဘုတ် ချိတ်ထားသောဆေးခန်းမှ ဆရာဝန် မင်းမြတ်မောင်မောင်က သူ့ချစ်သူ မိုးကို ပဟေဠိဆန်သည့်အဘွားအိုအကြောင်းကို ပြောပြနေခြင်းဖြစ်ပါ၏။

မိုးနှင့်မောင် စကားပြောနေသည့်အချိန်တွင်လည်း ဆေးခန်း ထဲသို့လှမ်းကြည့်နေသောအဘွားအိုကို မြင်နေရဆဲဖြစ်ပါသည်။

★ ★ ★ ★ ★

### အခန်းစဉ်– ၁၃

မိုးများက သည်းသည်းမည်းမည်းရွာနေသည်။

ဒေါက်တာမင်းမြတ်မောင်မောင်သည် ဆေးခန်းပိတ်ပြီး ဆေးခန်းထဲမှထွက်လာ၏။

သူသည် ဆေးခန်းရှေ့ဘတ်စ်ကားမှတ်တိုင်ရှေ့သို့ကြည့်လိုက်ရာ သူ့ဆေးခန်းသို့ နေ့စဉ်လာငေးနေသော အဘွားအိုကို မြင်လိုက်ရလေ သည်။

ဒေါက်တာမင်းမြတ်မောင်မောင်က သူ့ကားကို ကားမှတ်တိုင် ဆီမောင်းသွားရင်း မှတ်တိုင်ရှေ့တွင်ရပ်လိုက်လေသည်။

“အဒေါ်ကြီး မပြန်သေးဘူးလား၊ မိုးလည်းချုပ်နေပြီ၊ မိုးတွေ လည်း သိပ်ရွာနေတယ်”

အဘွားအိုက ခေါင်းခါပြသည်။

“အဒေါ်ကြီး ဘယ်ပြန်မှာလဲဟင်၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ ကျွန်တော့်ကားပေါ်တက်ပါ”

“ဟင့်အင်း .မတက်ဘူး ကိစ္စမရှိပါဘူးကွယ်”

“မိုးတွေသိပ်ရွာနေတယ်၊ အဒေါ်ကြီးသွားမယ့်နေရာ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ တက်ပါ”

‘‘အဒေါ်ပြန်ရမယ့်နေရာက မဝေးပါဘူးကွယ်၊ ဒီနားတွင်ပါ၊ သား …အဲ …ဆရာဝန်လေး ပြန်ပါကွယ်၊ ပြန်ပါ၊ အဒေါ့်အတွက် ကိစ္စမရှိပါဘူးကွယ်’’

‘‘ခက်တာပဲ၊ အဒေါ်ကြီးမှာ ဆောင်းစရာရော ပါရဲ့လား’’

‘‘မိုးကမကြာခင်တိတ်သွားမှာပါ သား …ဆရာဝန်လေးရယ် မိုးတိတ်မှ တဘက်ကလေးခေါင်းပေါ်တင်ပြီး ပြန်ရင်လုံပါတယ်၊ ဆရာဝန်လေးသာ အိမ်မြန်မြန်ရောက်အောင်ပြန်ပါ၊ မိဘတွေစိတ်ပူနေပါလိမ့်မယ်’’

ဒေါက်တာမင်းမြတ်မောင်မောင်က သက်ပြင်းကိုချရင်း ကားကို မောင်းထွက်ခဲ့သည်။ နောက်ကိုလှည့်ကြည့်လိုက်တော့ သူ့ကိုငေးကြည့် နေသောအဘွားအိုကို မြင်လိုက်ရသည်။

‘‘သနားစရာကောင်းလိုက်တာ၊ ဒီအဘွားကြီးကိုမြင်ကတည်းက ငါသိပ်သနားမိတာပဲ၊ ဘယ်လိုရေစက်ပါလိမ့်’’

ဒေါက်တာမင်းမြတ်မောင်မောင်က အသံထွက်ရေရွတ်လိုက်လေသည်။

★ ★ ★ ★ ★

**အခန်းစဉ်– ၁၆**

ကားမှတ်တိုင်အောက်မှအဘွားအိုသည် ဆရာဝန်လေးမောင်းသွားသောကားကိုငေးမောကြည့်ရင်း ကျန်ခဲ့လေသည်။

အဘွားအိုသည် မျက်ရည်များရစ်ဝဲလျှက်ရှိသည်။

အဘွားအိုက တုန်ယင်သောအသံဖြင့် တစ်ကိုယ်တည်း တီးတိုး ပြောကြားနေလေ၏။

‘‘ဪ …သား …သား … သားလေး မင်းမြတ်မောင်မောင်ရယ် … မင်းဟာအမေ့သား လေးပါကွယ်၊ အမေလေ …မင်းကိုရှာလိုက်ရတာ၊ မင်းကိုမြင်တာနဲ့ မင်းဟာအမေ့သားဆိုတာ အမေ သိတယ်သား၊ မင်းရုပ်ရည်က မင်းအဖေနဲ့ ချွတ်စွပ် တူနေတာကိုးကွဲ့၊ ငယ်ငယ်ကတည်းက အဖေနဲ့တူတဲ့ သားလေးကို အမေမှတ်မိပါတယ်ကွယ် …

‘‘ပြီးတော့ …မင်းမြတ်မောင်မောင်ဆိုတဲ့ နာမည်ဟာလည်း အမေကိုယ်တိုင် မှည့်ပေးခဲ့တဲ့ နာမည်လေ၊ သားလေးက ဆရာဝန်တောင်ဖြစ်နေ ပြီနော်၊ အမေအားရလိုက်တာကွယ် …

‘‘ကိုယ့်သားကိုယ် တွေ့ပြန်တော့လည်း ဘဝ အခြေချင်း ကွာခြားလွန်းလို့ သားကို သားလို့ မခေါ် နိုင်တဲ့ဘဝပါလားကွယ် …

‘‘အို …မင်းမြတ်မောင်မောင်ဟာ ငါ့သား ဆိုတာကို သူ မသိစေရဘူး၊ ငါ့သားလေး ငါ့အတွက်နဲ့ သိက္ခာမကျစေရဘူး၊ ငါလို ထောင်ထွက်မိန်းမတစ် ယောက်ရဲ့သားဆိုတာ ဘယ်သူမှမသိစေရဘူး၊ သား လေးမျက်နှာကိုမြင်နေရရင် ငါကြေနပ်ပြီ၊ မင်းကို အမေ့သားဆိုတာ အမေမပြောရက်ပါဘူးကွယ် …

‘‘အမေ့ရင်ထဲမှာ မြိုသိပ်ထားမယ်၊ တစ်သက် လုံးမြိုသိပ်ထားမယ်၊ ဪ …သားလေးက အမေ့ ကို ‘‘အဒေါ်ကြီး’’လို့ ခေါ်သွားတယ်နော်၊ အမေမှန်း မသိရှာတဲ့ငါ့သားလေး၊ သားပါးစပ်က ‘‘အမေ’’လို့ ခေါ်တဲ့အသံလေးကိုတော့ အမေမသေခင် ကြားချင် ပါဘိတော့ သားရေ’’

အဘွားအိုက တစ်ကိုယ်တည်း တတွတ်တွတ်ပြောရင်း ကားမှတ်တိုင်အောက်၌ ငိုရှိုက်နေလေသည်။

မိုးများက သည်းသည်းမည်းမည်းရွာနေဆဲ။

အဘွားအိုက ပခုံးပေါ်မှညစ်နွမ်းသောတဘက်ကလေးဖြင့် သူမ၏မျက်ရည်စက်များကိုသုတ်လိုက်သည်။

‘‘အများက မိန်းမဆိုး မိန်းမယုတ်လို့ သတ်မှတ် ထားကြတဲ့ ငါလိုမိန်းမရဲ့သားဆိုတာကို သားလေး မသိစေရပါဘူးကွယ်၊ ဟောဒီက ရုပ်ပျက်ဆင်းပျက် ထောင်ထွက်မိန်းမကြီးဟာ မင်းအမေအရင်းဆိုတာ ကို မင်း မသိစေရပါဘူးကွယ်၊ မင်းမသိစေရပါဘူး’’

★ ★ ★ ★ ★

## အခန်းစဉ်– ၂၁

''ဒကာမကြီး ဒေါ်ပိုးဖုံ၊ တစ်နေ့တစ်နေ့ မိုးလင်းကမိုးချုပ် ဘယ်ကိုသွားသွားနေတာတုံး၊ ဒကာမကြီး မိုးချုပ်မှပြန်ပြန်လာတာကို ဘုန်းကြီးသတိထားမိတယ်''

ဒေါ်ပိုးဖုံ မှီခိုနေထိုင်သည့် ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးက ဒေါ်ပိုးဖုံကို မေးလိုက်ခြင်းဖြစ်သည်။

''မှန်လှပါဘုရား၊ တပည့်တော်မ ... တပည့်တော်မရဲ့သားကို လိုက်ရှာနေတာပါဘုရား''

''အလို ... ဒေါ်ပိုးဖုံမှာ သားရှိတယ်၊ ဟုတ်လား''

''တင်ပါ့ဘုရား၊ သားလေးတစ်ယောက်ရှိပါတယ်''

''ဒေါ်ပိုးဖုံဟာ ထောင်ထဲမှာ အနှစ်နှစ်ဆယ်နေခဲ့ရတယ်ဆို၊ အင်း ... ကျုပ်ရဲ့ဒကာရင်းတွေက အပ်ထားလို့သာ ဒေါ်ပိုးဖုံကို ကျုပ်ကျောင်းမှာလက်ခံထားရတယ်၊ ဒေါ်ပိုးဖုံအကြောင်းကို ဘုန်းကြီးဘာမှမသိပေဘူး''

''မှန်ပါ့ဘုရား၊ တပည့်တော်မဟာ လူသတ်မှုနဲ့ထောင်ဒဏ် အနှစ်နှစ်ဆယ်ကျခံခဲ့ရပါတယ်၊ တပည့်တော်မကို စော်ကားမော်ကားပြုဖို့ကြိုးစားခဲ့တဲ့လူတစ်စုထဲက နှစ်ယောက်ကို တပည့်တော်မ သတ်ပစ် ခဲ့လို့ လူနှစ်ယောက်ကိုသတ်မှုနဲ့ထောင်ကျခဲ့ရတာပါ''

''ဖြစ်မှဖြစ်ရလေ ဒကာမကြီးရယ်''

''တပည့်တော်မဟာ တစ်ချိန်က ချမ်းသာကြွယ်ဝတဲ့မိဘများရဲ့တစ်ဦးတည်းသောသမီး၊ အိမ်ထောင်ကျတော့လည်း မြို့နယ်အဆင့်အရာရှိကြီးတစ်ဦးရဲ့ဇနီးမယားဖြစ်ခဲ့ပါတယ်ဘုရား၊ ဒါတွေကို အခုပြောပြလည်း ဘယ်သူမှယုံကြတော့မှာမဟုတ်ပါဘူးလေ၊ ခုလိုတာဝရောက်ရ တာလဲ တပည့်တော်မကိုယ်တိုင် မိုက်မှားခဲ့မိလို့ပါဘုရား၊ ဘယ်သူမပြုမိမိမှုပါပဲဘုရား''

''ဒီလိုအသိတရားရတာတော့ ကောင်းသားပဲ၊ နို့ ... ဒေါ်ပိုးဖုံအသက်ကရော ဘယ်လောက်ရှိပြီလဲ''

''တပည့်တော်မအသက် ၄၅–နှစ်ပဲရှိပါသေးတယ်ဘုရား''

''အလို ... ဘုန်းကြီးတို့ထက် အများကြီးငယ်ပေတာပဲ၊ ဒေါ်ပိုးဖုံကိုကြည့်ပြီး အသက်၆၀ကျော်အဘွားအိုတစ်ယောက်လို့ ထင်မိ တယ်''

''ထင်လောက်စရာပါဘုရား၊ ကြုံခဲ့ရတဲ့လောကဓံတရားတွေ ကြောင့် စိတ်ထောင်းကိုယ်ကြေခဲ့ရတာကိုးဘုရာ့''

''ဒါနဲ့ ... မျက်နှာပေါ်က ကန့်လန့်ဖြတ်အမာရွတ်ကြီးကရော၊ ဘယ်လိုကဘယ်လိုရလာတာတုံး''

''ထောင်ထဲမှာ ထောင်ကျမိန်းမချင်း ရန်ဖြစ်ရာက ဟိုတစ်ဖက်က ပေါက်ပြားနဲ့ခုတ်လိုက်လို့ ရလာတဲ့ဒဏ်ရာပါဘုရား၊ ရန်ဖြစ်ကြတာ လည်း စိုက်ပျိုးရေးအလုပ်လုပ်ရင်း စိုက်ခင်းထဲမှာ ဖြစ်ကြတာကိုး''

''ကျွတ် ... ကျွတ် ... ဖြစ်ရလေ ဒေါ်ပိုးဖုံရယ်၊ ဒီလောက်လောကဓံရဲ့အထုအထောင်းခံရမှတော့ တရားသံဝေဂရသင့်ပြီ၊ မသေခင်အချိန်မှာ တရားဘာဝနာအားထုတ်ရင်း နေသင့်ပြီ ဒကာမကြီး''

''တင်ပါ့၊ တပည့်တော်မ ညစဉ်အဓိဋ္ဌာန်ပုတီးစိတ်ပါတယ် ဘုရား''

''ဒါလောက်နဲ့မလုံလောက်ဘူးလေ၊ သေရင် ကိုယ့်နောက်ပါနိုင်တာက ဒါန၊ သီလ၊ ဘာဝနာပဲရှိတယ်ဆိုတာကို သဘောပေါက် ဒကာမကြီး''

''တင်ပါ့ဘုရား''

''သားကိုရှာတယ်ဆိုတာရော၊ ဒကာမကြီးထောင်ထဲမှာ အနှစ်နှစ်ဆယ်နေခဲ့တဲ့အတွင်းမှာ သားနဲ့အဆက်အသွယ်ရှိခဲ့လို့လား''

''မရှိ ... မရှိပါဘူးဘုရား၊ တပည့်တော်မထောင်ကျတော့ သားလေးအသက်က သုံးနှစ်ပဲရှိပါသေးတယ်၊ အဲဒီအချိန်မှာ သူ့အဖေကလည်းဆုံးသွားပါပြီ၊ သားကို သူ့အဖေရဲ့အစ်မက ဆက်ပြီးမွေးစားထားပါတယ်၊ တပည့်တော်မ ထောင်ကထွက်လာတော့ သူတို့ အရင်နေရာမှာမနေကြတော့ဘူး၊ ဒီမြို့ကိုပြောင်းလာတယ်ဆိုလို့ လိုက်လာတာပါ ဘုရား''

''သူတို့ကိုလိုက်ရှာနေတာပေါ့လေ၊ အနှစ်နှစ်ဆယ်လုံးခွဲခဲ့ရတဲ့ကလေးကိုလိုက်ရှာရတာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလိုဖြစ်နေမှာ ပေါ့၊ ကလေးဟာခုဆိုအရွယ်ရောက်နေပြီ၊ အသက်နှစ်ဆယ်ကျော်အစိတ် ရှိပြီ၊ တွေ့ရင်တောင် မှတ်မိနိုင်ပါဦးမလား ဒေါ်ပိုးဖုံရယ်၊ တွေ့ရော တွေ့ရဲ့လား''

*''အင်း ... သားလေးကိုတွေ့တယ်ဆိုတာကို*
*ပြောလို့မဖြစ်ဘူး၊ ငါပြောလိုက်ရင် ဒေါက်တာ*
*မင်းမြတ်မောင်မောင်ဟာ ငါ့သားဆိုတာကို တစ်မြို့ လုံး*
*သိသွားကြလိမ့်မယ်၊ သားလေးသိက္ခာကျလိမ့် မယ်၊*

*ဘုန်းကြီးကိုလိမ်ပြောရတာတော့ ငရဲရောက်မှာ အမှန်ပဲ၊ ဒါပေမယ့် —ငါ့သားလေး သိက္ခာမကျဖို့က ပိုအရေးကြီးတယ်၊ သားလေးကိုတွေ့နေရပါပြီ ဆိုတာ ပြောလို့မဖြစ်ဘူး''*

ဒေါ်ပိုးဖုံက တစ်ကိုယ်တည်း စိတ်ထဲမှတွေးလိုက်လေသည်။

''မတွေ့သေးပါဘူးဘုရား။ တပည့်တော်မရဲ့သားကို စုံစမ်းလို့ မရသေးပါဘူးဘုရား''

ဒေါ်ပိုးဖုံက စိတ်ကိုတင်းကာ လိမ်လည်လျှောက်ထားလိုက်လေသည်။

''အင်း —ဒကာမကြီးရေ၊ သဗ္ဗေသတ္တာကမ္မသကာတဲ့၊ သတ္တဝါတစ်ခုကံတစ်ခုပဲ၊ မရေမရာနဲ့ သားကိုရှာတဲ့အလုပ်ကို စွန့်လိုက် ပါတော့၊ သံယောဇဉ်ကိုဖြတ်လိုက်ပါတော့၊ သေရင်ကိုယ့်နောက်ပါဖို့ တရားဘာဝနာကိုအားထုတ်ဖို့ ဘုန်းကြီးက တိုက်တွန်းချင်တယ် ဒကာ မကြီး''

''တပည့်တော်မ ကြိုးစားပါ့မယ်ဘုရား''

★ ★ ★ ★ ★

## အခန်းစဉ်– ၂၂

ဒေါ်ပိုးဖုံဆိုသောအဘွားအိုသည် ဘုန်းကြီးကျောင်းထဲမှ တရွေ့ရွေ့ထွက်ခွာလာလေသည်။

သူမသည် နေ့စဉ်ပြုနေကျထုံးစံအတိုင်း ဒေါက်တာမင်းမြတ်မောင်မောင်၏ဆေးခန်းဆီသို့ သွားနေခြင်းဖြစ်ပါသည်။ ဒေါက်တာ မင်းမြတ်မောင်မောင်ဆေးခန်းရှေ့ရောက်လျှင် ဆေးခန်းရှေ့ရှိ ကားမှတ်တိုင် အမိုးလေးအောက်တွင် ထိုင်မည်။ ဆေးခန်းထဲမှဒေါက်တာမင်းမြတ်မောင်မောင်ကို မြင်ရသမျှ ထိုင်ကြည့်နေမည်ဖြစ်ပါသည်။

ဘုန်းကြီးက သံယောဇဉ်ကိုဖြတ်ဖို့မိန့်ကြားလိုက်သော်လည်း ဒေါ်ပိုးဖုံ မလိုက်နာနိုင်သေးပါ။ တွေ့ထားသောသားလေးကို မသေခင် ဝအောင်ကြည့်သွားပါဦးမည်။

ဒေါ်ပိုးဖုံသည် မျက်နှာသုတ်ပဝါလေးကိုခေါင်းပေါ်တင်ကာ နေပူပူထဲတွင် တရွေ့ရွေ့လျှောက်လှမ်းလာခဲ့လေသည်။

လမ်းဘေးရှိရေအိုးစင်ကလေးရှေ့တွင် ဒေါ်ပိုးဖုံ ရပ်လိုက်သည်။ ရေသောက်ရန် အုန်းမှုတ်ခွက်ကလေးဆီသို့လက်ကိုလှမ်းလိုက်သည်။

ရေသောက်ရင်းမှ ရေအိုးစင်နောက်ဖက်နံရံတွင်ကပ်ထားသော မှန်ကလေးဆီသို့အမှတ်မထင်ကြည့်လိုက်မိလေသည်။ မှန်မှာ မှုန်ဝါးနေသော်လည်း မှန်ထဲတွင် သူမအရိပ်က ထင်ထင်ရှားရှားပေါ်နေလေ၏။

''အို —ငါ အိုစာလှပါပကော၊ ရှိတဲ့အသက် ထက်ကို ငါ့ရုပ်ဟာ အိုစာနေပြီ၊ မျက်နှာက ကန့်လန့်ဖြတ်အမာရွတ်ကြီးကလည်း အကြည့်ရဆိုးလိုက် တာ၊ ဪ —ငါ့ကိုတစ်ချိန်က သိပ်လှတဲ့သူဌေး သမီး၊ အရာရှိကြီးကတော်တစ်ယောက် ဆိုတာကို ဘယ်သူကယုံတော့မှာလဲ၊ အင်းလေ —တကယ် တော့ —ဒါတွေဟာ ငါကိုယ်တိုင် ဆိုးခဲ့မိုက်ခဲ့လို့ ခံရတဲ့ အပြစ်ဒဏ်တွေပါပဲလေ —''

ဒေါ်ပိုးဖုံက မှန်ထဲတွင်ပေါ်လာသော ပုံသဏ္ဌာန်ဆိုးဝါးလှသည့် သူမရုပ်သွင်ကိုကြည့်ရင်း တွေးလိုက်မိလေ၏။

''ငါ့ရုပ်သွင်ဟာ ငါကိုယ်တိုင်မှည့်ထားတဲ့နာမည်နဲ့လိုက်ဖက်လှပါပေတယ်၊ **ဒေါ်ပိုးဖုံ– ဒေါ်ပုံဆိုး**တဲ့ လေ၊ အင်း —အင်း —ငါ့ကို **မမဦး** တွေ့ရင် မှတ်မိသွားမှာစိုးလို့တစ်ကြောင်း၊ သားလေးသိရင် ရိပ်မိသွားမှာစိုးလို့တစ်ကြောင်း —ငါ့နာမည်ရင်း **မေမေသီ**–ဆိုတာကိုဖျောက်ဖျက်ပြီး **ပိုးဖုံ–ပုံဆိုး** ရယ်လို့ နာမည်ကိုပြင်ထားခဲ့ရတယ်၊ သားလေးဟာ လည်း သူ့အမေအရင်းနာမည်ဟာ ဒေါ်မေမေသီ ဆိုတာကို သိချင်သိနေနိုင်တာကိုး၊ ဒီတော့ —ဒေါ်ပိုးဖုံဆိုတဲ့နာမည်နဲ့ပဲ ငါဇာတ်မြှုပ်နေတာ ကောင်း ပါတယ်လေ''

ဒေါ်ပိုးဖုံက ရေအိုးစင်ရှေ့မှခွာခဲ့ကာ မောလွန်းသောကြောင့် အနီးရှိအုတ်ခုံပေါ်တွင်ဝင်ထိုင်လိုက်သည်။

ဒေါ်ပိုးဖုံတစ်ဖြစ်လဲ ဒေါ်မေမေသီ၏အတွေးထဲဝယ် အတိတ်ဘဝကဖြစ်ရပ်များ ပြန်လည်ထင်ဟပ်လာလေသည်။

♛♛♛♛♛

## နောက်ကြောင်းပြန်–၁

"မေသီ ․မင်းအသွားအလာဆင်ခြင်ဖို့ကောင်းပြီကွယ်"

ခင်ပွန်းဖြစ်သူကိုမင်းမောင်က အပြင်သွားရန်အလှအပပြင်ဆင်နေသော မေမေသီ့ကိုပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲကိုကို"

"မင်းကိုယ်မင်း အပျိုလေးများထင်နေသလား၊ တစ်နေ့တစ်နေ့ ဈေးသွားလိုက်၊ အလှပြင်ဆိုင်သွားလိုက်၊ နေ့လည်နေ့ခင်း ငါရုံးတက်နေတုံး လည်တာက ထားပါတော့၊ ညပိုင်းရောက်တော့လည်း ဖဲဝိုင်းရောက်အောင်သွားပြီး ဖဲရိုက်၊ ညဉ့်နက်သန်းကောင်မှအိမ်ပြန်လာတာတော့ ဆိုးလွန်းတယ်ကွာ"

"အို ․ကိုကိုကလည်း မေသီက မိဘလက်ထက်ကတည်း က ဒီလိုပဲနေလာတာကို၊ လူဆိုတာ လူ့ဘဝရတုံး ပျော်ပျော်ကြီးနေရ တယ်ကိုကိုရဲ့၊ ဟင်း ․ဟင်း ․"

"အေး ․ဒါပေမယ့် ․မင်းဟာအပျိုမဟုတ်တော့ဘူး ဆိုတာတော့ သတိထားဖို့လိုတယ်မေသီ"

"အို ․မေသီအပျိုမဟုတ်တာ မေသီသိသားပဲကိုကိုရဲ့၊ အပျိုမဟုတ်ပဲ ကိုကို့ဇနီးဖြစ်နေလို့ကို မေသီက ခုလိုပွဲလမ်းသဘင် တွေသွားပြီး ပွဲလည်တင့်အောင်လုပ်နေရတာပါကိုကို"

"ဘာကွ"

"ကိုကို့တက်လမ်းအတွက် မင်းကတော်စိုးကတော်တွေနဲ့ ပေါင်းသင်းနေရတာပါကိုကိုရဲ့၊ မင်းပိုင်းစိုးပိုင်းနဲ့သင့်တင့်အောင်ပေါင်း နိုင်မှ ခုခေတ်မှာ လူရာဝင်တာမဟုတ်လားကိုကို၊ မေသီလှုပ်ရှားနေသမျှ တွေဟာ ကိုကိုနဲ့မေသီ့အတွက်ပါကိုကိုရယ်၊ အို ․ကိုကို၊ နီလာတို့နဲ့ ချိန်းထားတာတောင် နောက်ကျနေပြီ၊ မေသီသွားမယ်နော် ကိုကို"

မေသီက ကိုမင်းမောင်ကိုနှုတ်ဆက်ရင်း အိမ်ထဲမှထွက်ခဲ့သည်။

တံခါးဝအရောက်တွင် သူမကို ခါးထောက်ကြည့်နေသော ကိုမင်းမောင်၏အစ်မ အပျိုကြီး တင်တင်ဦးကို တွေ့လိုက်ရလေသည်။

"ဒါက ဘယ်လဲမေသီ"

"မေသီသွားစရာရှိလို့ပါ၊ ကိုကို့ကို ပြောထားခဲ့ပြီးသား"

မေသီက ယောင်းမဖြစ်သူကို မထီမဲ့မြင်ပြောကာ တင်တင်ဦး ကိုယ်ကိုတွန်းတိုက်၍ အပြင်သို့ထွက်ခဲ့လေတော့သည်။

"ဟွန်း ․ဒီအပျိုကြီးက နေရာတကာဝင်ဝင်ပါချင်တယ်၊ သူ ယောကျာ်းရပြီး ဒီအိမ်ကိုမလာမှ အေးမှာပဲ"

မေသီက အသင့်စောင့်ဆိုင်းနေသောကားပေါ်တက်လိုက်ရင်း မှ မဲ့ကာရွဲ့ကာ ပြောလိုက်လေသည်။

မေမေသီ့ကိုတင်ဆောင်သွားသောကား ထွက်သွားသည်ကို ငေး ကြည့်ရင်း တင်တင်ဦးက သက်ပြင်းချလိုက်လေသည်။

တင်တင်ဦးက ကိုမင်းမောင်ရှိရာသို့လျှောက်သွားရင်း ပြော လိုက်၏။

"မင်းမိန်းမကို မထိန်းသိမ်းနိုင်တော့ဘူးလား မောင်မင်းမောင်"

"ကျွန်တော်လည်း ဆုံးမနေတာ မမဦးအမြင်ပဲလေ၊ ခက်တာ က မေသီဟာ သူ့မိဘလက်ထက်ကတည်းက အလိုလိုက်ခံထားရတော့ သူ့စရိုက်ကိုပြင်ဖို့ခက်နေတယ်"

"မိဘလက်ထက်မှာ ဘယ်လိုနေနေ၊ အိမ်ထောင်ကျပြီဆိုရင် အသွားအလာဆင်ခြင်ရတော့မယ်ဆိုတာ သူသိသင့်ပါတယ်လေ၊ မင်းတို့ အိမ်ထောင်ရေးကလည်း ခက်တာပဲကွယ်၊ မမဦးလည်း နေရာတကာ ဝင်မပြောချင်ဘူး၊ အင်း ․သားရယ်သမီးရယ်လို့ ရလာရင်တော့ မေသီ ခြေငြိမ်ကောင်းပါရဲ့လေ"

\+ + + + +

## နောက်ကြောင်းပြန်–၂

"ကိုကို ․ကိုကို့ကို မေသီပြောစရာရှိတယ်"

"ဘာများလဲမေသီရဲ့"

မေမေသီက ခြေဖျားလေးထောက်ရင်း ကိုမင်းမောင်နားရွက် နားကပ်ကာ တီးတိုးပြောလိုက်လေသည်။

"ဟင် ․တကယ် ․တကယ်လားမေသီ"

ကိုမင်းမောင်က ဝမ်းသာရွှင်မြူးသောလေသံဖြင့်ပြောလိုက် သည်။

"အို ․တကယ်မဟုတ်ပဲ ပြောပါ့မလားကိုကိုရဲ့"

"ဟေး ․ကလေးအဖေဖြစ်တော့မယ်ကွ"

\+ + + + +

### နောက်ကြောင်းပြန်–၃

‘‘သားလေးမွေးတုံးခဏသာ ခြေငြိမ်လိုက်တယ်၊ မင်းမိန်းမက ခွေးမြီးကောက်ကျည်တောက်စွပ်ပါလား မောင်မင်းမောင်’’

‘‘ကျွန်တော်လည်း စိတ်ရှုပ်လှပါပြီမမဦးရယ်’’

‘‘ကိုယ်က ကလေးအမေဖြစ်နေပြီ၊ အိမ်ထောင်တာဝန်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ သူမသိဘူး၊ တစ်နေ့ .တစ်နေ့ လည်ဖို့ ပတ်ဖို့နဲ့ ဖဲဝိုင်းမှာအချိန်ကုန်ဖို့ပဲ သိတယ်၊ အပေါင်းအသင်းကလည်း စုံလွန်းတယ်၊ ဒီပုံအတိုင်းဆိုရင်တော့ မင်းတို့ အိမ်ထောင်ရေး မလွယ်ဘူး ငါ့မောင်’’

‘‘အောင်မယ်လေး .အပျိုကြီးက သူများအိမ်ထောင်ရေးကိစ္စ ထဲ ဝင်ပါနေလိုက်တာ၊ ဒီမယ် .မမဦး၊ မေသီတို့က မိဘလက်ထဲမှာ ကတည်းက ဘော်ကြော့နေလာတာ၊ လင်ရမှ ကျွန်လိုလုပ်မနေနိုင်ဘူး၊ အိမ်တွင်းပုန်းကုလားမ လုပ်မနေနိုင်ဘူး၊ သွားစရာရှိသွားမှာပဲ၊ ပေါင်းသင့်တဲ့လူနဲ့ပေါင်းမှာပဲ၊ နေရာတကာမှာ မမဦး ဝင်မပါပါနဲ့’’

မေမေသီမရှိစဉ် ကိုမင်းမောင်နှင့်တင်တင်ဦးတို့မောင်နှမ မေမေသီ့အကြောင်း ပြောဆိုဝေဖန်နေကြဆဲ . မေမေသီရောက်လာ ကာ ရန်တွေ့လိုက်ခြင်းဖြစ်ပါသည်။

‘‘ပါသင့်ပါရမှာပဲမေသီ၊ ငါက မောင်မင်းမောင်ရဲ့အစ်မ၊ ဒီတော့ နင်ဟာလည်း ငါ့ညီမပဲ၊ ဟောဒီမှာ ငါ့တူလေးရဲ့မျက်နှာကလည်းရှိသေးတယ်၊ ကလေးက အမေကိုသိပ်ချစ်တာ၊ အမေကိုတတမ်းတတနဲ့နေရှာတာ၊ ညီးက အချိန်မဟုတ် အခါမဟုတ် လျှောက်သွားနေတာ ကောင်းသလား၊ ငါ အစ်မတစ်ယောက်အနေနဲ့ ပြောရမယ်၊ ဆုံးမတန်တာ ဆုံးမရမှာပဲအေ့’’

‘‘ရှင်က သူများလင်မယားကြားထဲဝင်ပါရအောင် လင်မယားတွေသဘောတရားကို ရှင်နားလည်လို့လား၊ ရှင် လင်ရဖူးလို့လား၊ ရှင် ကိုယ်ချင်းစာတတ်လို့လား အပျိုကြီးရဲ့’’

‘‘အို .’’

‘‘မေသီ မင်းစကားပြောတာ ဆင်ခြင်ပြောစမ်း၊ မမိုက်ရိုင်းနဲ့’’

‘‘ဘာလဲ .ရှင့်မယားကိုထိတော့နာသလား’’

‘‘‘အမလေး .’’

တင်တင်ဦးသည် မေမေသီ၏ရင့်သီးရိုင်းစိုင်းသောစကားများကြောင့် ရှက်ရွံ့ကာ ငိုရှိုက်ရင်း ထွက်ပြေးသွားလေတော့သည်။

‘‘ပြောလေကဲလေပါလား၊ မင်း . မင်း .’’

‘‘ဘာ .ရှင်က ကျွန်မကိုလုပ်မလို့လား၊ ထိရဲထိကြည့်စမ်း’’

‘‘ငါကွာ .’’

\+ + + + +

### နောက်ကြောင်းပြန်–၄

‘‘မေသီရယ် .ကိုကိုတောင်းပန်ပါတယ်၊ သားလေးက ခုတလော နေမကောင်းဘူး၊ မေသီသားလေးနားမှာ နေပေးပါကွယ်၊ အခုဆို .မေသီ ရန်တွေ့လွှတ်လိုက်လို့ မမဦးလည်း အိမ်ကိုမလာ တော့ဘူး’’

‘‘အို .ဒီအပျိုကြီး မလာတာကောင်းတယ်’’

‘‘မမဦးအိမ်မလာတာ မေသီ မကြိုက်ပေမယ့် သားလေးက ကြိုက်တယ်မေသီ၊ အခုလည်း သူ့မေမေဦးကို လွမ်းဖျားဖျားနေတာ’’

‘‘အောင်မယ် .မေသီ့သားက မေသီ့ထက် ဘယ်သူ့ကိုမှ ပိုမချစ်ရပါဘူး၊ သားလေးမှာ ဟောဒီက အမေရင်းတစ်ယောက်လုံး ရှိပါသေးတယ်ကိုကိုရဲ့’’

‘‘အဲဒါကြောင့်ပြောတာပေါ့၊ သားလေးမကျန်းမာတုန်းလေးမှာ အိမ်မှာနေပေးပါလို့ ကိုကိုတောင်းပန်နေတာပါ မေသီရယ်’’

ကိုမင်းမောင်က တောင်းတောင်းပန်ပန်ပြောသည့်အခါ မေမေသီသည် နေမကောင်းဖြစ်နေသောသားလေးကိုကြည့်ရင်း သနားစိတ်ဝင်သွားလေသည်။ စိတ်မကောင်းလည်းဖြစ်သွားလေ၏။

‘‘ဟုတ်ကဲ့ပါကိုကို.မေသီဆင်ခြင်ပါ့မယ်၊ ဒီနေ့ညနေ . မေသီ အပြင်မထွက်တော့ပါဘူး၊ သားလေးနားမှာနေပါ့မယ်ကိုကို’’

‘‘ဝမ်းသာလိုက်တာမေသီရယ်’’

ကိုမင်းမောင်ဝမ်းသာသွားသော်လည်း မေသီက ဝမ်းမသာနိုင်၊ ဒီကနေ့ည ချိန်းထားသောချိန်းပွဲကိုဖျက်လိုက်ရသည့်အတွက် မေသီ့ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။ ကတိအတိုင်း သားလေးမင်းမြတ်မောင်မောင်အနားမှာနေနေရသော်လည်း စိတ်က ဂျင်ဝိုင်းကိုရောက်နေလေ၏။

မနေ့က မေမေသီသည် ဂျင်ဝိုင်းတွင် သိန်းချီ၍ရှုံးသွားသည်။ မနေ့ကရှုံးသွားသောအရှုံးကို ဒီနေ့ပြန်ရအောင်လုပ်မည်ဟု မေမေသီ

အားခဲထားခြင်းဖြစ်၏။

မေမေသီက မနေနိုင်တော့ပဲ ညပိုင်းတွင် ဖဲရိုက်ဖက် ဂျင်ထိုးဖက်သူငယ်ချင်း မိမိမြိုင်ဆီသို့ ဖုန်းဆက်လိုက်လေသည်။

''မိမိမြိုင် ...မေသီ ဒီနေ့မလာနိုင်တာ ကလေးနေမကောင်း လို့၊ မေသီ သိပ်လာချင်တာပဲကွယ်၊ ကလေးနေမကောင်းဖြစ်နေတော့ ညပိုင်းတော့ ထွက်လို့မကောင်းဘူးကွာ၊ အဲဒီတော့ ...မနက်ဖန် နေ့လည်ခင်းလောက် မေသီ ရအောင်ထွက်ခဲ့မယ်လေ၊ ဝိုင်းကို နေ့လည်ပိုင်းဖြစ်အောင်ချိန်းပေးပါလားကွာ''

''ရပါတယ်မေသီရယ်၊ ကိုနိုင်လင်းနိုကြီးကတောင် မေသီမလာလို့တဲ့ မေးနေသေးတာ''

''မနေ့က မေသီ့ဆီကငွေတွေအားလုံး သူချည်းသိမ်းကြုံးယူသွားတာလေ၊ အဲဒီကိုနိုင်လင်းကြီးကို မေသီအနိုင်ရချင်တာ''

''မနက်ဖန်နေ့လည်ခင်း ချိန်းလိုက်မယ်လေ၊ မေသီသာ ရောက်အောင်လာခဲ့''

''အိုကေ သူငယ်ချင်း''

\+ + + + +

## နောက်ကြောင်းပြန် –၅

နောက်တစ်နေ့မနက်မှာ ...မိမိမြိုင်က ဂျင်ဝိုင်းတစ်ဝိုင်း ချိန်းထားကြောင်း၊ နေ့လည်၁၂နာရီ သူ့အိမ်အရောက်လာခဲ့ဖို့ ဖုန်းဆက်ပြီး သတိပေးသည်။

မိမိမြိုင်အိမ်ရောက်တော့ ဂျင်ဝိုင်းရှိရာကို အတူသွားမည့်သူ များစုစည်းပြီးနေကြောင်း တွေ့ရသည်။ မိမိမြိုင်ရယ်၊ ကိုနိုင်လင်းရယ်၊ အခြားယောကျ်ားသုံးယောက်တို့ဖြစ်သည်။

မေမေသီအပါအဝင် လူခြောက်ယောက် ကားဖြင့်ထွက်လာခဲ့ ကြ၏။ ကားကို ကိုနိုင်လင်းက မောင်းလာသည်။

''ဝိုင်းက ဘယ်မှာဖြစ်မှာလဲ မိမိမြိုင်''

''မြို့အပြင်က ခြံကြီးထဲမှာလေ''

''အို ...အဲဒီခြံထဲကို မေသီတစ်ခါမှ မရောက်ဖူးဘူး''

''ခြံကအကျယ်ကြီး၊ သိပ်လုံခြုံတယ်၊ ဖမ်းမှာဆီးမှာလည်း မကြောက်ရပါဘူး မမေသီ''

ကားမောင်းနေသောကိုနိုင်လင်းက ပြောလိုက်ခြင်းဖြစ်သည်။

လမ်းတွင် မိမိမြိုင်က ...

''ကားခဏရပ်ပေးပါဦး ကိုနိုင်လင်း''

ကိုနိုင်လင်းက ကားကိုရပ်လိုက်သည်။

''မေသီ၊ မြိုင် ကိစ္စလေးတစ်ခုရှိလို့ ဒီနားက အိမ်တစ်အိမ် ကို ဝင်လိုက်ဦးမယ်နော်၊ မကြာပါဘူး၊ မြိုင်လိုက်လာခဲ့မယ်''

မိမိမြိုင်က ပြောပြီး လမ်းတစ်ဖက်သို့ ခပ်မြန်မြန်ကူးသွားလေသည်။

''မြိုင်ရေ ...ခပ်မြန်မြန်လိုက်ခဲ့နော်''

မေမေသီက မှာလိုက်ပါသေးသည်။

\+ + + + +

## နောက်ကြောင်းပြန် –၆

ဂျင်ဝိုင်းဖြစ်မည့်ခြံကြီးထဲသို့ မေမေသီနှင့်ယောကျ်ားလေး ယောက် ရောက်သွားကြသည်။

ခြံကြီးက တိတ်ဆိတ်နေသည်။

''ဆင်းလေ ...မမေသီ''

ကိုနိုင်လင်းနှင့်ယောကျ်ားသုံးယောက်က ကားပေါ်မှဆင်းရင်း ပြောလိုက်သည်။

''အိမ်ကြီးက အိုလှချည်လား၊ အိမ်ထဲမှာလည်း ဘယ်သူမှ မရှိသလိုပဲ''

''လူမရှိပြီး တိတ်ဆိတ်မှကောင်းမှာပေါ့မမေသီရဲ့၊ ကျွန်တော်တို့လာတဲ့ကိစ္စကလည်း လူမသိလေ ကောင်းလေ မဟုတ်လား''

''ရှင် ...''

''ဪ ...ဂျင်ဝိုင်းလုပ်တယ်ဆိုတာ လူသိခံလို့ဘယ်ဖြစ်မှာ လဲဗျာ၊ မမေသီက သိသားနဲ့၊ လာပါ ...မမေသီ၊ အိမ်ထဲမှာ ကစားမယ့် လူတွေ စောင့်နေပါတယ်''

မေမေသီ့စိတ်ထဲမှာ ခပ်လေးလေးဖြင့်ပင် အိမ်ထဲသို့လိုက်လာ ခဲ့သည်။

အိမ်ကြီးထဲကို ရောက်ပါပြီ။

''ဟင် ...ဘယ်သူမှလည်း မရှိပါလား''

“ကျွန်တော်တို့လေးယောက်ရှိတယ်လေ ဟဲ .ဟဲ .”

“ဟဲ .ဟဲ”

“ဟဲ .ဟဲ”

“ဟဲ .ဟဲ”

ကိုနိုင်လင်းတို့လေးယောက်က အဓိပ္ပါယ်မရှိ စပ်ဖြဲဖြဲမျက်နှာ များဖြင့် ရယ်နေကြလေသည်။

“အို .ကျွန်မဂျင်ကစားဖို့လိုက်လာတာနော်၊ မိမိမြိုင်က လည်း ခုထိလိုက်မလာသေးပါလား”

“မိမိမြိုင်မလာတော့ပါဘူးမမေသီ၊ မိမိမြိုင်တမင်ဆင်းနေခဲ့ တာပါ”

“ဘာရှင့် .”

“မမေသီနဲ့ ကျွန်တော်တို့လေးယောက် လွတ်လွတ်လပ်လပ် နေနိုင်ဖို့ မိမိမြိုင်က ရှောင်ပေးသွားတာလေ .ဟဲဟဲ .”

“ဟဲ .ဟဲ”

“ဟဲ .ဟဲ”

“ဟဲ .ဟဲ”

လူလေးယောက်က တဟဲဟဲရယ်ရင်း မေမေသီ့အနားသို့ ကပ်လာသည်။

“အို .ဘာလဲ .ရှင့်တို့ကျွန်မအနားကိုမကပ်နဲ့နော်၊ ကျွန်မ ကစားဖို့ဆိုလို့လိုက်လာတာ၊ မေသီ့ကို ဘယ်လိုမိန်းမစားမှတ်လို့ လဲ”

“မူမနေပါနဲ့ကွာ .မင်း ဘယ်လိုမိန်းမစားဆိုတာ ငါတို့ သိပါတယ်၊ ဒီမယ် .မေမေသီ၊ မင်း မနေ့က ရှုံးထားတဲ့ငွေတွေ ပြန်လိုချင်တာမဟုတ်လား။ ဟဲ. ဟဲ. ပြန်ပေးပါမယ်ကွ၊ မင်းရှုံး ထားတာ တစ်သိန်းလေ၊ တစ်သိန်းလုံး ပြန်ပေးမယ်၊ ငါတို့ လေးယောက် နဲ့ပျော်ပါးရုံနဲ့ ငွေတစ်သိန်းရမှာ မင်းအတွက် တန်ပါတယ်ကွာ”

“လူယုတ်မာ .ရှင် ကျွန်မနားမကပ်နဲ့နော်”

“အချစ်ကလေးကလည်းကွာ .ကိုနိုင်လင်းက မေသီလေး ကို ချစ်လို့ပါချစ်ရဲ့”

ကိုနိုင်လင်းက မေမေသီ့ပါးကိုလှမ်းကိုင်ရင်းပြောလိုက်သည်။

မေမေသီက ကိုနိုင်လင်းလက်ကိုပုတ်ချကာ ပါးကိုလှမ်းရိုက် လိုက်၏။



“ဟ– စွာလှချည်လားဟေ့၊ အေးလေ .ငြိမ်သွားအောင် လုပ်ရတာပေါ့”

“ရှင် ရှေ့မတိုးနဲ့နော်၊ ကျွန်မကို ဘယ်လိုအစားမှတ်လို့လဲ”

“မင်း ဘယ်လိုအစားဆိုတာ သိပါတယ်ကွာ၊ အိမ်ထောင်ရှိ ရက်နဲ့ ကိုယ့်ယောကျာ်းကိုယ်တောင် ရှိတယ်မထင်ပဲ အချိန်မရွေး သွား ချင်ရာသွားနေတဲ့မိန်းမဟာ ဘယ်လိုမိန်းမစားဆိုတာ ငါတို့ကောင်းကောင်း သိတယ်ကွ၊ ဟား .ဟား .”

မေမေသီက လှည့်ပြေးရန်ဟန်ပြင်လိုက်သည်။

“ဟေ့– ကောင်မကို ဖမ်းထားစမ်း”

မေမေသီက ရှေ့မှဆီးကာထားသောလူ၏ ပေါင်ကြားထဲကို လက်ထဲမှခေါက်ထီးဖြင့် အားကုန်ထိုးပစ်လိုက်သည်။

“အာ့ .အား .”

ထိုလူကုန်းကွကွဖြစ်သွားသည်။

မေသီက တံခါးပေါက်ဆီအမြန်ပြေးရင်း အိမ်ထဲမှပြေးထွက် ခဲ့လေသည်။

“လိုက်– လိုက်–”

ရမ္မက်ဇော‌မွှန်နေသောယောကျာ်းများက မေမေသီ့နောက်သို့ အပြေးလိုက်လာကြလေသည်။

ခြံစပ်သို့မရောက်မီပင် မေမေသီသည် မြေကြီးပေါ်ခြေခွင် လဲကျသွားလေ၏။

ကံအားလျော်စွာပင် .

မေမေသီလဲကျသည့်နေရာတွင် .မြက်ရိပ်ရာဌ်သုံးသော ဓားတစ်စင်းကိုတွေ့လိုက်ရလေသည်။

မေမေသီသည် မြက်ရိပ်ဓားကိုကောက်ယူပြီး လဲနေရာမှကျုံးထ လိုက်သည်။

နောက်မှလိုက်လာသောလူများက မေမေသီ့ကိုမှီလာလေပြီ။

ကိုနိုင်လင်းက ရှေ့ဆုံးက။

မေမေသီက သူ့ဆီပြေးလာသောကိုနိုင်လင်းကို ဓားဖြင့်ဆီး၍ ပိုင်းလိုက်သည်။

ကိုနိုင်လင်း လဲကျသွားသည်။

နောက်တစ်ယောက်။

နောက်တစ်ယောက်ကိုတော့ ဓားဖြင့်ဝမ်းဗိုက်ကိုထိုးပစ်လိုက် သည်။

ကျန်သည့်နှစ်ယောက်မှာ သူတို့ရှေ့မှ လူနှစ်ယောက် မရှုမလှ ခံလိုက်ရသည့်မြင်ကွင်းကြောင့် ခြံအဝဆီသို့ ထွက်ပြေးလေသည်။

“လူသတ်နေပါတယ်ဗျို့၊ လူသတ်နေပါတယ်၊ လာကြပါဦး”

ပြေးထွက်သွားသောလူနှစ်ယောက် သွေးရူးသွေးတန်း အော်ဟစ်လိုက်လေသည်။

\+ + + + +

## နောက်ကြောင်းပြန် –၇

လူသတ်တရားခံအဖြစ် ထောင်ကြီးချုပ်တွင် ဖမ်းချုပ်ခံထား ရသော မေမေသီ။

အမှုစစ်ဆေးနေဆဲ တစ်လအကြာတွင် မေမေသီ့အတွက် ရင်ကွဲလောက်စရာသတင်းက ထောင်ထဲသို့ရောက်လာခဲ့လေ၏။

ကိုမင်းမောင်သည် မေမေသီ့ဖြစ်ရပ်ကြောင့် စိတ်လေလွင့်ကာ တစ်နေကုန်အရက်သောက်နေရာမှ ရုံးလည်းမတက်နိုင်၊ သားလေးကို လည်းလှည့်မကြည့်နိုင်ပဲ ယစ်ထုတ်ကြီးလုံးလုံးဖြစ်ခဲ့ရသည်တဲ့။

မနေ့ကညကတော့ အရက်မူးမူးဖြင့် အိမ်ကိုကားမောင်းအပြန် လမ်းဘေးမှသစ်ပင်ကြီးကို ကားဖြင့်ဝင်တိုက်မိကာ ․

ပွဲချင်းပြီး အသက်ဆုံးရှုံးသွားလေသည်။

ထိုသတင်းကို မေမေသီ၏ရှေ့နေက ယူလာပြောသောကြောင့် မေမေသီသိလိုက်ရသည်တွင် ․

“အောင်မယ်လေး ․မှားပါပြီကိုကိုရဲ့၊ မေသီမှားပါပြီ၊ မေသီ့ ကြောင့် ကိုကိုသေရပြီ၊ သားလေးလည်း ဖတဆိုးဖြစ်ရပြီ၊ အားလုံးဟာ မေသီ့မိုက်ပြစ်တွေပါကိုကိုရယ်၊ သားလေး ․သားလေးရေ၊ သား လေး ․မင်းမြတ်မောင်မောင်၊ ဘယ်သူနဲ့ နေရှာမလဲ၊ အမလေး ․ မင်းအမေ မိန်းမဆိုးကြီးကြောင့်၊ မိန်းမရိုင်းကြီးကြောင့် ငါ့သားလေး ဒုက္ခရောက်ရပါပေါ့လား”

မေမေသီသည် ထောင်အချုပ်ခန်းကြမ်းပြင်ပေါ်တွင် လူးလှိမ့် ငိုယိုနေလေ၏။

\+ + + + +

## နောက်ကြောင်းပြန် –၈

မေမေသီ့အမှုအား စစ်ဆေးကြားနာရာသို့ ကိုမင်းမောင်အစ်မ တင်တင်ဦး ရောက်လာလေသည်။

မေမေသီက တင်တင်ဦးအား ․

“မမဦးရယ် ․မေသီ့ကိုခွင့်လွှတ်ပါ၊ အားလုံးဟာ မေသီ့ မိုက်ပြစ်တွေကြောင့်ဖြစ်လာတာပါမမဦး၊ သားလေးရောဟင်၊ သားလေး ဘယ်လိုနေရရှာသလဲ မမဦးရယ်”

“သားကို ငါခေါ်ထားတယ်”

တင်တင်ဦးက မေမေသီ့မျက်နှာကိုမကြည့်ပဲ အသံပြတ်ဖြင့် ပြောသည်။

“မမဦးရယ် ․ကျေးဇူးတင်ပါတယ်၊ ရှေ့အပတ်ရုံးချိန်းဆို မေသီ့ကို စီရင်ချက်ချတော့မှာပါ၊ မေသီ သားလေးကိုမြင်ပါရစေ၊ ရှေ့အပတ်ရုံးချိန်းကျ သားလေးကိုခေါ်လာပေးပါလားဟင်၊ ခေါ်လာပေး ပါနော် မမဦး၊ မေသီထောင်ထဲမဝင်ခင် သားလေးမျက်နှာကို နောက်ဆုံးအကြိမ်မြင်ပါရစေမမဦးရယ်”

\+ + + + +

## နောက်ကြောင်းပြန် –၉

မေမေသီ့အမှုကိုစီရင်ချက်ချမည့်နေ့။

မေမေသီသည် တရားခံဝက်ခြံလေးအတွင်း ရပ်နေရင်းမှ တရားခွင်တွင်ထိုင်နေသော တင်တင်ဦးကို မကြာခဏလှည့်ကြည့်မိသည်။

တင်တင်ဦးတစ်ယောက်တည်းကိုသာ မြင်ရပါသည်။ တင်တင်ဦးနှင့်အတူ သားလေးမင်းမြတ်မောင်မောင်ကို မတွေ့မိပါ။ ကလေးကို တရားရုံးထဲခေါ်လာဖို့ မသင့်လို့ ․အပြင်မှာထားခဲ့လေသလား။

မေမေသီက မျှော်လင့်ချက်ကြီးဖြင့် တွေးတောနေမိသေးသည်။

မေမေသီ့အမှုကို စီရင်ချက်ချလိုက်ပါပြီ။

**“ထောင်ဒဏ်အနှစ်နှစ်ဆယ်တဲ့”**

မေမေသီ့ကို အချုပ်ကားပေါ်သို့ခေါ်အသွားတွင် တင်တင်ဦး ရောက်လာကာ လာတွေ့သည်။

“မမဦး ․မမဦး ․သားလေးရောမမဦးရယ်၊ သားလေး ကို ခေါ်လာသလားဟင်”

''ခေါ်မလာဘူး၊ ဒီမယ်မေသီ •ငါ့မျက်နှာကို သေချာ ကြည့်စမ်း၊ ငါပြောတာကို သေချာမှတ်သွား၊ ညီးကို ငါတို့က လူစာရင်းကပယ်ဖျက်လိုက်ပြီ၊ ညီးလည်း ညီးမိုက်ပြစ်နဲ့ညီး ထောင်ဒဏ် နှစ်ရှည်လများခံရတော့မယ်၊ ဒီတော့ •ညီးကိုယ်ညီးလည်း မေမေသီဆိုတဲ့မိန်းမဟာ သေသွားပြီလို့ပဲ မှတ်လိုက်ပါတော့အေ၊ ညီး ထောင်ကထွက်ရင်လည်း ငါတို့ အသိုင်းအဝိုင်းထဲပြန်မလာပါနဲ့တော့၊ ညီးသားကို လူသတ်သမရဲ့သားအနေနဲ့ ပတ်ဝန်းကျင်မှာ မျက်နှာမငယ် စေချင်ရင် ညီးပြန်မလာပါနဲ့တော့၊ ကလေးကို ခေါ်မလာတာလည်း ညီးနဲ့မပတ်သက်စေချင်လို့ပဲ၊ ကလေးကိုမြင်နေရရင် ညီး သံယောဇဉ် အမျှင်တန်းနေဦးမယ်၊ အားလုံးကိုမေ့လိုက်ပါတော့အေ၊ ဟောဒီမြေမှာ ညီးနဲ့ပတ်သက်တာ ဘာမှမရှိတော့ဘူးလို့မှတ်ပြီး ညီးလမ်းညီးသွားပါတော့၊ ညီးဟာ ခုအချိန်ကစပြီး ငါတို့အသိုင်းအဝိုင်းနဲ့ဘာမှမသက်ဆိုင်တဲ့လူ တစ်ယောက်ဖြစ်သွားပြီ၊ ဒါပဲ''

တင်တင်ဦးက သူပြောလိုသည်များကို အားရအောင်ပြောကြားအပြီးတွင် နေရာမှလှည့်ထွက်သွားလေသည်။

''မမဦး •မမဦးရယ် •''

♛♛♛♛♛

''ဩော်• မမဦး• မမဦး၊ ဒီတုန်းက မေသီ့ကို ရက်ရက် စက်စက် ပြောရက်လိုက်တာနော်၊ ဒါပေမယ့် မေသီစိတ်မဆိုးပါဘူး မမဦးရယ်၊ မမဦး ပြောတာတွေ အမှန်တွေချည်းပါပဲ •

''ဒါပေမယ့် မမဦးရေ •မပိုးဖုံဆိုတဲ့နာမည်နဲ့ ထောင်က ထွက်လာတဲ့မေသီဟာလေ •မမဦးမှာခဲ့တဲ့စကားတွေကို မလိုက်နာ နိုင်ခဲ့ပါဘူး မမဦးရယ် •

''ထောင်ကထွက်တာနဲ့ သားလေးမျက်နှာမြင်ချင်ဇောနဲ့ မြို့ကိုရောက်အောင်ပြန်လာ၊ မမဦးကိုမျက်နှာချင်းမဆိုင်ရဲလို့ အဝေးကနေ တိုးတိုးတိတ်တိတ်စုံစမ်းတော့ •အခြေအနေတွေက အနှစ်နှစ်ဆယ် အတွင်းမှာ အများကြီးပြောင်းလဲခဲ့ပါပြီကော •

''မေသီထောင်ကျပြီး မကြာခင်ပဲ •မမဦးအိမ်ထောင်ကျ သွားတယ်တဲ့၊ မြို့ကိုပြောင်းလာတဲ့ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဘလှဆိုသူနဲ့အိမ်ထောင်ကျတယ်တဲ့၊ မမဦးတို့မှာ သားသမီးမထွန်းကား ခဲ့ဘူး၊ သားလေးမင်းမြတ်မောင်မောင်ကိုပဲ သားအရင်းအမှတ်နဲ့ မွေးစား ခဲ့ကြတယ်တဲ့၊ မေသီ့အတွက်တော့ ဒီသတင်းဟာ သတင်းကောင်းပေါ့ မမဦးရေ •သားလေးအတွက် ရင်အေးရလို့ မမဦးကိုကျေးဇူးတင်လိုက် တာလေ •

''ဒါပေမယ့် •မေသီထောင်ကထွက်လာချိန်မှာ မမဦးတို့ မြို့မှာ မရှိတော့ဘူး၊ မမဦးယောကျာ်း ဆရာကြီးဦးဘလှရဲ့ဇာတိမြို့ကို ပြောင်းသွားပြီတဲ့ •

''သားလေးမျက်နှာကိုမြင်ချင်တဲ့ မေသီ၊ မမဦးတို့ပြောင်းသွား တဲ့ ဟောဒီမြို့ကို လိုက်လာခဲ့တာပေါ့မမဦးရေ''

ဒေါ်ပိုးဖုံအမည်ခံ ဒေါ်မေမေသီက အုတ်ခုံလေးတွင်ထိုင်ရင်း သူမ၏နောက်ကြောင်းများကိုတွေးတောနေခြင်းဖြစ်လေသည်။

''ဒီမြို့ကိုရောက်တော့လည်း ဆရာကြီးဦးဘလှ၊ ဒေါ်တင်တင်ဦး တို့သတင်းကို မေသီ ထင်ထင်ပေါ်ပေါ်မစုံစမ်းရဲပါဘူး၊ ကံကောင်း ထောက်မလို့ ထောင်ထဲမှာသိကျွမ်းခဲ့တဲ့မိန်းမတစ်ယောက်နဲ့တွေ့တယ်၊ သူက မေသီ့မှာနေစရာမရှိမှန်းသိလို့ သူ့အသိဘုန်းကြီးကျောင်းမှာပြော ပေးတယ်၊ ဘုန်းကြီးကခွင့်ပြုလို့ ကျောင်းထဲက ဇရပ်ကလေးမှာ နေလို့ ရခဲ့တယ်၊ စားတာတော့ ဘုန်းကြီးကျောင်းက ဆွမ်းကျန်ဟင်းကျန်လေး ပေါ့လေ •

''ဒါပေမယ့် •မေသီကြေနပ်ပါတယ်၊ ဒေါ်ပိုးဖုံဆိုတဲ့ ဟောဒီ ကမိန်းမကြီးက ကြေနပ်ပါတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ •ဟောဒီ မြို့မှာ မေသီ့ရင်နဲ့လွယ်မွေးခဲ့တဲ့ သားလေးမင်းမြတ်မောင်မောင်ရှိတယ် လေ၊ သားလေးမင်းမြတ်မောင်မောင်ရှိတဲ့မြေမှာ သားလေးကို တွေ့အောင် ရှာမယ်ဆိုတဲ့အတွေးနဲ့ပေါ့ •

''တကယ်တန်းကျတော့ •မမဦးတို့သတင်းကို မေသီ ထင်ထင်ပေါ်ပေါ်မစုံစမ်းရဲပါဘူး၊ မမဦးကိုကြောက်တယ်၊ မမဦးက မေသီ့ ကိုသေခန်းဖြတ်ထားတာလေ၊ ဒါပေမယ့် •မသိမသာ ဟိုမေးဒီမေး မေးရင်းနဲ့ပဲ မမဦးတို့သတင်းကို ရလာခဲ့ပါတယ်၊ ကျောင်းအုပ်ဆရာကြီး ဦးဘလှဆိုတာလည်း ဒီမြို့မှာ မြို့မျက်နှာဖုံးကိုး •

''တစ်နေ့တော့ •ဈေးနားမှာ မေသီရှိနေတုံး မမဦးတို့ လင်မယား ဈေးကိုလာတာနဲ့ကြုံပါလေရော၊ မမဦးက အသက်ကြီးသွား ပေမယ့် လှလို့ပလို့ချောလို့ခန့်လို့ပါလား၊ မေသီက မမဦးကိုမှတ်မိပေ မယ့် •မမဦးကတော့ မျက်နှာမှာ ကန့်လန့်ဖြတ်အမာရွတ်ကြီးနဲ့ အိုမင်းရွတ်တွပြီး

ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ဟောဒီကမေသီကို မမှတ်မိရှာဘူး၊ ကောင်းတာပေါ့လေ၊ မေသီလည်း မမဦးတို့လင်မယား နောက်ကမယောင်မလည်လိုက်လာခဲ့တော့ . မမဦးတို့နေတဲ့အိမ်ကို သိခဲ့ရပါတယ် .

''အိမ်ရှေ့မှာချိတ်ထားတဲ့ဆိုင်းဘုတ်ကလေးကို မြင်လိုက်ရတော့ မေသီ့ရင်မှာကြည်နူးလိုက်ရတာလေ၊ ''ဒေါက်တာမင်းမြတ်မောင်မောင်'' တဲ့၊ အဲဒါ . မေသီ့သားကလွဲလို့ ဘယ်သူဖြစ်ရဦးမှာလဲလေ၊ သားလေး ရယ် . သားလေးက ဆရာဝန်တောင်ဖြစ်နေမှ ကိုး၊ သားလေးကို ဒီလိုဘဝရောက်တဲ့အထိ မွေးလာခဲ့တဲ့ မမဦးကိုလည်း ကျေးဇူးတင်လိုက်တာလေ .

''နှစ်ရက်ဆက်တိုက် အိမ်ရှေ့ကသစ်ပင်ကြီးကိုပုန်းကွယ်ပြီး ချောင်းကြည့်လိုက်တော့ . သားလေးကိုတွေ့ရပါပြီ၊ သားလေး . အို . ဆရာဝန်ကြီး မင်းမြတ်မောင်မောင်၊ ခန့်ညားပါဘိ၊ ချောပါဘိ ငါ့သားရယ်၊ ရုပ်ရည်က သူ့အဖေအတိုင်းဆိုတော့ မှတ်မိလွယ်တာပေါ့၊ သားရေ . သားဆိုပြီး ပြေးဖက်ချင်လိုက်တာကွယ်၊ အမေ့မှာ မနည်း ချုပ်တီးထားရတယ် .

''သားရေ . အမေ့အတွက် ကံကောင်းတာက သားက ဆေးခန်းကို အိမ်နဲ့ဝေးတဲ့နေရာမှာ ဖွင့်ထားတာနော်၊ အိမ်မှာသာ ဆေးခန်းတွဲဖွင့်ထားရင် သားကိုနေ့စဉ်လာလာချောင်းကြည့်တာနဲ့ တစ်နေ့ မဟုတ်တစ်နေ့မှာ သားအမေဒေါ်တင်တင်ဦးက အမေ့ကိုမှတ်မိချင် မှတ်မိ သွားနိုင်တယ်မဟုတ်လား .

''သားဆေးခန်းက အိမ်နဲ့ဝေးတဲ့တစ်နေရာမှာ သပ်သပ်ဆိုတော့ အမေ့မှာ . နေ့တိုင်း သားကိုလာလာချောင်းကြည့်ဖို့ လွယ်သွားတာ ပေါ့ကွယ်၊ ဖြစ်ချင်တော့ . သားဆေးခန်းက အိမ်နဲ့ဝေးပြီး အမေနေတဲ့ ဘုန်းကြီးကျောင်းနဲ့နီးနေတာပဲ၊ အမေ့အတွက် နတ်သိကြားတွေဖန်ဆင်း ပေးလိုက်တာပေါ့လေ .

''သားမျက်နှာလေးကိုမြင်နေရတာနဲ့ အမေကြေနပ်ပါပြီငါ့သား ရေ၊ မင်းဟာ အမေ့သားဆိုတာကို အမေဘယ်တော့မှ မဖော်ထုတ်ပါ ဘူး၊ ထောင်ထွက်မ . မိန်းမဆိုး . မိန်းမယုတ်လို့ . နာမည်တွင်ခဲ့တဲ့မိန်းမကြီးရဲ့သားအနေနဲ့ မင်းကို ဘယ်သူမှမသိစေရပါဘူး ငါ့သားရယ်၊ မမဦးကိုပေးထားတဲ့ကတိကိုလည်း အမေထိန်းပါ့မယ် .

''ဪ . သားလေးက အမေနဲ့ဆုံတော့ ကြင်နာရှာသား၊ သွေးကပြောတယ်ထင်ပါရဲ့နော်၊ အဒေါ်ကြီး ဘယ်သွားမှာလဲ၊ ကျွန်တော်လိုက်ပို့ပါ့မယ်တဲ့၊ အမေ့ကို **''အဒေါ်ကြီး–တဲ့''** . ခေါ်လိုက်ပုံ၊ သားရေ . အမေလေ . သားဆီက **''အမေ''**ဆိုတဲ့ခေါ်သံလေး ကိုတော့ ကြားချင်သားကွယ်၊ အမေ့ကိုယ်အမေ သားရဲ့အမေဖြစ်ကြောင်း ဘယ်တော့မှမဖော်ထုတ်ပါဘူး၊ သားပါးစပ်က ယောင်လို့ပဲဖြစ်ဖြစ် . အမေအရွယ်မိန်းမကြီးမို့ပဲဖြစ်ဖြစ် . လွှတ်ကနဲပဲဖြစ်ဖြစ် . **''အမေ''**–လို့ ခေါ်လိုက်ပါလားသားရယ် .

***''သားနှုတ်က ''အမေ''–ဆိုတဲ့ ခေါ်သံလေးကိုကြားရရင် အမေ သေပျော်ပါပြီကွယ် .***

''ဘာပဲဖြစ်ဖြစ် . လောလောဆယ်မှာတော့ . သားကို နေ့စဉ်မြင်နေရတာနဲ့ပဲ အမေကြေနပ်တယ်ကွဲ့၊ အမေ သေတဲ့နေ့အထိ သားဆေးခန်းရှေ့ကနေ လာလာချောင်းကြည့်နေမှာပဲ၊ သိလား .

''အင်း . ခုလည်း သွားရဦးမယ်၊ သွားရဦးမယ်၊ သွားရပေ ဦးမယ်၊ ငါ့သားလေးမျက်နှာကိုမြင်ရဖို့ ငါ့သားဆရာဝန်ကြီးထိုင်တဲ့ ဆေးခန်းရှေ့က ကားမှတ်တိုင်လေးအောက်ကို ငါသွားမယ်၊ သွားမယ်၊ ငါ့သားမျက်နှာကိုကြည့်ဖို့ ငါသွားဦးမယ်ဟေ့''

အဘွားအိုဒေါ်ပိုးဖုံက သူမ၏အတွေးများကိုဖြတ်တောက်ကာ ထိုင်ရာမှ ထလိုက်လေသည်။

ချိနဲ့ယိုင်ရွဲ့သောခြေလှမ်းများဖြင့် ဆေးခန်းရှေ့သို့ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

★ ★ ★ ★ ★

## အခန်းစဉ်– ၂၅

ဒေါက်တာမင်းမြတ်မောင်မောင်နှင့်မိုးတို့၏ ကားလေးသည် မိုးရွာထဲတွင် ပြေးလွှားနေ၏။

"အို .မောင်၊ ဟိုမှာကြည့်လိုက်စမ်း၊ မောင့်ဆေးခန်းရှေ့ မှာ လာလာထိုင်နေတဲ့အဘွားကြီး"

မိုးက မောင့်ကို သစ်ပင်တစ်ပင်အောက်တွင်ရပ်နေသော ဒေါ်ပိုးဖုံကို ညွှန်ပြရင်း ပြောလိုက်လေသည်။ မင်းမြတ်မောင်မောင်က ကားကို စက်ရှိန်သတ်လိုက်၏။

"ဟင် .ဟုတ်ပါရဲ့၊ မိုးတွေလည်းရွဲလို့ပါလား၊ သနားစရာပဲ မိုးရယ်၊ မောင် ရပ်ပြီးခေါ်လိုက်မယ်နော်"

"ခေါ်လိုက်ပါမောင်"

မင်းမြတ်မောင်မောင်က ဒေါ်ပိုးဖုံမိုးခိုနေသည့်သစ်ပင်အောက် တွင် ကားကိုရပ်လိုက်သည်။

"အဒေါ်ကြီး .အဒေါ်ကြီး၊ ဘာလုပ်နေတာလဲ"

"ကျောင်းကိုအပြန် မိုးမိလို့ မိုးခိုနေတာပါဆရာဝန်လေးရယ်"

"အို .အဒေါ်ကြီးကိုယ်မှာ မိုးတွေရွှဲနေပြီ၊ ကျောင်းဆိုတာ ဘာကျောင်းကိုပြောတာလဲအဒေါ်ကြီး"

"အဒေါ်ကြီးနေတဲ့ ဘုန်းကြီးကျောင်းကိုပြောတာပါ၊ ဘုန်းကြီး ကျောင်းကဇရပ်လေးမှာ အဒေါ်ကြီးနေပါတယ်ကွယ်"

"ဟာ .မိုးရေတွေလည်း တစ်ကိုယ်လုံးရွှဲလို့ပါလား၊ အဒေါ်ကြီးချမ်းနေပြီ၊ လာ– လာ– အဒေါ်ကြီးကို ကျွန်တော်လိုက်ပို့မယ်"

"ကိစ္စမရှိပါဘူးဆရာဝန်လေးရယ်"

"ဘယ်ဟုတ်မှာလဲ၊ အဒေါ်ကြီးနေမကောင်းဖြစ်လိမ့်မယ်၊ အဒေါ်ကြီးသောက်စရာဆေးတွေလည်း ကျွန်တော်ပေးခဲ့မယ်၊ လာနော် အဒေါ်ကြီး"

မင်းမြတ်မောင်မောင်က ဒေါ်ပိုးဖုံကို ကားပေါ်တင်ခေါ်ခဲ့လေ သည်။ ဘုန်းကြီးကျောင်းက ဇရပ်လေးအထိလိုက်ပို့လိုက်လေ၏။

ဒေါ်ပိုးဖုံကို အဖျားတိုင်းပေးကာ သောက်ရန်ဆေးများပေးလိုက်သည်။

ဒေါ်ပိုးဖုံနေသောဇရပ်ဒေါင့်မှ အိပ်ရာနွမ်းနွမ်းလေးကိုကြည့်ပြီး မင်းမြတ်မောင်မောင်စိတ်မကောင်းဖြစ်သွားလေသည်။

"အဒေါ်ကြီးရယ် .အဒေါ်ကြီးမှာ သားသမီးမရှိဘူးလားဗျာ၊ ဘာဖြစ်လို့ ဒီလိုဆင်းဆင်းရဲရဲနေနေရတာလဲဟင်"

"အဒေါ်ကြီးမှာ သားသမီးမရှိပါဘူး ဆရာဝန်လေးရယ်၊ အဒေါ်ကြီးက တစ်ကောင်ကြွက်ပါ"

"တခြားအားကိုးစရာ ဆွေမျိုးတွေရော မရှိဘူးလားဟင်"

"မရှိပါဘူး၊ အဒေါ်ကြီးထောင်ကထွက်လာတာ မကြာသေးပါဘူးကွယ်"

"ဗျာ– ဘာမှုနဲ့ထောင်ကျခဲ့တာလဲဟင်"

"အဒေါ်ကြီးငယ်ငယ်က အဒေါ်ကြီးကိုမတရားကျင့်ကြံဖို့ ကြိုးစားတဲ့လူတွေထဲက နှစ်ယောက်ကိုသတ်ပစ်လိုက်လို့ အဒေါ်ကြီး ထောင်ကျခဲ့တာပါကွယ်"

"ဖြစ်မှဖြစ်ရလေအဒေါ်ကြီးရယ်၊ အဒေါ်ကြီးနာမည်ကရော ဘယ်လိုခေါ်သလဲဟင်"

"အဒေါ်ကြီးနာမည်က .ပိုး .ပိုးဖုံတဲ့၊ ဒေါ်ပိုးဖုံလို့ ခေါ်ပါတယ်ကွယ်"

"ဒေါ်ပိုးဖုံ .နာမည်ကလည်း ဆန်းလိုက်တာဗျာ၊ ကဲ– အဒေါ်ကြီး အဝတ်စိုတွေလဲပြီး မှိန်းနေလိုက်နော်"

"ဟုတ်ကဲ့ဆရာဝန်လေး"

"မိုးရေ .မောင်တို့ ကြုံတုန်း ကျောင်းကဘုန်းကြီးကို ဝင်ဖူးရအောင်"

\+ + + + +

"ဘယ်ကလာကြသလဲ"

"တပည့်တော်က လမ်းထိပ်ကဆေးခန်းမှာထိုင်တဲ့ဆရာဝန်ပါ ဘုရား၊ ဒေါက်တာမင်းမြတ်မောင်မောင်ပါ၊ ဟောဒါက တပည့်တော်နဲ့ လက်ထပ်မယ့် မိုးကေသီပါ"

"ြသော် .ြသော် ."

"ဟောဟိုဇရပ်ထဲမှာနေတဲ့ ဒေါ်ပိုးဖုံဆိုတဲ့အဒေါ်ကြီး လမ်းမှာ မိုးမိနေလို့ လိုက်ပို့ရင်း ရောက်လာတာပါဘုရား"

''ဩော်. ဒေါ်ပိုးဖုံနဲ့ဆုံကြတာကိုး၊ အေးကွယ် . ဘုန်းကြီး လည်း ခိုကိုးရာမဲ့နေသူဆိုတော့ လက်ခံထားရတယ်၊ ခမျာမလည်း အသက်အရွယ်ကြီးမှ မှီခိုစရာ အားထားစရာမရှိနဲ့ ဒုက္ခရောက်နေရ ပေတာကိုး''

''တင်ပါ့ဘုရား . တပည့်တော်ကိုလည်း သူ ထောင်ကထွက် လာတာ မကြာသေးကြောင်း ပြောလိုက်ပါတယ်ဘုရား''

''ထောင်အနှစ်နှစ်ဆယ် ကျခဲ့သတဲ့၊ ထောင်ကထွက်တော့ သူ့သားကိုလိုက်ရှာရင်းက ဒီမြို့ကိုရောက်လာတယ်ဆိုပဲ''

''တင်ပါ့ . သူ့သားရှိသေးတယ်ပေါ့ဘုရား၊ တပည့်တော်ကို တော့ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်လို့ ပြောလိုက်ပါတယ်ဘုရား''

''သိနိုင်ဘူးလေ၊ အသက်ကလည်းကြီး၊ လောကဓံအထု အထောင်းကလည်းများလှပေတော့ ဦးနှောက်မှတ်ဉာဏ်တွေလည်း ကောင်းချင်မှကောင်းတော့မှာပေါ့လေ၊ ထင်ရာမြင်ရာတွေ လျှောက်ပြော နေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်''

''မှန်လှပါဘုရား၊ တပည့်တော် ဒီကျောင်းကသံဃာတော်တွေ ရဲ့ ကျန်းမာရေးကိစ္စကို တာဝန်ယူလိုပါတယ်ဘုရား၊ လိုအပ်ရင် တပည့် တော်ဆေးခန်းကို လူလွှတ်ခေါ်ခိုင်းပါဘုရား၊ တပည့်တော်ကိုလည်း တစ်ပတ် တစ်ကြိမ် သံဃာတော်များကျန်းမာရေးကို လာစစ်ဆေးခွင့် ပြုပါဘုရား''

''အိမ်း. ကောင်းပါလေ့ဒေါက်တာရယ် . သာဓု . သာဓု . သာဓု''

★ ★ ★ ★ ★

## အခန်းစဉ်– ၂၇

''မေမေရယ် . အဘွားကြီးတစ်ယောက်ဟာ သိပ်သနားစရာ ကောင်းတာပဲ၊ ထောင်ကထွက်လာတာ မကြာသေးဘူးတဲ့၊ ဘုန်းကြီး ကျောင်းကဇရပ်မှာ နေနေရရှာတယ်မေမေ၊ သားလေ . အဲဒီအဘွား ကြီးကိုကြည့်ပြီး ဘယ်လိုသနားမှန်းမသိဘူးမေမေရယ်''

ဒေါက်တာမင်းမြတ်မောင်မောင်က သူ့မိခင်ဒေါ်တင်တင်ဦးကို ပြောပြလိုက်သည်။

''အဘွားကြီး၊ ထောင်ထွက်၊ ဟုတ်လား၊ သားနဲ့ဘယ်လိုတွေ့ တာလဲ''

''အဲဒီအဒေါ်ကြီးက သားဆေးခန်းရှေ့ကို နေ့တိုင်းလာတယ် မေမေ''

''ဟင် .''

''မနေ့ကတော့ မိုးမိနေတာတွေ့လို့ သားနဲ့မိုးနဲ့ သူ့ကိုကားပေါ် တင်ပြီး သူနေတဲ့ဘုန်းကြီးကျောင်းက ဇရပ်ကိုလိုက်ပို့လိုက်တယ်မေမေ''

''အို . သူ့နာမည်က ဘယ်သူတဲ့လဲ''

''ဒေါ်ပိုးဖုံတဲ့မေမေ''

''သူ . သူက . သားကို ဘာတွေပြောသေးလဲ''

''သူ ထောင်ကထွက်လာတာ မကြာသေးဘူးတဲ့၊ သူ့မှာ မှီခို စရာဆွေမျိုးသားချင်းမရှိလို့ ဇရပ်မှာနေနေရတာလို့ပြောပါတယ်မေမေ၊ ဘုန်းကြီးကတော့ ဒေါ်ပိုးဖုံဟာ ပျောက်နေတဲ့သူ့သားကို လိုက်ရှာနေတာ လို့ မိန့်တယ်မေမေ''

''အလို . ဘုရား . ဘုရား . ဒေါ်ပိုးဖုံ ဆိုတာ
မေသီများဖြစ်နေမလား၊ အို . မဟုတ်နိုင် ပါဘူးလေ၊
ဘာပဲဖြစ်ဖြစ် ဘုန်းကြီးကျောင်းမှာနေတဲ့
ထောင်ထွက်မကြီးကိုတော့ ငါစုံစမ်းမှဖြစ်မယ်''

ဒေါ်တင်တင်ဦးက တစ်ကိုယ်တည်းတွေးလိုက်မိခြင်းဖြစ်သည်။

''သားလေ . ဘုန်းကြီးကျောင်းက သံဃာတော်တွေရဲ့ ကျန်းမာရေးကိစ္စကို တာဝန်ယူပါရစေလို့ ဘုန်းကြီးကိုလျှောက်ခဲ့တယ် မေမေ''

''အဲ . အင်း . အင်း . ကောင်းတာပေါ့သားရယ်၊ ကောင်းတာပေါ့၊ ကုသိုလ်ရတာပေါ့၊ ဒါနဲ့ . အဲဒီဘုန်းကြီးကျောင်းက ဘယ်ကျောင်းလဲသား''

''သား ဆေးခန်းနားက မင်္ဂလာဇေယျာဘုန်းကြီးကျောင်းလေ မေမေ''

''ဩော် .''

★ ★ ★ ★ ★

## အခန်းစဉ်– ၃၀

ဒေါက်တာမင်းမြတ်မောင်မောင်၏ဆေးခန်းရှေ့သို့ ကားတစ်စီး ဆိုက်လာသည်။ ကားမှာ ခရီးဝေးသွားရာမှ ဝင်လာသောကားဖြစ်ကြောင်း သိသာလေ၏။ ကား၌ ဖုံများတင်နေသည်။

ခရီးသွားရင်း ကျန်းမာရေးချို့တဲ့လာသောကြောင့် အဝေးပြေး ကားလမ်းဘေးရှိ ဒေါက်တာမင်းမြတ်မောင်မောင်၏ဆေးခန်းသို့ ဝင်လာ ခြင်းပင်ဖြစ်ပါသည်။

ကားပေါ်မှအဘိုးကြီးတစ်ဦးနှင့်အဘွားကြီးတစ်ဦး ဆင်းလာ၏။ အဘိုးကြီးက ဝေဒနာခံစားနေရဟန်ရှိသောအဘွားကြီးကို ပခုံးမှဖေးမ ဖက်ကိုင်ရင်း ဆေးခန်းထဲဝင်လာလေသည်။

ဒေါက်တာမင်းမြတ်မောင်မောင်က ခရီးဦးကြိုပြုလိုက်လေ၏။

"ခရီးသွားရင်း သွေးတိုးလာလို့ဒေါက်တာရေ . သွေးပေါင် ချိန်ကြည့်ပြီး လိုအပ်တာလေး ကုပေးပါဒေါက်တာ"

အဘိုးကြီးက ပြောလိုက်သည်။

"ဟုတ်ကဲ့အန်ကယ် . ဆေးခန်းထဲကြွပါခင်ဗျာ"

ဆေးခန်းအကူမိန်းကလေးက အမျိုးသမီးကြီး၏အမည်ကို ရေးမှတ်နေသည်။

"ဘယ်ကိုခရီးထွက်မလို့လဲခင်ဗျာ"

လူနာကိုစမ်းသပ်ရင်းမှ မင်းမြတ်မောင်မောင်က မေးလိုက် သည်။

"မန္တလေးကိုပါဒေါက်တာ၊ ပဲခူးက လာကြတာပါ၊ တောင်ငူ စားသောက်ဆိုင်မှာ တောကောင်သားရတာနဲ့ စားမိတယ်၊ သွေးတိုးက လည်းရှိတော့ သွေးတိုးတာပါပဲဒေါက်တာရယ်"

မင်းမြတ်မောင်မောင်က ဆေးထိုးဆေးတိုက်ပြုလုပ်ကာ အမျိုး သမီးကြီးကို ခေတ္တအနားယူခိုင်းလိုက်သည်။

အမျိုးသားကြီးက ကျသင့်သည့်ဆေးဖိုးကို ဆေးခန်းအကူထံ တွင် ရှင်းပေး၏။

မိနစ်၂၀ခန့်အကြာတွင် အမျိုးသမီးကြီးမှာ သက်သာသွား လေသည်။

ရောဂါသက်သာသည်နှင့် မိန်းမကြီးက ဆေးခန်းအနှံ့မျက်လုံး ကစားကာ စပ်စုပါလေတော့သည်။

"ဩော် . ဒေါက်တာ့နာမည်က မင်းမြတ်မောင်မောင်တဲ့ လား၊ နေပါဦး၊ ဒီနာမည်မျိုးကြားဖူးပါတယ်၊ အို . မှတ်မိပြီ၊ မှတ်မိပြီ၊ အရင်ပဲခူးမှာနေသွားတဲ့ ဆရာကြီးဦးဘလှနဲ့မတင်တင်ဦးတို့သားနာမည် ပဲ"

"ဟုတ်ပါတယ်အန်တီ၊ ကျွန်တော်ငယ်ငယ်က ပဲခူးမှာနေဖူးပါ တယ်၊ ကျွန်တော့်မိဘတွေကလည်း ဦးဘလှနဲ့ဒေါ်တင်တင်ဦးပါပဲ၊ အန်တီ သိပါသလား"

"သိပြီကောဒေါက်တာ၊ တင်တင်ဦးနဲ့အန်တီနဲ့က သူငယ်ချင်း လေ၊ ဟုတ်တာပေါ့၊ ဆရာဦးဘလှဇာတိမိတ္ထီလာကို ပြောင်းသွားတာ ခုမှသတိရတော့တယ်၊ ဆရာနဲ့တင်တင်ဦးတို့ရော ရှိကြသေးလား၊ နေ ကောင်းကြလားဒေါက်တာ"

"ဖေဖေရော မေမေရော ရှိပါတယ်၊ နေကောင်းပါတယ်အန်တီ၊ အန်တီ့နာမည်က ဘယ်သူပါလဲ၊ ကျွန်တော်ပြောလိုက်ပါမယ်"

"အန်တီ့နာမည်က ခင်ခင်ကြီးတဲ့၊ တင်တင်ဦးနဲ့သူငယ်ချင်း ပေါ့"

"ဟုတ်ကဲ့အန်တီ"

ဒေါ်ခင်ခင်ကြီးဆိုသူအမျိုးသမီးကြီးက ဒေါက်တာမင်းမြတ် မောင်မောင်ကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။

"အင်း . မင်းမြတ်မောင်မောင်လေးတောင် ဒီအရွယ် ရောက်ပြီး ဆရာဝန်ကြီးဖြစ်နေပြီနော်၊ ဝမ်းသာလိုက်တာကွယ်၊ **ဆရာ ကိုဘလှနဲ့တင်တင်ဦးတို့ မင်္ဂလာဆောင်တုန်းက ဒေါက်တာ ငယ်ငယ် လေး ရှိသေးတာပဲ**"

"**ဗျာ – ကျွန်တော့်အဖေနဲ့အမေ မင်္ဂလာဆောင်တုံးက ကျွန်တော်ငယ်ငယ်လေးရှိသေးတယ်** . ဟုတ်လား၊ အန်တီ ပြောတာကို ကျွန်တော် နားမလည်ပါဘူးခင်ဗျာ"

"ဟော့– ခင်ခင်ကြီး၊ မင်းဘာတွေလျှောက်ပြောနေတာတုံးကွဲ့၊ သည်းခံပါဆရာ၊ သူက တစ်ခါတစ်ခါ စိတ်ဖောက်တတ်ပါတယ်၊ ခင်ခင် ကြီး၊ လာ–လာ– မန္တလေးအထိခရီးဆက်ရဦးမှာ၊ သွားကြစို့၊ ကျွန်တော် တို့ကို ခွင့်ပြုပါဦးဒေါက်တာ"

အဘိုးကြီးက ဒေါ်ခင်ခင်ကြီးကို ဆေးခန်းထဲမှ အတင်းခေါ် ထုတ်သွားလေတော့သည်။

မင်းမြတ်မောင်မောင်အတွက်တော့ စဉ်းစားစရာအချက်များ ကျန်ရစ်ခဲ့ရလေတော့သည်။

‘‘ဒေါ်ခင်ခင်ကြီးဆိုတဲ့အဘွားကြီးပြောသွား
တဲ့စကားတွေက ဘယ်လိုစကားတွေပါလိမ့်၊ ဖေဖေ
နဲ့မေမေ မင်္ဂလာဆောင်တုန်းက ငါ့အသက်က
ငယ်ငယ်လေး ရှိသေးတယ်တဲ့၊ ဒါဆို . ဖေဖေနဲ့ မေမေ
မင်္ဂလာမဆောင်ခင်ကတည်းက ငါဟာ …
လူဖြစ်ပြီးသားပေါ့၊ အို . ဒါဆိုရင် ငါဟာ ဖေဖေ
နဲ့မေမေတို့ရဲ့သားအရင်း မဟုတ်ဘူးပေါ့၊ ဖြစ်နိုင်
ပါ့မလား၊ ဒီအဘွားကြီး ရူးနေတာလား၊ ဘာပဲ ဖြစ်ဖြစ်
. ဒေါ်ခင်ခင်ကြီးပြောသွားတဲ့စကားတွေ ကိုတော့
မေမေ့ကိုပြန်ပြောပြီး မေးကြည့်ရမှာပဲ’’

မင်းမြတ်မောင်မောင်က တစ်ယောက်တည်း တွေးနေမိတော့ ၏။

★ ★ ★ ★ ★

## အခန်းစဉ်– ၃၁

‘‘သားဟာ ဖေဖေနဲ့မေမေတို့ရဲ့ သားအရင်းရော ဟုတ်ရဲ့လား မေမေရယ်’’

‘‘အမလေး . သားရယ် . ဘယ်လိုမေးလိုက်တာလဲ၊ သားဟာ ဖေဖေနဲ့မေမေ့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရဦးမှာတုံး သားရဲ့’’

‘‘ဒီနေ့ . သားဆေးခန်းကို ပဲခူးကလာတဲ့လူတွေ ဝင်သွားတယ်မေမေ၊ ဆေးဝင်ကုတာပါ၊ ဒေါ်ခင်ခင်ကြီးဆိုတဲ့အဘွားကြီး၊ မေမေ့ သူငယ်ချင်းတဲ့၊ မေမေသိတယ်မဟုတ်လား’’

‘‘ခင်ခင်ကြီး၊ ပဲခူးက . ခင်ခင်ကြီး၊ မေမေသိတယ်လေ၊ ဟုတ်တယ်၊ မေမေ့သူငယ်ချင်းပဲ’’

‘‘ဒေါ်ခင်ခင်ကြီးက ပြောသွားတယ်မေမေ၊ မေမေနဲ့ဖေဖေ မင်္ဂလာဆောင်တုံးက သားအသက်က ငယ်ငယ်လေးရှိသေးတယ်တဲ့’’

‘‘အမလေး .’’

‘‘အဲဒါဘာသဘောလဲမေမေ၊ သူပြောသလိုဆို သားဟာ မေမေတို့သားအရင်းမဟုတ်ဘူးပေါ့၊ သားကို မေမေတို့မွေးစားထားတာလား’’

‘‘မဟုတ်ဘူး၊ မဟုတ်ဘူး၊ မေမေရင်ကွဲအောင် အဓိပ္ပါယ်မရှိတဲ့မေးခွန်းတွေ မမေးပါနဲ့ငါ့သားရယ်’’

‘‘အဓိပ္ပါယ်ရှိပါတယ်မေမေ၊ ဒေါ်ခင်ခင်ကြီးက အဓိပ္ပါယ်မရှိ ပဲနဲ့ ဒီစကားတွေ ဘယ်လိုပြောမလဲ’’

‘‘ဟော့ကောင်– ငါ့သား’’

ဦးဘလှအခန်းထဲဝင်လာသည်။

‘‘ငါ့သား . မင်းပြောတဲ့စကားတွေ ဖေဖေကြားပြီးပြီ၊ အလကားပါကွယ်၊ အဓိပ္ပါယ်မရှိပါဘူး၊ အဲဒီခင်ခင်ကြီးဆိုတဲ့မိန်းမဟာ စိတ်ကယောက်ကယက်ဖြစ်နေတာကွဲ့၊ သားနဲ့ ကြုံမှကြုံတတ်ပလေကွယ်၊ မင်းအမေကိုစိတ်ဆင်းရဲအောင် ဘာလို့လျှောက်ပြောနေရတာတုံးကွယ်၊ သားဟာ ဖေဖေတို့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရဦးမှာတုံး၊ ကိုယ်တိုင်လည်း ဆရာဝန်တစ်ယောက်ဖြစ်နေပြီပဲငါ့သားရယ်၊ စဉ်းစားကြည့်ပါဦး၊ ဘာမဟုတ်တဲ့ ခပ်ကြောင်ကြောင်မိန်းမကြီးပြောသွားတဲ့စကားကြောင့် တို့သားက တို့ကိုအထင်မှားနေပြီဟော့၊ ရယ်စရာတောင်ကောင်းသေး တော့၊ ဟား . ဟား . ဟား .’’

ဦးဘလှက ရယ်စရာဟာသတစ်ပုဒ်သဖွယ် သဏ္ဍာန်လုပ်ပြောလိုက်ရာ . မင်းမြတ်မောင်မောင်ဇဝေဇဝါဖြစ်သွားရလေတော့သည်။

‘‘သားက သူပြောသွားတဲ့စကားတွေဆန်းလွန်းလို့ မေးကြည့်မိတာပါဖေဖေရယ်၊ မေမေ . မငိုပါနဲ့မေမေရယ်၊ မေမေဟာ သားအမေအရင်းဆိုတာ သားသိပါတယ်မေမေ၊ သားမေးမိတာ ခွင့်လွှတ်ပါ မေမေရယ်၊ ဟုတ်ပါတယ်လေ၊ ဒေါ်ခင်ခင်ကြီးရဲ့ယောကျ်ားကိုယ်တိုင်က သူ့မိန်းမဟာ တစ်ခါတစ်ခါ စိတ်ဖောက်တတ်တယ်လို့ ပြောသွားတာပဲ’’

★ ★ ★ ★ ★

## အခန်းစဉ်– ၃၂

‘‘ဒုက္ခပါပဲကိုဘလှရယ်၊ ကျွန်မတို့သားလေးက ကျွန်မတို့ကို သံသယဝင်နေပြီ၊ ဘယ်လိုလုပ်ကြမလဲကိုဘလှ’’

‘‘အို . ခင်ခင်ကြီးကို စိတ်မနှံ့ဘူးလို့ပြောလိုက်တာကို သားက ယုံသွားပါတယ်တင်တင်ရယ်၊ စိတ်မပူပါနဲ့’’

‘‘ဒါတွင်မဟုတ်သေးဘူးနော်ကိုဘလှ၊ ကျွန်မ ရှင်စိတ်ဆင်းရဲမှာ

စိုးလို့မပြောခဲ့တာ၊ သားအမေ မေမေသီဟာ ဟောဒီမြို့မှာရောက်နေပြီလို့ ကျွန်မထင်တယ်ကိုဘလှ''

''ဟင် . မင်းဘာကြောင့် ဒီလိုပြောနိုင်တာတုံး''

''သားက တစ်နေ့ကပြောတယ်ကိုဘလှ၊ သူ့ဆေးခန်းရှေ့ကို လာလာနေတဲ့ အဘွားကြီးတစ်ယောက်ရှိတယ်တဲ့၊ အဲဒီအဘွားကြီးဟာ ထောင်ထွက်ကြီးတဲ့၊ ဘုန်းကြီးကျောင်းမှာ ခိုကပ်နေတာတဲ့၊ သားက အဘွားကြီးကိုသနားပြီး ဆေးကုပေးနေတယ်ကိုဘလှရဲ့''

''အို . ဒါနဲ့ပဲ . အဲဒီအဘွားကြီးဟာ မေမေသီဖြစ်ရ ရောလားကွာ''

''ကိုဘလှကလည်းလေ . မေမေသီ ထောင်ကျသွားတဲ့ အနှစ်နှစ်ဆယ်ဟာ ပြည့်ပြီရှင့်၊ ဒီကြားထဲ ခင်ခင်ကြီးရဲ့အနှောက်အယှက် က မထင်မှတ်ပဲဝင်လာသေးတယ်၊ သားက ပဲခူးပြန်ပြီးစုံစမ်းရင်တော့ ဒုက္ခပဲ၊ ဘာပဲဖြစ်ဖြစ် . ဘုန်းကြီးကျောင်းမှာရောက်နေတဲ့ထောင်ထွက် မိန်းမကြီးဟာ မေမေသီဟုတ်,မဟုတ်တော့ စုံစမ်းကြည့်မှဖြစ်မယ် ကိုဘလှရေ''

''အေးလေ . ဒါတော့ မင်းသဘောပေါ့၊ ငါတို့ကတော့ ငါတို့သားလေး ငါတို့အပေါ်မေတ္တာမပျက်အောင် လုပ်ရမှာပဲဟေ့''

''ဟုတ်တယ်၊ ထောင်ထွက်မကြီးနေတဲ့ မင်္ဂလာဇေယျာဘုန်းကြီး ကျောင်းကို ကျွန်မသွားမယ် ကိုဘလှ''

★ ★ ★ ★ ★

## အခန်းစဉ်– ၃၃

ဒေါ်ပိုးဇုံသည် ဘုန်းကြီးကျောင်းဝင်းထဲရှိ ဘုရားလေးတွင် မနက်တိုင်း တံမျက်စည်းလှဲသည်။ သောက်တော်ရေချမ်းကပ်သည်။ ပြီးလျှင် . ပုတီးတစ်ပါတ်ပြည့်အောင်စိတ်နေကျဖြစ်၏။

ယနေ့မနက်လည်း နေ့စဉ်ပြုမြဲအတိုင်း တံမျက်စည်းလှဲ၊ ရေချမ်းကပ်ပြီး၍ ဘုရားရှိခိုးကာ ပုတီးစိတ်နေသည်။

မျက်လွှာချကာ ပုတီးစိတ်နေသောဒေါ်ပိုးဇုံသည် သူ့ဘေးသို့ အမျိုးသမီးတစ်ယောက်လာရပ်သည်ကို မမြင်။ ထိုအမျိုးသမီးကြီးက သူမကိုစူးစိုက်ကြည့်ကာ ရှုထောင့်အမျိုးမျိုးမှ လှည့်ပတ်ကြည့်ရင်း အကဲခတ်နေသည်ကိုလည်း မသိရှာ။

ထိုအမျိုးသမီးကြီးမှာ ဒေါ်တင်တင်ဦးဖြစ်ပါသည်။

ဒေါ်ပိုးဇုံသည် ပုတီးစိတ်အပြီးတွင် မျက်လွှာပင့်ကြည့်လိုက် သည်။

သူမဘေးတွင် ကပ်၍ရပ်နေသောမိန်းမတစ်ယောက်၏ထမီစ ကိုမြင်လိုက်သည်။ အကြည့်ကို အထက်ဖက်သို့ တဖြည်းဖြည်းရွှေ့လိုက် သည်။

''အို .''

ခါးထောက်ရပ်နေသောအမျိုးသမီးကြီး၏မျက်နှာကို တွေ့မြင် လိုက်ရသည့်အခါ . ဒေါ်ပိုးဇုံက အလန့်တကြားရေရွတ်လိုက်လေ၏။

''ညီးဟာ မေမေသီမဟုတ်လား''

ဒေါ်တင်တင်ဦးက ပိုင်ပိုင်နိုင်နိုင်မေးချလိုက်သည်။

''မဟုတ် . မဟုတ်''

ဒေါ်ပိုးဇုံက လက်ကလေးနှစ်ဖက်ကိုကာရင်း ငြင်းဆန်လိုက် လေသည်။

''ငါသိတယ်၊ မငြင်းနဲ့၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပေမယ့် ညီးရဲ့ပင်ကိုယ်ရုပ်ကို ငါဖမ်းမိတယ်မေမေသီ၊ ညီးဟာမေမေသီပဲ''

''မဟုတ် . မဟုတ်ပါဘူး မမဦးရယ်''

''ညီး . မေမေသီမဟုတ်ပဲ ငါ့ကို မမဦးလို့ ဘာလို့ခေါ်သလဲ''

''အို . ဟင် . ကျွန်မ .''

''ငြင်းမနေပါနဲ့ မေသီ၊ ငါ အတန်တန် တားထားတဲ့ကြားက ညီး ဘာဖြစ်လို့ ဒီအထိလိုက်လာရသလဲ''

''မေသီ . မေသီ . သားလေးမျက်နှာကိုမြင်ချင်လို့ပါ၊ မြင်ရုံလေးမြင်ချင်လို့ပါမမဦးရယ်၊ မေသီမနှောက်ယှက်ပါဘူး၊ မနှောက် ယှက်ပါဘူး၊ သားကိုလည်း အသိမပေးပါဘူးမမဦးရယ်''

''တော်– ညီးအသိမပေးလည်း တခြားနည်းလမ်းနဲ့ သိသွား နိုင်တာတွေအများကြီး၊ တည်ငြိမ်နေတဲ့ငါတို့ဘဝကို ညီးဘာလို့ ဖျက်ဆီး ချင်ရတာလဲမေသီရယ်၊ ညီးသားလေးလူတစ်လုံးသူတစ်လုံးဖြစ်နေတာ ကို ညီးမမြင်ချင်ဘူးလား၊ အဖြစ်မှန်တွေသာ သိသွားရင် သားလေးဟာ စိတ်ဆင်းရဲတာနဲ့ ဘဝပျက်သွားနိုင်တယ်၊ ညီးသားဘဝပျက်မှာကို ညီး မြင်ချင်သလားမေသီ၊ ပြောစမ်း''

''အို . မမြင် . မမြင်ချင်ပါဘူး မမဦးရယ်''

''သားလေးမင်းမြတ်မောင်မောင်စိတ်ကို ထိခိုက်စေချင်သလား

မေသီ၊ ညီးလို **လူသတ်သမ–ထောင်ထွက်မ**ရဲ့သားဆိုတာ သိလိုက်ရရင် သားလေး ဘယ်လောက်စိတ်ထိခိုက်သွားမယ်ဆိုတာ စဉ်းစားကြည့်စမ်း၊ သားစိတ်ကို မထိခိုက်စေချင်ရင် ညီး ..ဒီမြို့ကထွက်သွားပါ၊ အမြန်ဆုံး ထွက်သွားပါမေသီ''

''မမဦးရယ် ..မေသီ့ကိုသနားပါ၊ မေသီလေ ..မေသီ ဟာ သားအမေဆိုတာကို သားမသိစေရပါဘူး၊ သားမျက်နှာကို မြင်ရရုံ လေးပဲ ..''

''တော်– ဆက်မပြောနဲ့''

''မမဦး ..မမဦး၊ မေသီ့ကို သနားပါ''

ဒေါ်ပိုးဖုံက ဘုရားရင်ပြင်တွင် ထိုင်နေလျှက်ကပင် ဒေါ်တင်တင်ဦးကို လက်အုပ်ချီကန်တော့ရင်း တောင်းပန်နေရှာသည်။

''ရော့– ဒီမှာ ပိုက်ဆံ၊ ဒီငွေကိုလမ်းစရိတ်လုပ်ပြီး ညီး ဒီမြို့ကထွက်သွားပါ၊ အမြန်ဆုံးထွက်သွားပါ၊ ဒါပဲ–''

ဒေါ်တင်တင်ဦးက ငွေစက္ကူများကို ဒေါ်ပိုးဖုံဆီသို့ပစ်ပေါက်ပေးလိုက်ကာ နေရာမှလှည့်ထွက်သွားလေတော့သည်။

ဒေါ်ပိုးဖုံသည်ကား ဘုရားရင်ပြင်ဝယ် သည်းထန်စွာ မဆုံးနိုင်အောင် ငိုရှိုက်နေလေတော့သည်။

''သား ..သား ..သားရေ ..အမေ့ ဘဝက ဆိုးလှချည်လားသားရယ် .. သားလေး မျက်နှာကို ကြည့်ရုံလေးကြည့်ခွင့်တောင် မရှိဘူး တဲ့ကွယ်၊ အမေထွက်သွားရတော့မယ်၊ အမေသွားရတော့မယ်သားရဲ့ ..အမေမသွားခင် သားလေး ဆီက ''အမေ''ဆိုတဲ့ ခေါ်သံလေးကို ကြားချင်လိုက်တာသားရယ် ..ကြားချင်လိုက်တာ .. အမေ့ကို ..အမေလို့ ခေါ်လိုက်ပါလားကွယ်၊ သားဆီက အမေဆိုတဲ့ ခေါ်သံလေးတစ်ခွန်း ကြားလိုက်ရရင် အမေ သေပျော်ပါပြီကွယ် .. အမေသေပျော်ပါပြီ ..အမေလို့ ခေါ်လှည့်ပါတော့ သားလေးရေ ..''

★ ★ ★ ★ ★



## အခန်းစဉ်– ၃၄

''သားရေ ..လာပါဦးကွယ်၊ သားကို မေမေတို့ပြောစရာ ရှိတယ်''

''ဟုတ်ကဲ့မေမေ''

''သားစိတ်ထဲမှာ ဒေါ်ခင်ခင်ကြီးပြောသွားတဲ့ကိစ္စကို တအုံနွေးနွေးခံစားနေရသေးလားသား''

''ဒေါ်ခင်ခင်ကြီးဟာ မေမေတို့ပြောသလို ရူးနေတဲ့လူတစ်ယောက်တော့ မဟုတ်နိုင်ဘူးဆိုတာ သားကဆရာဝန်မို့လို့ သိပါတယ်မေမေရယ်၊ ဒေါ်ခင်ခင်ကြီးပြောသွားတဲ့စကားတွေထဲမှာ လျှို့ဝှက်မှုတစ်ခုခုရှိနေမယ်လို့ သားနားလည်နေပါတယ်မေမေ၊ ဒါပေမယ့် ..မေမေနဲ့ဖေဖေစိတ်ဆင်းရဲနေမှာစိုးလို့ သား ဘာမှမမေးဘူးလို့ ဆုံးဖြတ်ထားပါတယ်မေမေ''

''ဩော် ..ဒါဖြင့်သားက အဖေတို့ပြောတဲ့စကားကိုလည်း အကြွင်းမဲ့မယုံဘူးလို့ ဆိုလိုတာပေါ့လေ''

''သား ..ဖေဖေတို့စကားကိုမပယ်ရှားဝံ့ပါဘူးဖေဖေရယ်''

''အေး ..အဲဒါကြောင့်လည်း လိမ္မာတဲ့သားလေးကို ဖေဖေနဲ့မေမေက ဆက်ညာမထားချင်တော့လို့ ဖေဖေနဲ့မေမေတိုင်ပင်ပြီး အဖြစ်မှန်တွေကို ဖွင့်ပြောတော့မလို့ပါငါ့သား''

''ဗျာ– အဖြစ်မှန်တွေ ..ဟုတ်လား၊ ဒါဖြင့် ..ဒါဖြင့် သားဟာ ဖေဖေတို့မေမေတို့သားအရင်း မဟုတ်ဘူးပေါ့နော်၊ ဟုတ်လား ဖေဖေ၊ ပြောပါဦးမေမေရယ်''

''သိပ်စိတ်မလှုပ်ရှားပါနဲ့သားရယ် ..သားဟာ ဖေဖေနဲ့မေမေ တို့ သားအရင်းမဟုတ်ပေမယ့် တစိမ်းတရံဆန်လည်း မဟုတ်ပါဘူးကွယ်၊ သားဟာ မေမေရဲ့မောင်အရင်း မောင်မင်းမောင်က မွေးခဲ့တဲ့သားပါ၊ မေမေရဲ့တူအရင်းပါ၊ မင်းအဖေမောင်မင်းမောင်ဟာ မင်းအသက်သုံးနှစ်အရွယ်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီးဆုံးရှာတယ်သား''

''အမေ ..အမေကရော''

**''မင်းအမေကတော့ နိုင်ငံခြားမှာအလုပ်ထွက်လုပ်ပြီး စီးပွားရှာမယ်ဆိုပြီး စင်္ကာပူနိုင်ငံကိုထွက်သွားခဲ့တယ်သား''**

''ဟင် ..''

"တကယ်တော့ •မင်းအမေဟာလည်း မင်းဘဝနောင်ရေး အတွက် စီးပွားရှာဖို့ ထွက်သွားရှာတာပါကွယ်၊ ဒါပေမယ့် • ကံဆိုး ချင်တော့ မင်းအမေဟာ ဟိုနိုင်ငံရောက်ပြီးမကြာခင်ပဲ ရောဂါတစ်ခုနဲ့ ဆုံးပါးသွားတယ်သား"

"အို •အမေ့နာမည်က ဘယ်သူတဲ့လဲဟင်"

"မေမေသီ–တဲ့"

"ဒါဆို •သားမိဘရင်းတွေက **ဦးမင်းမောင်၊ ဒေါ်မေမေသီ** ပေါ့"

"ဟုတ်တယ်သား၊ မင်းမြတ်မောင်မောင်ဆိုတဲ့မင်းနာမည်ကို မင်းအမေ မေမေသီကိုယ်တိုင်မှည့်ပေးခဲ့တာပါကွယ်၊ ဩော် •သားကို ပြဖို့ ဟောဒီမှာ •မင်းအဖေနဲ့အမေရဲ့ဓာတ်ပုံ"

"ဟင် •ပြပါဦး၊ ပြပါဦးဗျာ"

မင်းမြတ်မောင်မောင်က မိဘနှစ်ပါးဓာတ်ပုံကို အငမ်းမရ ယူကြည့်လိုက်သည်။

"ဟောဒါက •မင်းအဖေကားတိုက်ပြီး ဆုံးသွားတုံးက ထည့်ခဲ့တဲ့ ကြေးမုံသတင်းစာမှာပါတဲ့ နာရေးကြော်ငြာ"

မင်းမြတ်မောင်မောင်က နာရေးကြော်ငြာကို ဖတ်ကြည့်သည်။

"အင်း •အဖေသေတဲ့ရက်စွဲက သားအသက်သုံးနှစ် လောက်တုံးကပဲ၊ သားအမေနာရေးကရော မေမေ"

**"မင်းအမေကနိုင်ငံခြားမှာဆုံးသွားတာကို နောက်ကျမှသိရ လို့ မေမေတို့လည်း နာရေးမထည့်ဖြစ်တော့ဘူးကွယ်"**

"မေမေ့ရဲ့ဆွေမျိုးတွေကရော အခုဘယ်မှာလဲဟင်"

"မင်းအမေက တစ်ဦးတည်းသောသမီးကွဲ့၊ တခြားဆွေမျိုး တွေကလည်း သွေးဝေးတဲ့အထဲကပါလေ၊ မေမေတို့လည်း ပဲခူးကနေ မိတ္ထီလာကိုပြောင်းလာတော့ မေမေသီတို့အမျိုးတွေနဲ့ အဆက်အသွယ် ပြတ်သွားတာပေါ့လေ"

"ဒီအကြောင်းတွေကို အစကတည်းက ဘာလို့မပြောခဲ့တာလဲ ဟင်"

"ဖေဖေတို့အပြစ်ပါပဲငါ့သားရယ်၊ ဖေဖေတို့က သားသမီးမရ နိုင်တော့ ငါ့သားကိုပဲ သားအရင်းလိုချစ်နေရတာလေ၊ မွေးစားထားတယ် ဆိုတာကိုသိရင် ဖေဖေတို့အပေါ် အချစ်ပေါ့သွားမှာစိုးရိမ်ပြီး ဒီအကြောင်း တွေကိုဇာတ်မြှုပ်ထားခဲ့တာပါသားရယ်"

"ဒါဖြင့် •ဒေါ်ခင်ခင်ကြီးပြောသွားသလို ဖေဖေနဲ့မေမေ မင်္ဂလာဆောင်တုန်းက သားငယ်ငယ်ပဲရှိသေးတယ်ဆိုတာ တကယ်ပေါ့ နော်၊ ဖေဖေနဲ့မေမေက သားအဖေနဲ့အမေတို့ထက် နောက်ကျပြီးမှ အိမ်ထောင်ကျတာပေါ့၊ သားအဖေနဲ့အမေဆုံးပြီးမှ မေမေတို့အိမ်ထောင် ကျတာပေါ့နော်"

"ဟုတ်တယ်သား၊ ဖေဖေရော မေမေရော လူပျိုကြီး၊ အပျိုကြီး ဘဝရောက်ကြပြီးမှ အိမ်ထောင်ကျတာပါ၊ မေမေဟာ မောင်လေး မောင်မင်းမောင်မွေးတဲ့ တူကလေး မင်းကို သိပ်ချစ်ခဲ့တယ်၊ သားဟာ တကယ်တော့ မွေးကတည်းက မေမေ့လက်ပေါ်မှာကြီးပြင်းခဲ့တာပါလေ၊ မင်းအမေ မေမေသီက ပညာသင်တာနဲ့ နိုင်ငံခြားသွားဖို့ကြိုးစားတာနဲ့ မင်းကိုမကြည့်အားပါဘူး၊ မေမေရှိနေတော့လည်း သူ့အနေနဲ့ စိတ်ချ လက်ချနေနိုင်တာပေါ့လေ"

"သားအမေဒေါ်မေမေသီဟာ သိပ်သနားဖို့ကောင်းတာပေါ့နော် မေမေ"

"ဟုတ်ပါတယ်၊ သားကိုသိပ်ချစ်ရှာတဲ့အမေပါ၊ သားလေးဘဝ မြင့်မားစေချင်လို့ နိုင်ငံခြားအထိ ထွက်အလုပ်လုပ်ပြီး စီးပွားရှာခဲ့တဲ့ အမေတစ်ယောက်ပါကွယ်၊ ကံဆိုးရှာတဲ့မိန်းကလေးပါ"

"ဒီအဖြစ်တွေကို အခုကျမှ မေမေတို့က သားကိုဘာလို့ပြော ပြရတာလဲဟင်"

"ခင်ခင်ကြီးစနက်ကြောင့်ပဲသား၊ ခင်ခင်ကြီးက စပ်စပ်စုစု နဲ့ပြောသွားတဲ့စကားဟာ သားရင်ထဲကိုရောက်သွားပြီလေ၊ သားအနေနဲ့ ပဲခူးမှာစုံစမ်းတာမျိုးလုပ်ရင် ဒီအကြောင်းတွေ သိလာနိုင်တာပဲ၊ အဲဒါ ကြောင့် •သားကိုယ်တိုင်စုံစမ်းပြီးမှ သိရရင် သားက မေမေတို့ကို စိတ်ဆိုးတော့မယ်၊ စိတ်နာတော့မယ်ဆိုတာ တွေးမိလို့ မထူးတော့တဲ့ အတူတူ ဖွင့်ပြောရတာပါသားရယ်"

"ဒါပေမယ့်သားရေ •ဖေဖေတို့ဟာ မင်းကိုသားအရင်းလို ချစ်တယ်ဆိုတာကိုတော့ သံသယမဝင်စေချင်ဘူးကွယ်၊ ဒါတွေကိုဖုံးကွယ် ထားရတာလည်း မင်းကိုချစ်လွန်းလို့၊ မင်းက မွေးစားသားဆိုတာ သိသွား ရင် ဖေဖေတို့ကိုအချစ်ပေါ့သွားမှာစိုးလို့ ဖုံးကွယ်ထားမိတာပါငါ့သားရယ်"

“ဩော် •ဖေဖေရယ်၊ ဖြစ်မှဖြစ်ရလေဗျာ၊ ဖေဖေနဲ့မေမေ တို့ သားကိုချစ်တယ်ဆိုတာ သားယုံကြည်ပြီးသားပါဖေဖေရယ်၊ အခု သားရဲ့တကယ့်ဇာတ်ကြောင်းကိုသိလိုက်ရပေမယ့် ဖေဖေနဲ့မေမေ့ကို အချစ်လျော့မသွားပါဘူးဗျာ၊ သားကို သားအရင်းနဲ့မခြား ချစ်ခင်ပြီး မွေးခဲ့ ပညာသင်ပေးခဲ့တဲ့ ဖေဖေနဲ့မေမေကို သားက ပိုတောင်လေးစား ပြီး ပိုပြီးတောင်ချစ်သွားရပါပြီဖေဖေ၊ သား ဖေဖေနဲ့မေမေ့ကို ကန်တော့ ပါရစေ”

မင်းမြတ်မောင်မောင်က ဦးဘလှနှင့်ဒေါ်တင်တင်ဦးကို ထိုင်ကန်တော့လိုက်သည်။

“အို •လိမ္မာလိုက်တဲ့သားလေး”

“ကဲ– သား၊ ခုဆို မင်းဘဝဇာတ်ကြောင်းအမှန်ကို မင်းသိရ ပြီ၊ မင်းရဲ့အဖေရင်း အမေရင်းတွေဟာ ကွယ်လွန်သွားပြီဆိုတာလည်း သိရပြီ၊ ဒီတော့ ဖေဖေနဲ့မေမေ့ကိုပဲ မင်းမိဘတွေလို့ မှတ်ယူရမယ်နော် ငါ့သား”

“ဒါပေါ့ဖေဖေရယ်• ဟောဒီက ဖေဖေနဲ့မေမေဟာ သား အတွက် တုနှိုင်းမရတဲ့ကျေးဇူးရှင်မိဘတွေပါဗျာ”

ဦးဘလှနှင့်ဒေါ်တင်တင်ဦးတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြရင်း မျက်လုံးချင်းစကားပြောကာ ပြုံးလိုက်ကြလေသည်။

သူတို့သည် ဒေါ်ခင်ခင်ကြီးစကားကိုယုံကြည်ကာ မင်းမြတ်မောင်မောင်ကိုယ်တိုင် စုံစမ်းမှုများပြုလုပ်လာပါက မေမေသီ၏အဖြစ် မှန်ကို သိရှိသွားမည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် • လင်မယား နှစ်ယောက်တိုင်ပင်ကာ ယခုကဲ့သို့ ဖွင့်ပြောကြခြင်းပင်ဖြစ်ပါသည်။

ဖွင့်ပြောရာတွင်လည်း **“မှသားမပါ လက်ာမချော”**ဆိုသလို အဖြစ်မှန်တစ်ဝက်၊ လုပ်ကြံဇာတ်တစ်ဝက်ဖြင့်ဖွင့်ပြောကြခြင်းဖြစ်သည်။ ကိုမင်းမောင်၏နာရေးကြော်ငြာကိုပြခြင်းအားဖြင့် သူတို့ပြောသော အဖြစ်များမှန်ကန်ကြောင်း သက်သေဖြစ်စေခဲ့သည်။

မေမေသီ နိုင်ငံခြားထွက်ခွာသွားရင်း ဟိုနိုင်ငံမှာသေရသည် ဆိုသည့်လုပ်ဇာတ်မှာလည်း တကယ်တော့ •မိခင်ရင်း၏အဖြစ်မှန်ကို မင်းမြတ်မောင်မောင်မသိအောင် ဖုံးကွယ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ သည်လိုလုပ်ဇာတ်ခင်းလိုက်ခြင်းအားဖြင့် မေမေသီ့သိက္ခာကိုလည်း ဆယ် ပြီးဖြစ်သည်။ မေမေသီဆိုသောမိခင်ရင်းမှာ လူ့လောကဥ်မရှိတော့။ ကွယ်လွန်သွားပြီဆိုတာကို မင်းမြတ်မောင်မောင်ယုံကြည်အောင်လုပ်



လိုက်ပြီးလည်း ဖြစ်သွားပါသည်။

မေမေသီ့ဓာတ်ပုံကိုပြခြင်းအတွက်လည်း စိုးရိမ်စရာမလို၊ ယခုအခါ ထောင်ထွက်ဒေါ်ပိုးဖုံဆိုသောမိန်းမသည် ရုပ်ပျက်ဆင်းပျက်ဖြစ် နေပြီဖြစ်ရာ ဓာတ်ပုံထဲက ငယ်စဉ်ကမေမေသီနှင့် ထင်မှားစရာအကြောင်း မရှိပေ။ မေမေသီ၏လက်ရှိအခြေအနေကို ဒေါ်တင်တင်ဦးမြင်ပြီးဖြစ်၍ လည်း စိတ်ချလက်ချဖြစ်နိုင်ခြင်းဖြစ်သည်။

ယခုလိုသာဖွင့်မပြောပါက မင်းမြတ်မောင်မောင်သည် သူ့မိဘ အရင်းများသတင်းကို ထုတ်ဖော်စုံစမ်းကောင်း စုံစမ်းနေဦးမည်။ ခုလို လုပ်ကြံဇာတ်တစ်ဝက်၊ အမှန်တစ်ဝက်ဖြင့်ပြောပြလိုက်တော့ မင်းမြတ် မောင်မောင်အတွက် မိဘရင်းကိုရှာဖွေရန် လမ်းစပြတ်သွားလေတော့ သည်။

ဦးဘလှနှင့်ဒေါ်တင်တင်ဦးက သူတို့စီစဉ်ထားသောအစီအစဉ် အောင်မြင်မှုအတွက် တစ်ယောက်ကိုတစ်ယောက် မသိမသာပြုံးကြည့် ကာ ကြေနပ်နေကြလေတော့၏။

★ ★ ★ ★ ★

**ဇာတ်သိမ်းခန်း**

ဒေါက်တာမင်းမြတ်မောင်မောင်နှင့် ချစ်သူမိုးတို့ ဆေးခန်းထဲ ဝယ် စကားထိုင်ပြောနေကြသည်။

“မောင် •ဒေါ်ပိုးဖုံဆိုတဲ့အဒေါ်ကြီးကို မောင့်ဆေးခန်းရှေ့ မှာ မမြင်ပါလားမောင်”

“ဟုတ်တယ်မိုး၊ မောင်လည်း သတိထားမိတယ်၊ အရင်က ကားမှတ်တိုင်အောက်မှာ တွေ့နေကျ၊ အဒေါ်ကြီးကိုမတွေ့တာ သုံးရက် ရှိပြီ”

“နေများမကောင်းလို့လား မောင်ရယ်”

“ညနေဆေးခန်းပိတ်ပြီးရင်တော့ မင်္ဂလာဗေယျာကျောင်းက ဦးဇင်းတွေကို ဆေးစစ်ပေးရင်းနဲ့ အဒေါ်ကြီးကိုဝင်တွေ့ဖို့ စိတ်ကူးထား တယ်မိုး”

“ဒါဖြင့် •မိုးလည်းလိုက်ခဲ့မယ်လေ မောင်”

သူတို့ပြောဆိုနေကြစဉ်တွင် လူငယ်လေးတစ်ဦးဆေးခန်းထဲ ဝင်လာလေသည်။

‘‘ဆရာဝန်ကို မင်္ဂလာဇေယျကျောင်းက ဆရာတော်ကြီးက ခေါ်ခိုင်းလိုက်လို့ပါ’’

‘‘ဘာအတွက်များလဲ ညီလေး’’

‘‘ဇရပ်ပေါ်မှာနေတဲ့ ဒေါ်ပိုးဖုံဆိုတဲ့အဘွားကြီး တော်တော် အသည်းအသန်ဖြစ်နေလို့ပါခင်ဗျာ’’

‘‘ဟင် .’’

‘‘အို .တိုက်တိုက်ဆိုင်ဆိုင်၊ ပြောလို့မှ စကားမဆုံးသေး ဘူး မောင်ရယ်’’

‘‘ဘုန်းဘုန်းက ဆေးအိတ်ပါ တစ်ခါတည်းယူပြီးလိုက်ခဲ့ဖို့ မှာလိုက်ပါတယ်ခင်ဗျာ’’

‘‘ကဲ– ဒါဖြင့် သွားကြစို့’’

\+ + + + +

မင်းမြတ်မောင်မောင်တို့ ရောက်သွားချိန်၌ ဒေါ်ပိုးဖုံကို ဇရပ် ကြမ်းပြင်ပေါ်တွင် ဝေဒနာခံစားနေရသည်ကို မြင်တွေ့ရလေ၏။

ကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ဦးဇင်းအချို့လည်း ဇရပ်ပေါ် တွင် ရှိနေကြသည်။

မင်းမြတ်မောင်မောင်က ကျောင်းထိုင်ဘုန်းကြီးကို လက်အုပ် ချီနှုတ်ဆက်ကာ ဒေါ်ပိုးဖုံဘေးတွင် ဝင်ထိုင်လိုက်သည်။

လိုအပ်သောစမ်းသပ်စစ်ဆေးမှုများပြုလုပ်သည်။

အားတက်ဖွယ်မတွေ့ရ။ မျှော်လင့်ချက်မတွေ့ရပေ။

‘‘ဖြစ်မှဖြစ်ရလေ .အဒေါ်ကြီးရယ် . ဘယ်လိုများဖြစ်ရ တာပါလိမ့်’’

မင်းမြတ်မောင်မောင်တွေးနေစဉ် ဒေါ်ပိုးဖုံဆီမှ ကယောင် ကတမ်းရေရွတ်လိုက်သောအသံ ထွက်ပေါ်လာလေသည်။

‘‘သား. သား. သားရေ. အမေလို့ခေါ်ပါ အမေလို့ ခေါ်ပါကွယ်’’

‘‘ဒကာမကြီးအခြေအနေ ဘယ်လိုရှိသလဲ ဆရာဝန်လေး’’

‘‘တင်ပါ့ဘုရား .အခြေအနေ မကောင်းပါဘူးဘုရား၊ ဒီတောင်က ကျော်နိုင်မယ်မထင်ပါဘူး’’

‘‘အင်း .ကျောင်းသားလေးအပြောအရတော့ ဒေါ်ပိုးဖုံဟာ ဘာမှလည်း မစားမသောက်နဲ့ တစ်နေ့လုံး ငိုလို့ချည်းနေတာ သုံးရက် လုံးလုံးပဲလို့ပြောတယ် ဆရာဝန်လေး’’

‘‘မှန်ပါ့၊ အဒေါ်ကြီးဟာ အားပြတ်သွားတာလည်း ပါပါတယ် ဘုရား’’

‘‘သူ့ပါးစပ်ကလည်း တစ်ချိန်လုံး **သား .သား**လို့ ပြော ပြောနေတယ်ပြောတာပဲကွယ်’’

ထိုစဉ်မှာပင် . ဒေါ်ပိုးဖုံဆီမှ ယောင်၍ရေရွတ်လိုက်သော အသံ ထွက်လာပြန်သည်။

‘‘သား .သားရေ . အမေ့ကို အမေလို့ခေါ်ပါ၊ အမေ ဆိုတဲ့ခေါ်သံလေး ကြားပါရစေ သားရယ် .’’

ဒေါ်ပိုးဖုံမှာ သတိလည်လာခြင်းမဟုတ်ပေ။ သတိလက်လွတ် ဖြင့် ကယောင်ကတမ်းရေရွတ်နေခြင်းသာဖြစ်ပါသည်။

‘‘သား . သား . အမေလို့ခေါ်ပါ သားရယ်’’

‘‘ဒကာဆရာဝန်လေး’’

‘‘ဘုရား .’’

‘‘ဒေါ်ပိုးဖုံဟာ ပျောက်နေတဲ့သူ့သားကိုရှာနေတာလို့ ဘုန်းကြီး ကိုပြောဖူးတယ်၊ သူတမ်းတနေတာ သူ့သားကိုဖြစ်လိမ့်မယ်ကွဲ့’’

‘‘တင်ပါ့ဘုရား’’

‘‘အမေလို့ခေါ်ပါ .အမေလို့ခေါ်ပါနဲ့ တတွတ်တွတ်ပြော နေရှာတာကွယ်၊ သေခါနီးလူမမာ စိတ်ချမ်းသာအောင် ဆရာဝန်လေး ကပဲ **‘‘အမေ’’**လို့ ခေါ်ပေးလိုက်ပါလားကွယ်’’

‘‘ခင်ဗျာ–’’

‘‘သေခါနီးလူ ဘဝကူးကောင်းအောင် .ဖြောင့်ဖြောင့်တန်း တန်း ဘဝကူးနိုင်အောင် .သူ့ဆန္ဒကိုဖြည့်ဆည်းပေးတဲ့သဘောပေါ့ ဆရာဝန်လေးရယ်’’

‘‘မှန်ပါ၊ တပည့်တော်က .’’

‘‘သူကြားချင်တဲ့ .**အမေ**ဆိုတဲ့စကားကို သူစိတ်ချမ်းသာ အောင် ဆရာဝန်လေးနှုတ်က ခေါ်ပေးဖို့ပါပဲကွယ်’’

ထိုစဉ် .ဒေါ်ပိုးဖုံက ကယောင်ကတမ်းပြောလိုက်ပြန်သည်။

‘‘သား .သားရေ . အမေသွားရတော့မယ် . အမေ့ကို အမေလို့ တစ်ခွန်းလောက်ခေါ်လိုက်စမ်းပါလား သားရေ’’

မင်းမြတ်မောင်မောင်က အဒေါ်ကြီးအလိုကျ **‘‘အမေ’’**ခေါ်ရန်

ဆုံးဖြတ်လိုက်လေသည်။

ဒေါ်ပိုးဖုံအား ရင်ခွင်ထဲတွင်ပွေ့ချီထားကာ ဒေါ်ပိုးဖုံနားရွက် နားသို့ကပ်၍ ခေါ်လိုက်လေသည်။

''အမေ .အမေ''

ဒေါ်ပိုးဖုံမျက်စိများပွင့်လာသည်။

ဇဝေဇဝါဖြင့် မင်းမြတ်မောင်မောင်ကို ကြည့်သည်။

''အမေ .အမေ''

မင်းမြတ်မောင်မောင်က နောက်တစ်ခွန်းခေါ်လိုက်လေသည်။

ဒေါ်ပိုးဖုံနှုတ်ခမ်းများ ပြုံးသွားသည်။

''အမေ .အမေ''

''သား .''

''အမေ့သားလေ . အမေ၊ သားပါ၊ နော်– အမေ . အမေရယ်''

ဒေါ်ပိုးဖုံ မည်သို့သဘောပေါက်သွားသည်မသိပါ။ သူမ၏မျက်နှာသည် သွေးရောင်လွှမ်းလာသည်။ နှုတ်ခမ်းက ပြုံးယောင်သန်းသွားသည်။

''သား .''

''အမေ .''

ဒေါ်ပိုးဖုံက သူမ၏လက်ကို မြှောက်လိုက်သည်။

မင်းမြတ်မောင်မောင်က ဒေါ်ပိုးဖုံလက်ကိုဆုပ်ကိုင်ထားလိုက် ၏။

''အမေ သေပျော်ပါပြီသားရယ် . အမေ သေပျော်ပါပြီ''

ဒေါ်ပိုးဖုံသည် နောက်ဆုံးစကားကိုပြောအပြီးတွင် မင်းမြတ်မောင်မောင်ရင်ခွင်ထဲ၌ ဇက်ကျိုးကျသွားလေတော့သည်။

''အို .အမေ .အမေရယ် .''

ထိုစဉ် .အလင်္ကာကျော်စွာရွှေပြည်အေး ရေးသားသည့် **''မေမေ''**သီချင်းသံလေးက ပျံ့လွင့်လာလေ၏။

မာတာမိခင် ချစ်ရေစင်ကား .

ကြည်လင်အေးမြ စမ်းရေကျသလို .

မဝလွန်ကဲ ခိုင်မြဲမေတ္တာ .

လှိုက်လှဲချစ်ကာ ဥပမာတင်စရာ .

သီတာခုနစ်တန် သတ္တရဘန်မေရု .





မြေထုဗဟို မြင်းမိုရ်ပဗ္ဗတ္တ .

နှိုင်းစံမရ အနန္တဂိုဏ်းဝင် .

ကျေးဇူးရှင်သို့ ဂုဏ်တင်မြှင့်စေ .

ခေါ်ကြပါပေ . မေမေ .

မေမေ .

မေမေ .

မေမေ .

မေမေ .

မေမေ .

ထို့နောက် .မင်းမြတ်မောင်မောင်၊ ဒေါ်ပိုးဖုံ၊ မိုးနှင့် သံဃာတော်များပါဝင်သောမြင်ကွင်းတစ်ခုလုံးသည် လှုပ်ရှားနေသောအရုပ်များအဖြစ်မှ **''ရုပ်သေ''**အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထို့နောက်တွင် .ရုပ်ရှင်ဇာတ်ကားပြီးဆုံးကြောင်းစာတန်းထွက်ပေါ်လာလေ၏။

**''ပြီးပါပြီ''**

# အပိုင်း – ၂

## ( ၁ )

ရုပ်ရှင်ရုံခန်းမတစ်ခုလုံး မီးများတဖြတ်ဖြတ်လင်းသွားသည်။

လက်ခုပ်သံများကလည်း တဖြောင်းဖြောင်းထွက်ပေါ်လာလေ သည်။

မီးအလင်းတွင် ရုပ်ရှင်ကြည့်ပရိသတ်ထဲမှ အမျိုးသမီးအချို့ မျက်ရည်ကျနေသည်ကို မြင်လိုက်ကြရလေသည်။ ဇာတ်ကား၏ဆွဲဆောင်မှုကြောင့် မျက်ရည်ကျငိုရှိုက်မိသောအမျိုးသမီးများက ရှက်ရှက်ဖြင့် မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ကြလေသည်။

ရုပ်ရှင်ကြည့်ပရိသတ်သည် ရုံအပြင်ဖက်သို့ တိုးထွက်ခဲ့ကြလေ၏။

ရုံအဝတွင် ."**လရောင်ဝေးဝေး**"အမည်ရှိ ဤဇာတ်ကား ၌ ဒေါက်တာမင်းမြတ်မောင်မောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော မင်းသား**ဟိန်းရာဇာ**က .ပရိသတ်များကို နှုတ်ဆက်ရန် စောင့်ကြို လျှက်ရှိလေသည်။

ဟိန်းရာဇာ၏ဘေးတွင်တော့ .သူ၏မိခင် **ဒေါ်ဟိန်းသူဇာ** ရှိနေပါသည်။

ဒေါ်ဟိန်းသူဇာကို တစ်ဦးတည်းသောသားဖြစ်သူဟိန်းရာဇာ အား ရုပ်ရှင်မင်းသားဖြစ်ရန် အစွမ်းကုန်ပံ့ပိုးမြေတောင်မြှောက်ပေးနေ သည့် မိခင်ကောင်းတစ်ဦးအဖြစ် မြန်မာနိုင်ငံဗီဒီယိုနှင့်ရုပ်ရှင်လောက တစ်ခုလုံးက သိထားကြပါသည်။

ယခုပွဲသည် . မင်းသားဟိန်းရာဇာပါဝင်သရုပ်ဆောင်သော "လရောင်ဝေးဝေး" –ရုပ်ရှင်ဇာတ်ကားကြီးအား ပရက်စ်ရှိုးပြသသော ပွဲကြီးဖြစ်ပါ၏။

မင်းသားဟိန်းရာဇာပါဝင်သောရုပ်ရှင်ကားကြီးကို ပရက်စ်ရှိုး ပြသနေကြောင်း သိထားသောပရိသတ်များသည်လည်း မင်းသားမင်းသမီးများကိုကြည့်ရှုရန် ရုပ်ရှင်ရုံရှေ့၌ စုရုံးလျှက်ရှိကြလေသည်။

ဟိန်းရာဇာရုံအဝကိုထွက်လာသည်ကိုအမြင်တွင် မိန်းကလေး ပရိသတ်က "ဟေး"ကနဲအော်လိုက်လေသည်။ "**ဟိန်းရာဇာ. ဟိန်းရာဇာ**" ဆိုသောအသံများက ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဟိန်း ထွက်သွားလေ၏။

မိန်းကလေးပရိသတ်များက ဟိန်းရာဇာရှိရာသို့ တိုးဝှေ့လာကြလေသည်။

ဟိန်းရာဇာသည် ရုံထဲမှထွက်လာသော သီးခြားဖိတ်ကြားထားသည့်ဧည့်သည်များကိုလည်း နှုတ်ဆက်ရင်း တစ်ဖက်က ရုံရှေ့မှပရိသတ်ကိုလည်း တစ်ချက်တစ်ချက် လက်လှမ်းပြနှုတ်ဆက်နေရပေသေးသည်။

ဟိန်းရာဇာဆိုသည်ကား မြန်မာနိုင်ငံ၏ ဗီဒီယိုနှင့်ရုပ်ရှင်လောကတွင် နောက်ဆုံးနာမည်ကျော်ကြားနေသော မိန်းကလေးပရိသတ်အသည်းစွဲ လူငယ်မင်းသားတစ်ယောက်မဟုတ်ပါလား။

ရုပ်ချောသည်။ အရုပ်အမောင်းကောင်းသည်။ သရုပ်ဆောင်ကောင်းသည် ဆိုသည့်နာမည်ကောင်းများဖြင့် ရေပန်းစားကျော်ကြား နေသော မင်းသားလေးတစ်လက်ဖြစ်ပါသည်။

ဟိန်းရာဇာ၏ အောင်မြင်ကျော်ကြားမှုကို . ကာယကံရှင် ဟိန်းရာဇာထက်ပို၍ ဂုဏ်ယူဝင့်ကြွားနေသူကား မိခင်ဖြစ်သူ ဒေါ်ဟိန်းသူဇာပင်ဖြစ်ပါတော့သည်။

ဒေါ်ဟိန်းသူဇာ။

ဗီဒီယိုလောက၊ ရုပ်ရှင်လောကမှ မဟုတ်ပါပဲ ဗီဒီယိုရိုက်ကူး ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုကို ထူထောင်ခဲ့သည်။ အသက်(၁၈)နှစ်အရွယ် တစ်ဦးတည်းသောသားကို မင်းသားအဖြစ် ရဲရဲဝံ့ဝံ့ပွဲထုတ်ရိုက်ကူးခဲ့သည်။

ဗီဒီယိုရိုက်ကူးမည့်ဇာတ်လမ်းကို ကိုယ်တိုင်ရွေးချယ်သည်။ သားနှင့်လိုက်ဖက်မည့်ဇာတ်လမ်းကိုသာ အဓိကရွေးချယ်ရိုက်ကူး၏။ နာမည်ကျော်စာရေးဆရာ၊ ဆရာမများ၏ နာမည်ကြီးဝတ္ထုများကို ဈေးကြီးပေး၍ ရအောင်ဝယ်ယူသည်။ တွဲဖက်မည့်သရုပ်ဆောင်များကိုလည်း နာမည် ကျော် လူကြိုက်များလျှက်ရှိသည့် ဝါရင့်မင်းသားမင်းသမီးများဖြစ်စေ၏။ ကျော်ကြားပြီးသားသူများက ဟိန်းရာဇာကို ပို့ပေးရသည့်ဇာတ်များ ဖြစ်တတ်သည်။

ထိုသို့ .အကွက်ချစီစဉ်တတ်မှု၊ ဇာတ်ကားတစ်ကားတွင် အရေးပါအရာရောက်သည့် ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်များကို စီစဉ်နေရာချထားတတ်မှုကြောင့် ဟိန်းရာဇာ၏ ဇာတ်ကားများမှာ အောင်မြင်ခဲ့ရလေသည်။ အခြားသော သက်တူရွယ်တူ

စင်ပြိုင်မင်းသားလေးများ ဇာတ်ကားပေါင်း(၅၀) (၆၀) (၁၀၀)စသည်ဖြင့် ရိုက်ကူးသည့်တိုင် ပရိသတ်သတိမထားမိ၊ အားပေးမှုမရသေးသည့်ကာလ မျိုးဝယ် •ဟိန်းရာဇာက ဗီဒီယိုကား(၅)ကားလောက်ဖြင့် ''ပေါက်'' သွားခဲ့လေသည်။

ဟိန်းရာဇာအောင်မြင်ကျော်ကြားလာသည့်(၂)နှစ်အတွင်းဝယ် ဗီဒီယိုဇာတ်ကား ၂၆ကားသာလျှင် ရိုက်ကူးခဲ့ပါသေး၏။ အခြားမင်းသား လေးများထက်စာလျှင် အရေအတွက်နည်းသော်လည်း ထွက်ပေါ်လာ သည့် ဇာတ်ကားအရည်အသွေးက ကောင်းမွန်သောကြောင့် အချိန်တိုတို ဇာတ်ကားနည်းနည်းဖြင့် အောင်မြင်ထင်ရှားလာခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ •အစမ်းပွဲရုံတင်ပြသလိုက်သော ''လရောင်ဝေးဝေး'' ဇာတ်ကားမှာ ဟိန်းရာဇာ၏ **ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီး**ဖြစ်ပါလေ သည်။

♛♛♛♛♛

( ၁ )

ဒေါ်ဟိန်းသူဇာနှင့်ဟိန်းရာဇာတို့က ရုံအဝတွင်ရပ်ရင်း ရုံထဲမှ ထွက်လာသောညေ့်ပရိသတ်များကို နှုတ်ဆက်နေလေသည်။

**ဟိန်း**ရုပ်ရှင်ထုတ်လုပ်ရေး

**ဟိန်းသူဇာ** စီစဉ်သည်

ဒါရိုက်တာ– နေမာန

ဇာတ်လမ်းနှင့်ဇာတ်ညွှန်း– လင်းလက်ကြယ်စင်

ဟိန်းရာဇာ၊ ရဲအောင်၊ မို့မို့မြင့်အောင်၊

မေသဉ္ဇာဦး၊ သက်မွန်မြင့်၊ ဇော်ဦး

ဇာတ်ပို့ဇာတ်ရံပေါင်းများစွာ

**လရောင်ဝေးဝေး**

မိခင်မေတ္တာသရုပ်ဖော် ရုပ်ရှင်ဇာတ်ကားကြီး

ရုံရှေ့မှပရိသတ်များက ချိတ်ထားသောပိုစတာကားချပ်ကြီးကို ကြည့်ရင်း တပေါးပေါးအော်နေကြသည်။



ပိုစတာထဲတွင် ဟိန်းရာဇာ ဂျူတီကုတ်ဝတ်၍ နားကြပ်ကို လည်တွင်ချိတ်ထားသော ဆရာဝန်ဟန်ဖြင့် ခန့်ညားသောပုံတစ်ပုံပါသည်။ မင်းသမီးသက်မွန်မြင့်နှင့်တွဲရိုက်ထားသောပုံတစ်ပုံပါသည်။ ဇာတ်ဝင်ခန်း များထဲမှ မို့မို့မြင့်အောင်နှင့်မေသဉ္ဇာဦးတို့ပုံများလည်း ပါဝင်၏။

''လရောင်ဝေးဝေး''ဇာတ်ကားတွင် ဒေါက်တာမင်းမြတ်မောင် မောင်အဖြစ် •ဟိန်းရာဇာ၊ မိုးအဖြစ် •သက်မွန်မြင့်၊ ဒေါ်တင်တင်ဦး အဖြစ် •မေသဉ္ဇာဦး၊ ကိုမင်းမောင်အဖြစ် •ရဲအောင်၊ ဦးဘလှ အဖြစ် -ဇော်ဦးတို့က ပါဝင်သရုပ်ဆောင်ကာ -မို့မို့မြင့်အောင်က ဒေါ်ပိုးဖုံခေါ်မေမေသီအဖြစ် ပြောင်မြောက်စွာသရုပ်ဆောင်ထားလေသည်။

''သိပ်ကောင်းတာပဲ၊ ဟိန်းရာဇာနာမည်ပိုပြီးတက်ဦးမှာ သေချာ ပါတယ် ဒေါ်ဟိန်းသူဇာ''

''ဒေါ်ဟိန်းသူဇာက ဇာတ်ရွေးတတ်တယ်နော်၊ သားသား ဟိန်းရာဇာ သရုပ်ဆောင်သိပ်ကောင်းတာပဲ၊ ပထမဆုံးရုပ်ရှင်ကားကြီး က ပွဲဦးထွက်လှသွားပြီပေါ့''

''တို့တွေ ငိုလိုက်ရတာကွယ်၊ မမို့ကလည်း ဒေါ်ပိုးဖုံနေရာက သရုပ်ဆောင်တာ သိပ်ကောင်းတာပဲနော်၊ ဟိန်းရာဇာလည်း နာမည်တက် ဦးမှာပါလေ''

''ဒီကားမှာ မင်းသမီးကြီးနဲ့မင်းသားနဲ့အကယ်ဒမီရကိုရမယ် လို့ တို့က တစ်ပေးလိုက်တယ်ဟေ့၊ စောင့်ကြည့်ပေတော့၊ ကွန်ဂရက် ကျူလေးရှင်း ဟိန်းသူဇာ''

''ဟိန်းရာဇာအတွက်တော့ အကယ်ဒမီရှော့တွေချည်းပဲ၊ ပထမ ဆုံးရုပ်ရှင်ကားနဲ့ ဟိန်းရာဇာ အကယ်ဒမီမင်းသားဖြစ်တော့မှာပါကွယ်''

ကြွရောက်လာသောညေ့်ပရိသတ်များထံမှ ချီးကျူးဂုဏ်ပြု စကားများဖြစ်ပါလေ၏။

ဂုဏ်ပြုစကားများကိုနားထောင်ကာ ဒေါ်ဟိန်းသူဇာမျက်နှာမှာ ပြုံးနေလေသည်။

''ဟိန်း– ဗီဒီယိုနှင့်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ''ပိုင်ရှင် ဒေါ် ဟိန်းသူဇာအား အင်တာဗျူးရန် မဂ္ဂဇင်းနှင့်ဂျာနယ်အသီးသီးမှ ဂျာနယ် လစ်များ၊ သတင်းထောက်များကလည်း မပြန်သေးပဲ စောင့်ဆိုင်းလျှက် ရှိကြလေသည်။

ညှော်ပရိသတ်များစဲသွားချိန်တွင် ရုံထဲမှ အမျိုးသမီးငယ်တစ်ဦး ထွက်လာလေသည်။ ထိုအမျိုးသမီးလေးကို ဒေါ်ဟိန်းသူဇာက ပြုံးရွှင် စွာ ကြိုဆိုလိုက်လေ၏။

“ဆရာမ •ဘယ်လိုလဲ၊ ကြေနပ်ရဲ့လား”

“ကြေနပ်ပါတယ်အန်တီ၊ သိပ်ကောင်းပါတယ်၊ သရုပ်ဆောင်တွေက သူ့နေရာနဲ့သူ အံဝင်နေတာပဲ၊ ကိုရာဇာလည်း သရုပ်ဆောင်သိပ်ကောင်းတာပဲအန်တီရယ်”

“ဆရာမရဲ့ဇာတ်ညွှန်းကောင်းလို့လည်း ဇာတ်ကားကောင်းတစ်ကားဖြစ်လာတာပါဆရာမရယ်၊ ဆရာမကိုကျေးဇူးတင်ပါတယ်”

ဒေါ်ဟိန်းသူဇာက ရပ်စောင့်နေသောသတင်းထောက်များကို လှမ်းခေါ်လိုက်ကာ အမျိုးသမီးလေးနှင့်မိတ်ဆက်ပေးလိုက်လေသည်။

“ဟောဒါက •လရောင်ဝေးဝေးဇာတ်ကားရဲ့ ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းကိုရေးတဲ့ စာရေးဆရာမလေး **လင်းလက်ကြယ်စင်**–ပါပဲ”

“အို •ဇာတ်ညွှန်း လင်းလက်ကြယ်စင်ဆိုတာလား၊ ဆရာမက ငယ်ငယ်လေးရှိသေးတာပဲ”

“လရောင်ဝေးဝေး–ဇာတ်က ဆရာမရဲ့စိတ်ကူးယဉ်လား၊ တကယ့်အဖြစ်အပျက်လား ဆရာမ”

“ဆရာမရဲ့ဇာတ်လမ်းတွေကို လုံးချင်းဝတ္ထုအနေနဲ့ရော ထုတ်ဝေဖူးပါသလားဆရာမ”

“ဆရာမရဲ့ဇာတ်လမ်းတွေကို ဗီဒီယိုရိုက်တာ ဘယ်နှကားရှိပြီ လဲ၊ သိပါရစေ”

“ဇာတ်ညွှန်းအနေနဲ့ တစ်ခါတည်းချရေးတာလား၊ ဝတ္ထုရေးပြီး မှ ဇာတ်ညွှန်းခွဲတာလား ဆရာမ”

“တခြားသူတွေရဲ့ဝတ္ထုကိုရော ဇာတ်ညွှန်းခွဲပါသလားဆရာမ”

လင်းလက်ကြယ်စင်ကိုမေးလိုက်သောမေးခွန်းများက စုံသွားလေတော့သည်။

လင်းလက်ကြယ်စင်က အပြုံးမပျက်ပင် တစ်ခုချင်းပြန်ဖြေ လေ၏။

“ကျွန်မဝတ္ထုမရေးပါဘူး၊ ဇာတ်ညွှန်းသက်သက်ပဲရေးပါတယ်၊ ကျွန်မရေးတဲ့ဇာတ်ညွှန်းတွေကိုလည်း “ဟိန်း”ကုမ္ပဏီတစ်ခုတည်းကိုပဲ ရောင်းဖူးပါတယ်၊ ပထမဆုံးရေးတဲ့ဇာတ်ညွှန်းကို အန်တီဟိန်းသူဇာကို ပြကြည့်တော့ အန်တီက ကြိုက်ပြီး ဗီဒီယိုကား ရိုက်ခဲ့တယ်လေ၊ ဒါနဲ့ နောက်ထပ် နှစ်ပုဒ်ရေးဖြစ်ပါတယ်၊ သုံးပုဒ်မှာ ဗီဒီယိုအနေနဲ့ နှစ်ပုဒ် ရိုက်ဖြစ်ပါတယ်၊ “လရောင်ဝေးဝေး”က ကျွန်မရဲ့ တတိယဇာတ်ညွှန်း ပါ၊ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ရတဲ့ ပထမဆုံးကားလည်းဖြစ်ပါ တယ်”

“ဟုတ်ပါတယ်ရှင် •ဆရာမလေးရေးတဲ့ဇာတ်လမ်းတွေ အကုန်လုံးက မိဘမေတ္တာဘွဲ့သရုပ်ဖော်ချည်းပါပဲ၊ သားသားကိုစင်တင်တဲ့နေရာမှ မိဘမေတ္တာဇာတ်ကားနဲ့တင်တော့ မင်းသားကြီး၊ မင်းသမီးကြီးတွေပံ့ပိုးမှုနဲ့ တင်လို့ရတာပေါ့၊ ဒါ့ကြောင့်လည်း ရိုက်ဖြစ်တာပါ၊ ဗီဒီယိုနှစ်ကားစလုံးလည်း အောင်မြင်ခဲ့ပါတယ်၊ “လရောင်ဝေးဝေး” ကိုတော့ ဇာတ်ကိုကြိုက်လွန်းလို့ ရုပ်ရှင်ကားကြီးအဖြစ် အသက်သွင်း လိုက်တာပါ”

ဒေါ်ဟိန်းသူဇာကပါ ဝင်ဖြေပေးလိုက်သည်။

ဒေါ်ဟိန်းသူဇာနှင့်လင်းလက်ကြယ်စင်တို့ စာနယ်ဇင်းသမားများနှင့်စကားပြောနေစဉ် အပြင်မှပရိသတ်များသည် ရုံထဲသို့တိုးဝင်လာကြလေ၏။

ပရက်စ်ရှိုးကြည့်ပြီးသောညှော်သည်တော်များပြန်အသွားတွင် ရုံထဲ၌လူရှင်းသွားသည်ကို အခွင့်ကောင်းယူကာ သံတံခါးကိုအတင်းဖွင့် ဝင်ပြီး ရုံထဲသို့ရောက်လာကြခြင်းပင်ဖြစ်တော့သည်။

မိန်းကလေးပရိသတ်များဖြစ်ပြီး သူတို့သည် ရုံထဲရောက်သည် နှင့် ဟိန်းရာဇာရှိရာသို့ပြေးသွားကြလေသည်။

“ဟိန်းရာဇာ •”

“ကိုဟိန်း •”

“ဟိန်း •”

“ဟိန်းလေး •”

“ရာဇာလေး •”

အခေါ်အဝေါ်များက မျိုးစုံသွားလေတော့သည်။

မိန်းကလေးများသည် သူတို့တွင်ပါလာသောစာအုပ်များကို ထိုးပေးကာ ဟိန်းရာဇာကို လက်မှတ်ထိုးခိုင်းကြသည်။ စာအုပ်မပါသူ များက လက်ကိုင်ပဝါများကိုဖြန့်ပေးကာ လက်ကိုင်ပဝါပေါ်တွင် လက်မှတ်ထိုးခိုင်းကြလေ၏။ ထိုသူတို့ထက်ပိုကဲသောမိန်းကလေးများကမူ သူတို့၏လက်မောင်းပေါ်၊ လက်ဖဝါးပေါ်တွင် ဟိန်းရာဇာကိုလက်မှတ်ထိုးခိုင်း

ကြလေသည်။

ဟိန်းရာဇာက အားပေးသူပရိသတ်များကို အပြုံးမပျက် တုံ့ပြန်လျှက်ရှိလေသည်။

ဒေါ်ဟိန်းသူဇာသည် သားဖြစ်သူ၏အောင်မြင်မှုကိုကြည့်ကာ ပီတိဖြစ်လျှက်ရှိသည်။ ဒေါ်ဟိန်းသူဇာမျက်နှာက သကာလောင်းထား သလိုချိုသာလျှက်ရှိသည်။

တကယ်တော့ •ဤမြင်ကွင်းများသည် သားအတွက် သူမ ကိုယ်တိုင်ဖန်းဆင်းထားသော ဘဝတစ်ခုဖြစ်ပါသည်။

သားသည် အနုပညာလောကတွင် လျှမ်းလျှမ်း တောက် အောင်မြင်ရမည်။

ဟိန်းရာဇာဆိုသည့်အမည်ကို လူတကာပါးစပ် ဖျားတွင် တဖွဖွ ပြောနေစေရမည်။

ဟိန်းရာဇာသည် မြန်မာနိုင်ငံရုပ်ရှင်လောက၏ ထိပ်တန်းမင်းသားတစ်လက်ဖြစ်လာစေရမည်။

ထိုသို့သောရည်ရွယ်ချက်များဖြင့် •ယခုလိုအဆင့်မျိုး ရောက်အောင် ဒေါ်ဟိန်းသူဇာကြိုးစားခဲ့ခြင်းဖြစ်သည်။

ယခု •သားဖြစ်သူဟိန်းရာဇာသည် သူမ ရောက်စေချင် သော အောင်မြင်မှုပန်းတိုင်၏ လှေကားတစ်ဝက်သို့ရောက်နေပြီဟု ဆိုနိုင် ပေသည်။

ဒေါ်ဟိန်းသူဇာက ကြေနပ်စွာပြုံးလိုက်သည်။ သူမအပြုံးက ဂုဏ်ယူမှုများဖြင့် ဝင့်ထည်နေသည်။ သားအတွက် ကြေနပ်အားရသော အမေတစ်ယောက်၏အပြုံး။

အောင်မြင်ရမည်။ အောင်မြင်စေရမည်။

ဟိန်းရာဇာဆိုတဲ့ငါ့သားဟာ ထိပ်ဆုံးရောက်အောင် အောင်မြင် စေရမည်။

''လရောင်ဝေးဝေး''ဇာတ်ကားဖြင့် ဟိန်းရာဇာအောင်မြင် ကျော်ကြားရုံမက •အကယ်ဒမီရွှေစင်ရုပ်ကိုပါ ရယူနိုင်စေရမည်။

အကယ်ဒမီဟိန်းရာဇာ •ပေါ့။

ဒေါ်ဟိန်းသူဇာ၏စိတ်ကူးအာရုံထဲ၌ အကယ်ဒမီရွှေစင်ရုပ်ကို ပိုက်ထားသော ဟိန်းရာဇာပုံကို မြင်ယောင်နေလေသည်။

♛♛♛♛♛♛♛♛♛♛



# အပိုင်း – ၃

## ( ၁ )

## ဟိန်းရာဇာရုပ်တူပြိုင်ပွဲ

ဗနိုင်းစဆိုင်းဘုတ်ကြီးက ဟိုတယ်ခန်းမထိပ် စင်မြင့်ပေါ်တွင် အပြည့်နေရာယူထားသည်။

စင်မြင့်ပေါ်တွင် ဟိန်းရာဇာ၏ အမူအရာအမျိုးမျိုးဖြင့်ရိုက် ထားသော ဓာတ်ပုံများကို ဗနိုင်းစများပေါ်တွင်ရိုက်နှိပ်ကာ မျက်စိပသာဒ ဖြစ်အောင် ထောင်၍တစ်မျိုး၊ ချိတ်ဆွဲ၍တစ်မျိုး အလှဆင်ထားပေ၏။

စင်မြင့်ပေါ်တွင်တော့ ပြိုင်ပွဲဝင်သူလူငယ်လေးများ တစ်ယောက် ပြီးတစ်ယောက်တက်ကာ ကိုယ်ဟန်ပြလျှက်ရှိသည်။

တချို့က ဟိန်းရာဇာပါဝင်သောဗီဒီယိုဇာတ်ကားအချို့မှ ဇာတ် ဝင်ခန်းအတိုင်းသရုပ်ဆောင်ကာ ပြိုင်ပွဲဝင်ကြသည်။ တချို့ကတော့ သာမန်အတိုင်း မော်ဒယ်လမ်းလျှောက်ဟန်ဖြင့် ကိုယ်ဟန်ပြကာ ပြိုင်ပွဲ ဝင်သည်။

ပြိုင်ပွဲဝင်လူငယ်တစ်ဦးတက်လာတိုင်း ဟာသပညာရှင်တစ် ယောက်က ရယ်စရာဟာသစကားများကို လိုက်ဖက်ညီအောင်ပြောပေး နေသည့်အတွက် ပွဲမှာ ရယ်မောသံများဖြင့် စိုစိုပြေပြေရှိနေလေသည်။

ပြိုင်ပွဲဝင်သူများမှာ တချို့က ဟိန်းရာဇာနှင့်တော်တော်ပင် ဆင်တူကြပေသည်။ တချို့ကတော့ ခပ်ဆင်ဆင်လောက်သာတူကာ မတူ တူအောင် မိတ်ကပ်များလိမ်းချယ်ထားကြ၏။ လုံးဝပင်မတူသောသူများ လည်း ပြိုင်ပွဲအတွင်း ပါလာသည်ကိုတွေ့ရပေသည်။ ရုပ်ရည်မတူရုံမက အရပ်အမောင်း၊ အသားအရည်ပါ တခြားစီဖြစ်နေသည်။ ကြည့်ရသည် မှာ ထိုသူများသည် အပျော်သဘောဖြင့် ဝင်ပါကြခြင်းဖြစ်ပုံရပေသည်။

မည်သို့ပင်ဆိုစေ ဟိန်းရာဇာရုပ်တူပြိုင်ပွဲဟုခေါင်းစဉ်တပ်ထား သောပြိုင်ပွဲကို လာရောက်အားပေးကြသူများမှ ကျေးဇူးတင်ရပေမည်။

ပြိုင်ပွဲဝင်သူများကို မင်းသားဟိန်းရာဇာကိုယ်တိုင် စင်အောက် မှထိုင်ကာ အမှတ်ပေးနေပါ၏။ ဒိုင်များမှာ •ဟိန်းရာဇာ၊ ဒါရိုက်တာ နေမာနနှင့် မိတ်ကပ်ပညာရှင်မိန်းမလျာတစ်ဦးတို့ဖြစ်ကြသည်။

ဤပွဲသို့ ဟိန်းရာဇာမိခင် ဒေါ်ဟိန်းသူဇာလိုက်မလာပါ။

ပြိုင်ပွဲဝင်များကို အကဲဖြတ်အမှတ်ပေးနေဆဲတွင် ဟိန်းရာဇာ၏ဒရိုင်ဘာဖြစ်သူ **ကိုသိန်းသန်း** အနားသို့ရောက်လာလေသည်။

ကိုသိန်းသန်းက ကိုယ်ကိုကိုင်းကာ ဟိန်းရာဇာနားရွက်နားသို့ ကပ်၍ တီးတိုးပြောလိုက်သည်။

''အပြင်မှာဧည့်သည်တစ်ယောက်ရောက်နေတယ်၊ ကိုဟိန်းကို တွေ့ချင်လို့တဲ့''

''ကိုသိန်းသန်းကလည်းဗျာ၊ ဒီမှာအလုပ်လုပ်နေတာကို စောင့်ခိုင်းထားလိုက်ပေါ့''

''မရဘူးကိုဟိန်းရေ ..ဘယ်လိုမှပြောလို့မရဘူး၊ သိပ်အရေးကြီးတယ်၊ သေရေးရှင်ရေးတဲ့၊ အခုချက်ချင်းခေါ်ပေးပါဆိုလို့ ကျွန်တော့်မှာ လာခေါ်ရတာ''

''ဟင် ..''

ဟိန်းရာဇာမျက်မှောင်တွန့်သွားသည်။

''ဘယ်သူတဲ့လဲကိုသိန်းသန်း''

''အဲဒါလည်း မပြောဘူး၊ သူက ကိုဟိန်းကိုချည်း အတင်းခေါ်ခိုင်းနေတာ၊ ချက်ချင်းခေါ်ပေးပါ အရေးကြီးတယ်ချည်းလုပ်နေလို့''

''သူ့ကို ကိုသိန်းသန်း အရင်က မမြင်ဖူးဘူးလား''

''သူက Maskနှာခေါင်းစည်း တပ်ထားတာကွ''

ဟိန်းရာဇာက သက်ပြင်းချလိုက်သည်။

''ကျွန်တော်မသိမသာထွက်ခဲ့မယ်ဗျာ၊ မိတ်ကပ်လိမ်းတဲ့အခန်းထဲပို့ထားလိုက်၊ ကျွန်တော်လာခဲ့မယ်''

''ဟုတ်ကဲ့''

ကိုသိန်းသန်းထွက်သွားသည်။

အလုပ်လုပ်နေတဲ့အချိန်မှာ အတင်းခေါ်တွေ့တာ ဘယ်လိုဧည့်သည်မျိုးပါလိမ့်။ သေရေးရှင်ရေးဆိုတာကော ဘယ်လောက်အရေးကြီးတဲ့ကိစ္စပါလိမ့်။

ဟိန်းရာဇာက ပြိုင်ပွဲဝင်တစ်ဦးပြီး၍ နောက်တစ်ဦးကိုဖိတ်ခေါ်နေစဉ်တွင် အပေါ့အပါးသွားသလိုနှင့် မသိမသာလစ်ထွက်ခဲ့လေသည်။

\+ + + + +

မိတ်ကပ်လိမ်းရန်သတ်မှတ်ပေးထားသောအခန်းထဲရောက်တော့ အခန်းထဲမှာ ဘယ်သူမှရှိမနေ။ ဟိန်းရာဇာက အခန်းထဲကို ဝေ့ကြည့်လိုက်သေးသည်။ မစောင့်နိုင်လို့ပြန်သွားပြီထင်ပါရဲ့။

ဘယ်သူ့မှမမြင်၍ လှည့်ပြန်မည်အပြု။

''ဟိန်းရာဇာ ..ငါဒီမှာရှိပါတယ်''

ခန်းဆီးနောက်ကွယ်မှအသံထွက်လာကာ ခန်းဆီးကိုဖယ်၍ လူတစ်ယောက်ထွက်လာသည်ကို မြင်လိုက်ရသည်။

သူသည် Maskနှာခေါင်းစည်းကိုတပ်ထား၏။ လူတုပ်ကွေးရောဂါခေတ်စားနေချိန်တွင် Maskနှာခေါင်းစည်းတပ်သူများရှိ၍ မဆန်း ပါ။ သူကတော့ နှာခေါင်းစည်းတပ်ထားရုံမက နေကာမျက်မှန်ကြီးကိုပါတပ်ထားလေသည်။

သူ့မျက်နှာတစ်ခုလုံး အပိတ်အဖုံးများနှင့်ပြည့်နေလေ၏။

သူက အခန်းအလည်သို့လျှောက်လာလိုက်သည်။

''ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုတာ ခင်ဗျားလား၊ ဘာကိစ္စရှိလို့ပါလိမ့်''

ဟိန်းရာဇာက မေးလိုက်သည်။

သူက ဘာမှပြန်မဖြေ။

နေကာမျက်မှန်ကို ချွတ်ကာ စားပွဲပေါ်တင်လိုက်သည်။

မျက်လုံးပေါ်လာချိန်တွင် ဒီလူကိုမြင်ဖူးသလိုလိုရှိပါတယ်ဟု ထင်လိုက်မိသေး၏။

သူက Maskနှာခေါင်းစည်းကို တဖြည်းဖြည်းချင်းချွတ်လိုက်လေသည်။

ချွတ်အပြီးတွင် Maskနှာခေါင်းစည်းကို စားပွဲပေါ်ပစ်တင်လိုက်ပြန်၏။

သူ့မျက်နှာတစ်ခုလုံးပေါ်သွားချိန်တွင် . ဟိန်းရာဇာသည် အလန့်တကြားဖြင့် နောက်သို့တစ်လှမ်းဆုတ်လိုက်မိလေ၏။

''ခင်ဗျား . ခင်ဗျား''

''အံ့သြသွားသလားဟိန်းရာဇာ''

''အံ့သြတာပေါ့ဗျာ၊ ခင်ဗျားတော်တော်နောက်တဲ့လူပဲ''

''ငါ မင်းကိုနောက်ဖို့လာတာမဟုတ်ပါဘူး ဟိန်းရာဇာ''

''ခင်ဗျားဗျာ • ကျွန်တော့်ကို ဘာလို့တစ်ယောက်တည်း ခေါ်ပြနေသေးလဲ၊ စင်ပေါ်တက်ပြီး တစ်ခါတည်းပြိုင်ပွဲဝင်ပါလား''

''ဟား .ဟား .ဟား .ဟား .''

ထိုလူက သဘောကျစွာရယ်လိုက်သည်။

ဟိန်းရာဇာရုတ်တရက်လန့်သွားရခြင်းမှာ ထိုသူ မျက်မှန်နှင့် Maskနှာခေါင်းစည်းကိုချွတ်လိုက်ချိန်တွင် ပေါ်လာသော သူ့မျက်နှာကြောင့်ပင်ဖြစ်ပါသည်။

ထိုသူ၏မျက်နှာမှာ • ဟိန်းရာဇာနှင့်ချွတ်စွပ်တူနေပါ၏။ မျှော်လင့်မထားသောကြောင့် ရုတ်တရက် အံ့လည်းအံ့သြ .လန့်လည်း လန့်သွားကာ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်မိခြင်းဖြစ်သည်။

ဟိန်းရာဇာက သူ့ကို အသေအချာပြန်ကြည့်သည့်အခါ သူသည် မိမိနှင့်ထပ်တူနီးပါးမျှပင်တူညီသောလူတစ်ယောက်ဖြစ်နေတာကို အံ့သြ ဖွယ်တွေ့လိုက်ရလေ၏။

ထို့ကြောင့် .''စင်ပေါ်တက်ပြီး တစ်ခါတည်းပြိုင်ပွဲဝင်ပါ'' ဟု ပြောလိုက်မိခြင်းဖြစ်ပါသည်။

''ငါက မင်းနဲ့ရုပ်တူပြိုင်ပွဲဝင်ဖို့လာတာမဟုတ်ပါဘူးကွာ''

သူပြောလိုက်သောစကားသံကလည်း မိမိအသံနှင့်ထပ်တူပါ ကလား။ လေယူလေသိမ်းကအစ တူညီနေပါသည်။

''ဒါဖြင့် .ဘာလာလုပ်တာလဲ''

သူ့လုပ်ရပ်က အလုပ်ပျက်အောင်နှောက်ယှက်သလိုဖြစ်နေ၍ ဟိန်းရာဇာက ခပ်ဆတ်ဆတ်ပြန်မေးလိုက်သည်။

**''ဒီလောကကြီးမှာ ငါရှိနေတယ်ဆိုတာ မင်းသိအောင် လာပြတာပါ''**

''ဘာ– လာပြတာ၊ ခင်ဗျားဘာသဘောလဲဗျ၊ ရုပ်တူပြိုင်ပွဲ လုပ်တဲ့နေရာအထိရောက်လာပြီး ပြိုင်ပွဲတော့မဝင်ပဲနဲ့၊ ပြိုင်ပွဲဝင်တဲ့ လူတွေတောင် ခင်ဗျားလောက်မတူဘူးဗျာ၊ ခင်ဗျား .ကျွန်တော်နဲ့ တော်တော်တူတယ်နော်''

ဟိန်းရာဇာသည် ထိုလူကိုကြည့်ပြီး စိတ်လှုပ်ရှားနေမိသည်။ အစပိုင်းမှာ အနှောက်အယှက်ပေးခံရ၍ စိတ်တိုသလိုဖြစ်မိသော်လည်း မိမိနှင့်ထပ်တူနီးပါးတူသည့်လူတစ်ယောက်ကို ခင်မင်စိတ်လည်း ဖြစ်နေ မိသည်။

''ခင်ဗျားနာမည်ဘယ်သူလဲဟင်''

''**အာကာ**''

''အာကာ၊ အမယ် •နာမည်ချင်းတောင် ခပ်ဆင်ဆင် တူသေးတယ်နော်''

''ဒါပေမယ့် .ငါ့နာမည်ရှေ့မှာ **ဟိန်း**–မပါပါဘူး''

''**ဟိန်း**–ဆိုတာ ကျွန်တော်တို့မျိုးရိုးနာမည်ပါ၊ ကျွန်တော့်အဘိုး က ဦးဟိန်းစံတဲ့၊ ကျွန်တော့်အမေက ဟိန်းသူဇာတဲ့''

''သြော် .ဟုတ်လား၊ ငါ့ကိုတော့ အဖေက **ဟိန်း**–ထည့် ပြီး မှည့်မပေးခဲ့ဘူးကွ''

''ဘာဆိုင်လို့လဲ''

''ဆိုင်ပါတယ်ကွာ၊ မင်းနဲ့ငါနဲ့ ဆိုင်ပါတယ်၊ ဟဲဟဲ .''

''အသံရော၊ ရုပ်ရော၊ အမူအရာရော တူတာဗျာ၊ ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲဟင် .ကိုအာကာ''

''ငါ့အသက်လား .လာမယ့် စက်တင်ဘာလ(၁၃)ရက်နေ့ ဆိုရင် ၂၁နှစ်ပြည့်ပြီ''

''ဘာ– ဘာ– စက်တင်ဘာ၁၃၊ ဟုတ်လား၊ အဲဒါ ကျွန်တော့် မွေးနေ့ပဲ''

''ဟုတ်တယ်လေ .မင်းနဲ့ငါနဲ့က မွေးနေ့ချင်းအတူတူပဲ ဟာကို၊ ၁၉၈၉ခုနှစ် စက်တင်ဘာလ(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့မှာ မွေးခဲ့ကြ တာလေ''

''ဟင် .မွေးတဲ့နှစ်ရော၊ လ,ရော၊ မွေးနေ့ချင်းပါ တူနေတာ ပါလား၊ အံ့သြစရာပဲနော်''

**''ဘာမှအံ့သြစရာမရှိပါဘူး ဟိန်းရာဇာ၊ မင်းနဲ့ငါနဲ့က-တစ်ဖအေတည်း၊ တစ်မအေ တည်းက - တစ်နေ့တည်း တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း မွေးခဲ့တဲ့ အမွှာညီအစ်ကိုတွေပဲ၊ ဒါတွေအားလုံး တူနေတာ အံ့သြစရာလားကွာ''**

''ဘာဗျ– ဘာ– ဘာပြောတယ်''

ဟိန်းရာဇာတုန်လှုပ်နေသော်လည်း အာကာဆိုသူက ခပ်အေး အေးပင် စားပွဲပေါ်မှနေကာမျက်မှန်ကိုကောက်တပ်လိုက်သည်။

ပြီးတော့ Maskနှာခေါင်းစည်းကိုပါ ပြန်တပ်လိုက်၏။

ထို့နောက် •အာကာသည် အခန်းပေါက်ဝသို့ လျှောက် သွားကာ အခန်းထဲမှထွက်ခွာသွားလေတော့သည်။

"ဟေ့လူ •နေဦး •နေဦး •ကိုအာကာ"

ကြက်သေသေလျှက်ကျန်ခဲ့သူ ဟိန်းရာဇာက သတိဝင်လာကာ အာကာ့နောက်သို့ပြေးလိုက်ခဲ့သည်။

အခန်းအပြင်အရောက်တွင် အာကာ့ကို မတွေ့ရပါလေတော့။ ဘယ်သူ့ကိုမှ မမြင်ရပါတော့ချေ။

"သူ •သူဘယ်သူလဲ သူဟာ ငါနဲ့ ဘာလို့ဒါလောက်တူနေ ရတာလဲ၊ သူ •သူပြောသလို ငါနဲ့သူနဲ့ဟာ အမွှာညီအစ်ကိုတွေလား၊ ဘုရား •ဘုရား •မယုံကြည်စရာပါလား၊ ဘာတွေဖြစ်ကုန်ပြီလဲ"

♛♛♛♛♛

( ၂ )

အာကာနှင့်တွေ့ဆုံပြီးကတည်းက ဟိန်းရာဇာသည် ရုပ်တူ ပြိုင်ပွဲတွင် အာရုံစူးစိုက်လို့မရတော့ပေ။ အားလုံးအယောင်ယောင်အမှား မှားဖြစ်နေ၏။

ပထမဆုကို ဘယ်သူရလို့ ရလိုက်မှန်းပင်မမှတ်မိ။ ဆုရသူ များကို အစီအစဉ်ကြေငြာသူကခေါ်ပေးသည့်အတိုင်း စင်ပေါ်တက်၍ ဆုပေးလိုက်ရသည်။

အပြန်လမ်းတွင် အာကာပြောသွားသောစကားများကိုကြား ယောင်ကာ စိတ်ထွေပြားနေမိလေ၏။

"ဒီလောကကြီးမှာ •ငါရှိနေတယ်ဆိုတာ မင်းသိအောင် လာပြတာပါ"

"ဘာမှအံ့ဩစရာမရှိပါဘူး ဟိန်းရာဇာ၊ မင်းနဲ့ ငါနဲ့က •တစ်ဖအေတည်း၊ တစ်မအေတည်းက တစ်နေ့တည်း တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း မွေးခဲ့တဲ့ အမွှာညီအစ်ကိုတွေပဲ၊ ဒါတွေအားလုံး တူနေတာ အံ့ဩစရာလားကွာ"

"ဟုတ်တယ်လေ •မင်းနဲ့ငါနဲ့က မွေးနေ့ ချင်း အတူတူပဲဟာကို၊ ၁၉၈၉ခုနှစ် စက်တင်ဘာ လ(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့မှာ မွေးခဲ့ကြတာလေ"

သူပြောသွားတာတွေဟာ အမှန်တကယ်လား။ သူနဲ့ငါနဲ့ ဘာလို့ ဒါလောက်တူနေရတာလဲ။ သူ့မွေးနေ့နဲ့ငါ့မွေးနေ့နဲ့ကလည်း တူနေတယ်။ သူနဲ့ငါနဲ့ အမွှာညီအစ်ကိုတဲ့။ ဒါ •ဖြစ်နိုင်သလား။ မဖြစ်နိုင်ပါဘူးလေ။ မေမေကလည်း ငါ့ကို တစ်ခါမှမပြောဖူးဘူး၊ ငါ့အဖေ **ဦးဥက္ကာ**ကလည်း နိုင်ငံခြားမှာ သေသွားခဲ့ပြီလေ။

မေမေဟာ ငါ့ကိုမွေးစားထားတာများလား။ အို •မဖြစ်နိုင် ပါဘူး၊ ငါ့စိတ်ကူးက ရူပ်ရှင်ဆန်လွန်းတယ်၊ ပြီးတော့ •မေမေနဲ့ငါနဲ့ က ရုပ်ချင်းဆင်နေတာပဲ၊ ဘယ်နည်းနဲ့မှ •မွေးစားသားမဖြစ်နိုင်ဘူး၊ ဒါဖြင့် •အမွှာညီအစ်ကိုနှစ်ယောက်အနေနဲ့မွေးပြီးမှ အာကာ့ကို တခြားလူ ပေးပစ်လိုက်တာမျိုးကော •ဖြစ်နိုင်သလား။ ဒါလည်းမဖြစ် နိုင်ပါဘူးလေ၊ မေမေက ဒါမျိုးဘယ်လုပ်လိမ့်မလဲ၊ ကိုယ်မွေးတဲ့ကလေးကို စွန့်ပစ်ရအောင်လည်း မေမေတို့က မကျွေးနိုင်မမွေးနိုင်တဲ့သူတွေ မဟုတ် ဘူး၊ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝလာတဲ့ "ဟိန်း–မျိုးဆက်"တွေပဲလေ။

တွေးရင်း •ဟိန်းရာဇာရင်မှာ ရှုပ်ထွေးပွေလီလာသည်။

"ကိုသိန်းသန်း"

"ဗျာ–"

"ကျွန်တော့်ကိုလာတွေ့တဲ့လူရဲ့မျက်နှာကို ခင်ဗျားမြင်လိုက်ရ လားဟင်"

"ဟိုလူလား •သူက နှာခေါင်းစည်းတပ်ထားတာပဲ၊ သူ့ရုပ် ကို မမြင်လိုက်ရပါဘူးကိုဟိန်း၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူးဗျာ"

အိမ်ရောက်မှပဲ မေမေ့ကိုမေးကြည့်ရပါတော့မည်။

\+ + + + +

အိမ်ရောက်တော့ သူ့အတွက် ရှေ့ဆက်လုပ်ရမည့်အလုပ်များ ကို တက်ကြွစွာစီစဉ်ရင်းက သူ့ပြန်အလာကို ပြုံးရွှင်စွာဆီးကြိုလိုက်သော မေမေ့ကိုကြည့်ကာ "အာကာ့ကိစ္စ"ကို ပြောမထွက်နိုင်အောင်ဖြစ်သွား ရလေသည်။

အေးအေးဆေးဆေးမှပဲ ပြောပါတော့မယ်လေ။

"သားရေ •ပြန်လာပြီလား၊ ပြိုင်ပွဲက ဘယ်လိုနေသလဲ၊

ပြိုင်တဲ့ကလေးတွေက သားနဲ့တော်တော်ပဲရုပ်ချင်းတူသလား သား''

''ဟာ ‌ • တူသလားမမေးနဲ့အန်တီသူဇာ၊ ပထမရသွားတဲ့ ကောင်လေးဆိုရင် တူလွန်းလို့ ကိုဟိန်းကိုယ်တိုင်အနားမှာမရှိရင် သူ့ကို ကိုဟိန်းလို့မှားခေါ်မိမှာ''

ကိုသိန်းသန်းက ပြိုင်ပွဲအကြောင်းကို အားရပါးရပြောပြနေ သည်။

''အေးပေါ့လေ • ဒီခေတ်ကလေးတွေက အတုခိုးတတ်ကြ တာကိုး။ ရုပ်ချင်းဆင်တဲ့လူက အမူအရာရော၊ အပြောအဆိုရော အတု ခိုးပြီးလုပ်လိုက်တော့ တကယ်တူတယ်ထင်သွားရတာပေါ့။ သားရေ • မေမေ သားကိုပြစရာရှိတယ်၊ လာ–''

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကို စာကြည့်ခန်းထဲဆွဲခေါ်သွား လေသည်။

စာကြည့်ခန်းထဲအရောက်တွင် ကြမ်းပြင်ပေါ်မှာပုံထားသော ပုဆိုးများနှင့် တိုက်ပုံအင်္ကျီများကို တွေ့လိုက်ရလေသည်။ ပုဆိုးတွေက လည်း အဆင်စုံအမျိုးစုံ၊ အဖိုးတန်ပိုးပုဆိုးများချည်းဖြစ်သည်။ တိုက်ပုံ အင်္ကျီတွေကလည်း အရောင်စုံအသွေးစုံ အကောင်းစားများချည်း။

''ဟင် • မေမေ • အဝတ်အစားတွေ များလှချည်လား''

''အဲဒါ • ကုမ္ပဏီက သားအတွက် ဆပ္ပန်ဆာပေးသွားတာ တွေလေ၊ နေ့လည်က လာပေးသွားတာ''

''ဆပ္ပန်ဆာ • ဘာအတွက် ဆပ္ပန်ဆာလဲ မေမေ''

''အို • သားကလည်းကွယ်၊ မေ့တတ်လိုက်တာ၊ အကယ်ဒမီ ဆုပေးပွဲက နီးလာပြီလေ၊ အကယ်ဒမီဆုပေးပွဲမှာ သားဝတ်ဖို့ပေါ့''

ဟိန်းရာဇာလို နာမည်ကျော်ထိပ်တန်းမင်းသားတစ်ယောက် အတွက် အဝတ်အစားမရှားပါ။ အဝတ်အစားကို ဝယ်ဝတ်ရတယ်လို့ မရှိ။ ကုမ္ပဏီတစ်ခုက သူတို့ထုတ်လုပ်တဲ့အဝတ်အစားကို ကြော်ငြာလို လျှင် မင်းသားမင်းသမီးငှားရသည်။ ကြော်ငြာရိုက်ရသည်။ ရုပ်သေဓာတ်ပုံ ရော • ရုပ်ရှင်ဗီဒီယိုရော ရိုက်ရသည်။ ထိုကြော်ငြာများမှာဝတ်ဖို့ အဝတ်အစားများကို မင်းသားမင်းသမီးများအတွက် စပွန်ဆာပေးသည် မှာ ထုံးစံ။ ကုမ္ပဏီများကလည်း ပွဲလမ်းသဘင်များရှိလျှင် သူ့အဝတ် အစားဝတ်ပါ၊ ကိုယ့်အဝတ်အစားဝတ်ပါနှင့် • အလုအယက် ပံ့ပိုး တတ်ကြပါသည်။ သူတို့အတွက် နာမည်ကျော်မင်းသားက သူတို့ အဝတ် အစားဝတ်လျှင် ကြော်ငြာပြီးသားဖြစ်သွားသည် မဟုတ်ပါလား။ မင်းသား မင်းသမီးများတက်ရောက်သောပွဲတိုင်းကလည်း ဂျာနယ်မဂ္ဂဇင်းများတွင် ပါလာတတ်သည်မို့ ကြော်ငြာတစ်မျိုးပင်ဖြစ်လေသည်။

''အကယ်ဒမီဆုပေးပွဲမှာ ဝတ်ဖို့၊ ဟုတ်လား''

''ဟုတ်တယ်လေ သား၊ သားက ဒီနှစ်ဆုပေးပွဲမှာ ဆုရဖို့ ကျိန်းသေသလောက်ဖြစ်နေတော့ ခုကတည်းက လာပို့ပေးကြတာပေါ့ ကွယ်၊ ဒါတောင် • တခြားကုမ္ပဏီတစ်ခုက သူတို့အဝတ်အစားတွေ ပို့ပေးပါရစေပြောတာ၊ မေမေက ရပြီးပြီလို့ ငြင်းလိုက်ရတယ်သားရဲ့''

''ဒါလောက်များတဲ့ဟာတွေထဲက ဘယ်လိုရွေးရမှာလဲမေမေ ရယ်၊ အားလုံးက အဆင်ကောင်းတွေချည်းပဲနော်''

ဟိန်းရာဇာက ပုဆိုးများကိုကိုင်ကြည့်ရင်း ပြောလိုက်သည်။

''အပြာရောင်လေးက လှတယ်နော်မေမေ၊ ရောင်ပြေးလေး၊ မိုးပြာရောင်လေး''

''သား • ဒီနှစ်ထဲမှာ သားကို ကြာသပတေးနံနဲ့မတည့်ဘူး လို့ ဗေဒင်က ဟောထားတယ်လေ၊ အပြာရောင်ဝတ်လို့ ဘယ်ဖြစ်မလဲ''

''ဟုတ်လား • ဒါဆို မေမေပဲရွေးပါတော့၊ အဝါရောင် ဆိုရင်ကောမေမေ''

''သားကအသားဖြူတော့ ဘာဝတ်ဝတ်လိုက်ပါတယ်၊ အို • နေပါဦးလေ၊ ဘာပဲလုပ်လုပ် ဗေဒင်မေးလုပ်တာကောင်းတယ်၊ အကယ် ဒမီဆုပေးပွဲမှာ ဘာရောင်ဝတ်ရမယ်ဆိုတာ မေမေမနက်ဖန်ဗေဒင်သွား မေးလိုက်ဦးမယ် သား''

''မေမေကလည်းဗျာ •''

ဟိန်းရာဇာက အရယ်တစ်ဝက်ဖြင့်ပြောလိုက်သည်။ သားအ တွက်ဆိုလျှင် ဒေါ်ဟိန်းသူဇာအကဲပိုနေကျမို့ ဘာလေးလုပ်လုပ် ဗေဒင် မေးပြီးမှလုပ်တာ မဆန်းတော့ပါပေ။

''အကယ်ဒမီဆုပေးပွဲတက်မှာ သိပ်အရေးကြီးတယ်သား၊ ကိုယ့်အတွက် လာဘ်တိတ်တဲ့အရောင် မရွေးမိဖို့အရေးကြီးတယ်၊ ဒီနှစ် မှာ သားက အကယ်ဒမီရဖို့သေချာနေတယ်လေ''

''မေမေကလည်းဗျာ • အကယ်ဒမီရမယ် ရမယ်နဲ့၊ ခဏခဏ ပြောမနေပါနဲ့၊ သေချာတဲ့ကိစ္စမျိုးလည်းမဟုတ်ဘူး၊ မရရင်ရှက်စရာကြီး''

"အို ◦ဘာလို့မရရမှာလဲ၊ "လရောင်ဝေးဝေး"ကားထဲမှာ သား သိပ်သရုပ်ဆောင်ကောင်းတာ၊ ရကိုရရမယ်ဟော့၊ သားလည်းရမယ်၊ မမို့လည်း ရလိမ့်မယ်လို့ မေမေပြောရဲတယ်"

ဟိန်းရာဇာက မိခင်ဖြစ်သူကို ပြုံး၍သာကြည့်နေလိုက်ပါတော့ သည်။

ဒေါ်ဟိန်းသူဇာပြောစကားများမှာ အကဲပိုလွန်းသည်မှန်သော် လည်း မိခင်တစ်ယောက်၏စေတနာမေတ္တာကတော့ ထင်ရှားပေါ်လွင် နေပါသည်။

ထိုစဉ် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းနှိပ်သံကို ကြားလိုက် ရသည်။ အိမ်ဖော်မသောင်းက အိမ်ရှေ့ကိုပြေးသွား၏။

ခဏနေတော့ မသောင်း လာပြောသည်။

"ဇာတ်လမ်းရေးတဲ့စာရေးဆရာမလေးရောက်နေပါတယ် မမ"

"ဩော် ◦လင်းလက်ကြယ်စင်လား၊ ညှော်ခန်းမှာ ခဏ ထိုင်ခိုင်းလိုက်ပါကွယ်၊ အအေးဖျော်ယူခဲ့၊ မမအခုလာခဲ့မယ်လို့"

မသောင်းကိုပြန်ပြောရင်း ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကိုပါ ညှော်ခန်းထဲလိုက်ခဲ့ရန် ခေါ်လိုက်လေသည်။

"လာ– သား ◦ ဆရာမလင်းလက်ကြယ်စင်နဲ့ လိုက်တွေ့ လိုက်ဦး၊ ကြည့်ရတာ သားအတွက် ဇာတ်လမ်းအသစ်တစ်ပုဒ်လာပို့တာ ပဲဖြစ်ရမယ်"

\+ \+ \+ \+ \+

"ဟော ◦ဆရာမ၊ ဇာတ်ညွှန်းအသစ်တစ်ပုဒ် ပြီးသွားပြန် ပြီထင်တယ်"

"ဟုတ်ပါတယ်အန်တီ၊ ကိုဟိန်းရာဇာနဲ့လိုက်တဲ့ဇာတ်လမ်းလေး မို့လို့ အန်တီ့ကို အရင်လာပြတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဆရာမဇာတ်လမ်းဆို ကောင်းမှာပါ"

လင်းလက်ကြယ်စင်က ထိုင်ရာမှထ၍ အသင့်ပါလာသော ဇာတ်ညွှန်းကို ဒေါ်ဟိန်းသူဇာလက်ထဲသို့ အပ်လိုက်သည်။ ကွန်ပြူတာ ဖြင့်စာစီပြီး အသင့်ချုပ်လုပ်ပြီးသော အသေးစိတ်ရေးသားထားသည့် ဇာတ်ညွှန်းဖြစ်ပါသည်။ လင်းလက်ကြယ်စင်သည် သူမ၏ဇာတ်ညွှန်းများ ကို ဤသို့ပင် အသင့်ပြုလုပ်၍ အပ်မြဲဖြစ်ပါသည်။

ဒေါ်ဟိန်းသူဇာက မျက်နှာဖုံးမှ ဇာတ်လမ်းအမည်ကို ဖတ် ကြည့်လိုက်၏။



"**နေကိုကျောခိုင်းထားတဲ့လ**–တဲ့၊ အို ◦နာမည်လေးက ဆန်းလိုက်တာ၊ ဘယ်လိုဇာတ်လမ်းမျိုးလဲဆရာမ"

"အိမ်ထောင်ရေးဇာတ်လမ်းလေးပါအန်တီ၊ အချစ်နဲ့အိမ်ထောင် ရေးသရုပ်ဖော် ဒရာမာဇာတ်ပါ"

"ဆရာမဇာတ်ဆို ကောင်းမှာပါလေ၊ ဆရာမပေးတဲ့ဇာတ်လမ်း တွေ အားလုံးရိုက်ဖြစ်နေတာပဲ၊ ဒီဇာတ်လမ်းလေးလည်း သိပ်ကောင်း ရင် ရုပ်ရှင်ကားကြီးရိုက်မယ်ဆရာမ၊ အနိမ့်ဆုံး ဒီဗီဒီကားတော့ ဖြစ်လာ မှာပါ"

"ဟုတ်ကဲ့အန်တီ၊ ကျေးဇူးတင်ပါတယ်"

"ဒီည အန်တီဖတ်လိုက်မယ်နော်၊ အကျိုးအကြောင်းကို မနက်ဖန် ဆရာမဆီဖုန်းဆက်ပြောပါ့မယ်၊ ဩော် ◦ဒါနဲ့၊ အကယ်ဒမီ ဆုပေးပွဲတောင် နီးလာပြီ၊ ဆရာမ ဆုပေးပွဲတက်မှာမဟုတ်လား"

"ဖိတ်ရင်တော့ တက်ဖြစ်မယ်ထင်ပါတယ်အန်တီ"

"ဆရာမကိုဖိတ်မှာပါ၊ ရုပ်ရှင်ကားကြီးမှာ ဇာတ်ညွှန်းရေးထား တာပဲ၊ ပြီးတော့◦ဆရာမဇာတ်ညွှန်းကို အကဲဖြတ်အဖွဲ့ကို တင်ထား တယ်လေ၊ ဆရာမလည်း ဇာတ်ညွှန်းအကယ်ဒမီဆု ရချင်ရနေမှာ၊ ပွဲ တက်ဖို့အဝတ်အစားတွေ ပြင်ဆင်ထားဦးနော်"

လင်းလက်ကြယ်စင်က ရယ်လိုက်သည်။

"အကယ်ဒမီဆုအထိတော့ မမျှော်လင့်ရဲသေးပါဘူးအန်တီ ရယ်"

"မပြောနိုင်ဘူးနော်၊ အန်တီကတော့ ဆရာမရေးတဲ့ "လရောင် ဝေးဝေး"ကားမှာ သားရော မမို့ရော အကယ်ဒမီချိတ်မယ်လို့ချည်း ထင်နေတယ်၊ ဒါရိုက်တာနေမာနနဲ့မဇာကြီးလည်း ရရင်ရသွားနိုင်တယ်၊ တစ်ကားလုံးကောင်းတာ ဇာတ်ညွှန်းကောင်းလို့ပဲလေ၊ ဆရာမလည်း ရနိုင်တာပေါ့"

"ဇာတ်ကားဆုပါရပြီး အန်တီကိုယ်တိုင် ကိုဟိန်းရာဇာနဲ့အတူ ဆုတက်ယူရပါစေလို့ ဆုတောင်းပါတယ်အန်တီ"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ အခုပဲ အကယ်ဒမီပွဲမှာဝတ်ဖို့ ကုမ္ပဏီ တစ်ခုက စပွန်ဆာပေးထားတဲ့အဝတ်အစားတွေ ရွေးနေတာဆရာမရေ"

"မေမေကတော့ဗျာ၊ ကျွန်တော့်ကို အကယ်ဒမီရမယ်ချည်း ကျိန်းသေပေါက်တွက်နေတာ ဆရာမရေ၊ ကျွန်တော်က မရရင် ရှက်စရာ ကြီးဖြစ်နေမှာစိုးလို့"

ဟိန်းရာဇာက အရယ်တစ်ဝက်ဖြင့်ပြောလိုက်သည်။

"ဒါတော့ ဖြစ်နိုင်လို့ အန်တီကပြောတာပါ ကိုဟိန်းရာဇာ၊ ကျွန်မလည်း ကိုဟိန်းရာဇာရလိမ့်မယ်လို့ယုံတယ်၊ လရောင်ဝေးဝေး–ကားကလည်း စကာတင်စာရင်းထဲအထိပါနေတာ သတင်းတွေထွက်နေတယ်လေ"

"ကျွန်တော်အကယ်ဒမီရရင်တော့ ဆရာမကျေးဇူးတွေလည်း ပါပါတယ်ဆရာမရယ်"

"အဲဒီတော့ ဆုယူပြီးကျေးဇူးတင်စကားပြောတဲ့အခါ ဆရာမလင်းလက်ကြယ်စင်ရဲ့နာမည်ကိုပါ ထည့်ပြောလိုက်ပေါ့သားရယ်"

ဧည့်ခန်းထဲတွင် ကြည်နူးစွာရယ်မောသံများ ဖုံးလွှမ်းသွားလေသည်။

♛♛♛♛♛

( ၃ )

ညစာထမင်းစားအပြီးတွင် ဟိန်းရာဇာက အာကာဆိုသူ အကြောင်းကို မေမေ့အား ပြောပြရန်ဆုံးဖြတ်လိုက်သည်။

ဒေါ်ဟိန်းသူဇာရှိနေသည့် စာကြည့်ခန်းထဲသို့လာခဲ့၏။

"မေမေ စာဖတ်တော့မလို့လား"

"အေးကွယ် ဆရာမပေးသွားတဲ့ဇာတ်ညွှန်းလေးကို ဖတ်ကြည့်မလို့ ဇာတ်လမ်းနာမည်လေးက စွဲဆောင်မှုရှိလွန်းလို့ပါ၊ **နေကိုကျောခိုင်းထားတဲ့လ**–တဲ့၊ မကောင်းဘူးလားသားရယ်"

"ကောင်းပါတယ်မေမေ၊ ဆရာမလင်းလက်ကြယ်စင်ရဲ့ဇာတ်တွေက ကောင်းပြီးသားပဲ၊ ဒီဇာတ်လမ်းလည်း ကောင်းမှာပါ"

"သား ဒီနေ့ည စောစောအိပ်နော်၊ မနက်စောစော ရှူတင်ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါမေမေ သား မေမေ့ကို ပြောစရာတစ်ခုရှိလို့"

"ဘာများလဲသားရဲ့"

"နေ့လည်က ရုပ်တူပြိုင်ပွဲလုပ်နေတုံးမှာ သားဆီကို လူတစ်ယောက်ရောက်လာတယ်မေမေ၊ သူက တွေ့ခွင့်တောင်းလို့ သားတွေ့ခွင့်ပေးလိုက်တယ်"

"ဟိုတယ်မှာလား"

"ဟုတ်တယ်မေမေ သားနဲ့သူနဲ့ အဝတ်လဲခန်းထဲမှာ တွေ့တော့"

ဟိန်းရာဇာက ဆက်မပြောသေးပဲ စကားကိုဖြတ်ထားလိုက် သည်။

"ဘာဖြစ်လဲသား"

"မေမေ သားကို သားကိုမွေးတုန်းက သားတစ်ယောက်တည်းလားဟင်"

"ဘာ– ဘာကိုမေးတာလဲသား"

"သားကိုမွေးတုံးက တစ်ယောက်တည်းမွေးခဲ့တာလား၊ သား မှာ အမွှာပူးညီအစ်ကိုရှိလား မေမေ"

"ဘာ– ဘာ– ဟိန်းရာဇာ၊ မင်း ဘာပြောလိုက်တာလဲ၊ မင်း မင်း"

"မေမေ"

ဒေါ်ဟိန်းသူဇာတုန်လှုပ်သွားပုံက သိသာလှပေသည်။ ဟိန်းရာဇာပင် လန့်သွားမိ၏။

"သား– သား– မင်းဘာတွေမေးနေတာလဲ အို"

"သားနဲ့တွေ့တဲ့လူက ပြောသွားလို့ပါမေမေ၊ သူ့နာမည်က အာကာတဲ့"

"အာကာ၊ ဒီနာမည် မေမေမကြားဖူးပါဘူး"

"သူ့ရုပ်က သားနဲ့တော်တော်တူတယ်မေမေ၊ တူတာမှ သားကိုယ်သား မှန်ကြည့်နေတယ်လို့ ထင်ရလောက်အောင် တူတာ"

"သား ဟိန်းရာဇာ မင်း မင်း မင်းကို အဲဒီကောင်က"

"သူက သူ့မွေးနေ့မွေးရက်ကိုပြောသွားတယ်မေမေ၊ သူ့မွေးနေ့က သားမွေးနေ့နဲ့အတူတူပဲ၊ ၁၉၈၉ခုနှစ် စက်တင်ဘာလ(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့လေ"

"မဟုတ်ဘူး မဟုတ်ဘူး ဒါမဟုတ်ဘူး"

ဒေါ်ဟိန်းသူဇာက ကြွေပျက်ယွင်းစွာ အော်လိုက်မိလေ၏။

"မေမေရယ် သားက သူပြောတဲ့စကားတွေထူးဆန်း လွန်းလို့ မေမေ့ကို ပြန်ပြောပြတာပါမေမေ၊ သား ယုံလို့မဟုတ်ပါဘူး"

ဟိန်းရာဇာက တုန်လှုပ်ချောက်ချားနေသောမိခင်ဖြစ်သူ၏ လက်မောင်းနှစ်ဖက်ကိုကိုင်ကာ ပြောလိုက်လေသည်။ သူ့စကားကြောင့်

မေမေစိတ်လှုပ်ရှားသွားရသည်ကိုလည်း စိတ်မကောင်းဖြစ်သွားမိသည်။

ဒေါ်ဟိန်းသူဇာသည်လည်း မိမိ မတရားက္ကန္ဒြေပျက်သွားမိ သည်ကို သတိရကာ ကိုယ့်ကိုကိုယ်ပြန်ထိမ်းလိုက်ရလေ၏။

''ဘြော် ‐အင်း ‐ သူက ဘာလာလုပ်တာလဲသား၊ သားနဲ့ရုပ်တူပြိုင်ပွဲကို ဝင်ပြိုင်ဖို့လာတာလား''

''မဟုတ်ပါဘူးမေမေ၊ အဲဒါထူးဆန်းနေတာပေါ့၊ သူသာ ဝင် ပြိုင်ရင် သေချာပေါက် ပထမဆုရမှာ၊ သူက ဝင်မပြိုင်ပဲနဲ့ သားကို တစ်ယောက်တည်းတွေ့ခွင့်တောင်းတာလေ၊ ပြီးတော့ ‐သူက Mask လည်း တပ်လာတယ်၊ နေကာမျက်မှန်ကြီးလည်းတပ်လာတော့ သူ့ကို သားနဲ့တူတာ ဘယ်သူကမှသတိမထားမိလိုက်ကြဘူးမေမေ၊ သားတစ် ယောက်ပဲ အခန်းထဲမှာနှစ်ယောက်ချင်းတွေ့လို့ သိလိုက်တာပါ''

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာပြောပြသမျှကို မျက်မှောင်တွန့် လျှက်နားထောင်နေသည်။

''သားရယ် ‐ဒါ သက်သက် သားကိုနောက်တာဖြစ်မှာပါ၊ ရုပ်တူပြိုင်ပွဲလုပ်တဲ့နေရာကိုမှ ရောက်အောင်လာတာ ကြည့်ပါလား၊ သားနဲ့မွေးနေ့မွေးရက်တူတယ်လို့ ပြောနိုင်တာကလည်း ဘာဆန်းလို့လဲ သား၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာပါတဲ့ သားအင်တာဗျူးတွေမှာ သားရဲ့မွေးသက္ကရာဇ်ကိုသိနိုင်တယ်လေ၊ အဲဒါကိုမှတ်ထားပြီးပြောတာ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်မေမေ၊ အဲဒီလိုပဲဖြစ်မှာပါ''

''နောက်ပြီးတော့ ‐သူက သားကိုဘာတွေပြောသွားသေး သလဲ''

''ဘာမှမပြောပါဘူးမေမေ၊ သူ့ရုပ်သူဖွင့်ပြပြီး မွေးနေ့မွေးရက် ချင်းပါတူတယ်လို့ပြောပြီးတာနဲ့ ပြန်သွားတာပါ''

ဟိန်းရာဇာ ညာလိုက်ပါသည်။ အာကာက သူနဲ့ဟိန်းရာဇာကို တစ်ဖအေတည်း တစ်မအေတည်းက တစ်နေ့တည်း တစ်ပြိုင်တည်း မွေးခဲ့တယ်လို့ပြောခဲ့တာကို ပြန်မပြောတော့ပဲ မြိုသိပ်ပစ်လိုက်သည်။

အာကာ့အကြောင်းပြောသည့်တွင် ‐အစပိုင်း၌ မေမေ က္ကန္ဒြေပျက်သွားပုံ၊ တုန်လှုပ်ချောက်ချားသွားပုံများမှာ သိသာလှ၍ စကား ကိုလျှောချလိုက်ခြင်းဖြစ်ပါသည်။ မေမေစိတ်လှုပ်ရှားသွားပုံကိုကြည့်၍ သံသယလည်းဝင်သွားရသည်။ ကိုအာကာပြောသွားသောစကားများထဲ တွင် အမှန်တရားတချို့တဝက်ပါလိမ့်မည်ဟုလည်း ထင်လိုက်မိသည်။

မေမေ့ကိုမပြောတော့ပါ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ စုံစမ်းပါ တော့မည်။

''ခပ်တည်တည်နဲ့နောက်တတ်တဲ့ လူနောက်လူပြောင်ထင်ပါ ရဲ့ကွယ်၊ ဘာမဟုတ်တာလေးနဲ့ စိတ်ရှုပ်ခံမနေနဲ့ငါ့သား''

ခုတော့လည်း ‐ဒေါ်ဟိန်းသူဇာဟန်ပန်က ဘာမျှမဖြစ် သယောင် တည်ငြိမ်အေးချမ်းနေပြန်၏။

''ကဲ– သားအိပ်တော့လေ၊ မနက်လည်း စောစောထရဦးမှာ မဟုတ်လား''

''အိပ်ပါမယ်မေမေ၊ သား မေမေ့ကို ကော်ဖီဖျော်တိုက်ရဦး မယ်လေ''

''ဟုတ်သားပဲ၊ ငါ့သားက မမေ့ဘူး၊ ကြည့်စမ်း ‐တကယ့် သားလိမ္မာလေးပဲကွယ်၊ သားဖျော်ပေးတဲ့ကော်ဖီသောက်ရင်း မေမေ ဇာတ်ညွှန်းဖတ်ရမယ်''

''ခဏစောင့်နော် မေမေ''

ဟိန်းရာဇာက ကော်ဖီဖျော်ရန် ထွက်လာခဲ့သည်။

သူသည် မေမေ့ကို ညစဉ်ကော်ဖီတစ်ခွက်ဖျော်တိုက်နေကျ ဖြစ်သည်။ သူတို့သားအမိအတွက် ထုံးစံတစ်ခုဖြစ်နေ၏။ မေမေ့အတွက် ကော်ဖီဖျော်ပေး၊ မေမေ့ကိုကန်တော့ပြီးမှအိပ်သောအကျင့်မှာ ငယ်ငယ် ကတည်းက အကျင့်တစ်ခုပင်ဖြစ်ပါသည်။

ဒေါ်ဟိန်းသူဇာက အသင့်ဖျော်သောက်လို့ရသော ကော်ဖီမစ် ထုတ်များကို မကြိုက်၊ သောက်လေ့မရှိ။ အိမ်တွင် အမှုန့်ကြိတ်ထား သော ကော်ဖီစစ်စစ်ကိုဝယ်ထားသည်။ ကော်ဖီမှုန့်ထဲကို နို့ဆီဘယ် လောက်ထည့်ရမယ်၊ သကြားဘယ်လောက်ရောရမယ်ဆိုတာကို ဟိန်း ရာဇာတစ်ယောက်ပဲသိသည်။ အိမ်ဖော်မသောင်းက ဘယ်တော့မှ ကော်ဖီ ဖျော်မပေးရပေ။ ဒေါ်ဟိန်းသူဇာက သားဖြစ်သူကိုယ်တိုင်ဖျော်ပေးသော ကော်ဖီကိုတစိမ့်စိမ့်သောက်ကာ ဖတ်စရာရှိသောစာများကိုဖတ်လေ့ရှိ ပေ၏။

ဟိန်းရာဇာသည် ကော်ဖီဖျော်ရင်းမှ အာကာ့အကြောင်းပြော ရာတွင် မေမေက္ကန္ဒြေပျက်သွားပုံများကို ပြန်မြင်ယောင်ကြည့်နေမိသည်။

သူနဲ့ရုပ်ချင်းတူရုံမက မွေးနေ့မွေးရက်ချင်းပါတူတဲ့လူတစ် ယောက်နဲ့

တွေ့ခဲ့တယ်ပြောရုံနဲ့ မေမေဘာလို့တုန်လှုပ်ချောက်ချားသွား ရတာပါလိမ့်။

ကိုအာကာပြောသွားတဲ့စကားတွေဟာ မှန်နေလို့လား။

ကိုအာကာနဲ့သူဟာ အမှန်တကယ် အမွှာညီအစ်ကိုပဲထား ပါတော့။ ဘာလို့ တစ်ကွဲတပြားစီဖြစ်နေရတာလဲ။

ဖြစ်နိုင်ချေရှိတာက ● သူနှင့်ကိုအာကာကို အမျိုးသမီး တစ်ယောက်က အမွှာညီအစ်ကိုအဖြစ်မွေးခဲ့လိမ့်မည်။ ပြီး ●ကလေး နှစ်ယောက်ကို သီးခြားစီပေးပစ်လိုက်ခြင်းဖြစ်လိမ့်မည်။ ဒီအကြောင်း တွေကို ကိုအာကာကတော့ အားလုံးသိနေလို့ လာပြောပြခြင်းပဲဖြစ် လိမ့်မည်။

သည်လိုဆိုလျှင် ●မေမေဟာ ငါ့ကိုမွေးစားထားတာပေါ့။

ဒီလိုတွေးလိုက်မိရုံနှင့် ●ဟိန်းရာဇာရင်မှာ နာကြင်သွား လေသည်။

မဖြစ်နိုင်ပါ၊ ဒါလည်း မဖြစ်နိုင်ပါ။ မေမေဟာ ငါ့ကိုမွေးစား ထားတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်။

အမွှာပူးမွေးပြီးမှ တစ်ယောက်ကို တခြားသူပေးပစ်တာမျိုး ရော။ ဒါလည်းမဖြစ်နိုင်ပါ။ မေမေသည် ကိုယ့်သားသမီးကိုယ် တခြား သူကိုပေးပစ်မည့်မိန်းမမျိုးမဟုတ်ပါ။ ကလေးတစ်ယောက်ကို မကျွေး မွေးနိုင်အောင်လည်း မချို့တဲ့ပါ။

စိတ်ရှုပ်စရာပါကလား။

ဟိန်းရာဇာက တွေးရင်း သက်ပြင်းချလိုက်သည်။

ဘာပဲဖြစ်ဖြစ် ●ဒီဖြစ်ရပ်ရဲ့နောက်ကွယ်မှာ သူမသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုရှိနေမှာတော့ သေချာသည်။

အမျိုးမျိုးတွေးပြီးအဖြေရှာနေလို့ကတော့ အဖြေက ထွက်လာ မည်မဟုတ်ပေ။ ကိုယ်တိုင်စုံစမ်းမှသာ သိနိုင်ပေတော့မည်။

အာကာဆိုသူကို တွေ့အောင်ရှာဖွေရပါတော့မည်။

♛♛♛♛♛

( ၄ )

အာကာ–တဲ့။

သားကိုလာတွေ့တယ်ဆိုတဲ့ အာကာဆိုတာ ဘယ်သူလဲ။ ကိုဥက္ကာသားများလား။

ကိုဥက္ကာ။ ဒီအချိန်မှာ ကိုဥက္ကာဘယ်ရောက်နေမှာပါလိမ့်။ အသက်ရှင်ရက်မှ ရှိပါသေးရဲ့လား။

သားဟိန်းရာဇာကိုလာတွေ့တဲ့ အာကာဆိုသူဟာ တကယ်ပဲ ကိုဥက္ကာရဲ့သားဖြစ်ခဲ့လျှင် ●

ဒေါ်ဟိန်းသူဇာ ဆက်မတွေးရဲတော့ပါ။

သူတို့တတွေ မိမိတို့သားအမိဘဝကိုဖျက်ဆီးဖို့လာနေကြပြီလား။ အေးချမ်းငြိမ်သက်ပြီး အောင်မြင်ကျော်ကြားနေတဲ့ မိမိတို့ဘဝကို သူတို့ ဖျက်ဆီးပစ်ကြဖို့ ကြံစည်နေကြလေသလား။

အတွေးများဖြင့် ယောက်ယက်ခတ်ကာ ဒေါ်ဟိန်းသူဇာ သက်ပြင်းကိုအခါခါ ချနေမိလေသည်။

လင်းလက်ကြယ်စင်ပေးခဲ့သော "နေကိုကျောခိုင်းထားတဲ့လ" ဇာတ်ညွှန်းကို လက်မှာကိုင်ထားရင်း မဖတ်ဖြစ်သေးပဲ တွေးနေမိခြင်း ဖြစ်သည်။

ဟိန်းရာဇာက ကော်ဖီခွက်ကလေးကိုကိုင်ရင်း အခန်းထဲဝင် အလာတွင် ●ဒေါ်ဟိန်းသူဇာက ပျက်နေမည်ဖြစ်သောမျက်နှာကိုပြင် လိုက်၏။

"သားက လိမ္မာလိုက်တာကွယ်"

"သား မေမေ့ကိုကန်တော့ပြီး အိပ်တော့မယ်နော် မေမေ"

ဟိန်းရာဇာက ကော်ဖီခွက်ကလေးကိုစားပွဲပေါ်ချပေးကာ ● ကြမ်းပြင်ပေါ်တွင်ပျပ်ဝပ်စွာထိုင်ရင်းမှ မိခင်ဖြစ်သူကို ကန်တော့လိုက် လေသည်။ ညစဉ်ပြုနေကျထုံးစံဖြစ်ပါ၏။

"ဘုန်းကြီးပါစေ သက်ရှည်ပါစေ ထင်ပေါ်ကျော်ကြားပြီး လူတကာနှစ်သက်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ပါစေကွယ်"

ဒေါ်ဟိန်းသူဇာက ညစဉ်ပေးနေကျဆုကိုပင် ပေးလိုက်လေ သည်။

"ပေးတဲ့ဆုနဲ့ပြည့်ပါစေမေမေ၊ သားအိပ်တော့မယ်နော်"

ဟိန်းရာဇာက မိခင်ကိုနှုတ်ဆက်ပြီး စာကြည့်ခန်းထဲမှ ထွက်

သွားလေသည်။

ဒေါ်ဟိန်းသူဇာသည် ဇာတ်ညွှန်းကိုဖတ်ရန် စာအုပ်ကို စ,လှန်လိုက်၏။

နေကိုကျောခိုင်းထားတဲ့လ

ဇာတ်ညွှန်း– လင်းလက်ကြယ်စင်

\+ + + + +

ပထမဆုံးစာမျက်နှာကိုစတင်ဖတ်ရှုသည်နှင့် ဇာတ်ညွှန်းထဲ တွင် ဒေါ်ဟိန်းသူဇာ စိတ်ဝင်စားသွားလေသည်။

ဇာတ်ညွှန်းကိုဆက်ဖတ်ရှုရင်းမှ ဒေါ်ဟိန်းသူဇာမျက်မှောင်များ တွန့်လာသည်။

ဇာတ်ညွှန်းအဖြစ်ဖော်ပြထားသောဇာတ်လမ်းသည် ．ဇာတ်ကောင်များကို မျက်စိထဲမြင်ယောင်လာခြင်းဖြင့် အသက်ဝင်လှုပ်ရှားလာလေသည်။

ဖတ်ရင်းဖတ်ရင်း ဒေါ်ဟိန်းသူဇာအသက်ရှူမြန်လာ၏။

“သူ့အဖေက အနူကြီး”

မိန်းမကြမ်းနေရာတွင်ပါဝင်သောအမျိုးသမီးကြီး၏ပြောစကား။

“သူတို့က အနူမျိုးတွေ”

“ရှင့်သမီးကို လိမ်ညာပြီးယူထားတာ”

“သူ့အဖေက နူနေလို့ အနူရုံကိုပို့ထားရ တာလေ”

“ရှင်တို့အတွက် စိတ်မကောင်းပါဘူးရှင်ရယ်၊ ရှင့်သမီးတော့ သနားစရာပေါ့”

“မင်္ဂလာဆောင်တုံးက သူ့မိဘတွေဆိုပြီး ခေါ်လာတဲ့လင်မယားက ပိုက်ဆံပေးပြီးငှားလာတာလေ”

“အနူလက်နဲ့ ရွှေခွက်နှိုက်တယ်ဆိုတာ ဒါမှ အစစ်၊ အနူ့သားက ． ပန်းထိမ်ဖိုပိုင်ရှင်၊ ရွှေ ဆိုင်ပိုင်ရှင် ရှင်တို့ပစ္စည်းတွေကိုမက်မောပြီး ． သိုက်တူးတာလေ၊ ရှင့်သမီးကို လိမ်ယူတာ၊ **အနူ လက်နဲ့ ရွှေခွက်နှိုက်တယ်**–ဆိုတာ ဒါမှအစစ်ပဲ”

ဇာတ်ညွှန်းစာအုပ်ကိုကိုင်ထားသော ဒေါ်ဟိန်းသူဇာလက်များ က တဆတ်ဆတ်တုန်လာသည်။ မျက်လုံးများက ပြာဝေလာသည်။

ဒေါ်ဟိန်းသူဇာ၏အတွေးထဲဝယ် ဇာတ်ညွှန်းထဲကဇာတ်လမ်း နှင့် အပြင်မှတကယ့်အဖြစ်အပျက်တွေ ရောထွေးနေသည်။

ဇာတ်လမ်းထဲက မိန်းမကြမ်းမကြီးသည် အပြင်မှာတကယ်ရှိ သော **ဒေါ်စိန်မြည့်** ဖြစ်သွားလေ၏။

“အို ．ဘုရား ．ဘုရား ．”

ဒေါ်ဟိန်းသူဇာ ဆက်ဖတ်နိုင်သည့်အင်အားမရှိတော့ပါ။

စာအုပ်ကို စားပွဲပေါ်ပစ်တင်လိုက်လေ၏။

\+ + + + +

ဟိန်းရာဇာသည် အိပ်ရန်အတွက် အိပ်ခန်းထဲဝင်ခဲ့သော်လည်း တော်တော်နှင့်အိပ်မပျော်ပါ။ ဒီကနေ့ည အိပ်ချင်စိတ်လည်းမရှိ။ ယနေ့ကြုံခဲ့ရတာတွေကိုပြန်တွေးရင်း မျက်စိကြောင်နေသည်။ ရင်ထဲမှာလည်း ဇဝေဇဝါအတွေးများဖြင့် ရှုပ်ထွေးနေသည်။

အာကာပြောသွားသောစကားများ၊ မေမေ့ရဲ့ကြွေပျက်ယွင်း တုန်လှုပ်သွားပုံများကိုတွေးကာ ရင်ထဲတွင် မရှင်းနိုင်အောင်ဖြစ်နေသည်။

အိပ်ရာထဲတွင် ဘယ်လူးညာလှိမ့်ဖြစ်နေရင်းမှ မခံနိုင်တော့ပဲ ထထိုင်လိုက်မိပြန်သည်။

မေမေများအိပ်သွားပြီလား၊ နာရီကိုကြည့်လိုက်တော့ ည(၁၁) နာရီရှိပြီ။

ဟိန်းရာဇာက အိပ်ခန်းထဲမှ အသာအယာထွက်လာခဲ့လေသည်။

စာကြည့်ခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

စာကြည့်ခန်းထဲတွင် မေမေရှိနေတုံးပါလား။

ဟင် ．မေမေ စာဖတ်နေတာမဟုတ်။

ဟိန်းရာဇာက မေမေ၏ထူးခြားသောအမူအရာကြောင့် ခြေဖွ နင်းကာ စာကြည့်ခန်းအနီးသို့ကပ်သွားလိုက်သည်။

ဟာ ．မေမေငိုနေတာပါလား။ မေမေငိုနေတယ်။

ဘာဖြစ်လို့ပါလိမ့်။

ဟိန်းရာဇာက အသက်မရှူမိပဲ ဒေါ်ဟိန်းသူဇာကို ချောင်း ကြည့်နေမိလေသည်။

\+ + + + +

ဒီအကြောင်းတွေကို သူဘယ်လိုသိသလဲ။ လင်းလက်ကြယ်စင်ဆိုတဲ့စာရေးဆရာမလေး ဘယ်လိုသိသလဲ။

ဒါဟာ တကယ့်အဖြစ်အပျက်ကိုရေးထားတဲ့ဇာတ်လမ်းပဲ။ ဒီအကြောင်းတွေ လင်းလက်ကြယ်စင်သိအောင် ဘယ်သူပြောတာလဲ။

ဒေါ်ဟိန်းသူဇာက "နေကိုကျောခိုင်းထားတဲ့လ"ဇာတ်ညွှန်းကိုဖတ်ကာ တွေးနေမိခြင်းဖြစ်သည်။ ဇာတ်လမ်းက ဒေါ်ဟိန်းသူဇာသိပြီးသားဇာတ်လမ်းဖြစ်နေသည်။ သိပြီးရုံမကသေးပါ။ ဒေါ်ဟိန်းသူဇာကိုယ်တိုင် မင်းသမီးနေရာမှ ပါဝင်ခဲ့ရသော တကယ့်အဖြစ်အပျက်ဇာတ်လမ်းပင်ဖြစ်ပါသည်။ ဖတ်ပြီးသည့် ဇာတ်လမ်းအလည်ပိုင်းလောက်အထိ အကုန်အစင်တူနေသည်။

တကယ့်အဖြစ်အပျက်နေရာမှာ ပါဝင်ခဲ့သူတွေရဲ့အမည်ကိုပြောင်းလဲပြီးရေးထားတာပဲရှိသည်။

လင်းလက်ကြယ်စင်အသက်က အလွန်ဆုံးနှစ်ဆယ်လောက်ပဲရှိသေးသည်။ ဒါလောက်ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်က လေးနက်တဲ့ဇာတ်အိမ်ကြီးတွေရေးတတ်တယ်ဆိုတာကို အစကတည်းက သံသယတော့ဝင်မိသား။

နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းကိုဖတ်ရမှပင် လင်းလက်ကြယ်စင်နောက်ကွယ်မှာ လူတစ်ယောက်ယောက်ရှိနေမယ်ဆိုတာကို ရိပ်မိလာရသည်။

နောက်ကွယ်ကလူဟာ ဘယ်သူဖြစ်မလဲ။

ဒေါ်စိန်မြည်ိုတို့ အသိုင်းအဝိုင်းကပဲလား။

ကိုဥက္ကာကိုယ်တိုင်ပဲလား။

လင်းလက်ကြယ်စင်ကို သူမဆီလွှတ်ကာ ဝင်လုံးပုံကတော့စံနစ်ကျလှသည်။ ဇာတ်ညွှန်းရောင်းချင်ပါတယ်ဆိုတဲ့မိန်းကလေးတစ်ယောက်ယူလာသောဇာတ်ညွှန်းကို ဖတ်ကြည့်တော့ သိပ်ကောင်းတဲ့ဒရာမာဇာတ်လမ်းတစ်ပုဒ်ဖြစ်နေသည်။

ဒါနဲ့ပဲ ထိုဇာတ်လမ်းကိုဝယ်ကာ ဗီဒီယိုရိုက်ဖြစ်ခဲ့သည်။

ဇာတ်ညွှန်းယူလာသောမိန်းကလေးက ထိုဇာတ်လမ်းကို သူကိုယ်တိုင်ရေးပါတယ်ဆိုကာ ကလောင်နာမည်ကို "လင်းလက်ကြယ်စင်" ဟု တပ်ထားခဲ့၏။



ပထမဇာတ်လမ်းအောင်မြင်သွားပြီးနောက် နောက်တစ်ပုဒ်ထပ်ပေးသည်။ ဗီဒီယိုကားပင်ရိုက်ဖြစ်ခဲ့ပါ၏။

တတိယမြောက်ယူလာသောဇာတ်လမ်းကတော့ ယခင်နှစ်ပုဒ် ထက်ပိုကောင်းနေသည်။ သိပ်အဆင့်မြင့်နေသည်။ ဒီအသက်အရွယ် လောက်နဲ့လေးနက်ခိုင်ခန့်တဲ့ မိခင်မေတ္တာဘွဲ့ဇာတ်လမ်းကြီးရေးနိုင် တယ်ဆိုကာ ဒေါ်ဟိန်းသူဇာက ထိုမိန်းကလေးကိုချီးကျူးခဲ့သေး၏။

ဇာတ်ကိုကြိုက်လွန်းလို့ "ဟိန်း"ကုမ္ပဏီ၏ ပထမဆုံးရုပ်ရှင်ကားကြီးအဖြစ် အသက်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုဇာတ်ကားမှာ "လရောင်ဝေးဝေး"ဇာတ်ကားပင်ဖြစ်လေသည်။

ယခုဇာတ်ညွှန်းကို မဖတ်ခင်အချိန်အထိ လင်းလက်ကြယ်စင်အပေါ်မှာ ယုံကြည်မှုရှိနေခဲ့ပါသေးသည်။

"နေကိုကျောခိုင်းထားတဲ့လ"–ဆိုတဲ့ဇာတ်လမ်းကိုဖတ်လိုက် ရပါမှ

မဖြစ်နိုင်။ ဒီဇာတ်လမ်းဟာ ဒီကလေးမရေးတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်။ ပိုပြီးသေချာတာက ဒီဇာတ်လမ်းကို ဒေါ်ဟိန်းသူဇာကသိပြီးဖြစ်နေသည်။ သိတာပေါ့၊ ကိုယ်တိုင်ပါဝင်ခဲ့ရတဲ့အဖြစ်အပျက်ပဲ။

ဒီအဖြစ်အပျက်ကို လင်းလက်ကြယ်စင်ဘယ်လိုသိသလဲ။

လုပ်ပုံလုပ်နည်းက ရှင်းနေသည်။

ဒေါ်ဟိန်းသူဇာ၏စိတ်ကို ထိခိုက်စေလိုသော ဒေါ်ဟိန်းသူဇာ၏မာနကို ရိုက်ချိုးလိုသော သူတစ်ယောက်ယောက်က အကွက်ချကာစီစဉ်ခဲ့ခြင်းပင်ဖြစ်ပါသည်။

လင်းလက်ကြယ်စင်အမည်ခံသည့်မိန်းကလေးကိုတည်ကြက်လုပ်ကာ ဒေါ်ဟိန်းသူဇာ၏ရင်ကိုကြေကွဲအောင် ဖန်တီးနေခြင်းပဲဖြစ်ပါ သည်။

အဲဒါဟာ ဘယ်သူလဲ။

ဒေါ်ဟိန်းသူဇာက ဇာတ်လမ်းကိုဖတ်ရင်းမှ တစ်ဝက်လောက်အရောက်တွင် ဆက်မဖတ်နိုင်တော့ပဲ စာအုပ်ကိုချထားလိုက်ခြင်းဖြစ် သည်။ ဇာတ်လမ်းက သူမ၏အတိတ်ဘဝကိုနှိုးဆွလိုက်သည့်အတွက်မျက်ရည်ကျကာ ရှိုက်ငိုနေမိခြင်းပဲဖြစ်ပါသည်။

သို့သော် ဒေါ်ဟိန်းသူဇာသည် ဇာတ်လမ်းကိုဆုံးအောင်ဆက်မဖတ်ပဲ မနေနိုင်ပါ။ ဘာတွေဆက်ဖြစ်သေးသလဲ။ ဘယ်လို

ဇာတ်သိမ်းထားသလဲ။ အပြင်ကဖြစ်ရပ်အတိုင်းပဲလား။

သိချင်စိတ်ကိုမမြိုသိပ်နိုင်၍ ဒေါ်ဟိန်းသူဇာက စားပွဲပေါ်ချထားသောစာအုပ်ဆီ ပြန်၍လက်လှမ်းလိုက်ပြန်သည်။

ကုလားထိုင်တွင်ထိုင်ကာ ဇာတ်လမ်းကိုဆက်ဖတ်ကြည့်မိပြန်လေ၏။

မင်းသား၏နိမ့်ကျဆိုးဝါးသောအတိတ်ဘဝကို သိရှိလိုက်ရသောမင်းသမီးသည် မင်းသားကို ကွာရှင်းပေးဖို့ ခွင့်တောင်းလေသည်။

မင်းသားက ကွာမပေး။

မင်းသမီး၏အသိုင်းအဝိုင်း၊ ဆွေမျိုးသားချင်းများကပါ ဖိအားပေးလာသည့်အခါ ...

"ကောင်းပြီလေ ... ငါ မင်းကိုကွာပေးပါ့မယ်၊ ဒါပေမယ့် ... လင်မယားကွာရှင်းတယ်ဆိုတဲ့နေရာ မှာ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို တစ်ဝက်စီအညီအမျှ ခွဲယူရတယ်ကွ"

"သြော် ... ရှင့်အကြံက ဒါပဲလား၊ ရှင် ကျွန်မကိုရအောင် လိမ်ညာပြီးယူထားကတည်းက ကျွန်မပစ္စည်းတွေကို မက်မောလို့ဆိုတာ ... သိပါ တယ်၊ ယူသွားပါ ... ယူသွားပါ၊ တစ်ဝက်မဟုတ် ပါဘူး၊ ကြိုက်သလောက်ယူသွားပါ၊ ရှင်နဲ့ကွာခွင့် ရရင် တော်ပါပြီ"

"မျက်စိနဲ့မြင်နေရတဲ့ပစ္စည်းတွေကို ငါမလို ချင်ပါဘူး၊ မမက်မောပါဘူး၊ ငါ အညီအမျှ ခွဲယူ ချင်တာက မင်းဗိုက်ထဲက ..."

"အို ... အမလေး"

ဒေါ်ဟိန်းသူဇာက ယောင်၍အော်လိုက်မိသည်။

လက်ထဲမှစာအုပ်ကိုလည်း အဝေးသို့ရောက်အောင် ပစ်ပေါက်လိုက်မိလေသည်။

ဇာတ်ညွှန်းစာအုပ်က ကြမ်းပြင်ပေါ်တွင်လျှောတိုက်ကာ ... စာကြည့်ခန်းအပြင်ဖက်အထိ လွင့်ထွက်သွားလေ၏။

\+ + + + +

ဟိန်းရာဇာသည် သူပုန်းကြည့်နေသည့်နေရာအထိ လွင့်ထွက်လာသောစာအုပ်ကလေးကိုကြည့်၍ အံ့သြသွားသည်။

သူသည် မေမေ့အမူအရာများထူးခြားလွန်း၍ စာကြည့်ခန်း အပြင်မှချောင်းကြည့်နေခဲ့ရာ ... ဒေါ်ဟိန်းသူဇာ ပေါက်ကွဲနေပုံများကို အတိုင်းသားမြင်နေရပါသည်။

နောက်ဆုံးတွင် ... မေမေက ဖတ်လက်စစာအုပ်ကို စိတ်ဆိုးမာန်ဆိုးဖြင့်လွှင့်ပစ်လိုက်သည်။ စာအုပ်ထဲမှာ စိတ်ထိခိုက်လောက်စရာ ဘာတွေပါလို့လဲ။

ဟိန်းရာဇာက စာအုပ်ကိုကောက်ယူကြည့်လိုက်သည်။

လင်းလက်ကြယ်စင်ရေးသော "နေကိုကျောခိုင်းထားတဲ့လ" ဇာတ်ညွှန်းစာအုပ်ဖြစ်နေသည်။ ဒီဇာတ်ညွှန်းထဲမှာ ဘာပါလို့ မေမေ စိတ်ဆိုးမာန်ဆိုးဖြစ်နေရတာပါလိမ့်။

ဟိန်းရာဇာတွေးနေဆဲတွင် ဒေါ်ဟိန်းသူဇာ စာကြည့်ခန်းထဲ မှထွက်လာသည့်အရိပ်ကိုမြင်လိုက်သည့်အတွက် ဘီရိုကိုကွယ်ပြီး ပုန်းနေလိုက်ရလေသည်။ ဇာတ်ညွှန်းစာအုပ်ကိုလည်း ခါးကြားထဲတွင် ထိုးထည့်ထားလိုက်သည်။

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကိုမမြင်ပဲ ကျော်လွန်ကာ ဧည့်ခန်း ထဲလျှောက်သွားလေသည်။

ဟိန်းရာဇာသည် တိုးတိတ်စွာပင် ဧည့်ခန်းထဲကိုမြင်ရသော နေရာထိရွှေ့ကာ မေမေ့ကို အကဲခတ်ချောင်းကြည့်လိုက်သည်။

ဒေါ်ဟိန်းသူဇာက ဧည့်ခန်းထဲမှတယ်လီဖုန်းခွက်ကိုလှည့်နေ၏။ ညသန်းကောင်ကြီး မေမေဘယ်ကိုဖုန်းဆက်တာပါလိမ့်။

တစ်ဖက်ကဖုန်းကိုင်လိုက်ပုံရသည်။ မေမေ့စကားသံထွက်ပေါ်လာ၏။

ဟိန်းရာဇာက သဲသဲကွဲကွဲကြားရအောင် ရှေ့ကိုတိုး၍ နားထောင်လိုက်လေသည်။

\+ + + + +

"လင်းလက်ကြယ်စင်လား"

"ဟုတ်တယ် ... ငါပဲ၊ ဒေါ်ဟိန်းသူဇာပဲ"

"ဒီမယ်မိန်းကလေး၊ ငါကတော့ မင်းကို စာရေးကောင်းတဲ့ စာရေးဆရာမလေးအမှတ်နဲ့ ကိုယ့်သမီးအရွယ်လောက်ကလေးကို ဆရာမ– ဆရာမနဲ့ခေါ်ပြီး လေးစားလိုက်ရတာ၊ လက်စသပ်တော့ မင်းက ငါ့ကိုဝင်လုံးပြီး **စပိုင်**လာလုပ်နေတာကိုး"

"မသိချင်ယောင်ဆောင်မနေပါနဲ့ကလေးမရယ်၊ မင်းအသက်အရွယ်နဲ့ နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းကို ဘယ်လိုလုပ်သိနိုင် မှာလဲ၊ ဒီဇာတ်လမ်းကို မင်းရေးတာမဖြစ်နိုင်ပါဘူး၊ တစ်ယောက်ယောက် က ခိုင်းလို့ မင်း ငါ့ဆီရောက်လာတာ မဟုတ်လား၊ မင်းမပြောပါနဲ့၊ ငါပဲဆက်ပြောပါရစေ"

"ဒီမယ်– မင်းကိုခိုင်းတဲ့လူတွေကိုပြောလိုက်စမ်း၊ ဟိန်းသူဇာ က ဘယ်သူ့မှမကြောက်ဘူးလို့၊ ဟိန်းသူဇာကို ယိုင်လဲသွားအောင် ဘယ်သူမှမလုပ်နိုင်ဘူးလို့"

"ဟိန်းသူဇာဆိုတာ မိန်းမသားတန်မဲ့နဲ့ ရုပ်ရှင်ကုမ္ပဏီထောင်၊ ရုပ်ရှင်ရိုက်ပြီး တစ်နိုင်ငံလုံးကိုဖြန့်နေတဲ့မိန်းမပါ၊ မင်းတို့တိုက်ကွက်လောက်ကိုတော့ အပျော့ပေါ့၊ ရယ်တောင်ရယ်ချင်သေးတယ်၊ မင်း နောက်ကွယ်ကလူတွေကို ငါပြောသလိုပြန်ပြောလိုက်စမ်းပါမိန်းကလေး"

"မင်းလည်း ငါ့ဆီဘယ်တော့မှမလာပါနဲ့တော့၊ မင်းမျက်နှာကိုလည်း မမြင်ချင်ဘူး၊ ဒါပဲ"

ပြောလိုရာပြောပြီးနောက် ဒေါ်ဟိန်းသူဇာက တယ်လီဖုန်းခွက် ကို ဆောင့်ချလိုက်လေသည်။

ဒေါ်ဟိန်းသူဇာ ဧည့်ခန်းထဲမှပြန်ထွက်အလာတွင် ဟိန်းရာဇာ က နံရံကိုကွယ်ကာ ပုန်းနေလိုက်လေသည်။

♛♛♛♛♛

## ( ၅ )

ဒေါ်ဟိန်းသူဇာ စာကြည့်ခန်းထဲပြန်ဝင်သွားသည်။ စာကြည့်ခန်းထဲတွင် ဆောက်တည်ရာမရ လှည့်ပတ်ကာ လမ်းလျှောက်နေ၏။

ဒေါ်ဟိန်းသူဇာသည် လင်းလက်ကြယ်စင်ကို စိန်ခေါ်လိုက်သော်လည်း တကယ်တန်းကျ "နေကိုကျောခိုင်းထားတဲ့လ" ဇာတ်လမ်းကြောင့် တုန်လှုပ်ချောက်ချားနေတာ သိသာလှပါသည်။

ဟိန်းရာဇာသည် မေမေ့ကိုနှစ်သိမ့်ချင်သော်လည်း ဘယ်လိုနှစ်သိမ့်ရမှန်းမသိ။ မေမေ့ကိုစကားသွားပြောလျှင်လည်း သူချောင်းကြည့်တာ သိသွားလိမ့်မည်။

မှောင်ရိပ်ကိုကွယ်ကာ ချောင်းကြည့်နေရင်းမှပင် ဟိန်းရာဇာ ရင်၌ ပဟေဠိများဖြင့်ပြည့်ကျပ်လာလေသည်။

ခဏနေတော့ ဒေါ်ဟိန်းသူဇာ စာကြည့်ခန်းထဲမှထွက် လာကာ ဘုရားခန်းထဲဝင်သွားလေ၏။

ဟိန်းရာဇာက မသိမသာနောက်မှလိုက်ချောင်းကြည့်တော့ မေမေသည် ဘုရားခန်းထဲတွင် ဘုရားရှိခိုးကာ ပုတီးစိတ်နေသည်ကို မြင်နေရသည်။

ပုတီးစိတ်နေတာဟာ စိတ်တည်ငြိမ်အောင်ကြံဖန်လုပ်နေတာ ဖြစ်ကြောင်း ဟိန်းရာဇာက နားလည်လိုက်သည်။

မေမေဘာတွေစိတ်ဆိုးနေတာလဲ။

မေမေ့စိတ်တွေထိခိုက်လှုပ်ရှားသွားတာ လင်းလက်ကြယ်စင်ကြောင့်၊ လင်းလက်ကြယ်စင်ရေးသည့် "နေကိုကျောခိုင်းထားတဲ့လ" စာမူကြောင့်ဆိုတာတော့ ဟိန်းရာဇာ နားလည်လိုက်ပါပြီ။

ညကြီးသန်းကောင် ဖုန်းဆက်ရန်တွေ့လောက်အောင် "လင်းလက်ကြယ်စင်"သည် မေမေစိတ်ထိခိုက်စေမည့် မည်သည့်အကြောင်းကိုများ ဇာတ်လမ်းထဲ ထည့်ရေးထားပါသနည်း။

ဟိန်းရာဇာက ခါးကြားထဲထိုးထားသောစာအုပ်လေးကို ဆွဲထုတ်ကြည့်လိုက်သည်။

ဒီစာမူကိုဖတ်ကြည့်ရင်တော့ မေမေ့ခံစားချက်များကို နားလည်လိမ့်မယ်ထင်ပါရဲ့။

ဟိန်းရာဇာက သူ့အခန်းထဲပြန်ဝင်ခဲ့သည်။

ဒီညတော့ တော်တော်နဲ့အိပ်ပျော်တော့မည်မဟုတ်ပေ။

"နေကိုကျောခိုင်းထားတဲ့လ"ဇာတ်လမ်းကို ဖတ်ကြည့်လိုက်ပါဦးမည်။

ဟိန်းရာဇာက လင်းလက်ကြယ်စင်၏ဇာတ်ညွှန်းကိုဖတ်ရန် အတွက် စာကြည့်စားပွဲတွင်ထိုင်ကာ စာကြည့်မီးကိုဖွင့်လိုက်သည်။

စဖတ်သည်နှင့် ဇာတ်လမ်းထဲတွင်စိတ်ဝင်စားသွားကာ မထတမ်း တစ်ထိုင်တည်း ဖတ်ပစ်လိုက်မိလေတော့သည်။

"နေကိုကျောခိုင်းထားတဲ့လ"စာမူကြီးက ဟိန်းရာဇာကို

ကမ္ဘာတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့ပါတော့သည်။ ထိုကမ္ဘာကား • အချစ်ကြီးချစ်သောချစ်သူနှစ်ဦးတို့၏ကမ္ဘာ၊ မုန်းတီးခြင်း၊ မနာလိုခြင်း၊ လက်စားချေခြင်း၊ ကြေကွဲခြင်းများဖြင့်ပြည့်နေသော ကမ္ဘာကြီးတစ်ခု ပင်ဖြစ်ပါတော့သည်။

\+ + + + +

ပုတီးတစ်ပတ်စိတ်အပြီးတွင် ဒေါ်ဟိန်းသူဇာက ဘုရားခန်းထဲ မှပြန်ထွက်လာခဲ့သည်။

အခန်းထဲဝင်ကာ အိပ်စက်ရန်ကြိုးစားသော်လည်း အိပ်မပျော်။ ကုတင်ပေါ်တွင် တလူးလူးတလှိမ့်လှိမ့်ဖြင့် ဖြစ်နေရသည်။

ယနေ့မှပင် •တိုက်တိုက်ဆိုင်ဆိုင် သူမ၏အတိတ်ဘဝနှင့် ပတ်သက်သောအကြောင်းအရာများနှင့် ကြုံရဆုံရသည်။

ရုပ်တုပြိုင်ပွဲတွင် သားသားဟိန်းရာဇာကို လာတွေ့သော ''အာကာ''ဆိုသူဟာ ဘယ်သူလဲ။ သူ့သားများဖြစ်နေမလား။

လင်းလက်ကြယ်စင် အစစ်အမှန်ကရော • ဘယ်သူလဲ။ လင်းလက်ကြယ်စင်အမည်ခံထားသည့်မိန်းကလေး၏ နောက်ကွယ်မှာ ကြိုးကိုင်နေသူ တစ်ယောက်ယောက် ရှိကိုရှိရမည်။ ထိုသူသည် ကိုဥက္ကာ ကိုယ်တိုင်လား။ ဒေါ်စိန်မြည်ိုတို့ အသိုင်းအဝိုင်းကလား။

အာကာနှင့်လင်းလက်ကြယ်စင်ကရော ဆက်စပ်မှုရှိနေသလား။ သီးခြားစီလား။

ဒေါ်ဟိန်းသူဇာသည် အတွေးများဖြင့် ရင်များတလှပ်လှပ် တုန်လှုပ်လာသည်။

အတိတ်ဘဝဇာတ်ကြောင်းများကို ရုပ်ရှင်ကားတစ်ခုလို မြင် ယောင်လာသည်။

သူမပြန်လည်မြင်ယောင်မိသော အတိတ်ဘဝဇာတ်လမ်းသည် လင်းလက်ကြယ်စင်ယူလာခဲ့သော ''နေကိုကျောခိုင်းထားတဲ့လ''–ဟု အမည်ပေးထားသည့်ဇာတ်လမ်းနှင့် ထပ်တူထပ်မျှပင်ဖြစ်ပါသည်။

ဇာတ်ညွှန်းထဲမှာ ဇာတ်ကောင်နာမည်များ၊ မြို့ရွာအမည်များ ကို တကယ့်အဖြစ်ထဲကအမည်နာမများနှင့် လွှဲပြောင်းရေးသားထား သော်လည်း ဖြစ်ရပ်ကတော့ ဒီဖြစ်ရပ်ပင်ဖြစ်ပါသည်။

အိပ်မပျော်သောဒေါ်ဟိန်းသူဇာစိတ်ထဲတွင် •

တကယ့်အဖြစ်ထဲမှဖြစ်ရပ်များ•

တကယ့်အဖြစ်ထဲတွင်ပါဝင်ခဲ့သော ကိုဥက္ကာ •

ဖေဖေ ဦးဟိန်းစံ၊ မေမေဒေါ်ထားရီ •

ကိုကောင်းကျော်နှင့်ဒေါ်စိန်မြည်ိုတို့သားအမိ •

ပုဂံညောင်ဦးမြို့မှ ကျောင်းဆရာဦးချစ်တင်နှင့် ဆရာမ ဒေါ်ငြိမ်းရင် •တို့၏ပုံရိပ်များက •

ထင်ဟပ်ရှင်သန်လာလေသည်။

တကယ်တော့ •ထိုအဖြစ်များသည် နာကြင်ကြေကွဲဖွယ် အတိတ်တစ်ခုသာဖြစ်ပါသည်။

♛♛♛♛♛♛♛♛♛

# အပိုင်း – ၄

## ( ၁ )

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ရှိ စီးပွားရေးတက္ကသိုလ်တွင် တက်ရောက်နေစဉ်ကာလ ‧

ဒုတိယနှစ်စာသင်ရက်များအပြီး ကျောင်းအပိတ် အိမ်အပြန် တွင် ဟိန်းသူဇာသည် အချစ်ကိုတွေ့ရှိခဲ့ရလေ၏။

မြို့အပြန်ရထားပေါ်တွင် မျက်နှာချင်းဆိုင်ခုံ၌ထိုင်စီးလာသော လူငယ်က သူ့ကိုယ်သူမိတ်ဆက်ကာ သူသည် ဟိန်းသူဇာတို့မြို့သို့ ပြောင်းလာသော ဘဏ်ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ ထိုမြို့ကို တစ်ခါမျှ မရောက်ဖူးသေးကြောင်းများကို ပြောဆိုရင်း ရင်းနှီးခဲ့ကြရလေ၏။

သူ့နာမည်က ကိုဥက္ကာ။

ဟိန်းသူဇာကလည်း စီးပွားရေးတက္ကသိုလ်တွင် ဒုတိယနှစ် ကျောင်းသူဖြစ်ကြောင်း သူ့ကိုအသိပေးလိုက်သည်။ အိမ်လိပ်စာကိုလည်း ပြောပြလိုက်သည်။

ကျောင်းပိတ်ရက်မြို့မှာနေစဉ် ကိုဥက္ကာနှင့်ဟိန်းသူဇာတို့ နှစ်ကြိမ်ဆုံဆည်းခဲ့ရသေး၏။ တစ်ကြိမ်က ဟိန်းသူဇာဈေးသွားရာတွင် ဈေးနားကလက်ဖက်ရည်ဆိုင်မှာထိုင်နေသည့်ကိုဥက္ကာနှင့်ဆုံခဲ့ရခြင်းဖြစ်ပြီး ကိုဥက္ကာကဖိတ်ခေါ်၍ ဟိန်းသူဇာသည် ကိုဥက္ကာနှင့်အတူ လက်ဖက်ရည် ထိုင်သောက်ခဲ့သည်။

ယောကျာ်းလေးတစ်ယောက်နှင့်လက်ဖက်ရည်ဆိုင်အတူထိုင်ခြင်းမှာ တက္ကသိုလ်ကျောင်းသူတစ်ဦးအတွက် မဆန်းကြယ်သော်လည်း ဟိန်းသူဇာတို့မြို့ကလေးမှာတော့ အဆန်းတကြယ်ဖြစ်နေသည်။ လူသတိထားမိစရာဖြစ်နေသည်။

ထိုသတင်းက ဟိန်းသူဇာအိမ်ပြန်မရောက်ခင်မှာပင် အိမ်ကို ရောက်နှင့်နေပေ၏။

မေမေဒေါ်ထားရီက မေးသည်ကို ဟိန်းသူဇာဝန်ခံလိုက်သည်။

‘‘ဘယ်ကသူငယ်လဲသမီး’’

‘‘သမီးနဲ့ ရန်ကုန်ကအပြန်မှာ ရထားပေါ်မှာခင်လာခဲ့တာပါ မေမေ၊ ကိုဥက္ကာတဲ့၊ ဘဏ်ဝန်ထမ်းတစ်ယောက်ပါ၊ ဒုကြီးကြပ်ရေးမှူးလို့ပြောတယ်မေမေ’’

‘‘အေးကွယ် ‧မေမေတို့မြို့လေးက သေးတော့ တစ်ယောက်ကိုတစ်ယောက် မျက်စိဒေါက်ထောက်ကြည့်နေကြတာလေ၊ မြို့ကငယ် တော့ လူတွေကလည်း အမြင်မကျယ်ကြဘူးမဟုတ်လား၊ ယောကျာ်းလေးနဲ့မိန်းကလေးတွဲထိုင်ရင်ပဲ အမြင်ကတစ်မျိုးလေ’’

မေမေက ဆူပြောသည့်သဘောမဟုတ်ပဲ ဟိန်းသူဇာကို ဆင်ခြင်ဖို့ဆုံးမနေခြင်းသာဖြစ်ပါသည်။ ဟိန်းသူဇာ၏မိဘများမှာ သဘောထားသေးသူ၊ အမြင်ကျဉ်းသူများမဟုတ်ကြပါ။ တစ်ဦးတည်းသောသမီးဖြစ်သော်လည်း ဟိန်းသူဇာကို အထိုက်အလျောက်လွတ်လပ်ခွင့်ပေး ထားပါ၏။

‘‘မေမေ ဘယ်သူပြောလို့သိတာလဲဟင်’’

ဟိန်းသူဇာက စပ်စုသည့်သဘောမေးလိုက်ခြင်းသာဖြစ်သည်။

‘‘မောင်ကောင်းကျော်လေ ‧အခုနလေးကပဲ ဝင်ပြောသွား တာ’’

‘‘ဟင် ‧ အမလေးနော် ‧ ဖြစ်မှဖြစ်ရလေ၊ သူက ပိုင်စိုး ပိုင်နင်းနဲ့ မေမေ့ကိုလာတိုင်တာသူကိုး’’

တခြားသူတစ်ယောက်ယောက်ကပြောတယ်ဆိုလျှင် ဟိန်းသူဇာ စိတ်ဆိုးမှာမဟုတ်။ မေမေတို့ကိုလာတိုင်သူက ကိုကောင်းကျော်ဆိုပါ၍ မခံချိမခံသာဖြစ်သွားရသည်။

‘‘သူလည်း အမြင်မတော်လို့ ပြောသွားတာထင်ပါရဲ့သမီးရယ်၊ သမီးကို လူတွေတစ်မျိုးထင်မှာစိုးလို့ထင်ပါရဲ့’’

‘‘တော်ပါမေမေရယ် ‧ဒါသူသက်သက်လုပ်တာပါ၊ သမီးကို သူပိုင်တယ်ပေါ့လေ၊ သမီးကတော့ ဒီလိုစွက်ဖက်တာမကြိုက်ဘူးမေမေ’’

‘‘ဟဲ့– သူနဲ့သမီးနဲ့က လူကြီးချင်းပြောဆိုသဘောတူထားတာဆိုတော့ သူကလည်း သမီးကို ယောကျာ်းလေးတွေနဲ့တွဲတာပြုတာ သဝန်တိုမှာပေါ့ကွယ်၊ ဒါသဘာဝပဲ’’

‘‘အဲဒါကိုပဲမကြိုက်တာမေမေ၊ သမီးနဲ့သူ့ကို ရည်ရွယ်ထားတယ်ဆိုတာက မေမေတို့နဲ့ သူ့မိဘတွေသဘောလေ၊ သမီးက သူနဲ့လက်ထပ်ပါမယ်လို့ ဝန်ခံထားတာမှမဟုတ်တာ၊ စေ့စပ်ထားကြတာလည်း မဟုတ်ဘူး၊ ဒီလိုမျိုးမဏ္ဍပ်တိုင်တက်တာမျိုးတော့ မကြိုက်ပါဘူး’’

ကိုကောင်းကျော်ဆိုသူမှာ မေမေတို့၏ စီးပွားဖက်မိတ်ဆွေများ

၏သားဖြစ်ပါသည်။ ကိုကောင်းကျော်မိဘများဖြစ်သော ဦးထွန်းလှိုင်၊ ဒေါ်စိန်မြညို့တို့မှာ ဆီစက်ပိုင်များဖြစ်ပြီး အတော်အတန်ကြွယ်ဝချမ်းသာသူများဖြစ်ပါသည်။

ဟိန်းသူဇာတို့မိသားစုနှင့် ကိုကောင်းကျော်တို့မိသားစုမှာ • မြို့တွင်အချမ်းသာဆုံးမိသားစုနှစ်စုဟု ပြော၍ရသည်။

ဟိန်းသူဇာ၏မိဘများဖြစ်သော ဦးဟိန်းစံ၊ ဒေါ်ထားရီတို့မှာ ရွှေပန်းထိမ်နှင့်ရွှေဆိုင်ပိုင်ရှင်များဖြစ်ကြသည်။ မြို့လည်ခေါင်က သုံးထပ်တိုက်ကြီးတွင် အောက်ဆုံးထပ်တစ်ထပ်လုံးကို ရွှေဆိုင်ဖွင့်ထားသည်။ အလည်ထပ်မှာ ပန်းထိမ်လုပ်ငန်းလုပ်ပါ၏။ မိသားစုသုံးယောက်က အပေါ်ဆုံးထပ်တွင်နေသည်။

''ဟိန်း–ရွှေပန်းထိမ်နှင့်ရွှေရောင်းဝယ်ရေးလုပ်ငန်း''ဆိုသော ဆိုင်းဘုတ်ကြီးကို တိုက်မျက်နှာစာနှင့်အပြည့်ချိတ်ဆွဲထားသည်။

မြို့တွင် အချမ်းသာဆုံးလုပ်ငန်းရှင်မိသားစုနှစ်စု နှစ်ရှည်လများခင်မင်ရင်းနှီးခဲ့ကြသည်။ ကောင်းကျော်ကလည်း ဆီစက်ပိုင်သူဌေးများ၏တစ်ဦးတည်းသောသား၊ ဟိန်းသူဇာကလည်း ရွှေလုပ်ငန်းရှင်သူဌေးများ၏တစ်ဦးတည်းသောသမီး။ သားသမီးများအရွယ်ရောက်လာကြသည့်အခါ မိဘတို့ထုံးစံအတိုင်း ကိုယ့်လိုချမ်းသာသူနဲ့ပဲအိမ်ထောင်ကျစေ ချင်သည်။ ရေများရာ မိုးရွာစေချင်ကြသည်။

သည်လိုနှင့် •ကောင်းကျော်နှင့်ဟိန်းသူဇာကို ပေးစားဖို့ နှစ်ဖက်မိဘများက သဘောတူညှိနှိုင်းခဲ့ကြခြင်းဖြစ်၏။

တကယ်တော့ ဦးထွန်းလှိုင်နှင့်ဒေါ်စိန်မြညို့တို့ဖက်က စတင်စကားကမ်းလှမ်းခဲ့ခြင်းဖြစ်ပါသည်။

ဦးဟိန်းစံနှင့်ဒေါ်ထားရီတို့ကလည်း သင့်လျော်သောအနေ အထားမို့လက်ခံခဲ့ကြသည်။

သည်မျှသာ ဖြစ်ပါသည်။ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းထားကြတာမျိုးမဟုတ်သေးပါ။ ဒါကလည်း ဟိန်းသူဇာဆယ်တန်းအောင်ပြီး စီးပွားရေးတက္ကသိုလ်ဆက်တက်နေ၍ ဟိန်းသူဇာဘွဲ့ရပြီးမှ မင်္ဂလာကိစ္စစီစဉ်မည်ဆိုကာ ရွှေ့ဆိုင်းထားကြခြင်းဖြစ်သည်။

ဟိန်းသူဇာကတော့ သည်ကိစ္စကို အလေးအနက်မထားခဲ့ချေ။

''ဒါပဲနော် •ကိုကောင်းကျော်ကိုယူပါ့မယ်လို့ သမီးကတိ မပေးဘူး၊ အခုထိတော့ •သမီးသူ့ကိုကြိုက်လည်းမကြိုက်သေးဘူး၊ အထင်လည်းမကြီးဘူး၊ နောင်တော့မသိဘူးပေါ့၊ သမီးသဘောမပါပဲနဲ့ အတင်းအကျပ်တော့ မစီစဉ်ကြပါနဲ့''

ဟိန်းသူဇာက သူမသဘောထားကို မိဘများအား ရှင်းရှင်းပြတ်ပြတ်ပင်တင်ပြထားခဲ့သည်။

ဖခင်ကြီးဦးဟိန်းစံကလည်း ဟိန်းသူဇာ၏သဘောထားကို ထောက်ခံခဲ့လေသည်။

''ဖေဖေတို့က စီးပွားဖက်ချင်း၊ ဥစ္စာဓနတူတဲ့လူအချင်းချင်းမို့ သင့်တော်တယ်ဆိုပြီး စီစဉ်တာပါသမီး၊ သမီးကို အတင်းအကျပ် မတိုက်တွန်းပါဘူး၊ ကိုယ်မနှစ်သက်တဲ့လူကိုယူပြီး ငါ့သမီးစိတ်ဆင်းရဲနေမှာ လည်း မမြင်ရက်ပါဘူးကွယ်၊ ဒါပေမယ့် •မောင်ကောင်းကျော်က လည်း လူလိမ္မာလေးတစ်ယောက်ပါပဲ၊ ငြင်းလောက်စရာ မရှိပါဘူး၊ ခုတော့ •• သမီးတို့လည်း ငယ်ပါသေးတယ်လေ၊ သမီးဘွဲ့ရပြီးမှ စကားအတည်ပြောကြတာပေါ့ကွယ်''

ဟိန်းသူဇာက သူမအနေဖြင့် ကိုကောင်းကျော်ကို ချစ်လို့ ရလိမ့်မည်ဟုမထင်မိပေ။

ကိုကောင်းကျော်မှာ လူရည်သန့်သန့်၊ ရုပ်ရည်ချောချောပင်ဖြစ်ပါသည်။ သို့သော် •အချစ်ဆိုတာ ရုပ်ရည်တွေ၊ ဥစ္စာဓနတွေနဲ့ မဆိုင်တော့ ခက်သားကလား။

ပြီးတော့ •ဟိန်းသူဇာဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ချိန်အထိ ကောင်းကျော်ဆယ်တန်းမအောင်ခဲ့။ နှစ်နှစ်ပဲဖြေပြီး ဆက်မဖြေတော့။ ဟိန်းသူဇာအတွက် အထင်သေးစရာဖြစ်ခဲ့သည်။

ကောင်းကျော်က ဆယ်တန်းအောင်စရာမလို၊ သူ့မိဘများလုပ်ငန်းတွေကိုဆက်လုပ်ရုံနှင့် သူသူဌေးဖြစ်သည်ဟု ပြောခဲ့သည်။ ဘွဲ့ရတော့ရော ဘယ်လောက်ကောင်းစားမှာလဲ၊ လောကမှာ အရေးကြီးတာ ကငွေ •ဆိုသောစကားမျိုးပြောကာ သူဆယ်တန်းမအောင်တာကို အပြစ်မဟုတ်သည့်သဖွယ် ဖုံးဖိခဲ့ပေ၏။ ထိုစကားလုံးများကပင် ဟိန်းသူဇာအဖို့ ကောင်းကျော်ကို အထင်အမြင်သေးစရာဖြစ်စေခဲ့ပြန်သည်။

ပြီးတော့ •ရှိသေးသည်။ ဟိန်းသူဇာဖက်က သူမခံယူချက် ကို မိဘများအားပြတ်ပြတ်သားသားပြောကာ ကောင်းကျော်နှင့်ကိစ္စကို

အတင်းအကျပ်မစီစဉ်ဖို့ပြောဆိုထားသော်လည်း ၊ကောင်းကျော် ကတော့ ဟိန်းသူဇာကို အပိုင်တွက်နေခြင်းဖြစ်သည်။ ဟိန်းသူဇာဘွဲ့ရပြီး လျှင် ၊ ဟိန်းသူဇာနှင့်သူ မင်္ဂလာဆောင်ကြမည်ဟု မြို့ပေါ်က အပေါင်းအသင်းများကြားမှာ စကားအတည်လုပ်ပြောထားသည်ကို ဟိန်းသူဇာပြန်ကြားရသည်။

ဒါ့ထက်ဆိုးတာက ၊ဟိန်းသူဇာတက္ကသိုလ်တက်ဖို့ ရန်ကုန် သွားချိန်များတွင် ဘူတာရုံအထိလိုက်လာကာ အထုပ်ကြီး၊အထုပ်ငယ် များဖြင့် လက်ဆောင်ပစ္စည်းတပွေ့တပိုက်ကြီးကို လူရှေ့သူရှေ့မှာ ပဏ္ဏာ ယူ၍လာပေးတတ်ခြင်းဖြစ်သည်။ သူ့ကိုယ်သူ ဟိန်းသူဇာကိုပိုင်တယ်ပေါ့ လေ။ ဟိန်းသူဇာနဲ့သူနဲ့အနေအထားဟာ ဒီလိုရှိတယ်လို့ လူတွေရှေ့မှာ ဝံ့ကြွားလိုက်ခြင်းပင်ဖြစ်တော့သည်။

ဟိန်းသူဇာမှာရှက်လွန်းလို့ နောင်တွင် ရန်ကုန်ပြန်မည့်ရက်ကို ကြိုမပြောရဲတော့ပဲ တိတ်တိတ်ပြန်သွားရတတ်၏။

ဟိန်းသူဇာနှင့် ကိုကောင်းကျော်တို့အခြေအနေက ဤမျှသာ ဖြစ်ပါသည်။

ဟိန်းသူဇာဖက်က အလေးအနက်မထားခဲ့
သော်လည်း ၊
ကိုကောင်းကျော်နှင့် သူ့မိခင်ဒေါ်စိန်မြညိုတို့ ကမူ
ဟိန်းသူဇာကိုအပိုင်တွက်ထားခဲ့ကြသည်။
ထိုသို့– အပိုင်တွက်ထားခဲ့မှုများသည် ၊
နောင်တွင် ၊မိသားစုအလိုက် ရန်ညှိုး
ထားလောက်စရာ ပြဿနာကြီးဖြစ်လာလိမ့်မည်ဟု
ထိုစဉ်က ဟိန်းသူဇာ မထင်မိခဲ့ပါပေ။

\+ + + + +

ထိုအခေါက်က ၊ရန်ကုန်မပြန်ခင် အိမ်မှာဘုရားကိုးဆူလုပ် တော့ ဟိန်းသူဇာက ကိုဥက္ကာကိုဖိတ်လိုက်သည်။

မိဘများနှင့်ကိုဥက္ကာကိုလည်း မိတ်ဆက်ပေးခဲ့ပါသည်။

သည်လိုနှင့် ၊ဒုတိယနှစ်ကျောင်းပိတ်ရက် မြို့အပြန်တွင် ကိုဥက္ကာနှင့်ဟိန်းသူဇာတို့ ရင်းနှီးမှုစခဲ့ခြင်းဖြစ်ပါ၏။

♛♛♛♛♛

( ၂ )

ဟိန်းသူဇာ ရန်ကုန်တက္ကသိုလ်ကိုပြန်ရောက်သည့်ကာလတွင် လည်း ကိုဥက္ကာသည် ဧည့်သည်တစ်ယောက်အဖြစ် ဟိန်းသူဇာနေသော အဆောင်ကို ရောက်လာခဲ့လေသည်။

ရုံးကိစ္စဖြင့် ရန်ကုန်ကိုမကြာခဏလာရသောကိုဥက္ကာသည် ရန်ကုန်ရောက်တိုင်း ဟိန်းသူဇာဆီ ဝင်လည်တတ်သည်။

ရန်ကုန်ရုံးချုပ်မှာ သင်တန်းတစ်ခုတက်ရ၍ ၊ကိုဥက္ကာ ရန်ကုန်တွင် သုံးလခန့်ဆက်တိုက်ရှိနေချိန်တွင်တော့ ၊သင်တန်းပြီးချိန် ညနေခင်းတိုင်း ကိုဥက္ကာသည် ဟိန်းသူဇာကိုလာတွေ့တတ်ပြန်လေသည်။

ထိုအခါများတွင် အင်းလျားကန်ဘေးတွင် လမ်းလျှောက်ကာ ဘူးသီးကျော်ဆိုင် ထိုင်ရင်းဖြင့်လည်းကောင်း၊ အဓိပတိလမ်းပေါ် လမ်း လျှောက်ကြရင်းဖြင့်လည်းကောင်း အချိန်ဖြုန်းကာ စကားလက်ဆုံကျ တတ်ကြလေသည်။ ရံဖန်ရံခါတွင် ဟိန်းသူဇာဘေးမှာ မိန်းကလေးဖော် သူငယ်ချင်းတစ်ယောက်ပါလာတတ်သော်လည်း ၊တစ်ခါတစ်ရံတော့ နှစ်ယောက်တည်းလျှောက်ဖြစ်ကြပါသည်။

ထိုအခေါက်က သင်တန်းပြီးလို့ရန်ကုန်ပြန်ခါနီးတွင် ကိုဥက္ကာ က ဟိန်းသူဇာကိုမေတ္တာရှိကြောင်း ဖွင့်ဟသွားခဲ့ပါသည်။

ဟိန်းသူဇာက တတိယနှစ်ကျောင်းပိတ်ရက်ရောက်မှအဖြေပေး မည်ဟုပြန်ပြောလိုက်သည်။ တကယ်တော့ ဟိန်းသူဇာမှာ အဖြေရှိပြီး ဖြစ်ပါသည်။ သူမအနေဖြင့် ကိုဥက္ကာအပေါ်မှာ တိမ်းညွှတ်မိပါပြီ။ ကိုဥက္ကာ တွင် မက်လောက်စရာ ဓနဥစ္စာမရှိသော်လည်း ရိုးသားသည်။ ပညာ တတ်သည်။ အလုပ်တွင် တက်လမ်းရှိသည်ဆိုသောဂုဏ်ပုဒ်များကတော့ ရှိနေပါသည်။

ဟိန်းသူဇာခံယူချက်ကလည်း ရှင်းပါသည်။ သူမတွင် စည်းစိမ် ဥစ္စာပြည့်စုံပြီးဖြစ်၍ ဒါတွေကို မမက်မောပေ။ ရင်ထဲမှသန့်သန့်ရှင်းရှင်း ချစ်ရသော အချစ်စစ်ကိုသာ ဟိန်းသူဇာက လိုလားပါသည်။

သည်လိုနှင့် တတိယနှစ်ကျောင်းပိတ်ရက် မြို့အပြန်တွင် ကိုဥက္ကာမေတ္တာကို တုံ့ပြန်အဖြေပေးဖြစ်ခဲ့လေသည်။

မြို့မှာတော့ ဟိန်းသူဇာတို့ သိုသိုသိပ်သိပ်ပင် နေခဲ့ကြပါ၏။

ကိုကောင်းကျော်နှင့်ဒေါ်စိန်မြညိုတို့ဖက်က သိသွားမှာစိုးရိမ်သောကြောင့် ပင်။ မေမေတို့ကလည်း ကိုဥက္ကာနှင့်အခြေအနေကိုသိလျှင် ကိုကောင်း ကျော်နှင့် ဖွတ်စီစဉ်တာမျိုး လုပ်မလာဘူးလို့ မပြောနိုင်ဘူးမဟုတ်လား။

ဟိန်းသူဇာကတော့ ကိုကောင်းကျော်နှင့်သူမကို နှစ်ဖက်မိဘ က သဘောတူမျှထားသည့်အနေအထားကို ကိုဥက္ကာသိအောင် ပြောပြ ထားခဲ့ပါသည်။

သည်လိုနှင့် အခြေအနေမှန်ကို ကိုကောင်းကျော်ရော၊ မိဘများ ပါ မသိအောင် သိုသိုဝှက်ဝှက်နေနိုင်ခဲ့ကြပါသည်။

ချစ်သူတို့ဘာဝပျော်ရွှင်မှုကိုတော့ ကိုဥက္ကာ ရန်ကုန်ကိုရောက် လာသည့်အခါများမှသာ တက္ကသိုလ်ပတ်ဝန်းကျင်အတွင်း လှည့်လည် သွားလာရင်းဖြင့် ခံစားခဲ့ကြလေသည်။

"သူဇာ့အကြောင်းကိုတော့ မောင်အားလုံးသိထားပြီ၊ မောင့် အကြောင်းလည်း သူဇာ့ကိုပြောပြပါဦး မောင်"

"မောင့်အကြောင်းက ဘာမှအဆန်းတကြယ်မရှိပါဘူးသူဇာ ရယ်၊ သာမန်ဘဝမျိုးပါပဲ၊ သူဇာတို့လို ဝံ့ကြွားစရာခနေဥစ္စာလည်း မရှိပါ ဘူး၊ မောင့်မိဘတွေက အလယ်တန်းပြကျောင်းဆရာတွေပါ၊ ဖေဖေရော မေမေရော ကျောင်းဆရာတွေပဲ"

နောက်တစ်နေ့မှာ •ကိုဥက္ကာက သူ့မိဘတွေဓာတ်ပုံကို ယူလာပြသည်။

"ဖေဖေ့နာမည်က ဦးချစ်တင်၊ မေမေ့နာမည်က ဒေါ်ငြိမ်းရင် တဲ့၊ နှစ်ယောက်စလုံး ညောင်ဦးမြို့ အလယ်တန်းကျောင်းတစ်ကျောင်း က အလယ်တန်းပြဆရာတွေ၊ မောင့်ကိုညောင်ဦးမြို့မှာပဲမွေးတာ၊ မောင် ဘွဲ့ရခဲ့တာက မန္တလေးတက္ကသိုလ်မှာတက်ပြီး ဘွဲ့ရခဲ့တာပါသူဇာ၊ ဘွဲ့ရပြီး မှ ရန်ကုန်ဆင်းလာပြီးအလုပ်ရှာတော့ ဘဏ်က အငယ်တန်းအရာရှိ စာမေးပွဲဝင်ဖြေပြီး အလုပ်ရတာလေ၊ သူဇာတို့မြို့မှာ မောင့် ဖတ်စ်ပို့စတင် ကျတာပါပဲသူဇာ၊ ဘယ်လိုလဲသူဇာ၊ မောင်နဲ့သူဇာ့ကို သူဇာ့မိဘတွေက သဘောတူပါ့မလား"

"မေမေကတော့ တားမှာအမှန်ပဲ၊ မေမေက ဒေါ်စိန်မြညိုတို့ ကိုကတိပေးထားတာကို တန်ဖိုးထားတယ်လေ၊ ဖေဖေကတော့ ဒါလောက် တစ်ယူမသန်ပါဘူးမောင်၊ သူဇာ့ကိုလည်း အိမ်ထောင်ရေးမှာ သူဇာ့ အလိုကျဆုံးဖြတ်ဖို့ ပြောထားဖူးတာရှိတယ်၊ မိဘတွေသဘောတူအောင် သူဇာတို့ကြိုးစားရုံပေါ့မောင်"

"မိဘတွေသဘောမတူရင်ကော •သူဇာ မောင့်နောက်ကို လိုက်ရဲရဲ့လားဟင်"

"လိုက်ရဲပါတယ်မောင်၊ ဒါပေမယ့် •အဲဒီလို မိဘရင်ကို စုံကန်ပြီး ချစ်သူနောက်လိုက်ရတဲ့အခြေအနေမျိုးကို သူဇာဘယ်တော့ မှ အရောက်မခံဘူးမောင်"

"ဟင် •သူဇာရယ်"

"မောင်ကလဲ အတွေးလွဲနေပြန်ပြီ၊ သူဇာက မောင်နဲ့သူဇာ့ကို ဖေဖေမေမေတို့သဘောတူတဲ့အထိ ကြိုးစားမယ်၊ မိဘတွေကိုယ်တိုင် သဘောတူပြီးပေးစားရတဲ့အနေအထားမျိုးဖြစ်အောင်လုပ်မယ်လို့ ပြော တာပါမောင်ရဲ့"

"တော်ပါသေးရဲ့ဗျာ၊ မိဘရင်ကိုစုံကန်ပြီး မောင့်နောက်မလိုက် နိုင်ဘူးဆိုတော့ မောင်က စိတ်ပူသွားတာ"

"မောင်ရယ် •မောင့်မိဘတွေကလည်း လူကြီးလူကောင်း တွေပဲ၊ ကျောင်းဆရာဆိုတဲ့ဂုဏ်ကလည်း မသေးပါဘူးမောင်၊ မောင် တို့ မိသားဖသားပီပီလာတောင်းပေါ့၊ သဘောတူရမှာပေါ့မောင်"

"သူဇာ့မိဘတွေက ကိုကောင်းကျော်တို့နဲ့ပြောဆိုထားတာကို မျက်နှာပျက်ခံပါ့မလားသူဇာရယ်"

"အို •တရားဝင်စေ့စပ်ကြောင်းလမ်းထားတာမှမဟုတ်တာ၊ သင့်တော်မယ်ထင်လို့ လူကြီးချင်းကတိပေးထားရုံလောက်ပါ၊ ဖေဖေက သူဇာ့စိတ်တိုင်းကျဆုံးဖြတ်ဖို့ခွင့်ပြုထားပြီးသားပါဆို၊ ကိုကောင်းကျော် ကို ဒါလောက်ထည့်တွက်နေစရာမလိုပါဘူးမောင်၊ ကဲပါလေ• ဒါတွေ ကို ကြံရဖို့ အချိန်လိုပါသေးတယ်မောင်ရယ်၊ တွေ့ရတုံးအချိန်မှာ ပျော်ပျော် ပါးပါးနေစမ်းပါ၊ မောင်သာ မောင့်မိဘတွေကို ခုကတည်းက ကြိုပြီး အသိပေးထားနှင့် နော်"

"ကောင်းပါပြီသူဇာလေးရယ်"

♛♛♛♛♛

( ၃ )

သည်လိုနှင့် ဟိန်းသူဇာ ဘွဲ့ရသွားသည်။

ဟိန်းသူဇာဘွဲ့ရသည့်နှစ်တွင် ကိုဥက္ကာလည်း ရာထူးတိုးသည်။ ဒုတိယကြီးကြပ်ရေးမှူးရာထူးမှ ကြီးကြပ်ရေးမှူးရာထူးသို့တိုးမြှင့်ခံရ သည်။

ရာထူးလည်းတိုး၊ ဤမြို့တွင်တာဝန်ထမ်းဆောင်ခဲ့သည်မှာ လည်း သုံးနှစ်ရှိပြီမို့ အခြားမြို့ကိုပြောင်းရင်ပြောင်းရတော့မည်ဆိုကာ ကိုဥက္ကာက လက်ထပ်ဖို့ပူဆာလာလေသည်။

ဟိန်းသူဇာလည်း မိဘများကိုဖွင့်ပြောရတော့သည်။

ဖခင်ကြီးဦးဟိန်းစံက ပြင်းပြင်းထန်ထန်မပြောသော်လည်း မိခင် ဒေါ်ထားရီက ကန့်ကွက်လေတော့သည်။

"မဖြစ်ဘူးသမီး၊ မေမေတို့က မစိန်မြည်ိုတို့ကို ကတိပေး ထားပြီးသား"

"သမီးကိုကောင်းကျော်ကိုမေတ္တာမရှိဘူးမေမေ၊ ကိုယ်မချစ် နိုင်တဲ့လူတစ်ယောက်နဲ့တော့ တစ်သက်လုံးမနေပါရစေနဲ့မေမေရယ်"

"ခက်တာပဲသမီး၊ မေမေတို့ မစိန်မြည်ိုတို့ကို မျက်နှာပျက်ရ လိမ့်မယ်၊ အခင်မင်ပျက်ရလိမ့်မယ်၊ မောင်ကောင်းကျော်ကလည်း လူ လိမ္မာလေးတစ်ယောက်ပါသမီးရယ်"

"အို မေမေရယ်၊ သမီးသူ့ကိုမချစ်နိုင်ပါဘူးဆို"

"ချစ်တာမချစ်တာတွေက နောင်တော့လည်း အလကားပါအေ၊ လောကမှာအရေးကြီးတာက ချမ်းချမ်းသာသာနေရဖို့ပဲသမီး"

"မေမေပြောတာကိုသမီးမငြင်းပါဘူး၊ တကယ်လို့ သမီးမှာ ချစ်သူမရှိခဲ့ရင်တော့ ကိုကောင်းကျော်ကို လက်ခံရင်လက်ခံမိမှာပါ၊ အခုတော့ သမီးမှာ ချစ်ရမယ့်လူရှိနေပြီလေ"

"အဲဒါကိုက သမီးမှားတာပေါ့၊ မောင်ကောင်းကျော်နဲ့ မိဘတွေ ကစီစဉ်ထားမှန်းသိရက်နဲ့ ချစ်သူထားတာ သမီးမိုက်တာ၊ သမီးမှားတာ"

ဟိန်းသူဇာနှင့်ဒေါ်ထားရီတို့ အခြေအတင်ဖြစ်ခဲ့ကြသည်။

ဖခင်ကြီးဦးဟိန်းစံက ကြားဝင်ဖျောင်းဖျခဲ့ပါသည်။

"ကဲ–မထားရီ၊ ခုမှတော့ မထူးဘူး၊ မင်းလည်း တော်တော့၊ ငါ့သမီးကိုလည်း အပြစ်တင်မနေနဲ့တော့၊ သမီးလည်း ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်နေပြီပဲ၊ သူ့ဟာသူစဉ်းစားတတ်ပါတယ်လေ၊ မောင်ဥက္ကာ ဆိုတာလည်း လူကောင်းတစ်ယောက်ဆိုတာ တို့သိထားတာပဲ"

"လူကကောင်းပေမယ့် ငွေမရှိဘူးလေ ကိုဟိန်းစံ၊ ဒါလည်း ထည့်တွက်ဦး၊ မောင်ကောင်းကျော်က သူ့မိဘတွေအမွေကိုအကုန်ရမယ့် ကလေး၊ သူဌေးလောင်း"

"ဟ–ပိုက်ဆံက ငါတို့မှာရှိပြီးသားပဲ၊ ငါတို့အမွေလည်း ငါ့သမီး တစ်ယောက်တည်းခံစားရမှာ၊ လင်ယူမှ ပါလာမယ့်ငွေ ဘာမက်စရာ ရှိတုံး"

"ဟင်း မြှောက်ပေး၊ မြှောက်ပေး၊ တော်က မြှောက်ပေး နေ"

"ငါက မြှောက်ပေးနေတာမဟုတ်ပါဘူးမထားရီရယ်၊ သမီးမှာ သူနှစ်သက်တဲ့လူရှိလည်း ယူပါစေ၊ မောင်ကောင်းကျော်ကို မချစ်ခင် မနှစ်သက်ပဲ ပေါင်းနေလို့ တို့သမီးပဲ တစ်သက်လုံးစိတ်ဆင်းရဲနေရမှာ ပေါ့၊ ငွေမျက်နှာတစ်ခုတည်းကြည့်လို့မဖြစ်ဘူးလေမထားရီ၊ ငွေတွေ ကိုက်စားလို့မရပါဘူးကွာ၊ တို့မှာလည်း ငွေရှိပြီးသားဟာကို၊ ခေတ် လူငယ်တွေကို ချုပ်ချယ်ဖို့မကြိုးစားနဲ့မထားရီ၊ တို့ခေတ်နဲ့မတူဘူးကွဲ့"

ဟိန်းသူဇာက နားလည်မှုရှိလွန်းလှသောဖခင်ကြီးကို ကျေးဇူး တင်စွာကြည့်လိုက်လေသည်။

"ကျွန်မတော့ မစိန်မြည်ိုတို့ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ပါဘူးတော်"

\+ + + + +

"အဲဒါပဲမောင် ဖေဖေက သူဇာတို့ဖက်မှာရပ်တည်ပေးခဲ့ပါ တယ်၊ ဖေဖေက ခေတ်အမြင်ခေတ်အတွေးရှိတဲ့ လူကြီးတစ်ယောက် ပါမောင်"

ဟိန်းသူဇာက ဖေဖေ သူမဖက်မှရပ်တည်ပေးသည့်အတွက် အဆင်ပြေသွားကြောင်းကို ကိုဥက္ကာအား ပြန်ပြောပြလိုက်သည်။

"ယောက္ခမကြီးက တယ်ဟုတ်ပါလား"

"ကဲပါ– အဲဒါထားပါဦး၊ ဖေဖေကြားဝင်ပေးလို့ သူဇာတို့ကိစ္စ ပြေလည်တန်သလောက်ပြေလည်သွားပြီမောင်၊ မောင့်မိဘတွေခေါ်ပြီး တောင်းရမ်းဖို့ကိစ္စသာ မောင်စီစဉ်ပေတော့"

♛♛♛♛♛

## ( ၄ )

ညောင်ဦးမြို့မှ မောင့်မိဘများဖြစ်သောဦးချစ်တင်နှင့်ဒေါ်ငြိမ်းရင်တို့ ရောက်လာကြသည်။

ဘဏ်မှအရာရှိများ၊ အခြားဌာနများမှ မြို့နယ်အဆင့်အရာရှိများနှင့် မြို့မိမြို့ဖတစ်ချို့ကိုခေါ်လာကာ ကိုဥက္ကာက ဟိန်းသူဇာမိဘများဆီတွင် နားဖောက်တောင်းယူခဲ့ပါသည်။

မင်္ဂလာဆောင်ဖို့ကိုလည်း မောင့်မိဘများရှိနေစဉ် တစ်ခါတည်းစီစဉ်လိုက်လေတော့သည်။

\+ + + + +

ဟိန်းသူဇာသတင်းက နွေညမဆိုင်းပဲ ဒေါ်စိန်မြညိုတို့အသိုင်းအဝိုင်းကို ပေါက်ကြားသွားလေသည်။

စေ့စပ်ပြီး နောက်တစ်နေ့မနက်အစောကြီးတွင် ဒေါ်စိန်မြညိုဒေါ်နှင့်မောနှင့် ရောက်ချလာသည်။

''ဘယ်လိုလုပ်လိုက်တာလဲ မထားရီ၊ ကျွန်မသားနဲ့ပြောဆိုထားတဲ့ကြားက ဘာမဟုတ်တဲ့ ဝန်ထမ်းအစုတ်ပလုတ်နဲ့ပေးစားလိုက်တာရှင်တို့ဘာသဘောလဲ''

''အို မစိန်မြညို၊ ကျွန်မတို့ပြောဆိုထားတာကလည်း ပြောထားတာပဲပေါ့ရှင်၊ ခေတ်ကလေးတွေဆိုတော့လည်း ခက်သားလားမစိန်မြညိုရယ်၊ သူတို့က သူတို့အမောက်ကလေးနဲ့သူတို့ ရှင်ရဲ့၊ ကျွန်မတို့ငယ်ငယ်ကလို မိဘစီမံသမျှ နာခံတော့တာမျိုးမဟုတ်ဘူး၊ ကျွန်မတောင်းပန်ပါတယ်ရှင်ရယ်''

ဒေါ်ထားရီက အောက်ကျခံတောင်းပန်ရှာပါသည်။

ဒေါ်စိန်မြညိုက သူတို့သိက္ခာကျတယ်ဟုယုံကြည်ကာ မလျှော့နိုင်ပဲ ရန်တွေ့လို့ချည်းနေပါသည်။

''ဘယ့်နှယ်တော် ကျွန်မသားလို မိဘအမွေတွေအကုန် ရမယ့်သူဌေးသားတစ်ယောက်ကိုများ ငြင်းရတယ်လို့၊ ဟိုအကောင်က ဘာအရည်အချင်းတွေများရှိနေလို့လဲ၊ တစ်လတစ်ပဲခြောက်ပြားနဲ့ လခစားဝန်ထမ်းများအထင်ကြီးလို့''

ဟိန်းသူဇာသည် အိမ်အပြင်ကိုမထွက်ရဲပဲ အခန်းထဲမှပင် နားစွင့်ထောင်နေရ၏။

''ရှင့်သမီးက သူကိုယ်တိုင်ဆယ်တန်းလေးအောင် ဘွဲ့လေးရ တော့ ဘဝင်မြင့်နေတယ်မှတ်တယ် မထားရီ၊ ကျွန်မသားကို တော့ ဆယ်တန်းမအောင်ဘူးပေါ့လေ၊ ဟိုအကောင်က ဘွဲ့ရဆိုတော့ အထင်ကြီးတယ်ထင်ပါ့၊ ဘွဲ့ရဆိုတော့ကော ဘာများအထင်ကြီးစရာရှိလဲ၊ လခလေးတစ်ပဲခြောက်ပြားများ၊ သူ့လခများ ကျွန်မတို့တစ်နေ့ဝင်ငွေတောင်မရှိဘူး၊ ထွီ–''

''ဒီမယ်မစိန်မြညို၊ ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျွန်တော့်သမီးက ခင်ဗျားသား ဘွဲ့မရတဲ့အကြောင်းလည်း မပြောဖူးဘူး၊ အထင်ကြီးပါတယ်၊ အထင်သေးပါတယ်လည်း မပြောဖူးဘူး၊ ခင်ဗျားသားအကြောင်း ဘာဆိုဘာမှမပြောဖူးဘူးဗျ၊ သူ့ဟာသူ သူနှစ်သက်တဲ့လူနဲ့ယူချင်လို့ ဟိုဖက်ကလည်း မိသားဖသားပီပီလာတောင်းလို့ ကျွန်တော်တို့က ပေးစားလိုက်တာဗျ၊ မဆီမဆိုင် ခင်ဗျားလာရမ်းမနေ ပါနဲ့''

ဦးဟိန်းစံက အိမ်ခန်းထဲမှထွက်လာပြီးပြောလိုက်ခြင်းဖြစ်ပါ သည်။

''မရမ်းပါဘူး၊ မရမ်းပါဘူး၊ ကျုပ်က မခံချင်လို့လာပြောတာ ပါ၊ ကျုပ်သားကိုငြင်းပြီး ဘာမဟုတ်တဲ့ ဘယ်အရပ်သားမှန်းမသိတဲ့လူကို ယူလိုက်တာ ခံပြင်းလွန်းလို့လာပြောတာပါတော်၊ ဒီမယ်– ကိုဟိန်းစံ၊ မထားရီ၊ ကျွန်မတို့ကလည်း ရှင့်တို့သမီးထက်သာတဲ့မိန်းမကို ကျွန်မသားနဲ့ပေးစားပြမယ်ရှင့်၊ ပေးစားပြမယ်၊ သိရဲ့လား''

''မစိန်မြညို၊ ခင်ဗျားက ပြိုင်ပွဲလုပ်နေတယ်များ ထင်နေ သလား''

''ထင်တယ်၊ ကျွန်မကတော့ ဒါကိုပြိုင်ပွဲတစ်ခုလို့ ခုအချိန် ကစပြီး ယူဆလိုက်ပြီ၊ ကျွန်မသားနဲ့ယူမယ့်မိန်းမဟာ ရှင့်တို့သမီးထက် အစစသာစေရမယ်ရှင့်၊ ဒါပဲ''

''ပေးစားပြစမ်းပါဗျာ၊ ကြည့်ရအောင်လို့၊ ခင်ဗျားသားကို ဘုရင်ခံ့သမီးနဲ့ရအောင်ပေးစားဗျ၊ သိလား၊ ဟားဟား ''

''အို ကိုဟိန်းစံကလဲ ''

ဒေါ်စိန်မြညိုကတော့ ဆွေ့ဆွေ့ခုန်အောင်စိတ်ဆိုးပြီး ပြန်ချသွားလေတော့သည်။

\+ + + + +

ထိုအချိန်မှစ၍ ဒေါ်စိန်မြညိုတို့မိသားစုနှင့် မိတ်ဆွေခန်းပြတ် သွားရပါတော့သည်။

ဟိန်းသူဇာနှင့်ကိုဥက္ကာတို့မင်္ဂလာဆောင်ကို ဖိတ်ကြားသော် လည်း မလာရောက်ပါ။

မောင်နှင့်သူဇာတို့ ၁၉၈၈ခုနှစ်၊ နိုဝင်လာလ(၂၀)ရက် တနင်္ဂနွေ နေ့မှာ မင်္ဂလာဆောင်ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

နောင်နှစ် • ၁၉၈၉ခုနှစ် သည်လိုအချိန်မှာ ဟိန်းသူဇာတို့ မိသားစုဘဝတစ်ခုလုံး ပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းလဲသွား မည်ကိုတော့ ဟိန်းသူဇာ ကြိုတင်မသိရှိခဲ့ပါပေ။

ကိုဥက္ကာနှင့်ဟိန်းသူဇာတို့အိမ်ထောင်ရေးမှာ တစ်နှစ်ပင်မခံ ခဲ့ပါ။

♛♛♛♛♛

( ၅ )

မင်္ဂလာဆောင်ပြီးနောက် ကိုဥက္ကာသည် ဟိန်းသူဇာတို့အိမ်မှာ ပြောင်းနေသည်။

ဦးဟိန်းစံက • အစိုးရအလုပ်မှထွက်ပြီး သူပိုင် ပန်းထိမ် လုပ်ငန်းကို ဝင်ပြီးကြီးကြပ်ဖို့တိုက်တွန်းသော်လည်း ကိုဥက္ကာက သူမကျွမ်း ကျင်၊ ဝါသနာလည်းမပါသောအလုပ်ကို မလုပ်လိုပါဆိုကာ ငြင်းပယ်လိုက် သည်။ ဘဏ်မှာပင် ကြီးကြပ်ရေးမှူးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေ ခဲ့ပါ၏။

ကိုဥက္ကာနှင့်ဟိန်းသူဇာတို့အိမ်ထောင်ရေးမှာ အဆင်ပြေနေခဲ့ ပါ၏။

လက်ထပ်ပြီး တစ်လကျော်အကြာတွင် ဟိန်းသူဇာ၌ကိုယ်ဝန် ရှိလာခဲ့သည်။

ကိုယ်ဝန်လရင့်လာချိန်၌ အာထရာဆောင်းရိုက်ကြည့်သည့်အခါ ကိုယ်ဝန်မှာ အမွှာကိုယ်ဝန်ဖြစ်နေကြောင်းသိခဲ့ရလေသည်။

အမွှာပူးကလေးနှစ်ယောက်မှာ ယောကျာ်းလေးများဖြစ်ကြောင်း လည်း သိခဲ့ရသည်။

ယောကျာ်းလေးနှစ်ယောက် အမွှာကိုယ်ဝန်ဖြစ်ကြောင်း သိ လိုက်ရသည်တွင် တစ်မိသားစုလုံးပျော်သွားကြလေ၏။

သည်လိုနှင့် • ကိုဥက္ကာနှင့်ဟိန်းသူဇာတို့အိမ်ထောင်ရေး တွင် အနှောက်အယှက်အခက်အခဲမရှိ အေးချမ်းစွာနေလာခဲ့ရာမှ •

သားကလေးများ ကိုယ်ဝန် (၇)လရှိသည့်အချိန်တွင် •

ကံကြမ္မာဂြိုဟ်ဆိုးက ဝင်ရောက်လာခဲ့ခြင်းပင်ဖြစ်ပါတော့သည်။

ကြမ္မာဆိုးကိုယူဆောင်လာသူကား •

''ဟိန်း''မိသားစုအပေါ်တွင် • ရန်သူအဖြစ် တစ်ဖက်သတ် သတ်မှတ်ကာ ရန်ညှိုးထားနေသော •

ဒေါ်စိန်မြညိုပင်ဖြစ်ပါတော့သည်။

♛♛♛♛♛

( ၆ )

ထိုနေ့က ဟိန်းသူဇာသည် အောက်ဆုံးထပ် ရွှေထည်အရောင်း ခန်းမကြီး၏ကောင်တာတွင် ထိုင်နေခဲ့သည်။

ရွှေဆိုင်ထဲမှာလည်း ရွှေဝယ်ရန်လာသူများ၊ ရွှေရောင်းရန် လာသူများ၊ ရွှေပန်းထိမ်အပ်ရန်လာသူများဖြင့် ပြည့်ကျပ်နေပေ၏။

ဟိန်းသူဇာမှာ ကိုယ်ဝန်(၇)လနှင့်မို့ အရောင်းကောင်တာမှာ ပင်ငြိမ်ငြိမ်သက်သက်ထိုင်ကာ အရောင်းဝန်ထမ်းမိန်းကလေးများ ဘောက်ချာဖြတ်ခြင်း၊ ရွှေချိန်တွယ်ခြင်းများကို ကြည့်ရှုစစ်ဆေးနေခဲ့ သည်။

မေမေဒေါ်ထားရီကတော့ ဆိုင်အတွင်း ဟိုသည်လျှောက်ကာ ညှော်သည်များကိုလည်း ညှော်ခံရင်း ဝန်ထမ်းများကိုကြီးကြပ်ပေးလျှက် ရှိပါသည်။

ဖေဖေဦးဟိန်းစံလည်း အလည်ထပ် ပန်းထိမ်ဖိုမှဆင်းလာကာ ကောင်တာနောက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ မှိန်းနေသည်။

ရုံးဖွင့်ရက်ဖြစ်၍ ထိုအချိန်၌ ကိုဥက္ကာရုံးသွားနေပါသည်။

ထိုသို့ • ရွှေဆိုင်ထဲတွင် လူအကျဆုံးအချိန်၊ မိသားတစ်စု တစ်စုတစ်စည်းတည်းရှိနေချိန်မှာမှ • ဒေါ်စိန်မြညိုရောက်ရှိလာခြင်း ဖြစ်ပါ၏။

နောင် • ပြန်တွေးကြည့်တော့ သည်လိုအချိန်မျိုးကို တမင် ရွေးချယ်လာရောက်ခြင်းဖြစ်တာကို ဟိန်းသူဇာတို့ သဘောပေါက်လာ ရပါသည်။

ဒေါ်စိန်မြညိုတို့ကားကြီးဆိုင်ရှေ့မှာ ထိုးဆိုက်လိုက်ကတည်းက ဒေါ်ထားရီရော၊ ဟိန်းသူဇာပါ အံ့အားသင့်သွားရပါသည်။

ကားပေါ်မှ အပြုံးမျက်နှာဖြင့် ဝင့်ထည်စွာဆင်းလာသော

ဒေါ်စိန်မြညိုကိုမြင်သည်တွင် ပို၍ပင် အံ့အားသင့်သွားကြလေသည်။

ဒေါ်စိန်မြညိုသည် ဟိန်းသူဇာ ကိုဥက္ကာနှင့်အိမ်ထောင်ကျပြီး ကတည်းက သူတို့ကိုအဆက်ဖြတ်ထားခဲ့ခြင်းဖြစ်သည်။ မင်္ဂလာဆောင် ကိုလည်းမလာ၊ လမ်းတွေ့လျှင်တောင် နှုတ်မဆက်ပဲမျက်နှာလွှဲသွား သည်။ ပွဲလမ်းသဘင်များမှာဆိုလျှင်လည်း ရှောင်ထွက်သွားတတ်သည် မဟုတ်ပါလား။

ဦးဟိန်းစံကတော့ .ကောင်တာနောက်မှာထိုင်နေသည်မို့ ဒေါ်စိန်မြညိုရောက်လာတာကို မသိသေး။

ဒေါ်စိန်မြညိုနောက်တွင် ဒရိုင်ဘာက အထုပ်ကြီး၊ အထုပ်ငယ် များကိုပိုက်ကာ ပါလာသည်။

ဒေါ်ထားရီက ရိုးသားသူပီပီ မခေါ်နိုင်မပြောနိုင်ဖြစ်နေသော ဒေါ်စိန်မြညိုကို ပြုံးပြုံးရွှင်ရွှင်ရောက်လာတာတွေ့လိုက်ရ၍ ဝမ်းသာသွား လေသည်။

"ဩော်. မစိန်မြညို၊ ဘယ်ကလှည့်လာသလဲ၊ လာပါ . လာပါ"

"မထားရီရေ .အညာကိုဘုရားဖူးသွားပြီး ပြန်လာခဲ့တာ လေ၊ လက်ဆောင်ပစ္စည်းလေးတွေလာပေးတာ၊ အထဲအထိ မဝင်တော့ ပါဘူး၊ ဟဲ့–မောင်လှ၊ ပစ္စည်းတွေပေးလိုက်"

ဒေါ်စိန်မြညိုအသံက လိုသည်ထက်ပိုပြီး ကျယ်လောင်နေလေ သည်။

ဒေါ်စိန်မြညိုအသံကြောင့် ဆိုင်အတွင်းမှာရှိနေသူအားလုံးက လှည့်ကြည့်လာကြသည်။

ဆိုင်ထဲရောက်နေသူများထဲတွင် "ဟိန်း"မိသားစုနှင့် ဒေါ်စိန် မြညိုမိသားစုတို့အကြိတ်အခဲကို သိထားကြသူများလည်း ရှိနေသည်။ မြို့ကလေးကကျဉ်းတော့ မြို့မျက်နှာဖုံးလိုဖြစ်နေသော သူဌေးသူကြွယ် များပြဿနာကို သိထားကြခြင်းပင်ဖြစ်ပါသည်။

အားလုံးက ဒေါ်စိန်မြညို ဟိန်းရွှေဆိုင်ရှေ့ကိုရောက်လာခြင်း ကို အံ့အားတသင့်ဖြင့် စောင့်ကြည့်နေမိကြလေ၏။

ထိုအချိန်တွင် .ဒေါ်စိန်မြညို၏ကျယ်လောင်သောအသံ ကြောင့် မှိန်းနေသောဦးဟိန်းစံလည်း လန့်နိုးသွားလေ၏။

"လာပါ .အထဲဝင်ပါဦး မစိန်မြညိုရဲ့၊ အအေးလေးဘာလေး ."

"မဝင်တော့ဘူးမထားရီ၊ ကျွန်မပြောစရာရှိလို့လာတာ"

ဒေါ်စိန်မြညိုက ဒေါ်ထားရီစကားဆုံးအောင်ပင် မစောင့်ပဲ အသံမြှင့်၍ပြောလိုက်သည်။

"ပြောစရာရှိလို့မထားရီ၊ ရှင်တို့အတွက် ကျွန်မမှာ စိတ် မကောင်းလွန်းလို့ပါ၊ မိတ်ဆွေချင်းဆိုတော့ စိတ်မကောင်းပေမယ့် ပြောထားမှဆိုပြီး လာခဲ့ရတာ၊ တကယ်ကို စိတ်မကောင်းပါဘူးမထားရီ ရယ်"

"ဘာများပါလိမ့်မစိန်မြညို၊ ရင်တုန်ပန်းတုန်ရှိလိုက်တာရှင်"

"အမလေး .ကျွန်မပြောတာကြားလိုက်ရင် ရှင့်တို့ တစ် ကိုယ်လုံးတုန်သွားမယ်၊ ရွှေဆိုင်တစ်ဆိုင်လုံး တုန်သွားလိမ့်မယ် မထားရီရေ့"

"ဟင် ."

"ပြောရမှာတော့ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ ပုဂံကို ဘုရားဖူးသွားတာလေ၊ ပုဂံမှာ ရှင့်သမက်ဥက္ကာနဲ့ပတ်သက်တဲ့သတင်း တွေကြားခဲ့ရတယ်"

"ဟင် ."

"ကျွန်မလိုက်စုံစမ်းတာမဟုတ်ပါဘူး၊ အလိုလိုသိခဲ့ရတာပါ၊ ကျွန်မဖြင့်စိတ်မကောင်းလွန်းလို့ ဟင်း .ဟင်း ."

စိတ်မကောင်းဘူးဆိုသော်လည်း ဒေါ်စိန်မြညိုအသံက ရွှင်နေ သွက်နေသည်။

"ဘာ .ဘာများပါလိမ့်"

"ဥက္ကာအကြောင်းတွေသိခဲ့ရတာလေ"

ဒေါ်စိန်မြညိုက အသံကိုပိုကျယ်အောင် မြှင့်လိုက်ပြန်သည်။ ရွှေဆိုင်အတွင်းရှိလူများအားလုံး ပါးစပ်အဟောင်းသားဖြင့် ဒေါ်စိန်မြ ညိုကိုငေးကြည့်နေကြ၏။ အလည်ထပ်ပန်းထိမ်ဖိုမှအလုပ်သမားများပင် ဝရံတာမှထွက်ကာ အောက်ကိုငုံ့ကြည့်လာကြသည်။

ဟိန်းသူဇာလည်း ကိုဥက္ကာအကြောင်းဆို၍ ရင်ထိတ်စွာ နားစွင့် ထားမိလေ၏။

"ဒီမယ်မထားရီ၊ ရှင့်သမက်ဥက္ကာက သူတောင်းစားမျိုး၊ ကယ်ပါမျိုးတော့"

ဒေါ်စိန်မြညို၏ကျယ်လောင်သောအသံ။

“အမလေး ..”

ဒေါ်ထားရီ၏အာမေဋိတ်သံ။

“ဟင်” “ဟာ” “ဟယ် .” “အို .”ဆိုသည့် အသံပေါင်းစုံက ရွှေဆိုင်ထဲတွင် ဖုံးလွှမ်းသွားလေသည်။

ဟိန်းသူဇာမိုက်ခနဲဖြစ်သွား၏။

“သူ့အဖေက အနူကြီး”

ဒေါ်စိန်မြညို၏ကျယ်လှသောအသံ။

ဦးဟိန်းစံသည် ပက်လက်ကုလားထိုင်ပေါ်မှထလိုက်သည်။

“သူ့အဖေက အနူကြီး၊ အနူရုံကိုပို့ထားရတာ၊ သူတို့အမျိုးက တစ်မျိုးလုံးနူနေကြတာ၊ အနူတွေ၊ သူတောင်းစားတွေတဲ့”

“တော်ပါတော့၊ တော်ပါတော့”

“ရှင်တို့သိရအောင် ပြောပြထားတာပါ၊ ဥက္ကာမိဘတွေဆိုပြီး ဒီကိုလိုက်လာတဲ့လင်မယားကလည်း သူပိုက်ဆံပေးငှားလာလေ၊ သူ့မိဘ အစစ်မဟုတ်ဘူး၊ အတုတွေ၊ သူ့အဖေအရင်းက နူနေတာ၊ ဥက္ကာ အဖေအရင်းက နူနေတာ၊ အနူရုံကိုပို့ထားရတဲ့ အနူကြီး”

“အနူလက်နဲ့ ရွှေခွက်နှိုက်တယ်ဆိုတာ ဒါမှ အစစ်၊
အနူ့သားက . ပန်းထိမ်ဖိုပိုင်ရှင်၊ ရွှေ ဆိုင်ပိုင်ရှင်
ရှင်တို့ပစ္စည်းတွေကိုမက်မောပြီး . သိုက်တူးတာလေ၊
ရှင့်သမီးကို လိမ်ယူတာ၊ **အနူ လက်နဲ့
ရွှေခွက်နှိုက်တယ်**–ဆိုတာ ဒါမှအစစ်ပဲ”

“ရှင်တို့အလိမ်ခံလိုက်ရတာ၊ ရှင်တို့သိုက်တူးခံလိုက်ရတာ၊ အနူ့သား ပိုင်းလုံးကောင် သိုက်တူးတာကို ရှင့်သမီးခံလိုက်ရတာ၊ ဒါတွေ ကျွန်မသိခဲ့ရတာကို ဖုံးမထားချင်လို့ စေတနာနဲ့လာပြောတာပါမထားရီ ရယ်၊ မယုံရင်လည်း ကိုယ့်သမက်ကိုယ် ပြန်မေးကြည့်၊ စစ်ကြည့်ဦးပေါ့၊ ကျွန်မပြန်မယ်နော် .အဟင်း .ဟင်း .”

အားရအောင်ပြောအပြီးတွင် .ဒေါ်စိန်မြညိုက ကားဆီသို့ ကျော့မော့စွာလျှောက်လှမ်းသွားကာ ကားတံခါးကို “ဂျိမ်း”ကနဲ ပိတ် လိုက်လေတော့သည်။

“အမလေး .သမီး .သမီးရေ .ဖြစ်ရလေသမီး လေးရယ်၊ ကိုယ်ကျိုးနည်းပါပေါ့လား၊ ကိုယ်ကျိုးနည်းပါပေါ့လား သမီးရဲ့”

ဒေါ်ထားရီလက်ထဲမှ လက်ဆောင်ပစ္စည်းများ အောက်ကိုလွတ် ကျကုန်သည်။ ဆိုင်ဝန်ထမ်းမိန်းကလေးအချို့ ဒေါ်ထားရီဆီပြေးသွား ၏။

“မေမေ .မေမေ”

ဟိန်းသူဇာကောင်တာကုလားထိုင်မှ ထရန်ပြင်သည်။ ကိုယ်ဝန် အရင့်အမာနှင့်မို့ ချက်ချင်းထလို့မရ။

ဟိန်းသူဇာ ကုလားထိုင်မှထပြီး ကောင်တာထဲမှထွက်မည်ပြင် ဆဲ .

“မမ .မမ၊ ဟိုမှာ .ဘဘကြီး .ဘဘကြီးလဲသွား ပြီ၊ ကြီးကြီးဆီ ကျွန်မတို့သွားပါမယ်၊ ဘဘကြီးကို ကြည့်ပါမမ”

အရောင်းစာရေးမလေးက ကောင်တာနောက်ကိုလက်ညှိုးထိုး ပြရင်းပြောလိုက်မှ နောက်ကိုလှည့်ကြည့်လိုက်ရာ .

ဦးဟိန်းစံသည် နားထင်ကိုလက်ဖြင့်ထောက်ရင်း လဲကျသွား လေ၏။

“ဖေဖေ .ဖေဖေ၊ အမလေး .လာကြပါဦး”

ဟိန်းသူဇာအနားကိုရောက်တော့ ဖေဖေ့မှာ သတိလစ်နေလေ ပြီ။

ဝန်ထမ်းမိန်းကလေးများဝိုင်းပြုစုလိုက်သောကြောင့် ဒေါ်ထား ရီက ချက်ချင်းသတိပြန်လည်လာသည်။ ဟိန်းသူဇာအော်သံကြောင့် ဦးဟိန်းစံသတိလစ်သွားတာကိုသိလိုက်ပြီး သူ့ကိုယ်သူထက်ပင် စိုးရိမ်သွား လေသည်။

“ညီးတို့ဘဘကြီးကိုကြည့်၊ ဘဘကြီးက သွေးတိုးရှိတယ်၊ သွား– တစ်ယောက်က ဆရာဝန်ပြေးခေါ်ချေစမ်း၊ ဒရိုင်ဘာခေါ်သွား ပြီး ဒေါက်တာမျိုးဝင်းကိုပင့်ခဲ့”

ရွှေဆိုင်တစ်ခုလုံး ယောက်ယက်ခတ် လှုပ်ရှားသွားလေတော့ ၏။

♛♛♛♛♛

## ( ၇ )

ဒေါက်တာမျိုးဝင်းရောက်လာတော့ ဦးဟိန်းစံအခြေအနေကို အားမရ၍ ဆေးရုံတင်ခိုင်းလိုက်သည်။

ရွှေဆိုင်ကို ချက်ချင်းအရောင်းပိတ်ပစ်လိုက်ကာ ဆိုင်တံခါး အိမ်တံခါးများကိုသော့ခတ်၍ ဦးဟိန်းစံကို ဆေးရုံပို့ရတော့သည်။

ဆေးရုံအရောက်တွင် သတိရလာသောဦးဟိန်းစံက ပြော၏။

''မောင်ဥက္ကာဘယ်မှာလဲ''

''လိုက်လာပါလိမ့်မယ်ဖေဖေ၊ ရုံးကပြန်မရောက်သေးလို့ပါ''

''မောင်ဥက္ကာကိုခေါ်ပေးစမ်း၊ ဖေဖေမေးမယ်''

ကိုဥက္ကာကို တစ်ယောက်ကသွားအကြောင်းကြားသဖြင့် ရုံးဆင်းချိန်မတိုင်ခင် ကိုဥက္ကာအိမ်ပြန်လာသည်။ အိမ်ပြန်အရောက်တွင် အကြောင်းစုံကို သူသိသွားလေပြီ။

ကိုဥက္ကာမျက်နှာပျက်နေသော်လည်း ဘယ်သူကမှ ဘာမှမမေးသေး။ ဦးဟိန်းစံအခေါ်လွှတ်လိုက်သည့်အတိုင်း ဆေးရုံကိုလွှတ်လိုက်လေသည်။

ဆေးရုံတွင် ဦးဟိန်းစံရှေ့သို့ ကိုဥက္ကာအရောက် ...

''မောင်ဥက္ကာ''

''ဦးလေး''

''စိန်မြည်သိုပြောသွားတဲ့စကားတွေ မင်းကြားပြီးပြီလား''

''ဟုတ်ကဲ့ပါဦးလေး''

''စိန်မြည်သိုပြောသွားတာတွေဟာ အမှန်တွေပဲလား''

''ဟုတ်-ဟုတ်ကဲ့၊ ကျွန်တော့်အဖေဟာ ကိုယ် ..ကိုယ်ရေပြားရောဂါသည်ဆိုတာ .. ဟုတ်-ဟုတ်ပါတယ်ဦးလေး''

''ဟင် .. မင်း .. မင်း ..''

ဦးဟိန်းစံက ကိုဥက္ကာကို မျက်လုံးကြီးအပြူးသားဖြင့်ကြည့်ကာ ခေါင်းက ခေါင်းအုံးပေါ်မှကြွလာသည်။

''မင်း ..မင်းကွာ .. ရက်စက် ..''

မချိတင်ကဲအသံကြီးဖြင့်ပြောရင်း စကားဆုံးအောင်ပင်မပြောနိုင်တော့ပဲ .. ဦးဟိန်းစံဇက်ကျိုးကျသွားလေတော့သည်။

''အမလေး .. ကိုဟိန်းစံရဲ့၊ အဖြစ်ဆိုးလှချည်လား၊ ရှင် ကာဆီး ကာဆီးလုပ်ပေးနေကျ ရှင့်သမက်က ရှင့်ကိုသတ်လိုက်ပြီ၊ ဥက္ကာက ရှင့်ကိုသတ်လိုက်ပြီတော့''

♛♛♛♛♛

## ( ၈ )

''ရှင့်မျက်နှာကို ကျွန်မမမြင်ချင်ဘူး၊ ရှင်ထွက်သွားပါ''

''သူဇာ ..သူဇာရယ် ..မောင်ရှင်းပြပါရစေဦး''

''ရှင်းပြမနေနဲ့၊ ရှင်ကိုယ်တိုင်ဝန်ခံပြီးပြီပဲ၊ ရှင့်အဖေဟာ အနူဆိုတာ ရှင်ဝန်ခံလိုက်ပြီပဲ၊ ရှင်တို့အမျိုးက အနူမျိုး၊ ရှင် ကျွန်မ အိမ်ပေါ်က ဆင်းသွားပါ''

''သူဇာ ..အနူလို့ ရင့်ရင့်သီးသီးမသုံးပါနဲ့ကွယ်၊ ကိုယ်ရေပြား ရောဂါသည်ပါ၊ ကိုယ့်အဖေက ကိုယ်ရေပြားရောဂါသည်ပါ သူဇာရယ်''

''ဘာထူးသလဲ၊ အနူဟာ အနူပါပဲ၊ နူတာနူတာပဲပေါ့၊ ရှင့် အဖေအရင်းက အနူရုံရောက်နေတယ်ဆိုတာလည်း တကယ်ပဲပေါ့၊ ဟုတ်လား''

''ရောဂါသည်မို့လို့ ကိုယ်ရေပြားရောဂါသည်စခန်းကိုပို့ထားရ ပါတယ်သူဇာ၊ အနူရုံလို့ မခေါ်ပါဘူး၊ အနူမျိုးဆိုတာလည်း မဟုတ်ပါဘူး၊ မောင်တို့ဟာ သူတောင်းစားမျိုးရိုး၊ ကယ်ပါမျိုးရိုးလည်း မဟုတ်ရ ပါဘူးကွယ်၊ အဖေ ဖြစ်ရတာလည်း ဝဋ်နာကံနာပါ၊ ဝဋ်ရှိလို့ဖြစ်ရတာ ပါသူဇာရယ်၊ အဖေဟာ မောင်တို့ကို ပန်းရံလုပ်ရင်း လုပ်ကိုင်ကျွေးမွေး ခဲ့ပါတယ်၊ ကိုယ်ရေပြားရောဂါဖြစ်လာတော့ မတတ်သာပဲ ကိုယ်ရေပြား ရောဂါသည်စခန်းကို ပို့ထားလိုက်ရတယ်၊ အဲဒါပါပဲသူဇာ''

''ရှင့်ကိုမွေးခဲ့တဲ့အမေကရော''

''အမေက အဖေရောဂါရပြီး မကြာခင်ပဲ ဆုံးသွားတယ်''

''ဒါနဲ့ပဲရှင်က ကျွန်မကိုရဖို့ မိဘဆိုပြီး .. ကျောင်းဆရာ လင်မယားကို ပိုက်ဆံပေး ငှားလာတာပေါ့လေ''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ မောင့်ကိုဒီလိုမစွပ်စွဲနဲ့သူဇာ၊ ဒေါ်စိန်မြည်သိုပြောသမျှ မယုံပါနဲ့၊ ဦးချစ်တင်နဲ့ဒေါ်ငြိမ်းရင်က မောင့်ကို

မွေးစားထားတဲ့ မွေးစားမိဘတွေပါ၊ မောင်အမှန်အတိုင်း အကုန်အစင် ပြောပြပါတော့မယ် ။

''မောင့်အဖေ ရောဂါရပြီး ရောဂါသည်စခန်းကို ပို့လိုက်ရတယ်၊ မောင့်အမေလည်းဆုံးသွားတယ်၊ မောင့်ကိုအရပ်ထဲက မိဘမဲ့ကျောင်းကို ပို့ပေးကြတယ်၊ မိဘမဲ့ကျောင်းမှာ ၂–နှစ်နေပြီးမှ ဦးချစ်တင်နဲ့ဒေါ်ငြိမ်းရင်က မောင့်ကိုစာချုပ်စာတမ်းနဲ့မွေးစားခဲ့တာပါ၊ ဦးချစ်တင်တို့ကလည်း အဖေတို့နဲ့ ရပ်ဆွေရပ်မျိုးတွေ၊ နဂိုကတည်းက သိကြပြီးသားပါ၊ ဦး ချစ်တင်၊ ဒေါ်ငြိမ်းရင်ကျေးဇူးနဲ့ မောင်ပညာတတ်ခဲ့ရတယ်၊ ဒီအခြေအနေရောက်ခဲ့ရတယ် ။

''ဦးချစ်တင်တို့ကို ခုမှပိုက်ဆံပေးငှားလာတယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲသူဇာ၊ မောင့်မိဘတွေအကြောင်းကို သူဇာသိချင်တယ်ဆိုတုံးက မောင် သူတို့ဓာတ်ပုံကိုပြခဲ့ဖူးတယ်လေ၊ ပြန်စဉ်းစားကြည့်ပါဦး၊ ခုမှအကွက်ရိုက်ပြီးစီစဉ်လာတာ မဟုတ်ပါဘူးသူဇာရယ်၊ ဦးချစ်တင်တို့ မောင့်ကိုမွေးစားထားတဲ့စာချုပ်စာတမ်းတွေလည်း ပြနိုင်ပါတယ်သူဇာ''

''ဘာပဲဖြစ်ဖြစ် ... ကျွန်မ ရှင့်ကိုမသတီတော့ဘူး၊ ဒါတွေကို အစကတည်းက ဘာလို့ဖွင့်မပြောသလဲ၊ ဒါ ရှင်မရိုးသားတာပဲ''

''မောင့်အပြစ်ပါပဲသူဇာ၊ မောင်ဖွင့်ပြောဖို့ကြိုးစားပါတယ်၊ မောင်ရှက်လို့ဖွင့်မပြောမိတာပါ၊ ဒါပေမယ့် ... မောင် တစ်သက်လုံး မြိုသိပ်ထားဖို့မဟုတ်ပါဘူးသူဇာရယ်၊ တစ်ချိန်မှာ သူဇာ့ကို မောင်ဖွင့်ပြောပြမှာပါ''

''ဘာလဲ၊ ရှင့်ကိုမခွဲနိုင်အောင် ချည်ပြီးတုပ်ပြီးဖြစ်မှ ရှင်က ပြောမှာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ... ကျွန်မ ရှင့်ကိုရွံသွားပြီ၊ ဖေဖေသေရတာလဲရှင့်ကြောင့်''

''သူဇာရယ် ...''

''ဖေဖေဟာ ကျွန်မရှင့်ကိုယူမယ်ဆိုတော့ မတားရှာဘူး၊ မေမေ့ကိုလည်း ဖျောင်းဖျခဲ့တယ်၊ ဒေါ်စိန်မြညိုလာပြီးရန်တွေ့တာတောင် ရှင့်ဖက်ကရပ်တည်ခဲ့တယ်၊ ဖေဖေဟာ နားလည်မှုရှိတဲ့လူကြီးတစ် ယောက်၊ ကျွန်မအဖေလို သူတော်ကောင်းကြီးကို သေအောင်သတ်တာ ရှင်ပဲ၊ ရှင့်မျက်နှာကို ကျွန်မမကြည့်ချင်တော့ဘူး၊ ရှင် ကျွန်မအိမ်ပေါ် က ဆင်းသွားပါ''

''သူဇာ ... သတိထားပါဦးသူဇာရယ်၊ စိတ်လိုက်မာန်ပါ မပြောပါနဲ့၊ သူဇာ့မှာကိုယ်ဝန်ကြီးနဲ့လေ၊ စိတ်ကိုလျှော့ပါသူဇာရယ် ... ကိုယ်ဝန်ကိုထိခိုက်ပါ့မယ်''

''ရှင့်အပူမပါပါဘူး၊ ကျွန်မရှင့်ကိုမမြင်ချင်တော့ဘူး၊ ရှင့်မျက်နှာကိုမြင်ရရင် ကျွန်မစိတ်နာတယ်၊ ဖေဖေအသေဆိုးနဲ့သေရတာ ရှင့်ကြောင့်၊ ရှင်ကျွန်မရှေ့က ထွက်သွားပါတော့ကိုဥက္ကာ''

''သွားပါမယ်သူဇာ၊ သွားပါမယ်၊ သူဇာမမြင်ချင်ရင် မောင်သွားပါ့မယ်ကွယ်''

\+ + + + +

ဦးဟိန်းစံအသုဘရက်အတွင်းမှာပင် ကိုဥက္ကာအိမ်ပေါ်မှဆင်းခဲ့ရသည်။ အပြီးအပိုင်ဆင်းဖို့ ကိုဥက္ကာမရည်ရွယ်ပါ။ ဟိန်းသူဇာသည် အချစ်ကြီး၍ အမျက်ကြီးနေခြင်းသာဖြစ်သည်။ သွေးအေးသွားချိန်တွင် အကျိုးအကြောင်းရှင်းပြ၍နားလည်မှုယူမည်ဟု ကိုဥက္ကာက ရည်ရွယ်ထားသည်။

ဦးဟိန်းစံအသုဘသို့ ကိုဥက္ကာ၏မွေးစားမိဘများဖြစ်သော ဦးချစ်တင်နှင့်ဒေါ်ငြိမ်းရင်တို့ရောက်လာကြသေးသည်။ ဦးချစ်တင်တို့က လည်း ဟိန်းသူဇာအထင်အမြင်လွဲနေသည့်ကိစ္စကို ရှင်းပြဖို့ကြိုးစားကြ သေးသည်။

ဟိန်းသူဇာကရော၊ ဒေါ်ထားရီကပါ ဦးချစ်တင်တို့ကို အတွေ့မခံခဲ့ပါ။

♛♛♛♛♛

## ( ၉ )

ဦးဟိန်းစံရက်လည်အပြီးတွင် ကိုဉက္ကာ ဟိန်းသူဇာဆီသို့သွားရောက်ကာ ရှင်းပြခဲ့ပါသေးသည်။

ဟိန်းသူဇာက လက်မခံခဲ့ချေ။

''ရှင် ကျွန်မကိုရအောင်ယူခဲ့တာ ကျွန်မတို့စည်းစိမ်ဥစ္စာတွေ ကို မက်မောလို့ အကွက်ဆင်ပြီးကြံစည်ခဲ့တယ်ဆိုတာ ကျွန်မသိပါပြီ ကိုဉက္ကာ''

ဟိန်းသူဇာ၏စွပ်စွဲချက်များကား ရက်စက်ပြင်းထန်လှချေ၏။

''ရှင့်တစ်သက် မမြင်ဖူးခဲ့တဲ့ပစ္စည်းတွေ ကျွန်မဆီမှာရှိနေတော့ ကျွန်မကို မရရအောင် ယူခဲ့တယ်လေ၊ ရှင့်နောက်ကြောင်းကို ရှင်းမပြခဲ့တာကိုက ရှင်မရိုးသားလို့ပေါ့၊ ရှင်ဟာ ပိုင်းလုံးပဲကိုဉက္ကာ''

''သူဇာ၊ မောင်နဲ့သူဇာဟာ ချစ်လို့ယူခဲ့ကြတဲ့ချစ်သူတွေပါ သူဇာရယ်၊ မောင်ကလည်းသူဇာ့ကိုချစ်တယ်၊ သူဇာ မောင့်ကိုချစ်တာ လည်း မောင်သိပါတယ်သူဇာ၊ ပြဿနာကို ခေါင်းအေးအေးထားပြီး ဆုံးဖြတ်ပါသူဇာရယ်၊ သူဇာမောင့်ကိုစိတ်နာနေတာ ဒေါ်စိန်မြညိုပြောသွားတဲ့စကားတွေကြောင့်ပါ၊ ဘေးစကားကြောင့် ကိုယ့်အိမ်ထောင်ကိုယ် အပျက်ခံတော့မလို့လားသူဇာ၊ စဉ်းစားပါဦး''

''စဉ်းစားစရာမလိုတော့ပါဘူး၊ ဘေးစကားဆိုတာလည်း တကယ်ဟုတ်လို့ဖြစ်လာတဲ့စကားပဲ၊ သူပြောတာတွေမမှန်ဘူးလို့ ရှင်ငြင်းနိုင်သလား၊ အို ․ဘာပဲဖြစ်ဖြစ် ကျွန်မအဖေသေရတာဟာ ရှင့်ကြောင့်၊ ရှင့်အကြောင်းတွေသိရလို့ စိတ်ဆင်းရဲပြီးသေရတာ၊ ဖေဖေ့ အကြောင်းတွေးမိတိုင်း ရှင့်ကိုစိတ်နာတယ်၊ ကျွန်မအဖေသတ်တဲ့လူ ကို ကျွန်မဘယ်လိုလုပ်ပြီး မျက်နှာချင်းဆိုင်လို့ရတော့မှာလဲ၊ သွားပါ၊ ရှင်သွားပါတော့ ကိုဉက္ကာ''

\+ \+ \+ \+ \+

နောက်တစ်လလောက်အကြာတွင် ရုံးမှလူကြီးများကိုခေါ်ကာ ကိုဉက္ကာရောက်လာပြန်သည်။

ဒီတစ်ခါတော့ ဟိန်းသူဇာက ထွက်မတွေ့တော့ပါ။

ဒေါ်ထားရီသာ လူကြီးများကိုထွက်တွေ့ပြီး ဧည့်ခံလေသည်။

''ကျွန်မသမီးသဘောကတော့ ရှင်းနေပါပြီ၊ လူကြီးတွေကို လည်း အားနာပါတယ်၊ ကျွန်မသဘောကလည်း မောင်ဉက္ကာကိုစိတ်နာ မိတယ်၊ သူတို့ချင်းပေါင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး ရှင်၊ ဟောဒီမှာ ဟိန်းသူဇာက ကွာရှင်းစာချုပ်ကိုတောင် လုပ်ထားပြီး ပါပြီ၊ စာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးဖို့ပါပဲ''

''ကျွန်တော်ထိုးမပေးနိုင်ဘူးဒေါ်ဒေါ်၊ ကျွန်တော့်မှာ ဘာမှ အပြစ်မရှိဘူး၊ ဟိန်းသူဇာဟာ ကျွန်တော်ချစ်ခင်နှစ်သက်လို့ယူထားတဲ့ ကျွန်တော့်မိန်းမ၊ ကျွန်တော်ကွာမပေးနိုင်ဘူး''

''တစ်ဖက်ကမှ မင်းကို မချစ်ခင်မနှစ်သက်တော့ပဲကွယ်၊ ဟိန်းသူဇာက မင်းကို စိတ်နာနေတယ်၊ ငါကလည်း မင်းမျက်နှာကို မကြည့်ချင်တော့ဘူး၊ လူကြီးတွေကိုတော့ အားနာပါရဲ့၊ စေ့စပ်ပေးဖို့ ဆက်မကြိုးစားစေချင်ဘူး၊ စာချုပ်ပေါ်မှာသာ လက်မှတ်ထိုးပေးခဲ့ပါ မောင် ဉက္ကာ''

''မထိုးပေးနိုင်ဘူးဒေါ်ဒေါ်၊ မထိုးပေးနိုင်ဘူး၊ ကျွန်တော့်ကို သူနဲ့တွေ့ခွင့်ပေးပါ၊ ကျွန်တော် ဟိန်းသူဇာနဲ့ညှိပါ့မယ်ဒေါ်ဒေါ်''

''မင်းတို့ချင်းညှိကြပြီးသားပဲကွယ်၊ ငါပြတ်ပြတ်ပြောမယ် မောင်ဉက္ကာ၊ ငါတို့က မင်းကို ကိုယ်ရေပြားရောဂါသည်သားမို့လို့ ရွံတယ်ကွယ်၊ မင်းအဖေရောဂါဖြစ်တာ မင်းမှာ အပြစ်မရှိမှန်းသိပါတယ်၊ ဒါပေမယ့် မင်းအဖေရောဂါသည်ဖြစ်နေတာက ဖြစ်နေတာပဲ၊ မင်းမှာ လည်း ဒီသွေးမပါဘူးလို့ပြောနိုင်မလား၊ တို့အမျိုးထဲမှာ မင်းကို မရှိ စေချင်တော့ဘူး၊ ပါလာတဲ့လူကြီးတွေကိုတိုင်တည်ပြီး ကျွန်မပြောလိုက် ပါရဲ့၊ ကျွန်မအိမ်မှာ ဟောဒီကမောင်ဉက္ကာကို ဘယ်နည်းနဲ့မှ လက်မခံ နိုင်တော့ပါဘူးရှင်၊ ကျွန်မသမီးလည်း မွေးခါနီးဖွားခါနီးနေပြီ၊ သမီးကို စိတ်မဆင်းရဲစေချင်လို့ပါ၊ ဒါပါပဲ''

မည်သို့မျှ ညှိနှိုင်းလို့မရခဲ့ပါ။

ထိုအခေါက်တွင်လည်း ကိုဉက္ကာ အရှုံးဖြင့် ပြန်လာခဲ့ရပါသည်။

♛♛♛♛♛

## ( ၁၀ )

နောက်တစ်ပတ်အကြာတွင် ကိုဥက္ကာရောက်လာပြန် သည်။

ထိုအချိန်၌ ဟိန်းသူဇာမွေးဖွားရန် ရက်ပိုင်းသာလိုပါ တော့သည်။

''ကျွန်တော့်မိန်းမနဲ့တွေ့ပါရစေဒေါ်ဒေါ်''

''မင်း အမှတ်မရှိပါလား၊ မင်းကို တို့မလိုလားဘူးဆိုတာ ဘယ်နှခါပြောရမလဲ၊ ငါတို့ဘဝကိုမဖျက်စီးချင်ပါနဲ့တော့ မောင်ဥက္ကာ''

''အခုလာတာ ကွာရှင်းမယ့်ကိစ္စအတွက် ကျွန်တော်လာတာ ပါဒေါ်ဒေါ်၊ သူနဲ့ညှိနှိုင်းပြီးရင် ကွာရှင်းစာချုပ်မှာ ကျွန်တော်လက်မှတ် ထိုးပေးပါ့မယ်''

''မင်း တကယ်ပြောတာလား''

''ဟိန်းသူဇာကိုသာခေါ်ပေးပါ၊ ဒေါ်ဒေါ့်ရှေ့မှာ စကားပြောပါ့ မယ်''

''ဒါဖြင့်ခဏစောင့်၊ ငါ့သမီးကို သွားမေးလိုက်ဦးမယ်''

ခဏနေတော့ ကိုယ်ဝန်နေ့စေ့လစေ့ကြီးနှင့်ဟိန်းသူဇာကို ဒေါ်ထားရီကတွဲခေါ်ကာ ရောက်လာသည်။

''သူဇာ သူဇာရယ် ဆုံးဖြတ်ချက်ကိုမပြင်တော့ ဘူးလားဟင်''

''ရှင် ဒီစကားပြောဖို့လာတာလား၊ ဒါဆိုရင်ပြန်ပါတော့ ကိုဥက္ကာ''

''အသည်းမာလှချည်လားသူဇာရယ်၊ မောင်က သူဇာစိတ် ပြောင်းလိုပြောင်းငြား ပြောကြည့်တာပါလေ''

''ရှင့်ကိုယ်ရှင် မောင်လို့ သုံးစရာမလိုတော့ဘူးဆိုတာ သတိ ထားပါ''

''ကောင်းပြီလေ မင်းဒါလောက်ကွာချင်ရှင်းချင်တယ် ဆိုလည်း ကွာပေးပါ့မယ်၊ ဒါပေမယ့် သူဇာ၊ လင်မယားကွာရှင်းတယ် ဆိုတဲ့နေရာမှာ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို တစ်ဝက်စီအညီအမျှခွဲယူရ တယ်ကွ''

''ဩော ရှင့်အကြံက ဒါပဲကိုး၊ ရှင် ကျွန်မကိုရအောင် လိမ်ညာပြီးယူထားကတည်းက ကျွန်မပစ္စည်းတွေကို မက်မောလို့ဆိုတာ သိပါတယ်၊ ယူသွားပါ၊ ယူသွားပါ၊ တစ်ဝက်မဟုတ်ပါဘူး၊ ကြိုက်သလောက် ယူသွားပါ၊ ရှင်နဲ့ကွာခွင့်ရရင်တော်ပါပြီ''

''ဟော့– ပစ္စည်းခန်းခွဲဝေတယ်ဆိုတာ လက်ထက်ပွားပစ္စည်း ကိုမှခွဲရတာကွ၊ ဘယ်မှာလဲ မင်းတို့လက်ထက်ပွား၊ ဒါ ငါတို့ လင်မယား ရှာထားတဲ့ဥစ္စာတွေ''

''ယူပါစေမေမေ၊ သူလိုချင်သလောက် ပေးလိုက်ပါမယ်၊ သူနဲ့ မပတ်သက်ရရင် ပြီးရော''

''မစိုးရိမ်ပါနဲ့ဒေါ်ဒေါ်၊ ကျွန်တော်က ဒေါ်ဒေါ်တို့ပစ္စည်းတွေကို မတောင်းပါဘူး၊ မျက်စိနဲ့မြင်နေရတဲ့ပစ္စည်းတွေကို ကျွန်တော်မလိုချင် ပါဘူး၊ မမက်မောပါဘူး၊ ဒီမယ် ဟိန်းသူဇာ၊ ငါအညီအမျှခွဲယူချင်တာ က မင်းဗိုက်ထဲက ''

''ဘာ–''

''မင်းဗိုက်ထဲက ကလေးတွေဟာ ငါနဲ့လည်းဆိုင်တယ်၊ သားသမီးဆိုတာ အဖေနဲ့အမေရဲ့သွေးနဲ့ပေါင်းစပ်ထားတာပါဟိန်းသူဇာ၊ မင်းဗိုက်ထဲမှာ မင်းရောငါရော ပိုင်ဆိုင်တဲ့ ကလေးနှစ်ယောက်ရှိနေတယ် လေ၊ နှစ်ယောက်ထဲက တစ်ယောက်ကို ငါ့ကိုပေးပါ''

''အမလေး မေမေ''

''နှစ်ယောက်ထဲက တစ်ယောက်ဟာ တို့ပိုင်ဆိုင်မှုအားလုံးရဲ့ တစ်ဝက်ပေါ့၊ မဟုတ်ဘူးလား၊ ငါတောင်းဆိုချင်တဲ့တစ်ဝက်က အဲဒါ ပါပဲဟိန်းသူဇာ၊ မင်းနဲ့ငါတို့ရဲ့ မွေးလာမယ့်သားလေးနှစ်ယောက်ထဲက တစ်ယောက်ကို ငါ့ကိုပေးပါ''

''မပေးဘူး၊ မပေးဘူး''

''ကလေးတစ်ယောက်ကို ရမှသာ ငါကွာပေးနိုင်မယ်၊ ကွာရှင်း စာချုပ်မှာ လက်မှတ်ထိုးပေးနိုင်မယ်ဟိန်းသူဇာ''

''အမလေးမေမေရယ် ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လို လုပ်ကြမလဲ ဟင်''

''ဟော့– မောင်ဥက္ကာ၊ မင်းခဏစောင့်ဦး''

ဒေါ်ထားရီက ဟိန်းသူဇာကို အိမ်အတွင်းထဲသို့ ပြန်ခေါ်သွား လေသည်။

\+ + + + +

''ဘယ်လိုလုပ်ကြမလဲမေမေ၊ ဒါ သူ့အကြပ်ကိုင်တာ၊ အကြပ်ကိုင်တာ''

''ငိုမနေနဲ့သမီး၊ ကိုယ့်ကိုကိုယ်ထိန်းဦး၊ မွေးခါနီးဖွားခါနီးမှာ၊ သူကတစ်ယောက်လိုချင်တယ်ဆိုလည်း ပေးလိုက်ရုံပေါ့သမီးရယ်''

''အမလေး ..မေမေ ..ဟင့်အင်း ..ဟင့်အင်း''

''နားထောင်စမ်းသမီး၊ ကလေးက အမွှာပဲ၊ အမွှာဖြစ်နေလို့ လည်း သူကတောင်းတာ၊ ပေးလိုက်ရုံပေါ့သမီးရယ်၊ **သမီးမွေးလာမယ့် ကလေးကို တစ်ယောက်တည်းမွေးလာတယ်လို့ပဲ သဘောထား လိုက်ပေတော့၊** အမွှာဖြစ်တာပဲ ကံကောင်း၊ နို့မို့ ..ဒီကောင်နဲ့ပြတ်မှာ မဟုတ်တော့ဘူးသမီး၊ သူနဲ့ကင်းရှင်းမှုဖြစ်တော့မှာလေ၊ ပေးသာပေး လိုက်ပါတော့ကွယ်''

''မေမေရယ် ..''

''မေမေထွက်ပြောလိုက်မယ်သမီး''

\+ + + + +

''ဟော့– မောင်ဥက္ကာ၊ ငါ့သမီးက ကလေးတစ်ယောက်ကို မင်းကိုပေးဖို့ သဘောတူတယ်ဟေ့၊ အဲဒီတော့ ကလေးတွေမွေးတဲ့ရက်မှာ မင်းလာခဲ့ပေတော့၊ မင်းလက်ထဲ ကလေးတစ်ယောက်ရောက်တာနဲ့ စာချုပ်မှာလက်မှတ်ထိုးပေးပါ၊ ဒါပဲ''

♛♛♛♛♛

## ( ၁၁ )

''နေကိုကျောခိုင်းထားတဲ့လ''–ဟု အမည်ပေးကာရေးဖွဲ့ထားသောရုပ်ရှင်ဇာတ်ညွှန်းကား ကိုဥက္ကာနှင့်ဟိန်းသူဇာတို့၏ အထက်ပါအဖြစ်အပျက်ပင်ဖြစ်ပါတော့သည်။

ဇာတ်လမ်းထဲတွင် မင်းသားက မင်းသမီးမွေးသည့်ကလေးနှစ်ယောက်ထဲမှတစ်ယောက်ကို မွေးခန်းအပြင်မှစောင့်ယူပြီး ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးပေးကာ ကလေးပိုက်၍ထွက်ခွာသွားခန်းဖြင့် ဇာတ်သိမ်းထားလေသည်။

အပြင်မှ တကယ့်အဖြစ်အပျက်တွင်ကား ဇာတ်သိမ်းဟူ၍ မရှိပါပေ။

ဇာတ်လမ်းတွင်းမှဇာတ်ကောင်များသည် အပြင်လောကတွင် အသက်ရှင်လျက် ဆက်လက်လှုပ်ရှားနေဆဲပင်ဖြစ်သည်။

ကွဲကွာသွားပြီးနောက်ပိုင်း ကိုဥက္ကာဘယ်ရောက်သွားသည်။ ဘာတွေဆက်ဖြစ်သည်ကို ဟိန်းသူဇာမသိတော့ပါ။

ဟိန်းသူဇာ၏ဘဝကတော့ အပြောင်းအလဲများစွာဖြစ်ပေါ်ခဲ့လေသည်၊

နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းက ပြန်လည်နှိုးဆွပေးလိုက်သည့်အတွက် .

ဒေါ်ဟိန်းသူဇာ၏အတွေးထဲတွင် .

ကိုဥက္ကာနှင့်ကွာရှင်းပြတ်စဲပြီး နောက်ပိုင်း .

သူမ တွေ့ကြုံခံစားရုန်းကန်လှုပ်ရှားခဲ့ရသည့်အဖြစ်များကို ဆက်လက်မြင်ယောင်လာမိလေတော့သည်။

♛♛♛♛♛♛♛♛♛♛

# အပိုင်း – ၅

( ၁ )

သူမတို့မြို့က အထူးကုဆေးခန်းကြီးတစ်ခုတွင် ဟိန်းသူဇာ တက်ရောက်မွေးဖွားခဲ့ပါသည်။

သူမဘေးတွင် မေမေဒေါ်ထားရီတစ်ယောက်သာရှိနေခဲ့သည်။ မေမေကတော့ သူမကိုစိတ်ဓာတ်မကျအောင် ဘေးမှအမြဲတမ်းဖေးမ နေခဲ့သည်။

မွေးဖွားအပြီးတွင် ဟိန်းသူဇာ သတိလစ်သွားခဲ့သည်။

ဒေါ်ထားရီက ဆရာမတစ်ယောက်အား ဦးဆုံးအပြင်ရောက် လာသောကလေးကိုချီပွေ့စေခဲ့ကာ ဆေးခန်းအပြင်တွင်စောင့်နေသည့် ကိုဥက္ကာထံသို့လာခဲ့လေသည်။

ဒေါ်ထားရီသည် သံယောဇဉ်ဖြစ်မှာစိုး၍ ထိုကလေးကို ငုံ့လို့ ပင်မကြည့်ခဲ့ပါ။

ဆေးခန်းရှေ့အရောက် ဆရာမပိုက်လာသောကလေးကိုအမြင် တွင် ကိုဥက္ကာက ထိုင်ရာမှထလိုက်သည်။

''သား–သား– ဒါကျွန်တော့်သားလေး''

ဖခင်တို့၏ချစ်ခြင်းမေတ္တာဖြင့် ကလေးကိုကြည့်ကာ ဆရာမဆီမှ ကလေးကိုယူရန် လက်လှမ်းလိုက်သည်။

''မောင်ဥက္ကာ . အဲဒီတစ်ယောက် မင်းယူသွားပေတော့၊ နေဦးလေ . ကလေးမယူခင် လက်မှတ်အရင်ထိုးပါ၊ ရော့–''

ဒေါ်ထားရီက အသင့်ပါလာသောကွာရှင်းစာချုပ်ကို ဘောပင် နှင့်အတူ ကိုဥက္ကာကိုထိုးပေးလိုက်သည်။

ကိုဥက္ကာကလည်း လျင်မြန်သွက်လက်စွာပင် စာချုပ်ပေါ်၌ လက်မှတ်ထိုးပေးလိုက်၏။

ပြီးနောက် . ဆရာမလက်ထဲက မွေးခါစကလေးနီတာရဲ လေးကို လှမ်းယူလိုက်ကာ နေရာမှချာကနဲလှည့်ထွက်သွားလေသည်။

ထိုမြင်ကွင်းများကို ဟိန်းသူဇာ မမြင်ခဲ့မတွေ့ခဲ့ရပါ။ မေမေ ပြန်ပြောပြ၍သိခဲ့ရခြင်းသာဖြစ်ပါသည်။

ဟိန်းသူဇာသတိရလာတော့ မေမေက ကလေးနီတာရဲလေး ကိုပွေ့ကာ ဟိန်းသူဇာကိုပြသည်။

''ဒီမှာကြည့်စမ်းသမီး . ဘယ်လောက်ချစ်ဖို့ကောင်းသလဲ၊ သမီးရဲ့သားလေးလေ''

''တစ်ယောက် . နောက်တစ်ယောက်ကောမေမေ''

''သမီး . သမီးမွေးတဲ့ကလေးဟာ တစ်ယောက်တည်း၊ ဟောဒီ တစ်ယောက်တည်းလို့ပဲ မှတ်ထားလိုက်ပါသမီး''

''သူ . သူ . ယူသွားပြီပေါ့နော်''

''ဟုတ်တယ်၊ အရင်မွေးလာတဲ့အကြီးလေးကို ဥက္ကာကိုပေး လိုက်တယ်၊ သူစာချုပ်မှာလက်မှတ်ထိုးပေးသွားပြီ၊ ပြီးပြီ၊ ပြတ်ပြီ၊ သံယောဇဉ်ဖြတ်လိုက်ပါတော့သမီး၊ သမီးအတွက် ဟောဒီမှာ ချစ်စရာ သားလေးရှိနေပြီလေ၊ သမီးမွေးခဲ့တဲ့ကလေးဟာ ဟောဒီသားလေးတစ် ယောက်တည်း၊ ဥက္ကာကိုပေးလိုက်တဲ့ကလေးမှာ သူတို့မျိုးဆက်သွေးတွေ ပါသွားပြီလို့မှတ်လိုက်''

''မေမေရယ် .''

\+ + + + +

ဟိန်းသူဇာသည် သူမနှင့်ကျန်ရစ်သောသားလေးကို အတိုးချ ချစ်ကာ စိတ်ကိုဖြေသိမ့်ခဲ့ပါသည်။

ဦးဆုံးမွေးဖွားခဲ့သည့် အမွှာသားအကြီးလေးကို ဟိန်းသူဇာ မြင်ခွင့်ပင်မကြုံခဲ့ရပေ။

မည်သို့ပင်ဆိုစေ . အမေတစ်ယောက်ပီပီ အမွှာအဖြစ် ကလေးနှစ်ယောက်မွေးခဲ့မှန်းသိထားသည်မို့ ရံဖန်ရံခါတော့ ခွဲခွာထည့် လိုက်ရသောသားအကြီးလေးကိုသတိရမိသည်။ ကလေးအကြောင်းကို တွေးမိတတ်ပါသည်။

သားငယ်လေးနဲ့စို့နေတာကိုကြည့်ကာ . အကြီးကောင်လေး နို့မှစို့ရရဲ့လား။ ဘယ်လိုအစားအစာမျိုးနဲ့ကြီးပြင်းနေပါလိမ့်လို့တွေးရင်း ပူပန်မိရသည်။

ယောကျာ်းသားဖြစ်သောကိုဥက္ကာသည် မွေးခါစကလေးလေးကို အသက်ရှင်အောင် မွေးမြူတတ်ပါရဲ့လား။ ဘယ်လိုများ ဆက်စခန်း

သွားနေပါလိမ့်။

ဟိန်းသူဇာဆီမှ ကလေးအကြီးလေးကိုယူ၍ထွက်သွားချိန်မှ စကာ •ကိုဥက္ကာလည်း မြို့မှပျောက်ကွယ်သွားခဲ့သည်။ သူ့ရုံးမှာ နှုတ်ထွက်စာတင်ခဲ့ကာ အပြီးအပိုင်ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။ ကိုဥက္ကာသတင်းကို ထိုအချိန်မှစ၍ မကြားရတော့ပါ။

ကလေးအသက်ဆက်ရှင်သလား၊ ဘယ်လိုနာမည်မျိုးမှည့်ထားသလဲ၊ ဘယ်နေရာရောက်နေလဲဆိုတာတွေ ဟိန်းသူဇာသိခွင့်မရခဲ့တော့ပါ။

ကြာတော့လည်း •ဟိန်းသူဇာဘဝသည် အေးချမ်းငြိမ်သက်သွားကာ ကျန်ရစ်သည့်သားငယ်လေးကိုသာ အတိုးချပုံချစ်မိတော့သည်။

\+ + + + +

သားငယ်လေးကို မျိုးရိုးနာမည်ပါအောင် "**ဟိန်းရာဇာ**"ဟု အမည်မှည့်ခေါ်ခဲ့သည်။

ဟိန်းရာဇာအသက်(၂)နှစ်အရွယ်တွင် ဟိန်းသူဇာတို့မိသားစု ရန်ကုန်ကိုပြောင်းခဲ့ကြပါသည်။

ဟိန်းသူဇာ ဇာတိမြို့မှာဆက်နေချင်စိတ်မရှိတော့။ ဒါကလည်း သူမအတွက် အမှောင့်ပယောဂဝင်ခဲ့သောမြေမှာ သားလေးကို လူလားမမြောက်စေချင်လို့ပင်ဖြစ်ပါသည်။

တစ်မြို့လုံးက ကိုဥက္ကာနှင့်ဟိန်းသူဇာအကြောင်းကို သိသွား ကြပြီ။ ကိုဥက္ကာကိုလည်း အနာကြီးရောဂါသည်သားတစ်ယောက်ဖြစ်ကြောင်းသိလိုက်ကြပြီ။ သူတောင်းစားမျိုး၊ ကယ်ပါမျိုးမဟုတ်တာမှန်သော်လည်း •တကယ့်အမှန်တရားကို သိသူက အနည်းအကျဉ်းသာ ရှိသည်။ ဒေါ်စိန်မြည့်ိုသတင်းဖြန့်တာကြောင့်ရော၊ လူတို့သဘာဝအတိုင်း ပုံကြီးချဲ့ပြောတတ်တာတွေကြောင့် •ကိုဥက္ကာဆိုသည်မှာ ပုဂံမြို့ရှိ ကယ်ပါမျိုးရိုးမှဆင်းသက်လာပြီး၊ တစ်ဆွေလုံးတစ်မျိုးလုံး နူနေကြတယ်ဆိုတဲ့သတင်းက ပျံ့နှံ့နေခဲ့ပြီ။

သားလေးဟိန်းရာဇာကို ဒီအကြောင်းတွေသိတဲ့မြို့မှာ ဆက်မကြီးပြင်းစေချင်တော့ပါ။ သားလေးအရွယ်ရောက်လာလျှင် သားလေးနားထဲကို ဒီအကြောင်းတွေရောက်လာမှာစိုးရိမ်မိသည်။

ဒေါ်စိန်မြည့်ိုနှင့်ကိုကောင်းကျော်တို့ရန်ညိုးကလည်း ဘယ်အထိဆက်ပြီး သံသရာရှည်နေဦးမည်မသိနိုင်။ ယခုပင် မထင်မှတ်သော ရှုထောင့်မှ တိုက်ခိုက်ခံခဲ့ရပြီ။

ဒီမြေမှာလည်း မနေလိုတော့ပါ။ ဒီလူတွေမျက်နှာကိုလည်း မမြင်ချင်တော့ပါ။

သို့ဖြင့် •ဟိန်းသူဇာနှင့်ဒေါ်ထားရီသည် ဟိန်းရာဇာလေးအသက်(၂)နှစ်အရွယ်တွင် မြို့ပေါ်ရှိပိုင်ဆိုင်မှုအားလုံးကိုရောင်းချကာ ရန်ကုန်မြို့သို့ပြောင်းရွှေ့ခဲ့လေတော့သည်။

♛♛♛♛♛

## ( ၂ )

ဘယ်လိုပဲပြည်ဖုံးကားချ ဇာတ်မြှုပ်သည်ဖြစ်စေ •

သားလေးဟိန်းရာဇာ၏ကိုယ်ရေးရာဇဝင်၌ အဖအမည်နေရာ တွင် "ဦးဥက္ကာ"–ဟု တွင်နေဆဲသာဖြစ်သည်။ ဖခင်အမည်ကို မည်သို့ မျှ ပြင်ဆင်ပြောင်းလဲလို့ မရနိုင်ပေ။

သားသည်လည်း အရွယ်ရောက်လာလျှင် သူ့အဖေဘယ်မှာ လဲ၊ ဦးဥက္ကာဘယ်မှာလဲလို့ မေးမြန်းလာလိမ့်မည်။

သည်တော့ •ဒေါ်ထားရီနှင့်ဟိန်းသူဇာတို့ တိုင်ပင်ကာ လုပ်ဇာတ်တစ်ခု ဆင်ထားရတော့သည်။

**သားအဖေဦးဥက္ကာသည် သားမွေးခါစအချိန်တွင် စီးပွားရှာရန် နိုင်ငံခြားသို့ထွက်ခွာသွားခဲ့သည်။**

**နိုင်ငံခြားရောက်ပြီး မကြာမီ • ထိခိုက်မှုတစ်ခုကြောင့် ကွယ်လွန်သွားခဲ့သည် •ဆိုသော လုပ်ဇာတ်။**

သားလေးသိတတ်လာလို့ မေးတတ်မြန်းတတ်လာလျှင် တိတိကျကျ အသိပေးနိုင်ဖို့ သူ့အဖေသွားတယ်ဆိုတဲ့ နိုင်ငံခြားတိုင်းပြည် ကို • "မလေးရှားနိုင်ငံ"အဖြစ်ပြောကြရန် သတ်မှတ်ထားခဲ့ရသည်။

ဟိန်းရာဇာ အရွယ်ရောက်လာသည့်အခါတွင်လည်း • စိတ်ကူးယဉ်လုပ်ကြံဇာတ်အတိုင်း ပြောပြအသိပေးထားခဲ့ပါသည်။

ကိုဥက္ကာဓာတ်ပုံများကိုလည်း အားလုံးဖျက်ဆီးပစ်ခဲ့သည်။ သားကို သူ့အဖေအဖြစ်ပြသရန် ပုံတစ်ပုံသာ ချန်ထားခဲ့ပါသည်။ လုံးဝအစဖျောက်ပစ်လိုက်လျှင် သားဖက်က သံသယဝင်လာစရာရှိသည်။ သူ့အဖေဓာတ်ပုံလေးမှ ပြစရာမကျန်ဘူးဆိုလျှင် သဘာဝကျမည်လည်း မဟုတ်။

သည်တော့ ဓာတ်ပုံများစွာထဲမှ အဝေးကရိုက်ထားသော ကိုဥက္ကာရုပ်ရည် သိပ်မပီပြင်သည့် ဓာတ်ပုံတစ်ပုံကိုသာချန်လှပ်၍ သားကိုပြရန် သိမ်းထား ခဲ့ရပါသည်။

+ + + + +

ရန်ကုန်အရောက်တွင် ဟိန်းသူဇာနှင့်ဒေါ်ထားရီသည် ဗိုလ်ချုပ်ဈေးထဲ၌ အထည်ဆိုင်ဖွင့်ကာ စီးပွားရှာခဲ့သည်။

ထိုအချိန်မှစ၍ ဇာတိမြို့နှင့်လည်း အဆက်ပြတ်သွားပါတော့ သည်။

ကလေးတစ်ယောက်အမေဖြစ်သော်လည်း အသက်အစိတ်ကျော်ကျော် လှပနုပျိုဆဲ ဟိန်းသူဇာကို ချစ်ခင်စုံမက်သူများလည်း ပေါ်ပေါက်လာခဲ့ပါသေးသည်။ ဘဝမှာ အချစ်ကြောင့်အထိနာခဲ့ပြီဖြစ်သောဟိန်းသူဇာသည် အိမ်ထောင်ရေးကို မစဉ်းစားတော့ပေ။ ချစ်ရေးဆိုလာသူအားလုံးကို ငြင်းပယ်ပစ်ခဲ့သည်။

ဟိန်းသူဇာဘဝတွင် သားလေးဟိန်းရာဇာသည်သာ အဓိက။ သားလေးဟိန်းရာဇာသည်သာ ပထမဖြစ်ပါသည်။ ဟိန်းသူဇာသည် သားအတွက်သာ အသက်ရှင်လှုပ်ရှားနေသောမိခင်တစ်ယောက်ဖြစ်လာခဲ့ပါ၏။

ဟိန်းရာဇာရှစ်တန်းနှစ်အရောက်မှာ မိခင်ကြီးဒေါ်ထားရီ ကွယ်လွန်သွားသည်။

လူပျိုပေါက်ကလေးဖြစ်လာသောဟိန်းရာဇာသည်လည်း အရပ်ကြီးမြင့်၍ထွားကြိုင်းလာကာ လှပချောမောသော ယောကျာ်းပျိုလေးတစ်ယောက်ဖြစ်လာခဲ့သည်။ မိန်းကလေးတကာက ငေးမောကြည့်ရသောရုပ်ရည်ပိုင်ရှင်လေး။ မိန်းကလေးတို့စိတ်ဝင်စားခြင်းခံရသော လူပျိုလေးတစ်ယောက်ဖြစ်လာသည်။

သား၏ချောမောခန့်ညားမှုအတွက် ဒေါ်ဟိန်းသူဇာဂုဏ်ယူ သည်။ ကြေနပ်သည်။

သားဆယ်တန်းအောင်သည့်နှစ်တွင် ဗိုလ်ချုပ်ဈေးထဲက အထည်ဆိုင်ကိုပိတ်ပစ်လိုက်ပါသည်။

+ + + + +

ဟိန်းရာဇာ၏လှပချောမောမှုကိုယုံကြည်ခြင်းနှင့် .

ငယ်စဉ်ကတည်းက ဝါသနာထုံခဲ့သော ရုပ်ရှင်အနုပညာကို အရင်းတည်ကာ .

ဒေါ်ဟိန်းသူဇာသည် ဗီဒီယိုကုမ္ပဏီတစ်ခုတည်ထောင်ခဲ့လေ သည်။

ဟိန်းရာဇာကို မင်းသားတင်၍ ဗီဒီယိုဇာတ်ကားများ ရိုက်ကူး ထုတ်လုပ်ခဲ့သည်။

သားကလည်း သရုပ်ဆောင်အလုပ်ကို ဝါသနာပါသည့်အတွက် ''ဟိန်း''ကုမ္ပဏီမှထုတ်လုပ်သော ဗီဒီယိုဇာတ်ကားများသည် အထိုက်အလျောက်အောင်မြင်ခဲ့လေသည်။

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကို အမြဲဆုံးမလေ့ရှိသည်။

''ဒီလောကထဲဝင်ပြီး ရုပ်ရှင်သရုပ်ဆောင်အလုပ်ကို လုပ်ပြီဆိုမှတော့ ထိပ်ဆုံးကိုရောက်အောင် ကြိုးစားရမယ်သား၊ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ''

ဒေါ်ဟိန်းသူဇာသည် ဟိန်းရာဇာကို ''သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားဖို့'' အမြဲဆုံးမခဲ့ပါသည်။

ဟိန်းရာဇာ ဗီဒီယိုဇာတ်ကားများရိုက်ကူးပြီး တစ်နှစ်အကြာ၊ ဇာတ်ကား(၁၀)ကားရိုက်ကူးပြီးချိန်တွင် လင်းလက်ကြယ်စင်ဆိုသော မိန်းကလေးနှင့်ဆက်သွယ်မိခြင်းဖြစ်သည်။

လင်းလက်ကြယ်စင်က သူမသည် စာပေနှင့်ရုပ်ရှင်ကို ဝါသနာပါသူဖြစ်သည်။ သူမ ရေးသားထားသောဇာတ်ညွှန်းတစ်ပုဒ်ကိုဖတ်ကြည့်ပါဆိုကာ အပ်နှံခဲ့သည်။

ငယ်ရွယ်သူမိန်းကလေးတစ်ယောက်မို့ ဒေါ်ဟိန်းသူဇာက အစပိုင်းတွင် လင်းလက်ကြယ်စင်ကို အထင်မကြီးမိသေးချေ။

သူမ ရေးသားသောဇာတ်ညွှန်းကိုဖတ်ကြည့်ပါမှ အထင်အမြင်ကြီးသွားရသည်။ ဇာတ်က ဒရာမာဇာတ်။ မိဘမေတ္တာသရုပ်ဖော်ဇာတ်လမ်းတစ်ပုဒ်ပင်။

ဒေါ်ဟိန်းသူဇာက ဇာတ်လမ်းကိုနှစ်သက်သည့်အတွက် ဝယ်ယူပြီး ဗီဒီယိုဇာတ်ကားရိုက်ကူးခဲ့သည်။ ဟိန်းရာဇာကိုလည်း ထိုကားတွင် မင်းသားကြီး၊ မင်းသမီးကြီးများ ခြံရံကာ ပွဲထုတ်နိုင်ခဲ့သည်။

ထိုဇာတ်ကားလေးသည် ဗီဒီယိုလောကတွင် အတော်ပင် အောင်မြင်ခဲ့လေ၏။ သူတို့လောကအသုံးအနှုန်းအရ ''ပေါက်ကား'' တစ်ကားဖြစ်ခဲ့လေသည်။ ဟိန်းရာဇာနာမည်လည်း ပိုတက်လာခဲ့၏။

ဆရာမလေးလင်းလက်ကြယ်စင်က နောက်ထပ်ဇာတ်ညွှန်း တစ်ပုဒ်ရေးယူလာပြန်သည်။ ဒေါ်ဟိန်းသူဇာကြိုက်နှစ်သက်၍ ဝယ်ယူ ကာ ဗီဒီယိုဇာတ်ကားပင် ရိုက်ဖြစ်ခဲ့ပြန်၏။ ထိုဇာတ်ကားလေးကလည်း အောင်မြင်ခဲ့ပါသည်။

ဒေါ်ဟိန်းသူဇာ လင်းလက်ကြယ်စင်ကို အထင်ကြီးသွားသည်။ သမီးလောက်အရွယ်လေးကိုပင် လေးလေးစားစား ''ဆရာမ''ဟုခေါ် ကာ အမွှန်းတင်ခဲ့သည်။

လင်းလက်ကြယ်စင် တတိယမြောက် ရေးယူလာသော ဇာတ်ညွှန်းကိုတော့ ကြိုက်လွန်းလို့ ဒေါ်ဟိန်းသူဇာက ရုပ်ရှင်ဇာတ်ကား ကြီးအဖြစ် ရိုက်ကူးပစ်လိုက်သည်။

ထိုဇာတ်ကားကတော့ ..ယခုလောလောဆယ် နာမည်ကြီး နေသော ''လရောင်ဝေးဝေး''ဇာတ်ကားပင်ဖြစ်ပါသည်။

လရောင်ဝေးဝေး–ဇာတ်ကားမှာ အကယ်ဒမီစကာတင်စာရင်း မှာပင်ပါနေသည်။ ဆုများလည်း ချိတ်နိုင်သည့်အတွက် ဒေါ်ဟိန်းသူဇာ က လင်းလက်ကြယ်စင်ကို ''ဟိန်း''ကုမ္ပဏီအတွက် ဇာတ်ညွှန်းများ ပင်တိုင်ရေးပေးဖို့ အခွင့်အရေးပေးခဲ့လေသည်။

ဆရာမလေးကလည်း စတုတ္ထမြောက်ဇာတ်လမ်းတစ်ပုဒ်ကို ရေးယူလာပြန်ပါသည်။ ''နေကိုကျောခိုင်းထားတဲ့လ''တဲ့ ..။

နေကိုကျောခိုင်းထားတဲ့လ–ဇာတ်ညွှန်းကိုဖတ်ရမှပင် .. လင်းလက်ကြယ်စင်ဆိုသည်မှာ သူမ၏နောက်ကျောကိုဓားနှင့်ထိုးမည့် သူဖြစ်မှန်းသိလိုက်ရတော့သည်။

''တောက်–''

အိပ်မပျော်နိုင်သောဒေါ်ဟိန်းသူဇာက အခဲမကျေစွာ တက် ခေါက်လိုက်သည်။

နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းကိုဖတ်ကြည့်ခြင်းအား ဖြင့် လင်းလက်ကြယ်စင်ဆိုသည်မှာ အတုအယောင်သာဖြစ်ကြောင်း သိလိုက်ရလေပြီ။ အစကတည်းက ဒီကောင်မလေးကို သံသယဝင်မိ သား။ အသက်က သားဟိန်းရာဇာနဲ့မှရွယ်တူ၊ အသက်၂၀ပဲရှိသေး သည်။ လေးနက်ခိုင်ခံ့သော အိမ်ထောင်ရေးပညာပေး၊ မိဘမေတ္တာဘွဲ့ ဒရာမာဇာတ်လမ်းကြီးတွေကို ရေးနိုင်နေတာ အံ့သြမိခဲ့သည်။

ခုတော့ ..ရှင်းပါပြီ။

လင်းလက်ကြယ်စင်သည် အစစ်အမှန်မဟုတ်။ သူမနောက် ကွယ်မှာ ကြိုးကိုင်ပေးနေသောတစ်ယောက်ယောက်ရှိနေသည်။ ထို တစ်ယောက်ယောက်က လင်းလက်ကြယ်စင်ကို ဒေါ်ဟိန်းသူဇာဆီ ပေါက်ရောက်အောင် နောက်မှကြိုးကိုင်ချယ်လှယ်နေခြင်းပင်ဖြစ်ရမည်။

ရည်ရွယ်ချက်ကတော့ ဟိန်းသူဇာတို့သားအမိ အောင်မြင်နေ တာကို ချိုးနှိမ်လိုခြင်းပဲဖြစ်မည်။ ဟိန်းသူဇာ၏မာနကို ဖွဲ့ချွေလိုခြင်းပဲ ဖြစ်မည်။

ယခုပင် ဇာတိပေါ်လာပြီမဟုတ်ပါလား။

နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းဖြင့် တိုက်ကွက်ကို စတင်လိုက်ပေပြီ။ ဟိန်းသူဇာ၏နောက်ကြောင်းရာဇဝင်ကိုသိတယ်ဆိုတာ ကို ''နေကိုကျောခိုင်းထားတဲ့လ''ဇာတ်လမ်းကိုရေးပြခြင်းဖြင့် အသိ ပေးလိုက်ပြီ။ ချိန်းချောက်လိုက်ပြီ။

နောင်ဆိုလျှင် ..တစ်ဆင့်တက်၍ ဒီအကြောင်းတွေ သား ဟိန်းရာဇာသိအောင် လုပ်တော့မည်။

ဘာသဘောလဲ။ ဘာရည်ရွယ်ချက်လဲ။

ဟိန်းသူဇာတို့သားအမိအောင်မြင်မှုကို ရိုက်ချိုးလိုခြင်း။ အမေ နဲ့သားတို့စည်းလုံးချစ်ခင်နေတာကို ပြိုကွဲစေလိုခြင်းပဲ ဖြစ်ပါလိမ့်မည်။

အဲဒီရည်ရွယ်ချက်တွေနဲ့ လင်းလက်ကြယ်စင်အမည်ခံထားတဲ့ မိန်းကလေးနောက်ကွယ်ကနေ ကြိုးကိုင်လှုပ်ရှားပေးနေတာဟာ ဘယ်သူ လဲ။

ကိုဥက္ကာလား ..

ကိုကောင်းကျော်နဲ့ဒေါ်စိန်မြညိုလား ..

+ + + + +

ပြီးတော့ ..ရှိသေးသည်။

နေ့လည်က သားသားရဲ့ရုပ်တုပြိုင်ပွဲမှာ သားသားဟိန်းရာဇာ ကိုလာတွေ့တယ်ဆိုတဲ့ ''အာကာ''။ ဟိန်းရာဇာကိုယ်တိုင်က သူနဲ့ရုပ် ချင်းချွတ်စွပ်တူပါတယ်ဆိုတဲ့ ''အာကာ''ဆိုသူ။

အာကာဆိုတာ ဘယ်သူလဲ။ ကိုဥက္ကာနှင့်ပါသွားသော မိမိရဲ့ သားအကြီးပင်လား။

တစ်နေ့တည်း တစ်ရက်တည်းမှာ ..

မိမိ၏အတိတ်ဖြစ်ရပ်ဆိုးများပါသော ''နေကိုကျောခိုင်းထားတဲ့လ''ဇာတ်လမ်းနဲ့ ‥

ဟိန်းရာဇာနဲ့တစ်ထေရာတည်းတူသော အာကာဆိုသူတို့ ‥

မိမိတို့သားအမိဘဝထဲရောက်လာခြင်းသည် ‥

တိုက်ဆိုင်ခြင်းလား ‥

တမင်လုပ်ကြံတာလား ‥

ပဟေဠိဆန်သောအတွေးများဖြင့် ယောက်ယက်ခတ်ကာ ဒေါ်ဟိန်းသူဇာ ညဥ့်နက်သည်အထိ အိပ်မပျော်နိုင်တော့ပေ။

♛♛♛♛♛

## ( ၃ )

ဟိန်းရာဇာသည် ညဥ့်(၂)နာရီထိုးမှပင် ''နေကိုကျောခိုင်းထားတဲ့လ''ဇာတ်ညွှန်းကို ဖတ်လို့ပြီးသွားသည်။

ဇာတ်လမ်းကိုဖတ်အပြီးမှာ ဟိန်းရာဇာ၌ တွေးစရာအတွေး များ တစ်ပုံတစ်ခေါင်းဖြင့် ကျန်ရစ်ခဲ့ရလေတော့၏။

သာမန်အတိုင်းဆိုလျှင် ထိုဇာတ်လမ်းကို ဇာတ်လမ်းကောင်း တစ်ပုဒ်အဖြစ်သာ ဟိန်းရာဇာက သတ်မှတ်မိမည်ဖြစ်သည်။

ယနေ့မှ တိုက်ဆိုင်မှုတွေကို တစ်ခုပြီးတစ်ခု တွေ့နေရသည်။

မိမိနှင့်တစ်ထေရာတည်းတူသည့် အာကာ့ကိုတွေ့ရသည်။

လင်းလက်ကြယ်စင်ရေးသည့် ဇာတ်လမ်းကလည်း ‥ မွေးလာသောအမွှာညီအစ်ကိုကို အဖေနှင့်အမေ တစ်ယောက်စီ ခွဲယူကြတဲ့ဇာတ်လမ်းဖြစ်နေသည်။

အာကာ့အကြောင်းကိုပြောပြပြီး ‥သူ့မှာ အမွှာညီအစ်ကို ရှိ– မရှိမေးစဥ်က မေမေမျက်နှာပျက်သွားတာကိုလည်း ပြန်သတိရမိ၏။

အဲဒါကြောင့်လည်း ''နေကိုကျောခိုင်းထားတဲ့လ''ဇာတ်လမ်း ဟာ သူနဲ့များပတ်သက်နေမလားလို့ တွေးမိရခြင်းဖြစ်သည်။

ပြီးတော့ ‥ မေမေကိုယ်တိုင်ကလည်း ''နေကိုကျောခိုင်းထားတဲ့လ''ကိုဖတ်အပြီးမှာ လင်းလက်ကြယ်စင်ဆီသို့ဖုန်းဆက်ကာ ရန်တွေ့ခဲ့တာကို သူကိုယ်တိုင် မြင်ခဲ့ကြားခဲ့ရသည်။

''လက်စသပ်တော့ မင်းက ငါ့ကိုဝင်လုံးပြီး စပိုင်လာလုပ်နေတာကိုး ‥

''မသိချင်ယောင်ဆောင်မနေပါနဲ့ ကလေး မရယ်၊ မင်းအသက်အရွယ်နဲ့ နေကိုကျောခိုင်းထား တဲ့လ – ဇာတ်လမ်းကို ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ဒီဇာတ်လမ်းကို မင်းရေးတာ မဖြစ်နိုင်ပါဘူး၊ တစ်ယောက်ယောက်က ခိုင်းလို့ မင်း ငါ့ဆီရောက် လာတာမဟုတ်လား ‥

''ဒီမယ်– မင်းကိုခိုင်းတဲ့လူတွေကို ပြောလိုက် စမ်း၊ ဟိန်းသူဇာက ဘယ်သူ့မှ မကြောက်ဘူးလို့၊ ဟိန်းသူဇာကို ယိုင်လဲသွားအောင် ဘယ်သူမှ မလုပ် နိုင်ဘူးလို့''

မေမေပြောတဲ့စကားများက ''နေကိုကျောခိုင်းထားတဲ့လ'' ဇာတ်လမ်းသည် သူမနှင့်ပတ်သက်နေကြောင်း ဝန်ခံလိုက်သလိုဖြစ်နေ သည်။

ဇာတ်လမ်းထဲက အမွှာညီအစ်ကို ‥

သူနဲ့ချွတ်စွပ်တူတဲ့ အာကာ ‥

ဒါတွေဟာ တိုက်ဆိုင်မှုတွေလား။

အာကာနဲ့လင်းလက်ကြယ်စင်ကရော ‥ပတ်သက်မှုရှိနေ မလား။

ဒါတွေကို မေမေ့ကိုမေးလို့တော့ မေမေက ဖြေမည်မဟုတ်ပေ။

ဟိန်းရာဇာအတွက်တော့ မသိရမနေနိုင်သော ပြဿနာတစ်ခု ဖြစ်ခဲ့ပါပြီ။

''နေကိုကျောခိုင်းထားတဲ့လ''ဇာတ်လမ်းကိုဖတ်ရရုံနဲ့ မေမေ ဘာလို့စိတ်ဆိုးတာလဲ။

ငါနဲ့တူတဲ့ ''အာကာ''ဆိုတဲ့လူဟာ ဘယ်သူလဲ။

ဒီဇာတ်လမ်းဟာ အပြင်မှာတကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက် တစ်ခုပဲလား။ တကယ့်အဖြစ်အပျက်လို့ထင်ရအောင်လည်း မေမေ့ တုံ့ပြန်ပုံတွေက သိသာလွန်းနေသည်။

မေမေရယ် ‥ဒါဟာ သားတို့မမွေးခင်က မေမေ့အတိတ်ဘဝမှန်ခဲ့ရင် သားမှာ အမွှာအစ်ကို တစ်ယောက်ရှိသေးတယ်ပေါ့။ အဲဒီ အစ်ကိုဟာလည်း သားနဲ့တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မွေးခဲ့တယ်ဆိုတဲ့ အာကာဖြစ်နေမှာလား။ သားသိရမှ ဖြစ်မယ်မေမေ။

ပြီးတော့ ‌‌.သားအဖေဟာ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရင်း သေသွားပြီဆိုတာ တကယ် ဟုတ်ရဲ့လား။ သားသံသယဝင်လာပြီမေမေ။

သားမှာ အဖေရော၊ အမွှာအစ်ကိုရော ရှိ သေးတယ်ဆိုရင် သူတို့ကို သားတွေ့ချင်တယ်မေမေ။

ပြီးတော့ .ဖေဖေ့ရဲ့အဖေဟာ ကိုယ်ရေပြား ရောဂါသည်ဖြစ်နေတယ်ဆိုတာနဲ့ မေမေက ဖေဖေ့ ကို ဘာလို့စွန့်လွှတ်ခဲ့ရတာလဲဟင်။ သူ့အဖေ ကိုယ်ရေပြားရောဂါသည်ဖြစ်နေတာ ဖေဖေ့အပြစ် လား။ မေမေ့ရဲ့ တုံ့ပြန်ပုံက လွန်လွန်းသွားပြီထင် တယ် မေမေရယ် .။

သားကတော့ လောကကြီးမှာ အဖေဆိုတာ ရှိသေးတယ်ဆိုရင် တွေ့ရအောင် စုံစမ်းရတော့မယ် မေမေ။ မေမေမကြိုက်ရင် သားကို ခွင့်လွှတ်ပါ။

အာကာ့ကိုတွေ့အောင်ပြန်ရှာမယ်။

လင်းလက်ကြယ်စင်ကိုလည်း တွေ့အောင်ရှာ ပြီး မေးမယ်။

အကြောင်းစုံသိရအောင် ဟိန်းရာဇာ ကိုယ့်ဘာသာစုံစမ်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဟိန်းရာဇာသည် ဇာတ်ညွှန်းစာမူလေးကို မေမေ့စာကြည့်ခန်း စားပွဲပေါ်မှာ ပြန်ထားလိုက်၏။ ဒီစာမူကို သူဖတ်ပြီးကြောင်း မေမေ မသိအောင်ပါ။

လှွင့်ပစ်လိုက်တဲ့စာမူ စားပွဲပေါ်ပြန်ရောက်နေတာကိုတော့ မေမေက သံသယဝင်မည်မဟုတ်ပေ။ အိမ်ဖော်မသောင်း ပြန်ကောက် တင်ပေးထားတယ်လို့ပဲ ထင်ပေလိမ့်မည်။

♛♛♛♛♛♛♛♛♛



# အပိုင်း – ၆

## ( ၁ )

ဟိန်းရာဇာက နောက်တစ်နေ့မှစကာ မေမေ့ကို အာကာ့ အကြောင်းမပြောတော့။ လင်းလက်ကြယ်စင်နဲ့မေမေနဲ့ ပြဿနာတက် တဲ့အကြောင်းကိုလည်း မသိချင်ယောင်ဆောင်ထားလိုက်သည်။

ဒေါ်ဟိန်းသူဇာကတော့ သားဟိန်းရာဇာသည် ထိုအကြောင်း များကို မေ့သွားပြီ၊ စိတ်မဝင်စားတော့ဘူးထင်မှတ်ကာ စိတ်အေးလက် အေးဖြစ်သွားလေသည်။

တကယ်တော့ .ဟိန်းရာဇာသည် အာကာဆိုသူနှင့် လင်း လက်ကြယ်စင်တို့သတင်းကို သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းနေခြင်းသာ ဖြစ်ပါ၏။

\+ + + + +

လင်းလက်ကြယ်စင်ဖုန်းနံပါတ်က မေမေ့လက်ကိုင်ဖုန်းထဲမှာ မှတ်သားထားပြီးသား ရှိနေသည်။

ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာဖုန်းထဲမှ လင်းလက်ကြယ်စင်၏ ဖုန်းနံပါတ်ကို ခိုးကြည့်ထားလိုက်သည်။

သူ့ကိုယ်ပိုင် လက်ကိုင်ဖုန်းဖြင့် လင်းလက်ကြယ်စင်ဆီကို ဆက်သွယ်ကြည့်၏။

ဖုန်းခေါ်သံဝင်သွားသည်။

‘‘ဟယ်လို ဘယ်သူနဲ့ပြောချင်လို့ပါလဲရှင်‘‘

.ဟု ပြန်ဖြေလိုက်သောအသံက လင်းလက်ကြယ်စင်အသံ ဆိုတာ ဟိန်းရာဇာမှတ်မိလိုက်သည်။

‘‘ဆရာမလင်းလက်ကြယ်စင်၊ ကျွန်တော် ဟိန်းရာဇာပါ’’

‘‘ဟင် .အို .’’

လင်းလက်ကြယ်စင်ဖက်မှ အာမေဍိတ်သံနှင့်အတူ ခေတ္တမျှ တိတ်ဆိတ်သွားသည်။

‘‘ဆရာမလင်းလက်ကြယ်စင်၊ ကျွန်တော်ဟိန်းရာဇာ စကား ပြောချင်လို့ပါ’’

“အန်တီသူဇာက ကျွန်မကိုစိတ်ဆိုးနေပါတယ်ကိုဟိန်းရာဇာ၊ ကိုဟိန်းရာဇာလည်း သိမယ်ထင်ပါတယ်”

“အဲဒါကိုကျွန်တော်စိတ်မဝင်စားပါဘူး၊ ကျွန်တော်စိတ်ဝင်စားတာက ဆရာမရေးတဲ့ နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းပါဆရာမ၊ ဆရာမနဲ့ကျွန်တော် အဲဒီအကြောင်း ဆွေးနွေးချင်တယ်”

“ရှင် . . .”

“ဆရာမ . . .ကျွန်တော့်ကိုပြန်ပြောပါဦး”

“ဟို . . . ဟို . . . ကျွန်မ . . . ကျွန်မမှာ . . . ကျွန်မမှာ တိုင်ပင်စရာလူရှိပါသေးတယ်ကိုဟိန်းရာဇာ”

“ဗျာ . . . ဒါဖြင့် . . . ဆရာမဟာ မေမေစွတ်စွဲသလို ကျွန်တော်တို့ကိုစပိုင်လာလုပ်နေတာပေါ့၊ ဟုတ်လား၊ ဆရာမကိုခိုင်းတဲ့လူရှိလို့ပေါ့၊ နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းဟာ ဘယ်လိုဖြစ်လာရတာလဲ၊ အဲဒါပဲ ကျွန်တော်သိချင်တာပါ၊ ကျွန်တော့်ကိုသိခွင့်ပေးပါ ဆရာမ”

“ကိုဟိန်းရာဇာရယ် . . .ဒါဖြင့် . . .ဒီလိုလုပ်ပါလေ၊ ကျွန်မ သူ . . .သူတို့နဲ့ ညှိလိုက်ပါဦးမယ်၊ ကိုဟိန်းရာဇာဖုန်းနံပါတ်ကို ကျွန်မ သိပြီပဲ၊ ကျွန်မဆက်သွယ်လိုက်ပါ့မယ်”

“ဒီကိစ္စကို ကျွန်တော်မသိရလို့မဖြစ်ဘူးဆရာမ”

“ခဏလေးသည်းခံပေးပါရှင်၊ ကျွန်မသဘောနဲ့ဆုံးဖြတ်လို့ မရလို့ပါ၊ ကျွန်မပြန်ဆက်သွယ်ပေးပါ့မယ်၊ ကျွန်မကိုနားလည်ပေးပါနော်၊ ခုတော့ . . .ဒါလောက်ပဲပြောပါရစေဦး ကိုဟိန်းရာဇာ”

တစ်ဖက်မှ ဖုန်းကိုပိတ်ပစ်လိုက်သည်။

ဟိန်းရာဇာက သက်ပြင်းချလိုက်မိလေတော့၏။

+ + + + +

“ရုပ်တုပြိုင်ပွဲနေ့တုံးက ကျွန်တော့်ကိုလာတွေ့တဲ့လူကို မှတ်မိသလားကိုသိန်းသန်း”

“သူကမျက်နှာဖုံးစွပ်ထားတာလေ ကိုဟိန်း၊ သူ့မျက်နှာကိုမှ ကျွန်တော်မမြင်ရတာ၊ ဘယ်မှတ်မိမှာလဲ”

“ကျွန်တော်တော့ သူမျက်နှာဖုံးစွပ်ထားလည်း သူ့ကိုမှတ်မိတယ်ဗျာ၊ မျက်နှာဖုံးစွပ်တဲ့လူတွေ့ရင် အဲဒီလူဟုတ်မဟုတ် စောင့်ကြည့်စမ်းဗျာ၊ တွေ့ရင် ကျွန်တော့်ကိုပြော”

“ဟာ . . .ကိုဟိန်းကလည်း . . .မျက်နှာဖုံးစွပ်ထားမှတော့ ဒီလူမှန်း ကျွန်တော်က ဘယ်လိုလုပ်သိတော့မှာလဲ”

ဟုတ်သားပဲ။ သူသည် အာကာ့ကိုတွေ့ချင်ဇောဖြင့် စဉ်းစားဉာဏ်များပင် မမှန်တော့ပါလား။

“နောက်ပြီးတော့ ခုခေတ်မှာ လူတုပ်ကွေးကြောက်လို့ဆိုပြီး လူတော်တော်များများက မျက်နှာဖုံးစွပ်ထားတာဗျ၊ ကျွန်တော်တောင် လူထူထူထဲမသွားရလို့ Maskမစွပ်တာ”

“အဲဒီလူက ကျွန်တော်နဲ့ ရုပ်ချင်းတော်တော်တူတယ် ကိုသိန်းသန်း၊ ကျွန်တော်နဲ့ရုပ်ချင်းတူတဲ့လူတွေ့ရင် ပြောဗျာ၊ ကျွန်တော် မပါတဲ့အချိန်ဆိုရင် သူ့နောက်ကိုလိုက်ကြည့်ထား”

“ကိုဟိန်းနဲ့တူတဲ့ကောင်တွေ အများကြီးတွေ့နေတာပဲ၊ ခုအချိန်မှာ ကိုဟိန်းကနာမည်ကြီးနေတော့ လူငယ်တွေက ကိုဟိန်းစတိုင်ကို လိုက်တုနေကြတာလေ၊ မနေ့ကတောင် ကိုဟိန်းနဲ့ရုပ်တူပြိုင်ပွဲမှာ ပထမရသွားတဲ့ကောင်လေးကိုတွေ့လိုက်သေးတယ်၊ သူဘယ်မှာနေတယ်ဆိုတာတော့ ကျွန်တော်သိတယ်ကိုဟိန်း”

“တော်ပါတော့ဗျာ၊ ကျွန်တော်တွေ့ချင်တာ အဲဒီကောင်လေးမဟုတ်ပါဘူး၊ ဒီမယ်ကိုသိန်းသန်း၊ ကျွန်တော်တွေ့ချင်တဲ့လူကလေ . . .ရုပ်တူပြိုင်ပွဲမှာ ပထမရသွားတဲ့ကောင်လေးထက်ကို ကျွန်တော်နဲ့ရုပ်ချင်းပိုတူသေးတယ်ဗျ . . .သိလား”

“ဗျာ–”

“ချွတ်စွပ်တူတယ်ဆိုတာ ခင်ဗျားကြားဖူးသလား၊ အဲဒီလူ ရုပ်ကလေ . . .ကျွန်တော့်မျက်နှာကိုချွတ်ပြီး သူ့မျက်မှာပေါ်မှာ စွပ်ထား သလိုကို တူတာ”

“ဟင် . . .ဒါနဲ့များ သူဘာဖြစ်လို့ ရုပ်တူပြိုင်ပွဲမဝင်တာပါလိမ့်၊ ကြည့်ရတာ ရုပ်တူပြိုင်ပွဲကို သူလာတာ နောက်ကျသွားလို့နဲ့တူတယ်နော် ကိုဟိန်း”

ကိုသိန်းသန်းက သူထင်ရာမြင်ရာတွေလျှောက်ပြောနေသည်။

ပုန်းတဲ့သူကို တွေ့အောင်ရှာဖို့ လွယ်လိမ့်မယ်မထင်။

အာကာသည် ရုပ်တူပြိုင်ပွဲကို ပြိုင်ပွဲဝင်ဖို့လာတာမဟုတ်။ သူ့ကို လူမြင်မှာစိုးလို့ Maskစွပ်လာခဲ့သေးသည်။ သူ့နှုတ်ကလည်း “လောက

မှာ ငါရှိနေတယ်ဆိုတာ မင်းသိအောင်လာပြတာ''–လို့ ပြောခဲ့သေးသည်။ ဟိန်းရာဇာတားပြန်တော့လည်း ဟိုတယ်ထဲက ဖွတ်ထွက်သွားခဲ့သည်။

အာကာသည် ပုန်းနေချင်သူဖြစ်လိမ့်မည်။

ပုန်းတဲ့သူကို ဘယ်လိုရှာရမလဲ။

♛♛♛♛♛

( ၂ )

လင်းလက်ကြယ်စင်ဆီ နောက်ထပ်ဖုန်းခေါ်ကြည့်တော့လည်း ဖုန်းကိုပိတ်ထားသည်။

သုံးရက်ကြာသွားသည့်တိုင် လင်းလက်ကြယ်စင်ဖက်က ဆက်သွယ်မလာခဲ့ပါ။

ဟိန်းရာဇာက မေမေ့ဖက်မှထူးခြားမှုကိုစောင့်ကြည့်နေခဲ့သည်။

ဒေါ်ဟိန်းသူဇာအမူအရာမပျက်ပါ။ မေမေလည်း ဟန်ဆောင်ကောင်းသားပဲ။

ညပိုင်းတွင် မေမေ့အတွက် ကော်ဖီကိုဖျော်ယူခဲ့ပြီး မေမေရှိနေတဲ့စာကြည့်ခန်းထဲဝင်ခဲ့သည်။

''ဟင် •သား၊ အိပ်တော့မလို့လား''

''ဟုတ်ကဲ့မေမေ''

ဟိန်းရာဇာက ကော်ဖီခွက်ကို စားပွဲပေါ်ချပေးလိုက်သည်။

''ဘာစာတွေဖတ်နေတာလဲမေမေ''

''ဒီလ ထွက်ထားတဲ့လုံးချင်းဝတ္ထုတွေလေ၊ သားနဲ့လိုက်မယ့်ဇာတ်လမ်းလိုက်ရှာနေတာ၊ မတွေ့ပါဘူးကွယ်၊ ဝတ္ထုတွေကလည်း ဂမ္ဘီရတွေများနေတယ်၊ ဂမ္ဘီရတွေတော့ မေမေက မကြိုက်ဘူးလေ၊ သားနဲ့ လည်း မလိုက်ဘူးမဟုတ်လား''

''ဟိုနေ့က ဆရာမလင်းလက်ကြယ်စင်ပေးသွားတဲ့ဇာတ်ညွှန်းအသစ်ရောမေမေ၊ ဖတ်ကြည့်ပြီးပြီလား''

''ဟင် •''

ဟိန်းရာဇာက မသိချင်ယောင်ဆောင်၍မေးလိုက်သည်။

ဒေါ်ဟိန်းသူဇာမျက်နှာပျက်သွားသည်။

''ဖတ်ပြီးပြီသား၊ မကြိုက်လို့ မေမေပြန်ပေးလိုက်တယ်''

''ဟင် •ဒီတစ်ခါ ဆရာမဇာတ်က ဘယ်လိုဖြစ်သွားလို့လဲ မေမေ''

''ဟာသတွေရေးထားလို့ပါသားရယ်၊ ဟာသကို မကျွမ်းကျင်ပဲနဲ့ရေးထားတော့ မကောင်းဘူးပေါ့၊ ဒါနဲ့ •မေမေလည်း ဒရာမာပဲ ပေးပါဆိုပြီး အဲဒီဇာတ်ညွှန်းကိုတော့ ပြန်ပေးလိုက်တယ်သား''

မေမေကလည်း သရုပ်ဆောင်ကောင်းသားပါလား။ သူ့ကို သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားဖို့ အမြဲဆုံးမရုံမက သူကိုယ်တိုင် သရုပ်ဆောင်ကောင်းအောင် လေ့ကျင့်နေပြီထင်ပါရဲ့။

လင်းလက်ကြယ်စင်ရဲ့ဇာတ်ညွှန်းစာမူကိုလည်း စားပွဲပေါ်မှာ မတွေ့ရတော့ပေ။

တကယ်တော့ •ဇာတ်ညွှန်းကို ဒေါ်ဟိန်းသူဇာက မီးခံသေတ္တာထဲထည့်သိမ်းထားလိုက်ခြင်းဖြစ်ပါသည်။

ဇာတ်ညွှန်းဖတ်ပြီး သူမပေါက်ကွဲခဲ့တဲ့ညက ဇာတ်ညွှန်းစာအုပ် ကို လွှင့်ပစ်လိုက်သည်။ နောက်တစ်နေ့မနက်မှာ စာအုပ်ကို စားပွဲပေါ် ပြန်ရောက်နေတာတွေ့တော့ မသောင်းပြန်ကောက်တင်ထားတယ်လို့ပဲ ဒေါ်ဟိန်းသူဇာက ထင်ခဲ့၏။ ဟိန်းရာဇာယူဖတ်မှာစိုး၍ မီးခံသေတ္တာထဲ မှာ အပြီးထည့်သိမ်းထားလိုက်ခြင်းဖြစ်ပါသည်။

''ဒါနဲ့ •သား ခုရိုက်နေတဲ့ကားက အဆင်ပြေရဲ့လား''

ဒေါ်ဟိန်းသူဇာက စကားကိုလွှဲပစ်လိုက်လေသည်။

ဟိန်းရာဇာ သည်ရက်ပိုင်းအတွင်းရိုက်နေသောဇာတ်ကားမှာ အခြားကုမ္ပဏီမှငှားသောဇာတ်ဖြစ်သည်။ အပြင်ကုမ္ပဏီနှင့်ရိုက်သောကားဖြစ်၍ ရိုက်ကွင်းကို မေမေလိုက်မလာပါ။

''ပြေပါတယ်မေမေ၊ ပြေးရလွှားရတဲ့အခန်းတွေပါတော့ နည်းနည်းတော့ ပင်ပန်းတာပေါ့''

''အေးကွယ် •ကိုယ်ပိုင်ဇာတ်ကားမဟုတ်တော့ ကိုယ်ကြိုက်တဲ့သရုပ်ဆောင်ကွက် ရချင်မှရမယ်၊ ဒါပေမယ့် •သရုပ်ဆောင်ဆိုတာ ကျရာနေရာမှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်တတ်ရမယ်နော် သား၊ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါကွယ်''

''ဟုတ်ကဲ့မေမေ၊ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါဆိုတဲ့ မေမေဆုံးမနေကျစကားကို သားမမေ့ပါဘူးမေမေ''

''သားက ဒို့ထက်အောင်မြင်ဦးမှာပါ၊ မေမေ့စကားနားထောင်

တာပဲ၊ ဩော် •ဒါထက် •ရှေ့အပတ်ဆို အကယ်ဒမီဆုပေးပွဲကျင်းပတော့မှာနော်သား၊ ဆုပေးပွဲမှာ သားဘာရောင်ဝတ်ရမယ်ဆိုတာမေမေဗေဒင်မေးပြီးပြီ၊ အဝါရောင်ဝတ်ရမယ်တဲ့၊ သားက ဒီအသက်ပိုင်းမှာ ဗုဒ္ဓဟူးနံနဲ့အကျိုးပေးနေတယ်တဲ့၊ အဲဒါကြောင့် •အဝါရောင်ဝတ် ဖို့ဆရာက အကြံပေးလိုက်တယ်၊ မေမေရွေးထားပြီးပြီသား၊ အဝါရောင်ဆိုပေမယ့် အဝါရောင်တောက်တောက်ကြီးမဟုတ်ဘူး၊ ရွှေဖလားရောင်လေးပေါ့''

''မေမေ့သဘောပါမေမေ''

''ဆရာကဟောလိုက်သေးတယ်သား၊ ဗုဒ္ဓဟူးနံနဲ့အကျိုးပေးနေတာမို့ လရောင်ဝေးဝေး–ကားမှာ အကယ်ဒမီရမှာ သေချာတယ်တဲ့၊ လရောင်ဝေးဝေးဆိုတဲ့နာမည်ကလည်း ဗုဒ္ဓဟူးနံပဲလေ''

ဟိန်းရာဇာက ပြုံးလိုက်သည်။

''သားအတွက်ထက် မေမေဂုဏ်ယူနိုင်အောင်၊ မေမေပျော် ရအောင်…သားအကယ်ဒမီလိုချင်ပါတယ်မေမေ၊ မေမေ့ကို သားအကယ်ဒမီရုပ်ကလေးရှေ့ချပြီး ကန်တော့ချင်ပါတယ်မေမေ''

''သားရယ် •လိမ္မာလိုက်တာကွယ်''

''ခုတော့ •သား လက်ချည်းပဲကန်တော့ဦးမယ်နော်မေမေ''

ဟိန်းရာဇာက မအိပ်ခင် မိခင်ကိုကန်တော့နေကျအတိုင်းထိုင်ကန်တော့လိုက်၏။

ဒေါ်ဟိန်းသူဇာမျက်နှာက အပြုံးဖြင့်တောက်ပနေလေသည်။

''လိမ္မာတဲ့မေမေ့သားလေး အောင်မြင်မှုတွေရပါစေကွယ်၊ တစ်နိုင်ငံလုံးကချစ်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ပါစေ၊ သာဓု • သာဓု •သာဓုပါသားရယ်''

♛♛♛♛♛

( ၃ )

လင်းလက်ကြယ်စင်ဆီမှ ဆက်သွယ်မှုကိုစောင့်မျှော်နေသည့်စတုတ္ထမြောက်နေ့။

ဒီနေ့တော့ လင်းလက်ကြယ်စင်က ဟိန်းရာဇာဖုန်းကိုဆက်သွယ်လာပါသည်။

ရိုက်ကွင်းနားနေချိန်တွင် ဝင်လာသောဖုန်းကိုကြည့်လိုက်တော့လင်းလက်ကြယ်စင်ဆီမှဖြစ်နေသည်။ ဟိန်းရာဇာဝမ်းသာသွား၏။

''ဆရာမ •ကျွန်တော်ဟိန်းရာဇာပါ၊ ပြောပါ''

''ကိုဟိန်းရာဇာ ကျွန်မနဲ့တွေ့ချင်တယ်ဆိုရင် ဒီနေ့တွေ့လို့ရ ပါတယ်၊ ညနေဆိုအားမလား ကိုဟိန်းရာဇာ''

''ငါးနာရီဆို ကျွန်တော့်ရှူတင်ပြီးပါပြီ၊ ကျွန်တော်ဘယ်ကိုလာခဲ့ရမလဲ ဆရာမ''

လင်းလက်ကြယ်စင်က ရှစ်မိုင်က စားသောက်ဆိုင်တစ်ဆိုင်အမည်ကိုရွတ်ပြသည်။

''ကျွန်မအဲဒီက စောင့်နေပါ့မယ်၊ ငါးနာရီကစပြီးစောင့်နေမယ်ကိုဟိန်းရာဇာ''

\+ + + + +

ရှူတင်အပြီးတွင် လင်းလက်ကြယ်စင်နှင့်ချိန်းထားသည့်ဆိုင်သို့သွားလိုက်သည်။

ကိုသိန်းသန်းကို ဆိုင်အပြင်ကနေပဲ ကားနှင့်စောင့်ခိုင်းထားလိုက်သည်။

သူဆိုင်ထဲဝင်သွားတော့ သူ့ကို မင်းသားဟိန်းရာဇာအဖြစ်သိထားပြီးဖြစ်သောဆိုင်ဝန်ထမ်းက လင်းလက်ကြယ်စင်စောင့်နေသည့်အခန်းကိုလိုက်ပို့ပေးသည်။

သီးသန့်စားသောက်ခန်းထဲတွင် လင်းလက်ကြယ်စင်တစ်ယောက်တည်း ထိုင်စောင့်နေပါသည်။

''ကိုဟိန်းရာဇာ •ဒီကိုလာတာ အန်တီသူဇာ သိလားဟင်''

''မသိပါဘူးဆရာမ၊ ဒီနေ့ရိုက်တဲ့ကားက ကျွန်တော်တို့ကုမ္ပဏီကကားမဟုတ်ဘူး၊ မေမေလိုက်မလာဘူးလေ''

''ကျွန်မကို ဆရာမ •မခေါ်နဲ့တော့ ကိုဟိန်းရာဇာ၊ ကျွန်မစာရေးဆရာမလည်း မဟုတ်ပါဘူး၊ ကျွန်မနာမည် **လေပြေ** •တဲ့''

''လေပြေ၊ ဟုတ်လား၊ ဒါဆို ဆရာမ •အဲ •မလေပြေ ကဇာတ်ညွှန်းရေးဆရာမဟန် ဆောင်ထားထားပေါ့''

''ဟုတ်ကဲ့''

''ကျွန်တော်လည်း အဲဒါပဲသိချင်နေတာပါလေ၊ မလေပြေဘာလို့အဲဒီလိုလုပ်ရတာလဲ၊ မလေပြေ ကျွန်တော်တို့ဆီ ဝင်လာပုံက

သေချာအကွက်ရိုက်ပြီးဝင်လာတာပဲ''

''အန်တီသူဇာက ကျွန်မကို စပိုင်လို့တောင်စွတ်စွဲပြီးပါပြီ ကိုဟိန်းရာဇာ''

''မေမေ ဖုန်းဆက်ပြီးရန်တွေ့တာ ကျွန်တော်ကြားတယ်၊ ဒါပေမယ့် •ကျွန်တော်သိတယ်ဆိုတာကို မေမေမသိပါဘူးမလေပြေ၊ မလေပြေရဲ့ နေကိုကျောခိုင်းထားတဲ့လ–ဇာတ်ညွှန်းကို ဖတ်ကြည့်မှ ကျွန်တော်သဘောပေါက်ရတာ၊ အဲလေ •သဘောပေါက်တယ်ဆိုတာ တောင် တကယ်တော့ •ဘာမှ ရေရေရာရာသိသေးတာမဟုတ်ပါဘူး၊ မလေပြေ ဘာတွေလုပ်နေတာလဲဟင်၊ ဘာရည်ရွယ်ချက်နဲ့ ဒါတွေလုပ် နေတာလဲ၊ နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းကရော တကယ့် အဖြစ်လား၊ မလေပြေဘယ်လိုသိတာလဲ''

''ဟိုး •ဟိုး •ကိုဟိန်းရာဇာ၊ ဒါတွေအားလုံး သိရမှာပါ၊ ဒါတွေကိုရှင်းပြမယ့်လူ ရောက်လာပါလိမ့်မယ်''

''ဗျာ •''

''ဟော •ပြောရင်းဆိုရင်းလာပါပြီ''

လေပြေက အခန်းဝကိုမေးငေါ့ပြရင်းပြောလိုက်သည်။

''သူ အားလုံးရှင်းပြပါလိမ့်မယ် ကိုဟိန်းရာဇာ''

အခန်းထဲကိုဝင်လာသူက နှာခေါင်းစည်းမျက်နှာဖုံးMaskကို တပ်ထားသည်။ နေကာမျက်မှန်နှင့်ဖြစ်သည်။

ဟိန်းရာဇာ ထိုင်ရာမှ ဆတ်ကနဲထလိုက်၏။

''ခင်ဗျား– ခင်ဗျား– အာကာ •အာကာမဟုတ်လား''

ထိုသူက နေကာမျက်မှန်ကိုချွတ်၍ စားပွဲပေါ်တင်လိုက်သည်။ နှာခေါင်းစည်းကိုချွတ်လိုက်သည့်အခါတွင်တော့ •သူ့မျက်နှာတစ်ခုလုံး ပေါ်လာလေသည်။

မျက်နှာချင်းဆိုင်ယှဉ်ရပ်နေသော လူနှစ်ယောက်ကို ကြည့်ရသည်မှာ •မှန်ချပ်ရှေ့တွင်ရပ်နေသည့်လူတစ်ယောက်၏ပုံရိပ်ကို မှန်ထဲတွင်ပြန်မြင်ရသကဲ့သို့ထင်ရလေသည်။

''ဟုတ်ပါတယ် •ငါ အာကာပါ''

''ဩော •ခင်ဗျားတို့နှစ်ယောက်က ပူးပေါင်းကြံစည်ကြ တာကိုး''

''ထိုင်ပါဦး •ကိုဟိန်းရာဇာ၊ ကိုအာကာ့မှာ ပြောစရာစကား တွေ အများကြီးရှိနေပါတယ်''

လေပြေက ကြားမှဝင်ပြောလိုက်သည်။

''ခင်ဗျားနဲ့လေပြေက ဘယ်လိုပတ်သက်နေကြတာလဲ''

''လေပြေက ငါ့ချစ်သူ''

''ခင်ဗျားကရော ဘယ်သူလဲ''

''ဟိုတယ်မှာတွေ့တဲ့နေ့ကတည်းက မင်းကို ငါပြောခဲ့ပြီးပြီလေ၊ မင်းနဲ့ငါဟာ တစ်ဖအေတည်း တစ်မအေတည်းက တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ မွေးခဲ့တဲ့အမွှာညီအစ်ကိုပါလို့''

''ဒါ •ဒါဆို နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းဟာ အဖြစ်မှန်ကိုရေးထားတာပေါ့''

''ဟုတ်တယ်၊ အဲဒီဇာတ်လမ်းဟာ ငါငယ်ငယ်ကတည်းက ငါ့အဖေပြောပြလို့ အီနေအောင်ကြားခဲ့ဖူးတဲ့ဇာတ်လမ်းပဲ''

''မင်းအဖေက ပြောပြတယ်၊ မင်းအဖေက •''

''ဦးဥက္ကာလေ •မင်းနဲ့ငါတို့ နှစ်ယောက်စလုံးရဲ့အဖေ ဦးဥက္ကာပေါ့''

''လေပြေက လင်းလက်ကြယ်စင်အဖြစ်နဲ့ ငါတို့ဆီ ဘယ်လို ရောက်လာရတာလဲ''

''အမေ့ကို ငါရှိကြောင်း အသိပေးချင်လို့ လုပ်ဇာတ်ဆင်ရတာ ပါဟိန်းရာဇာ၊ လေပြေ့ကို လင်းလက်ကြယ်စင်အဖြစ် သရုပ်ဆောင်ခိုင်း ပြီး မင်းတို့ဆီရောက်အောင်ဝင်ရတာလေ''

''တကယ့်လင်းလက်ကြယ်စင်က ဘယ်သူလဲ၊ ဒီဇာတ်လမ်း တွေရေးတဲ့လင်းလက်ကြယ်စင်က ဘယ်သူလဲ''

''လင်းလက်ကြယ်စင်အစစ်က •''

အာကာက ဆက်မပြောသေးပဲ တွေဝေနေသည်။

''လင်းလက်ကြယ်စင်အစစ်က ငါ •ငါပါပဲ ဟိန်းရာဇာ''

''ဩော •မင်းရေးတာတွေကိုး၊ ဒါနဲ့များ အာကာရယ် • မေမေ့ဆီကိုလာပြီး မင်းဟာ အဖေနဲ့ပါသွားတဲ့ သားဖြစ်ကြောင်း ပြောပြပါ လားကွာ၊ မင်းလုပ်ပုံတွေက စုံထောက်ဝတ္ထုကျနေတာပဲ''

''ငါတို့အမေဒေါ်ဟိန်းသူဇာက ငါ့ကိုလက်ခံမှာမဟုတ်ဘူးဆိုတာ ငါသိနေလို့ပါဟိန်းရာဇာ၊ အဖေပြောပြလွန်းလို့ အမေ့ရဲ့မာနကို ငါသိ ထားပါတယ်၊ လူကိုယ်တိုင်လာပြောရင် ငါ့ကိုနှင်လွှတ်မှာပေါ့၊ အခုပဲ

ကြည့်လေ၊ ဇာတ်လမ်းအနေနဲ့ရေးပြီး သွေးတိုးစမ်းလိုက်တာနဲ့တွင် လေပြေ့ကိုရန်တွေ့လိုက်တာ ရစရာမရှိဘူး''

မေမေ့မာနကိုတော့ ဟိန်းရာဇာလည်း သိပါသည်။

''မင်း ဒါတွေလုပ်တဲ့ရည်ရွယ်ချက်က ဘာလဲအာကာ''

''ငါ့အမေက ငါ့ကို အသိအမှတ်ပြုစေချင်တာပဲ၊ အမေ့ကို အမေလို့ ငါခေါ်ချင်တယ်၊ အမေက သားအဖြစ်လက်ခံစေချင်တယ်၊ ဒါပါပဲဟိန်းရာဇာ၊ ဒါ့ထက်ပိုပြီး ငါမမျှော်လင့်ပါဘူး''

''အာကာရယ်''

''ပြီးတော့ •လောကမှာ ညီအစ်ကိုအရင်းအချာဆိုလို့ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းရှိတာပါဟိန်းရာဇာ၊ မင်းမှာ အမွှာညီအစ်ကို ရှိနေတာကို မင်းသိမှာမဟုတ်ဘူးဆိုတာ သေချာတယ်၊ အမေက မင်းကိုပြောမှာမဟုတ်ဘူးလေ၊ မင်းကိုငါရှိကြောင်း အသိပေးချင်တာလဲ ပါပါတယ်''

''ကျေးဇူးတင်ပါတယ်အာကာ၊ ဒီအဖြစ်မှန်တွေကို မင်းလုပ် လို့ ငါသိရတာပါ၊ ငါ့မှာ အမွှာအစ်ကို မင်းရှိနေတယ်ဆိုတာသိရလို့လည်း ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့် •မင်းလုပ်တာတွေက လမ်းလွဲနေပြီ ထင်တယ်အာကာ''

''ဘာဖြစ်လို့လဲ ဟိန်းရာဇာ''

''ငါကတော့ မေမေလက်ခံအောင် ရိုးရိုးသားသားနည်းနဲ့ ကြိုးစားစေချင်တယ်လေ၊ အခုလိုလုပ်ပုံမျိုးကိုတော့ မေမေလည်း စိတ်ဆိုးမှာပေါ့''

''အေးကွာ •ငါလည်း ကြံမိကြံရာ ကြံလိုက်မိတာပဲ၊ ငါ အမေနဲ့မင်းကို တွေ့ချင်လွန်းလို့ အရွယ်ရောက်တာနဲ့ ငါတို့ကိုမွေးခဲ့တဲ့ ဇာတိမြို့ကိုသွားတယ်၊ မင်းတို့သတင်းကိုစုံစမ်းတယ်ဟိန်းရာဇာ၊ အမေ မြို့ကထွက်သွားတာကြာပြီဆိုတဲ့သတင်းပဲ ရခဲ့တယ်၊ မင်းနာမည်ကို တောင် ဘယ်လိုမှည့်ထားတယ်ဆိုတာ မသိခဲ့ရပါဘူးကွာ''

''အခုရော •ဘယ်လိုသိလဲ''

''မင်းက မင်းသားဖြစ်နေပြီလေ၊ မင်းဓာတ်ပုံတွေမြင်တာနဲ့ ဒါငါ့ညီပဲဆိုတာ ငါသိတာပေါ့၊ မင်းဇာတ်ကားတွေကြည့်တဲ့လူတိုင်းက လည်း ငါနဲ့တူတယ်လို့ပြောကြတယ်၊ နာမည်က ဟိန်းရာဇာ၊ ငါတို့အမျိုး က ''ဟိန်း''မျိုးတွေဆိုတာ အဖေပြောပြလို့ ငါသိထားတာပဲ၊ မင်းတို့ ကုမ္ပဏီနာမည်ကလည်း ''ဟိန်း''ဖြစ်နေတယ်လေ၊ ပိုပြီး သေချာသွား တာက မင်းတို့ကိုယ်တိုင်ထုတ်လုပ်တဲ့ဇာတ်ကားတွေမှာ ''စီစဉ်သူ – ဟိန်းသူဇာ''ဆိုတဲ့စာတန်းပါနေတာပဲ၊ မင်းဟာ ငါ့ရဲ့အမွှာညီအစ်ကို ဆိုတာသေချာသွားတာပေါ့''

''မင်းကိုမေမေကလက်ခံစေချင်ရင် ငါကူညီပါ့မယ်အာကာ၊ မေမေလက်ခံမယ့်နည်းလမ်းကို ငါတို့စဉ်းစားကြတာပေါ့''

''ကျေးဇူးတင်ပါတယ်ညီလေးရာ''

''အာကာ •မင်းကတော့ ငါတို့မိသားစုအဖြစ်ကို အကုန် သိနေတယ်နော်၊ ငါကတော့ ဘာမှမသိခဲ့ရဘူး၊ မေမေတို့က ငါ့ကို ငါ့အဖေ နာမည်ဦးဉက္ကာဆိုတာတော့ အသိပေးတယ်၊ ဒါပေမယ့် •ဖေဖေ့ကို သေပြီလို့ မေမေတို့က ပြောထားတာကွ၊ ဖေဖေဟာ မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်ရင်းက အက်ဆီးဒင့်ဖြစ်ပြီးသေသွားပြီတဲ့''

''ဩော •အဲဒီလိုပဲပြောထားသလား''

''ဟုတ်တယ်၊ ငါလည်း ယုံနေခဲ့တယ်၊ ခုတော့ •ဒါ လုပ်ကြံဇာတ်ဆိုတာ ငါသိပြီ၊ တကယ်တော့ •ငါတို့အဖေ မသေ သေးဘူးပေါ့နော်၊ အာကာ •ငါတို့အဖေဦးဉက္ကာ ရှိနေသေးလားဟင်''

''အဖေလား၊ အဖေ မသေသေးပါဘူးဟိန်းရာဇာ''

''အဖေဘယ်မှာလဲ''

''အဖေ ဒီမှာမရှိပါဘူးဟိန်းရာဇာ၊ အဖေ •ငါတို့အဖေ အနာကြီးရောဂါသည်စခန်းမှာ ရောက်နေပါတယ်''

''ဟင် •''

''အခုလောလောဆယ် အဖေဟာ •မန္တလေးက ရေနံ့သာ အနာကြီးရောဂါသည်စခန်းမှာ ရှိနေပါတယ်''

''ဟာ •''

♛♛♛♛♛♛♛♛♛

# အပိုင်း – ၇

## ( ၁ )

ဟိန်းရာဇာရိုက်ကွင်းမှပြန်လာသောကား ခြံထဲကိုဝင်လာသည် နှင့် ဒေါ်ဟိန်းသူဇာက အိမ်အဝမှထွက်ကြိုလိုက်သည်။

ယနေ့သည် အပြင်ကုမ္ပဏီတစ်ခုမှ ဟိန်းရာဇာကိုငှားရိုက်သော ဇာတ်ကား နောက်ဆုံးရိုက်ကွင်းနေ့ပင်ဖြစ်ပါသည်။

''ပင်ပန်းလာသလားသား''

ဒေါ်ဟိန်းသူဇာက ကားပေါ်မှဆင်းလာသောသားကို ကြိုဆိုရင်း မေးလိုက်သည်။

''ရပါတယ်မေမေ၊ **ကျွန်တော်**မပင်ပန်းပါဘူး''

''ဟင် .''

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာပြန်ပြောလိုက်သောစကားကြောင့် အံ့သြသွားသည်။

''ဒီဇာတ်လမ်းက ဘယ်လိုဇာတ်လမ်းမျိုးလဲသား၊ သားက ဇာတ်ကားထဲမှာ ရိုးရိုးသားသားလူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာလား''

''ဘာဖြစ်လို့လဲမေမေ''

''မေမေ့ကိုစကားပြောတာ **ကျွန်တော်**ဆိုလို့ပါ၊ ဇာတ်ကားထဲမှာသရုပ်ဆောင်ရင်းက အကျင့်ပါသွားတာထင်တယ်၊ သားက အခုထိ ဇာတ်ကားထဲမှာ စျာန်ဝင်တုန်းကိုး''

''ဟာ .ဟို .မေမေ၊ သား .သား၊ ဟုတ်ပါရဲ့၊ ကျွန်တော် ကျွန်တော်လို့ပြောလိုက်မိတယ်နော်၊ အဲလေ ...သား ကျွန်တော်လို့ပြောလိုက်မိတယ်နော်၊ ဟုတ်တယ်မေမေ၊ ဇာတ်ကားထဲ စျာန်ဝင်သွားလို့၊ ဟဲ .ဟဲ .''

''ကိုယ်သရုပ်ဆောင်ရတဲ့ သရုပ်ဆောင်ချက်ထဲမှာ စျာန်ဝင် တာ ကောင်းပါတယ်သား၊ ဒါပေမယ့် .ခုအချိန်ကစပြီး မေ့လိုက် တော့နော်၊ ဒီကားက ပြီးသွားပြီလေ၊ မနက်ဖန်ဆိုရင် ...မေမေတို့







ကိုယ်ပိုင်ဇာတ်ကားစရိုက်တော့မယ်၊ ဟဲ့ .ဟဲ့ .ဖိနပ်ကို ဘယ်မှာ သွားချွတ်တာလဲသား၊ ဖိနပ်စင်က ဒီဖက်မှာလေ၊ အဲဒါ ခေါင်းရင်းကြီး၊ ခြေဘ် .ငါ့သားကလည်းကွယ်''

သူ မျက်နှာပျက်သွားသည်။

''ဆောရီးမေမေ၊ သား ယောင်သွားလို့ပါ''

''ကဲ .သားသွားနားချေဦး၊ ရေမိုးချိုး၊ ထမင်းစားပြီးမှ မနက်ဖန်စရိုက်မယ့်ကားအတွက် မေမေတို့ ဆွေးနွေးကြမယ်''

''ဟုတ်ကဲ့မေမေ''

ဒီနေ့မှ ထူးထူးခြားခြားအမူအရာပြောင်းနေသော သားဖြစ်သူကိုကြည့်၍ ဒေါ်ဟိန်းသူဇာကျန်ခဲ့လေသည်။

ကြည့်လိုက်တော့ ဟိန်းရာဇာသည် သူမ၏အခန်းထဲကို ဝင် သွားတာတွေ့လိုက်၏။

ပြီးမှ .ချက်ချင်းပြန်ထွက်လာကာ သူ့အခန်းထဲကို ဝင် သွားသည်။

ကြည့်စမ်း၊ အမေ့အခန်းကိုမှားဝင်ရအောင် ငါ့သား ဘာတွေများစိတ်ကူးနေပါလိမ့်။ ဘာတွေများ အာရုံများနေတယ်မသိပါဘူး။

\+ + + + +

''သားရေ .လာပါဦး''

''ဟုတ်ကဲ့မေမေ''

ဒေါ်ဟိန်းသူဇာရှိနေသောစာကြည့်ခန်းထဲသို့ ဟိန်းရာဇာ ရောက်လာသည်။

''သား .ဟောဒီမှာ မနက်ဖန်ရိုက်မယ့် ''ရင်ကွဲပက်လက်'' ဇာတ်ကားရဲ့ဇာတ်ညွှန်း၊ ဖတ်ထားလိုက်ဦးသား၊ သားက ဒီကားမှာ မခိုင်ကြီးနဲ့တွဲရမှာ''

''ဟုတ်ကဲ့မေမေ''

''မနက်ဖန် စရိုက်မယ့်အခန်းကို မေမေခေါက်ထားတယ်၊ အဲဒါကိုသေချာဖတ်ပြီး စျာန်သွင်းထားနော်၊ ဇာတ်လမ်းထဲမှာ မခိုင်ကြီး နဲ့သားနဲ့က အိမ်နီးချင်း၊ မခိုင်ကြီးက အပျိုကြီး၊ သားကိုကြိတ်ချစ်နေ တာ၊ ဒါပေမယ့်အပျိုကြီးပီပီ မခိုင်ကြီးကတော့ ဣန္ဒြေကြီးနဲ့ပေါ့ကွယ်၊ သားကလည်း မခိုင်ကြီး ကိုယ့်ကိုတစ်ဖက်သတ်ချစ်နေတာမသိဘူး၊ သားကတော့ ငယ်တဲ့သူဆိုတော့ မခိုင်ကြီးကို ကိုယ့်အစ်မကြီးလိုပဲ နွဲ့ဆိုးဆိုးမယ်၊

မုန့်ဖိုးတွေဘာတွေတောင်းမယ်၊ မခိုင်ကြီးက သားဆိုး တာန္တဲ့တာတွေကို ကြေနပ်နေတယ်၊ သားဖက်ကတော့ ရိုးရိုးသားသားပဲ၊ အစ်မလိုခင်နေတာ၊ ဘယ်လိုလဲသား၊ လုပ်နိုင်မယ်မဟုတ်လား''

''ဟုတ်ကဲ့မေမေ၊ ရပါတယ်၊ ခိုင်သင်းကြည်နဲ့ညှိပြီးလုပ်ရမှာပေါ့မေမေ''

''ဘာ– ခိုင်သင်းကြည်၊ ဟုတ်လား၊ ဘယ်က ခိုင်သင်းကြည် ကပါလာတာလဲ''

''မေမေပဲ ဒီကားမှာ သားနဲ့ခိုင်သင်းကြည်တွဲရမယ်ဆို''

''မေမေပြောတာက မခိုင်ကြီးနဲ့တွဲရမယ်လို့ပြောတာပါသားရယ်၊ မခိုင်ကြီးဆိုတာ ထွန်းအိန္ဒြာဗို–လေ၊ နာမည်ရင်းမိမိခိုင်မို့လို့ မခိုင်ကြီးလို့ခေါ်နေကြတာ၊ ခိုင်သင်းကြည်ကိုက မခိုင်လေးလို့ ခေါ်ကြတယ်လေ၊ ရုပ်ရှင်လောကတစ်ခုလုံး သိနေကြတာပဲ၊ သား ․ဒီနေ့ မင်းဘယ်လိုဖြစ်နေတာလဲ''

''သား ․သား ․ယောင်သွားလို့ပါမေမေ''

''မင်းယောင်တာကလည်း ထွန်းအိန္ဒြာဗိုနဲ့ခိုင်သင်းကြည် မှားရလောက်အောင်ဆိုးသလားကွယ်''

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကို စေ့စပ်စွာကြည့်ရင်း မေးလိုက်သည်။

ဟိန်းရာဇာ စိတ်မလုံသလို မျက်လွှာချသွား၏။

''သား မနက်ဖန်ရိုက်မယ့်အခန်းကို ကြေညက်အောင်ဖတ်ထားလိုက်ပါမယ်မေမေ၊ သားသွားတော့မယ်နော်''

''သားက မေမေ့ကို ကော်ဖီဖျော်တိုက်ဖို့တောင်မေ့နေပြီထင် တယ်၊ မေမေ့ကို ညတိုင်း သားကိုယ်တိုင်ကော်ဖီဖျော်တိုက်နေကျလေ''

''ဟင် ․ဪ ․ဟုတ်ကဲ့မေမေ၊ ဟုတ်ကဲ့၊ သား သွားဖျော်လိုက်ပါမယ်''

အခန်းထဲမှထွက်သွားသော ဟိန်းရာဇာကိုကြည့်ကာ ․ဒေါ်ဟိန်းသူဇာမျက်မှောင်ကုပ်ရင်း ကျန်ရစ်ခဲ့လေသည်။

\+ + + + +

''အစ်မကြီး ․ဟိုအစ်မကြီး ․ခဏ ․ခဏ''

မီးဖိုခန်းထဲမှ ဟိန်းရာဇာအသံထွက်လာ၍ ဒေါ်ဟိန်းသူဇာက အသာထကာ မီးဖိုခန်းထဲကို ချောင်းကြည့်လိုက်သည်။

ဟိန်းရာဇာသည် အိမ်ဖော်မသောင်းကိုခေါ်နေခြင်းဖြစ်၏။ မသောင်းကို ''ဟိုအစ်မကြီး''တဲ့။

မသောင်းကလည်း အံ့သြဟန်ဖြင့် ဟိန်းရာဇာနားရောက်လာသည်။

''ဘာလိုလို့လဲကိုဟိန်း''

''ကော်ဖီမစ်ထုတ်တွေ ဘယ်မှာထားလဲဟင်''

''ဘာလုပ်ဖို့လဲကိုဟိန်း''

''မေမေ့အတွက် ကော်ဖီဖျော်မလို့ပါ''

''ဟင် ․မမက ကော်ဖီမစ်မှ မသောက်ပဲကိုဟိန်းရဲ့၊ ကိုဟိန်းပဲ ညတိုင်း ကော်ဖီမှုန့်စစ်စစ်နဲ့ဖျော်ပေးနေကျကို၊ ကော်ဖီမှုန့် ကြောင်အိမ်ထဲမှာလေ၊ နေဦး ․နေဦး ․မသောင်းယူပေးမယ်''

မသောင်းကလည်း ဟိန်းရာဇာ၏ထူးခြားမှုကို အံ့သြနေလေ သည်။

သူက မသောင်းချပေးသောကော်ဖီမှုန့်၊ နို့ဆီ၊ သကြားများ နှင့် ကော်ဖီတစ်ခွက်ဖျော်လိုက်သည်။ မသောင်းက ဘေးမှမျက်မှောင်ကုပ်၍ကြည့်နေသည်။

ကော်ဖီဖျော်အပြီးတွင် ကော်ဖီခွက်ကိုကိုင်ကာ စာကြည့်ခန်းထဲပြန်လာ၏။

ဒေါ်ဟိန်းသူဇာက ချောင်းကြည့်နေရာမှပြန်လာကာ ကုလားထိုင်တွင် က္ကန္ဒြေမပျက်ပြန်ထိုင်နေလိုက်သည်။

''ကော်ဖီရပြီမေမေ''

''အေး ․အေး ․သား''

ဟိန်းရာဇာက ကော်ဖီခွက်ကို စားပွဲပေါ်ချလိုက်သည်။

''သား သွားတော့မယ်နော်''

ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာကိုနှုတ်ဆက်ကာ ဇာတ်ညွှန်းစာအုပ်ကိုယူ၍ အခန်းထဲမှ ပြန်ထွက်သွားသည်။

''သား–''

အခန်းဝရောက်မှ ဒေါ်ဟိန်းသူဇာလှမ်းခေါ်လိုက်၏။

ဟိန်းရာဇာလှည့်ကြည့်သည်။

''သား ညတိုင်း မေမေ့ကိုကန်တော့ပြီးမှအိပ်တာလေ၊ မေ့သွား

ပြီလား''

''ဪ . ဟုတ်ကဲ့''

ဟိန်းရာဇာ ယောင်ချာချာဖြင့်ပြန်ဝင်လာကာ အမေကိုထိုင်ကန်တော့သည်။

''ငါ့သားလေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ တစ်နိုင်ငံလုံးကချစ်ခင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ပါစေကွယ်''

ဒေါ်ဟိန်းသူဇာက ညစဉ် ပေးနေကျဆုကိုပေးသည်။

''ကဲ– သွားတော့သား၊ မအိပ်ခင် ဇာတ်ညွှန်းလေးကို ဖတ်ထားလိုက်ဦးနော်''

''ဟုတ်ကဲ့မေမေ''

ဟိန်းရာဇာအခန်းထဲမှထွက်သွားသည်။

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာဖျော်ပေးခဲ့သောကော်ဖီခွက်ကို မ,ယူကာ တစ်ကျိုက်သောက်လိုက်သည်။

မျက်နှာရှုံ့သွားလေသည်။

သကြားတွေအများကြီးထည့်ထားတာပဲ။

ဒါ ဟိန်းရာဇာဖျော်နေကျလက်ရာမဟုတ်။

♛♛♛♛♛

( ၂ )

ယနေ့ ကားရိုက်ရတာ အဆင်မပြေပါ။

ယနေ့ရိုက်သောကားမှာ ''ဟိန်း''ကုမ္ပဏီမှထုတ်လုပ်သောကားဖြစ်၍ ရိုက်ကွင်းတွင် ဒေါ်ဟိန်းသူဇာပါ ရှိနေသည်။

ဟိန်းရာဇာသရုပ်ဆောင်ပုံများက စိတ်မပါသလိုဖြစ်နေ၍ ဒေါ်ဟိန်းသူဇာ မျက်မှောင်ကုပ်နေရပြန်လေသည်။

ဘာမှ မခက်ခဲတဲ့အခန်းလေးကိုပင် ဟိန်းရာဇာအမှားမှား အယွင်းယွင်းဖြစ်နေသည်။

ရိုက်ကွင်းက မင်းသားနှင့်မင်းသမီး နှစ်ယောက်ထဲပါသည့် ရိုက်ကွင်း။ မင်းသမီးကြီးထွန်းအိန္ဒြာဗိုနှင့် မင်းသားအငယ်ဟိန်းရာဇာ တို့ နှစ်ယောက်တွဲသရုပ်ဆောင်ရမည့်အခန်း။

ဇာတ်ညွှန်းအရ သရုပ်ဖော်ရမည့်ဇာတ်ကွက်မှာ ရိုးရိုးလေးပင်ဖြစ်သည်။



မင်းသမီးကြီး ပိတောက်ပင်အောက်တွင်ရပ်၍ အပင်ပေါ်မှ ပိတောက်ပန်းများကို မော်ကြည့်နေ စဉ်

.

မင်းသားရောက်လာသည်။

''ဟာ . မမ၊ ပိတောက်တွေတောင် ပွင့်နေ ပြီနော်''

''မောင်မောင် . မောင်မောင်ရောက်လာ တာ အတော်ပဲ၊ ပိတောက်ပန်းတွေခူးဖို့ အခက်အခဲ ဖြစ်နေတာ၊ မမကို ပိတောက်ပန်းခူးပေးစမ်းပါ မောင်မောင်ရယ်''

''ခူးပေးမယ်မမ၊ ခူးပေးမယ်၊ ဒါပေမယ့် မောင်မောင့်ကို မုန့်ဖိုးပေးရမယ်နော်''

''ဟောတော့ . မုန့်ဖိုးကလည်း တောင်း လှချည်လား မောင်မောင်၊ မနေ့က မမပေးလိုက်တဲ့ ငွေသုံးထောင်ရော၊ ကုန်သွားပြီလား''

''မောင်မောင်တို့သူငယ်ချင်းတွေစုပြီး ပျော်ပွဲစားထွက်မလို့ဗျ၊ နောက်ထပ်ငါးထောင် လောက်လိုတယ်၊ ပေးဦးနော်မမ''

''မောင်မောင်က သိပ်အသုံးအဖြုန်းကြီးတာ ပဲကွယ်၊ မမစုထားတဲ့ ပိုက်ဆံလေးတွေတော့ ကုန် တော့မှာပဲ''

''ဟာဗျာ . မမငွေကို သုံးမယ့်လူ ဘယ်သူ ရှိလို့လဲ၊ မောင်မောင် သုံးပေးမှကုန်တော့မှာပေါ့၊ ပေးနော် . မမ''

''ကြည့်စမ်း၊ ပိုက်ဆံကိုများ သူသုံးဖို့စုထား ရတာကျနေတာပဲ၊ မောင်မောင်ဟာလေ၊ ကဲ–ကဲ– ပိတောက်ပန်းတွေအရင်ခူးပေးပါ၊ ပန်းခူးပြီးတော့ မောင်မောင်လိုချင်တဲ့ငွေ ပေးပါ့မယ်''

''ဟေး . ဒါမှတို့မမကွ''

ထိုနေရာတွင် မင်းသားက မင်းသမီးကို ပြေး ဖက်ပြီး မင်းသမီးကို ခါးမှကိုင်မြှောက်လိုက်ရမည်။

''အို .''

ရိုးရိုးအအအပျိုကြီးအဖြစ်သရုပ်ဆောင်သော

မင်းသမီးက ရှက်သွားရမည်ဖြစ်သည်။

ဇာတ်ဝင်ခန်းကို ဇာတ်ညွှန်းအတိုင်းရိုက်ဖို့ အားလုံးပြင်ဆင် ပြီးပြီ။ ပိတောက်ပွင့်ချိန်မဟုတ်၍ စက္ကူပိတောက်ပန်းအတုများကိုလည်း အပင်ပေါ်မှာ ချိတ်ထားပြီးပါပြီ။

ရိုက်ကွင်းစပြီ။

မင်းသမီးကြီး ပိတောက်ပင်အောက်မှာရပ်နေသည်။ ပိတောက်ပင်ပေါ်မော်ကြည့်နေသည်။

ရိုက်ကွင်းထဲသို့ ဟိန်းရာဇာဝင်လာသည်။

"ဟာ . မမ ပိတောက်တွေတောင် ပွင့်နေပြီနော်"

"ဟိုး–"

ဒါရိုက်တာက ရိုက်ကွင်းကိုရပ်နားရန် အော်လိုက်လေသည်။

ဒါရိုက်တာ ဟိန်းရာဇာအနီးသို့ရောက်သွားသည်။

"မင်းသား၊ ပိတောက်တွေတောင်ပွင့်နေပြီနော်–ဆိုတဲ့စကား ကို အပင်ပေါ်မော်ကြည့်ပြီးမှ ပြောရမှာလေ၊ အပင်ပေါ်ကပိတောက် ပန်းကို မမြင်ပဲ ဒီစကားကိုပြောလို့ ဘယ်သဘာဝကျမလဲ၊ စကားမပြော ခင် အပင်ပေါ်ကို တစ်ချက်မော်ကြည့်တဲ့အမူအရာလုပ်ပါ၊ ရီဟာဇယ် လုပ်ကတည်းက ပြောထားပြီးသားပဲ"

"ဟုတ်ကဲ့"

"ကဲ– ပြန်ရိုက်မယ်"

ဒါရိုက်တာက နောက်တစ်ခေါက်ပြန်ရိုက်ရန် အမိန့်ပေးလိုက် သည်။

မင်းသမီးကြီး နားနေရာမှထလာကာ နောက်တစ်ကြိမ်အမူအရာလုပ်ရပြန်သည်။

ဟိန်းရာဇာရိုက်ကွင်းထဲဝင်လာ၏။

သည်တစ်ခါတော့ ပိတောက်ပင်ပေါ်ကို အရင်မော်ကြည့်သည်။

မော်ကြည့်ပြီးမှ စကားကိုပြောလိုက်၏။

**"ဟာ. မမ ပိတောက်ပင်တွေတောင် ပွင့်နေပြီနော်"**

"ဟိုး–"

ဒါရိုက်တာက နောက်တစ်ကြိမ်တားလိုက်ရပြန်သည်။

"မင်းသား၊ ဒီနေ့ဘယ်လိုဖြစ်နေလဲ၊ စကားတိုတိုလေးကို မှားပြန်ပြီ"

"ဗျာ– ကျွန်တော် ဘယ်လိုမှားလို့လဲ"

"ကိုယ့်ဟာကိုယ် မှားလိုက်မှန်းမသိဘူးမဟုတ်လား မင်းသား၊ မင်းသားပြောလိုက်တဲ့စကားက ပိတောက် **"ပင်"** တွေတောင်ပွင့်နေပြီ နော်–တဲ့၊ ပိတောက်တွေလို့ပဲပြောရမှာလေ၊ ပိတောက်ပန်းလို့ပြောရင် တောင် ကိစ္စမရှိဘူး၊ ကဲ–ပြန်လုပ်မယ် မင်းသား၊ အမူအရာရော၊ စကား ပြောရော သတိထားပါ"

"တော်ပါပြီဆရာ၊ ထပ်ပြီးခိုင်းမနေပါနဲ့တော့၊ ဒီနေ့ရိုက်ကွင်း ကို ကျွန်မဖျက်တယ်"

ဒေါ်ဟိန်းသူဇာ အနားရောက်လာကာ ပြောလိုက်ခြင်းဖြစ်ပါ သည်။

"ဟင် . ဒေါ်ဟိန်းသူဇာ၊ ဘာဖြစ်လို့လဲ၊ ကျွန်တော်တို့ ဆက်ရိုက်ပါမယ်"

"ဟုတ်သားပဲမမသူဇာ၊ အချိန်အစောကြီးရှိပါသေးတယ်၊ ဆက်ရိုက်တာပေါ့"

မင်းသမီးကလည်း ဝင်ပြောသည်။

"သားက ညတုန်းက နေမကောင်းဖြစ်ထားတော့ စိတ်မပါဘူးထင်တယ်ဆရာ၊ မခိုင်ကြီးကိုလည်း တောင်းပန်ပါတယ်၊ ဒီနေ့တော့ ရှုတင်ဖျက်လိုက်ပြီ၊ သိန်းသန်းရေ . တို့ပြန်ကြစို့"

ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင် ရှုတင်ဖျက်ပြီး အစောကြီးပြန်သွား လို့ ရုပ်ရှင်အဖွဲ့သားများအားလုံး အံ့သြပြီးကျန်ရစ်ခဲ့ကြသည်။

တကယ်တော့ . ရှုတင်တစ်ရက်စာ စရိတ်စကမှာ မသေးလှ ပါပေ။ ရိုက်ကွင်းပျက်မည်ကို ထုတ်လုပ်သူတိုင်းကြောက်ကြသည်။

ယခုတော့ ထုတ်လုပ်သူကိုယ်တိုင်က ရိုက်ကွင်းကိုဖျက်သွား ခြင်းဖြစ်လေသည်။

♛♛♛♛♛

## ( ၃ )

သိန်းသိန်းမောင်းလာသောကားလေးက အိမ်ခြံဝင်းထဲကို ဝင်လာသည်။

မသောင်းက ဒေါ်ဟိန်းသူဇာတို့သားအမိပြန်လာတာမြင်၍ သံဘာဂျာတံခါးကို အသင့်ဖွင့်ထားလိုက်၏။

ဟိန်းရာဇာက ကားပေါ်မှအရင်ဆင်းကာ အိမ်ထဲဝင်သွားသည်။

ဒေါ်ဟိန်းသူဇာ ဟိန်းရာဇာနောက်ကိုလိုက်သွားကာ ဟိန်းရာဇာ ပခုံးကို ခပ်ဆတ်ဆတ်ရိုက်လိုက်သည်။

''ဟေ့ကောင်– မင်းအိမ်ထဲမဝင်နဲ့ဦး၊ ငါ့မျက်နှာကိုကြည့်စမ်း''

ဒေါ်ဟိန်းသူဇာ၏အပြုအမူကြောင့် မသောင်းရော၊ သိန်းသန်း ပါ အံ့ဩသွားကြသည်။

ဟိန်းရာဇာက မလုံလဲသောမျက်နှာဖြင့် ဒေါ်ဟိန်းသူဇာကို လှည့်ကြည့်၏။

''မင်း– ငါ့သားမဟုတ်ဘူး''

''ဗျာ–''

''ဟန်ဆောင်မနေနဲ့ဟေ့ကောင်၊ မင်းဘယ်သူလဲ၊ မင်းဟာ ကိုဥက္ကာသားမဟုတ်လား၊ အာကာဆိုတဲ့ကောင်မဟုတ်လား၊ ပြောစမ်း''

''မေမေ ..ကျွန်တော် ..ကျွန်တော် ..''

''တော်– စကားရှည်မနေနဲ့၊ ဘာမှဖြေရှင်းချက်ပေးမနေနဲ့၊ မင်းဟာ ငါ့သားဟိန်းရာဇာနေရာကိုဝင်ပြီး ဟန်ဆောင်နေတာ၊ ငါသိ ကတည်းက ရိပ်မိတယ်''

ဟိန်းရာဇာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

''ဟွန်း– မနေ့ကညနေ ရိုက်ကွင်းကပြန်လာကတည်းက ငါ ရိပ်မိတယ်၊ ပြန်လာလာချင်း ငါ့ကိုစကားပြောတာ ''ကျွန်တော်''တဲ့လေ၊ ဖိနပ်ချွတ်တော့လည်း ဖိနပ်စင်မဟုတ်တဲ့နေရာမှာသွားချွတ်တယ်၊ အဲဒီ ကတည်းက ငါသံသယဝင်နေတာ''

ဒေါ်ဟိန်းသူဇာက မသောင်းကိုလှည့်မေးလိုက်သည်။

''မသောင်း၊ နင်သတိထားမိလား၊ နင့်ကိုလည်း ဟိုအစ်မကြီး လို့ခေါ်ခဲ့တယ်လေ၊ နင့်နာမည်ကို သူမသိဘူး''

''ဟုတ်– ဟုတ်တယ်မမ၊ ကျွန်မလည်း သတိထားမိတယ်၊ ပြီးတော့ ..ညက ကော်ဖီဖျော်တာ ကော်ဖီမစ်ထုတ်မေးတယ်လေ၊ ကော်ဖီဖျော်တော့လည်း အချိုးမကျဘူး၊ ဖျော်နေကျအတိုင်းမဟုတ်ပါ ဘူးမမ၊ မသောင်းလည်း သတိထားမိပါတယ်''

''ကဲ–ကြားလား၊ မင်းဟန်ဆောင်ထားတာ မသောင်းတောင် ရိပ်မိတယ်၊ ကော်ဖီဖျော်ဖို့ကိုလည်း ငါကသတိပေးလို့ သူသိတာမသောင်း ရေ၊ မအိပ်ခင် ငါ့ကိုကန်တော့ဖို့လည်း သူမသိဘူး၊ မခိုင်ကြီးဆိုတာ ကိုလည်း ခိုင်သင်းကြည်လို့ ထင်လိုထင်၊ ဒီနေ့ ရှုတင်မှာ အဆိုးဆုံးပဲ၊ သူ ဘာမှသရုပ်မဆောင်တတ်ဘူး၊ သိန်းသိန်း– မင်းလည်း သတိထား မိတယ်မဟုတ်လား''

''ဟုတ်–ဟုတ်ကဲ့အန်တီ''

''ဒီကောင် ငါ့သားနေရာဝင်ပြီး ဟန်ဆောင်ထားတာ မင်းသိ သလားသိန်းသန်း၊ မနေ့က မင်းနဲ့အတူတူပြန်လာတာလေ''

''ဟာ ..မသိပါဘူးအန်တီရယ်၊ ကျွန်တော်ဘာမှမသိပါဘူး''

''ဟုတ်ပါတယ် မေမေ၊ ကိုသိန်းသန်း ဘာမှမသိပါဘူး၊ ကျွန်တော်နဲ့ကျွန်တော့်ညီလေး ပေါင်းပြီးစီစဉ်တာပါ၊ မနေ့က ဟိန်းရာဇာ ရိုက်ကွင်းကအပြန်မှာ စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး လူလဲလိုက်တာ ပါ၊ ကျွန်တော်က ဆိုင်မှာ အဆင်သင့်စောင့်နေပြီး ညီလေးနဲ့လူလဲလိုက် တာပါမေမေ''

''မင်း ငါ့ကို အမေခေါ်စရာမလိုဘူး''

''မေမေရယ် ..ကျွန်တော်လည်း မေမေ့သားပါ မေမေ၊ မေမေကိုယ်တိုင်မွေးထုတ်ခဲ့တဲ့သားပါမေမေရယ်၊ ကျွန်တော် မေမေနဲ့ ညီလေးကိုရှာနေတာ ကြာလှပါပြီမေမေရယ်၊ ကျွန်တော် မေမေ့အနား မှာနေချင်လွန်းလို့ မေမေ့မေတ္တာကိုလိုချင်လွန်းလို့ ရောက်လာတာပါ မေမေ၊ မေမေ့ကိုလိမ်မိတဲ့အတွက် ခွင့်လွှတ်ပါမေမေ နော်''

''ခွင့်မလွှတ်နိုင်ဘူး၊ မင်း ငါ့ဆီကိုလာစရာလည်း မလိုဘူး၊ မင်းတို့သားအဖနဲ့ငါနဲ့က ပြတ်ပြီးသား၊ ငါ့ရင်ထဲမှာ မင်းတို့မရှိတော့ဘူး၊ မင်းကိုလည်း မွေးကတည်းက ငါစွန့်လွှတ်လိုက်တာ၊ မင်းမျက်နှာကို ငါ ကြည့်တောင်ကြည့်ခဲ့တာမဟုတ်ဘူး၊ ဟွန်း– ရုပ်တူပြိုင်ပွဲတုန်းက

ငါ့သားကိုလာတွေ့တဲ့အာကာဆိုတာ ကိုဥက္ကာသား မင်းပဲလို့ ငါထင်လိုက်သားပဲ၊ အခု ငါ့သားဘယ်မှာလဲ၊ ငါ့သားဟိန်းရာဇာဘယ်မှာလဲ၊ ငါ့သားကို မင်းဘယ်မှာဖမ်းချုပ်ထားခဲ့သလဲ၊ ပြောစမ်း''

''ဖမ်းချုပ်ထားတာမဟုတ်ပါဘူးမေမေ၊ ညီလေးနဲ့ကျွန်တော် စိတ်တူသဘောတူ နေရာချင်းလဲလိုက်တာပါ၊ ကျွန်တော် မေမေ့အနားမှာနေဖူးချင်လို့ ဟိန်းရာဇာနဲ့ နေရာချင်းခဏလဲတာပါမေမေရယ်''

''မလိုချင်ဘူး၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး၊ ငါ့သားဘယ်နေရာမှာရှိသလဲ၊ ပြောစမ်း''

ဒေါ်ဟိန်းသူဇာနှုတ်မှ ရန်တွေ့စကားများပြောကြားနေသော် လည်း မျက်လုံးအိမ်အတွင်းမှမူ မျက်ရည်များစီးကျနေပါသည်။

''ဟိန်းရာဇာ ကျွန်တော့်အိမ်မှာ ခဏနေနေပါတယ်မေမေ၊ အိမ်နံပါတ်(--)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမှာပါမေမေ''

''သွားတော့၊ မင်း ငါ့အိမ်ကထွက်သွားတော့၊ ခုချက်ချင်း ထွက်သွားစမ်းအာကာ''

''ရက်စက်လှချည်လားမေမေရယ်၊ ကျွန်တော်ဟာ မေမေ့သား ပါပဲမေမေရယ်၊ ဟိန်းရာဇာနဲ့ အတူတူမွေးခဲ့တဲ့ မေမေ့သွေးသားလေ''

''ဟော့– မင်းက ကိုဥက္ကာသား၊ မင်းကို ကိုဥက္ကာနဲ့အတူတူ ငါ့ဘဝထဲက ဆွဲထုတ်ပြီးပြီ၊ ဒီကမ္ဘာမှာ ငါနဲ့ငါ့သားနှစ်ယောက်တည်းပဲရှိတယ်၊ မင်းကိုငါအသိအမှတ်မပြုနိုင်ဘူး၊ သွား– သွား– ထွက်သွား– မင်းထွက်သွားစမ်း''

''သွားဆိုလည်း သွားပါ့မယ်မေမေရယ်၊ ကျွန်တော် မေမေ့ကို ကန်တော့ခဲ့ပါတယ်မေမေ''

အာကာက အိမ်ရှေ့မြေပြင်မှာပင်ထိုင်ချလိုက်ကာ ဒေါ်ဟိန်းသူဇာကိုထိုင်ကန်တော့သည်။

အာကာထိုင်ကန်တော့နေသည်ကိုကြည့်ကာ ဒေါ်ဟိန်းသူဇာ မျက်ရည်များကျလာသည်။ နှုတ်ခမ်းကိုကိုက်ကာ အသံမထွက်အောင် ငိုရှိုက်နေမိသည်။

မာနကြီးသောဒေါ်ဟိန်းသူဇာသည် ငိုသည်ကို လူမသိအောင် ထိမ်းချုပ်ထားသော်လည်း ပခုံးသားများက တသိမ့်သိမ့်လှုပ်ရှားနေပေ၏။

''မမ ..မမ ..သတိထားပါမမရယ်''



မသောင်းက ဒေါ်ဟိန်းသူဇာကိုဖက်ထားကာ နှစ်သိမ့်လိုက် သည်။

''သွားပါတော့၊ သွားပါတော့၊ မင်းထွက်သွားပါတော့ အာကာရယ်''

''သားသွားပါတော့မယ်မေမေ၊ မေမေစိမ်းကားပေမယ့် သားရင်ထဲမှာ မေမေ့ကို အမြဲချစ်နေမယ်ဆိုတာ ယုံထားပါမေမေရယ်၊ သားသွားပါပြီမေမေ''

အာကာက နေရာမှလှည့်ထွက်သွားသည်။ အိမ်ခြံဝမှထွက်ခွာ ကာ ပျောက်ကွယ်သွားလေသည်။

''မမ ..မမ ..သူကဘယ်သူလဲဟင်၊ သူက ကိုဟိန်း နေရာမှာ ဘာလို့ဝင်ပြီးဟန်ဆောင်နေရတာလဲ''

မသောင်းက မေးလိုက်သည်။

''ဒါတွေ နင်တို့နားမလည်ပါဘူးမသောင်းရယ်''

''မမက ရန်တွေ့ပြီးနှင်ချလိုက်လို့သာ ..ကိုဟိန်းမဟုတ်ဘူး ဆိုတာ ယုံလိုက်ရတာ၊ မသောင်းမျက်လုံးထဲမှာတော့ သူဟာကိုဟိန်း ပါပဲ၊ တူလိုက်တာနော်''

''တူမှာပေါ့၊ ဟိန်းရာဇာနဲ့သူနဲ့က အမွှာညီအစ်ကိုပဲ၊ သူဟာ လည်း ငါမွေးထားတဲ့သားတစ်ယောက်ပဲ''

''အမလေး ..ဒါနဲ့များမမရယ်၊ မမသူ့ကိုနှင်ချလိုက်တယ်''

''ဒါတွေနင်နားမလည်ပါဘူးမသောင်း၊ အသာနေစမ်းပါ၊ သိန်းသန်း–''

''ဗျာ– အန်တီ''

''သူပြောသွားတဲ့ စမ်းချောင်းလိပ်စာကို နင်မှတ်မိတယ် မဟုတ်လား''

''ဟုတ်ကဲ့အန်တီ''

''အေး– အဲဒီလိပ်စာကို မောင်းစမ်း၊ ငါ့သားဟိန်းရာဇာကို ငါသွားခေါ်မယ်''

♛♛♛♛♛

## ( ၄ )

အာကာပြောလိုက်သောလိပ်စာနှင့်အိမ်ရှေ့ကိုအရောက်တွင် ဒေါ်ဟိန်းသူဇာက ကားပေါ်မှဆင်းပြီး အိမ်ထဲသို့တန်းဝင်သွားလေသည်။

အိမ်ထဲကိုရောက်သည်နှင့် ဧည့်ခန်းထဲတွင်ရှိနေသောဟိန်းရာဇာကိုတွေ့လိုက်ရလေသည်။

“သား . သား . သားလေး . မင်းဘာမှမဖြစ်ဘူး နော်”

နှုတ်မှလည်း မေးရင်း ဟိန်းရာဇာရှိရာသို့ ပြေးသွားလေသည်။

သူက အိမ်ထဲသို့ပြေးဝင်လာသော ဒေါ်ဟိန်းသူဇာကိုကြည့်၍ အံ့အားသင့်သွားလေသည်။

“မေ . မေမေ .”

“သား .”

“မေမေ . မေမေသားဆီကိုလာတယ်၊ သားဆီကို မေမေ လိုက်လာတယ် . ဟုတ်လားမေမေ”

“လာရတာပေါ့သားရယ် . မေမေ့မှာ သားအတွက်စိတ်ပူ လိုက်ရတာ သူတို့က သားကိုဘာလုပ်ကြသေးလဲဟင်၊ သားကိုဖမ်းချုပ် ထားတာလား”

ဒေါ်ဟိန်းသူဇာက သူ့ကိုဖက်ထားရင်းမှ မေးလိုက်လေသည်။

“ဟင် . မေမေ၊ ဘယ်သူတွေက ဘာလုပ်ရမှာလဲမေမေရဲ့၊ မေမေသားဆီလိုက်လာတာ ဝမ်းသာလိုက်တာမေမေရယ်၊ သားဒီမှာ ရှိတာ မေမေဘယ်လိုသိလဲဟင်၊ ဟိန်းရာဇာပြောလိုက်တာလား၊ ညီလေး က အကုန်ဖွင့်ပြောလိုက်ပြီလားမေမေ”

“သား မင်းဘာတွေပြောနေတာလဲ”

“သားလေ . မေမေတို့ကိုတွေ့ချင်လွန်းလို့စုံစမ်းလိုက်ရ တာဗျာ၊ ညီလေးမင်းသားဖြစ်မှ မေမေတို့ကိုစုံစမ်းလို့ရတော့တယ်၊ အဲဒါတောင် မေမေ့မာနကိုသိလို့ မေမေ့ဆီတိုက်ရိုက်မဝင်ရဲဘူးမေမေ၊ မေမေခုလို သားကိုနားလည်မှုရှိမှန်းသိရင် အစကတည်းက သား မေမေ တို့ဆီလာပါတယ်မေမေရယ်”

“မင်းဘာတွေပြောနေတာလဲ၊ ဟိန်းရာဇာ၊ မင်း မေမေ့ကို မနောက်နဲ့လေ”

“ဟင် . မေမေ၊ သားနာမည် အာကာပါမေမေ၊ ဖေဖေက သားကို အာကာလို့မှည့်ပေးထားပါတယ်၊ ညီလေးက သားနာမည် အာကာဆိုတာ မပြောလိုက်ဘူးလား၊ ညီလေးနဲ့သားနဲ့က တွေ့ပြီးပြီလေ”

“ဟဲ့ . အို . ဘာလဲ . ဘာတွေလဲ၊ မင်း . မင်း ဘယ်သူလဲ”

“သား အာကာပါမေမေ”

“ဘာ– အာကာက ခုပဲ ငါ့အိမ်ပေါ်ကနှင်ချလိုက်လို့ ထွက် သွားတာလေ၊ မင်းက .”

“ဗျာ– မေမေ၊ မေမေဘာတွေပြောနေတာလဲဟင်၊ မေမေ့ စကားတွေကို သားနားမလည်ဘူး”

“ဟုတ်ပါတယ်မေမေ၊ ကိုအာကာနားလည်မှာမဟုတ်ပါဘူး၊ အဲဒါကိုအာကာပါမေမေ၊ ကျွန်တော်ကမှ မေမေ့သားဟိန်းရာဇာအစစ် ပါမေမေ”

ထိုစကားသံနှင့်အတူ အိမ်ထဲသို့ဝင်လာသူကို ဒေါ်ဟိန်းသူဇာ လှည့်ကြည့်လိုက်သည်။

ဝင်လာသူက သူမအိမ်ပေါ်ကနှင်ချလိုက်သော . သူမက “အာကာ”ဟုထင်နေသောသူဖြစ်နေသည်။ သူမအိမ်ကထွက်သွားသည့် ပုံစံအတိုင်း အဝတ်အစားများအတိုင်း။ ရိုက်ကွင်းတွင်ဝတ်ခဲ့သော အဝတ် အစားများနှင့်ပင်ဖြစ်ပါသည်။

သူ့နောက်ကဝင်လာသောမိန်းကလေးကိုမြင်လိုက်သည်တွင် ဒေါ်ဟိန်းသူဇာမှာ နားမလည်နိုင်အောင်ပင် ဖြစ်သွားရလေ၏။

လင်းလက်ကြယ်စင်။

ဇာတ်ညွှန်းရေးဆရာမ လင်းလက်ကြယ်စင်ဟု ဒေါ်ဟိန်းသူဇာ သိထားသောမိန်းကလေးကလည်း သူ့နောက်မှကပ်ပါလာခြင်းကြောင့် ဖြစ်လေသည်။

“ညီလေး ဟိန်းရာဇာ၊ လေပြေ၊ ဟောဒီမှာ . ငါ့အမေ ငါ့ဆီကိုရောက်လာပြီ၊ ငါမျှော်လင့်ထားတာတွေဖြစ်လာပြီကွ”

“ဟင် . ဘာတွေလဲ . ဘာတွေလဲ . ဘာတွေဖြစ် ကုန်ကြပြီလဲ၊ အို .. လင်းလက်ကြယ်စင်ကရော ဘာလို့ဒီကိုရောက်နေ တာလဲ၊ နင်တို့အချင်းချင်းတွေက ဘာတွေလဲ၊ ဘုရား . ဘုရား”

“စိတ်အေးအေးထားပါ မေမေ၊ သား ရှင်းပြပါ့မယ်”

“သားကို ကိုအာကာလို့ထင်သွားအောင် သားတမင်လုပ်ခဲ့တာ

ပါမေမေ၊ မနေ့ကတစ်နေ့လုံး သားကိုအထင်မှားအောင် သားဟန်ဆောင်ခဲ့တာပါမေမေ၊ အိမ်ကိုဝင်လာကတည်းက ကိုယ့်ကိုကိုယ် "ကျွန်တော်" လို့ပြောတာရော၊ ဖိနပ်စင်မဟုတ်တဲ့နေရာမှာ နေရာမှားပြီးဖိနပ်ချွတ်တာတွေကအစ သား ကြိုတင်ကြံစည်ပြီး တမင်လုပ်ခဲ့တာပါမေမေ"

"ဟင် ."

"မခိုင်ကြီးဆိုတာကို ခိုင်သင်းကြည်လို့ မှားပြောတာလည်း သားဟန်ဆောင်တာပဲ၊ ကော်ဖီကိုလည်း တမင်ဖျော်နေကျအတိုင်း မဖျော်ပဲ သကြားတွေအများကြီးထည့်ဖျော်ခဲ့တယ်၊ အိပ်ခါနီး မေမေ့ကိုကန်တော့ဖို့ကိုလည်း မေ့ချင်ယောင်ဆောင်ခဲ့တယ်၊ ဒီနေ့ရိုက်ကွင်းမှာ ကမောက်ကမဖြစ်အောင်လုပ်တာလည်း တမင်လုပ်တာပါမေမေ"

"ဟင် . တကယ် . တကယ်လား"

"တကယ်ပါမေမေ၊ မေမေစဉ်းစားကြည့်လေ၊ ကိုအာကာသာ သားနေရာမှာ ဝင်ပြီးဟန်ဆောင်တာဆိုရင် ဒီလို လွဲတာ မှားတာမျိုး တွေ ဘယ်ဖြစ်လာလိမ့်မလဲ၊ သားက အကုန်လုံးသင်ပေးလိုက်မှာပေါ့၊ မှာလိုက်မှာပေါ့မေမေ၊ ပိရိအောင်ဟန်ဆောင်မှာပေါ့၊ အခုဟာက . မေမေတမင် အထင်အမြင်မှားအောင် သား ပရိယာယ်ဆင်လိုက်တာပါ၊ သားသဘောနဲ့သားလုပ်တာပါမေမေ၊ ကိုအာကာ ဘာမှမသိရှာပါဘူး"

"ဟင် . ဒါတွေကို မင်းဘာလို့လုပ်တာလဲ၊ ဘာရည်ရွယ်ချက် နဲ့ လုပ်နေတာလဲဟိန်းရာဇာ"

"ကိုအာကာ့အပေါ်မှာ မေမေဘယ်လိုသဘောထားတယ်ဆိုတာ သိချင်လို့ပါမေမေ"

"ဘာ–"

"ပြီးတော့ . ပြီးတော့ . ကိုအာကာ့ကိုလည်း သနား လို့ပါ မေမေရယ်"

"ဘာ– သနားတယ်၊ နေပါဦး၊ မင်းနဲ့ဒီကောင်နဲ့က ဘယ်လို အဆက်အသွယ်ရသွားတာလဲ"

"ကိုအာကာဟာ သနားစရာကောင်းပါတယ် မေမေရယ်၊ မေမေနဲ့သားနဲ့ကို တွေ့ချင်လွန်းလို့ သူမှာ တစ်သက်လုံးလိုက်စုံစမ်းနေ တာပါ၊ သားမင်းသားဖြစ်လာတော့လည်း မေမေ့မာနကိုသိလို့ သူ မဆက်သွယ်ရဲဘူး၊ အဲဒါနဲ့ ဇာတ်လမ်းတွေ ရေးပို့ပြီး သားတို့နဲ့အဆက် အသွယ်ရအောင်လုပ်ခဲ့တယ်မေမေ"

"ဇာတ်လမ်းတွေရေးပို့တယ်၊ ဪ . လင်းလက်ကြယ်စင် ဆိုတာက ."

"လင်းလက်ကြယ်စင်ဆိုတာ ကိုအာကာပါမေမေ၊ ဟောဒီက လေပြေဆိုတာ ကိုအာကာ့ချစ်သူပါ၊ ကိုအာကာက သားတို့ဆီဝင်နိုင် ထွက်နိုင်အောင် လေပြေ့ကို လင်းလက်ကြယ်စင်အဖြစ် ဟန်ဆောင်ခိုင်း ထားတာပါ"

"ဒါဖြင့် . မင်းတို့တွေက သုံးယောက်ပေါင်းပြီး ငါ့ကို လိမ်နေညာနေကြတာပေါ့၊ ဟုတ်လား"

"စိတ်မဆိုးပါနဲ့မေမေ၊ မေမေသားကို သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်အောင်ကြိုးစားဖို့ အမြဲဆုံးမခဲ့တာလေ၊ အခု သားသရုပ် ဆောင်ခဲ့တာ ပီပြင်တယ်မဟုတ်လား မေမေ"

"တော်စမ်း–"

"သားကို ကိုအာကာလို့ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တာ သားကိုယ်တိုင်ပါမေမေ၊ ကိုအာကာ ဘာမှမသိရှာပါဘူး၊ ကိုအာကာ့ကိုစိတ်မဆိုးပါနဲ့မေမေ၊ မေမေ ကိုအာကာ့ကို သားတစ်ယောက်အနေနဲ့ လက်ခံတယ်မဟုတ်လားဟင်"

"ငါ အာကာ့ကိုဘယ်လိုသဘောထားတယ်ဆိုတာ မင်းအသိ ဆုံးပဲ၊ မင်းကို အာကာလို့ထင်ခဲ့တုန်းက ပြောခဲ့တဲ့စကားတွေထဲမှာ ပါသွားပြီ ဟိန်းရာဇာ"

"ဒီစကားတွေက ကိုအာကာ ဟိန်းရာဇာဟန်ဆောင်နေတယ် ထင်တုံးက မေမေစိတ်ဆိုးပြီး ပြောခဲ့တဲ့စကားတွေပဲမေမေ၊ အတည်ယူ လို့မရပါဘူး၊ တကယ်တော့ . မေမေ့ရင်ထဲမှာ သားနှစ်ယောက်ဟာ အတူတူပါပဲမေမေရယ်၊ ဟုတ်တယ်မဟုတ်လား"

"ငါ့မှာ သားတစ်ယောက်ပဲရှိတယ်၊ အဲဒါ မင်းပဲ၊ ငါကိုယ်တိုင် ကျွေးမွေးသုတ်သင်ခဲ့တဲ့ ဟိန်းရာဇာပဲ"

"မေမေမှားနေပြီ၊ သားကို ကိုအာကာလို့ထင်တော့ ရန်စကား တွေပြောတယ်၊ ဒီအိမ်အထိလိုက်လာပြီး ကိုအာကာ့ကိုတွေ့တော့ သား အထင်နဲ့ဖက်ပွေ့ပြီး အလွမ်းသယ်တယ်၊ ဘယ်မှာလဲ . ဟိန်းရာဇာနဲ့ အာကာဆိုတဲ့ ခွဲခြားမှု၊ တကယ်တော့ . စိတ်ပါပဲမေမေရယ်၊ မေမေ့

စိတ်အထင်အတိုင်း မေမေပြောဆိုနေတာပါ''

''ဟိန်းရာဇာ– တော်တော့၊ ငါ့ကို မိချောင်းမင်း ရေကင်းပြ စကားတွေ ပြောမနေနဲ့''

''ပြောပါရစေမေမေရယ်၊ တကယ်တော့ သားနဲ့ကိုအာကာ့ကို မေမေ့ရင်နဲ့လွယ်ပြီး အတူတူမွေးခဲ့တာပါမေမေရယ်၊ ကိုအာကာဟာ လည်း မေမေ့သားပါ၊ မေမေ့စိတ်ထဲမှာ ကိုအာကာနဲ့ပတ်သက်လာရင် ဖေဖေ့အပေါ်မှာထားတဲ့ဒေါသတွေက ပိတ်ဖုံးနေလို့ပါမေမေရယ်''

''ဟိန်းရာဇာ မင်းစကားတွေကိုရပ်တော့၊ လာ– ငါတို့ပြန်မယ်''

ဒေါ်ဟိန်းသူဇာက စကားကိုဖြတ်ကာ အိမ်ထဲမှထွက်သွားလေသည်။

''ဟိန်းရာဇာ ညီလေး၊ မင်း ငါ့အတွက် အမေလက်ခံအောင် ကြိုးစားပေးတယ်နော်၊ ကျေးဇူးတင်ပါတယ်ညီလေးရယ်''

''ငါကြိုးစားပေမယ့် အရာမထင်သေးပါဘူးအာကာ၊ ငါဆက်ပြီး ကြိုးစားပေးပါဦးမယ်ကွာ''

''ဟိန်းရာဇာ– ငါခေါ်နေတယ်လေ၊ လာခဲ့''

ဒေါ်ဟိန်းသူဇာက အိမ်အဝမှာရပ်ရင်း လှမ်းခေါ်လိုက်သည်။

''ဟုတ်ကဲ့မေမေ၊ ငါသွားမယ်နော်အာကာ၊ သွားပြီလေပြေ''

ဒေါ်ဟိန်းသူဇာနှင့်ဟိန်းရာဇာပါသွားသောကားလေး အိမ်ရှေ့မှ ထွက်သွားသည်ကို အာကာနှင့်လေပြေက အိမ်အဝမှထွက်ကြည့်ရင်း ကျန်နေရစ်ခဲ့လေသည်။

♛♛♛♛♛

( ၅ )

အိမ်ပြန်ရောက်သည်နှင့် ဟိန်းရာဇာက မိခင်ဖြစ်သူကို တောင်းပန်လိုက်သည်။

မေမေ့ကို ညှော်ခန်းဆိုဖာပေါ်မှာထိုင်ခိုင်းပြီး သူကိုယ်တိုင် ကတော့ ကြမ်းပြင်ပေါ်မှာထိုင်ချလိုက်ကာ မေမေ့ကိုတောင်းပန်လိုက် သည်။

''သား ဒီနေ့လုပ်ခဲ့တာတွေကိုခွင့်လွှတ်ပါမေမေ''

''သား ဘာလို့ဒါတွေကိုလုပ်ရတာလဲဟင်''

''ကိုအာကာက သားနေရာမှာ ဝင်ပြီးဟန်ဆောင်ထားတာ မေမေရိပ်မိသွားရင် ကိုအာကာ့ကို သားတစ်ယောက်အနေနဲ့လက်ခံလိမ့်မယ်ထင်လို့ပါ၊ အဲဒီလိုလက်ခံမှ ကိုအာကာနဲ့မေမေ့ကို တွေ့ပေးဖို့ ရည်ရွယ်ချက်နဲ့ပါမေမေ''

''တကယ်ဆို မင်းသိသမျှ မေမေ့ကိုဖွင့်ပြောပြီး တိုင်ပင်ဖို့ ကောင်းတယ် သား''

''သားလည်း ကိုအာကာ သားကိုလာတွေ့ကတည်းက သူပြော ခဲ့တဲ့စကားတွေကို ဇဝေဇဝါဖြစ်ခဲ့တယ်မေမေ၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ပဲ နေကိုကျော့ခိုင်းထားတဲ့လ–စာမူကိုဖတ်ပြီး မေမေ လင်းလက် ကြယ်စင်ကို တယ်လီဖုန်းနဲ့ရန်တွေ့တာ သားမြင်ခဲ့ရတယ်လေ''

''ဟင် . သားမြင်တယ်''

''ဟုတ်ပါတယ်မေမေ၊ အဲဒီစာမူကိုလည်း သားဖတ်ပြီးပါပြီ၊ မေမေလွှင့်ပစ်ထားတုံး ယူဖတ်လိုက်တာပါ''

''သားရယ် .''

''ကိုအာကာနဲ့ လင်းလက်ကြယ်စင်ရေးတဲ့ဇာတ်လမ်း ဘယ်လို ဆက်စပ်မှုရှိသလဲဆိုတာ သားဟာသား စုံစမ်းရင်းနဲ့ သူတို့နဲ့တွေ့ရတာ ပါ၊ သူတို့အပြစ်မပါပါဘူးမေမေ''

''ဘာဖြစ်လို့ သူတို့အပြစ်မပါရမှာလဲ၊ မေမေတို့အကြောင်းကို ဇာတ်လမ်းဆင်ရေးပြီး မေမေ့ကိုကလိတာ အပြစ်ပေါ့၊ လေပြေဆိုတဲ့ မိန်းကလေး လင်းလက်ကြယ်စင်အယောင်ဆောင်ပြီး မေမေ့ဆီလာတာ မေမေ့ကိုမထီမဲ့မြင်လုပ်တာပဲ၊ ဒါတွေဟာ သူတို့အပြစ်တွေပေါ့ဟိန်းရာဇာ''

''အဲဒါ မေမေနဲ့နီးစပ်ရအောင် ကိုအာကာက နည်းလမ်းရှာ တာပါမေမေရယ်၊ ဘာပဲဖြစ်ဖြစ် ကိုအာကာရေးပေးတဲ့ဇာတ်လမ်းတွေ ကြောင့် သားနာမည်ကြီးခဲ့ရတာပဲမေမေ''

''တော်ပါကွယ်၊ ဒီလိုရှုပ်ရှုပ်ထွေးထွေးလုပ်မှန်းသိရင် သူ့ ဇာတ်လမ်းတွေ မေမေဝယ်မရိုက်ပါဘူး''

''နောက်ပြီးတော့ မေမေက သားကို သားအဖေဟာ နိုင်ငံခြား မှာသေသွားပြီလို့ပြောထားတယ်လေ၊ တကယ်တော့ ဖေဖေဟာ သေသွား တာမှမဟုတ်ပဲ၊ နေကိုကျော့ခိုင်းထားတဲ့လ–ဇာတ်လမ်းကိုဖတ်ပြီး သား အားလုံးကိုသိလိုက်ရတယ်လေ၊ မေမေ့ကိုမေးရင် မေမေက ငြင်းမှာပဲ ဆိုတာသိလို့ သားဟာသား စုံစမ်းတာပါမေမေရယ်''

သူ့အဖေအကြောင်းထည့်ပြောလိုက်၍ ဒေါ်ဟိန်းသူဇာ ကိုဥက္ကာ

ကိုသတိရသွားသည်။

ကိုဥက္ကာ။ သူဘယ်ရောက်နေသလဲ။ အာကာနေတဲ့အိမ်ကို ရောက်ခဲ့ပေမယ့် ကိုဥက္ကာကို အရိပ်အယောင်ပင် မမြင်ခဲ့ရပေ။ သူရှိ သေးလား။ သေပြီလား။

ဒေါ်ဟိန်းသူဇာသည် ခင်ပွန်းဟောင်းအကြောင်းကို သိချင် သော်လည်း ဟိန်းရာဇာကိုဖွင့်မေးရမှာ ဝန်လေးနေသည်။ ရှက်နေသည်။

မတတ်နိုင်တော့ပါ။ အပြစ်တင်သလိုဖြင့် အပေါ်စီးမှမေးလိုက် သည်။

"သူကလည်း မင်းကိုမြှောက်ပေးခဲ့တယ်ပေါ့လေ၊ ဟုတ်လား"

"ဘယ်သူလဲမေမေ"

"မင်းအဖေ ကိုဥက္ကာလေ"

"သားအဖေကို သား အခုထိ မတွေ့ရသေးပါဘူးမေမေရယ်"

"ဟင် . .သူ . .သူ . ."

"ဖေဖေရှိပါသေးတယ်မေမေ၊ ဖေဖေ အသက်ရှင်ရက်ရှိပါ သေးတယ်တဲ့၊ ဒါပေမယ့် . ."

ဟိန်းရာဇာက ဆက်မပြောသေး။

ဒေါ်ဟိန်းသူဇာ ဟန်မဆောင်နိုင်တော့ပဲ မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဖေဖေဟာ . .ဖေဖေဟာ အနာကြီးရောဂါသည်စခန်းမှာ ရောက်နေပါတယ်တဲ့မေမေ"

"ဘာ–"

"ဖေဖေက . .မန္တလေးက ရေနံ့သာအနာကြီးရောဂါသည် စခန်းမှာတဲ့မေမေရယ်"

"အို . ."

ဒေါ်ဟိန်းသူဇာ ဟန်မဆောင်နိုင်ပါလေတော့။

မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ငိုချလိုက်တော့သည်။

"သူ . .သူ . .**ကိုယ်ပျက်သွားပြီ** . .ကိုယ်ပျက်သွားပြီ ပေါ့၊ သူကိုယ်တိုင် ကိုယ်ပျက်သွားရှာပြီ၊ ဖြစ်ရလေ . . ဖြစ်ရလေ ကိုဥက္ကာရယ်"

ဒေါ်ဟိန်းသူဇာ အတန်ကြာငိုရှိုက်နေလေသည်။

"ဒါတွေကို မသိရရင်ကောင်းမယ်သားရယ်၊ ခုတော့ မေမေ့ အသိထဲကို ဒါတွေရောက်လာပြီ၊ မေမေဟာ သားတို့မမွေးခင်ကတည်း က သူ့အပေါ်ကိုသံယောဇဉ်ဖြတ်ပြီးသားပါ"

"မေမေရယ် . .တကယ်တော့ ဖေဖေ့မှာ ဘာအပြစ်ရှိလို့ လဲဗျာ"

"တော်စမ်းဟိန်းရာဇာ၊ ဘာအပြစ်ရှိရှိ မရှိရှိ၊ မင်းအဖေဟာ ကိုယ်ရေပြားရောဂါသည်ကြီး၊ ရုပ်ရှင်မင်းသားဟိန်းရာဇာအဖေဟာ အနူကြီးလို့ လူသိသွားမှာကို မင်းမကြောက်ဘူးလားဟင်"

"တော်ပါတော့မေမေရယ် . .တော်ပါတော့၊ သားမကြားပါ ရစေနဲ့"

ဟိန်းရာဇာကိုယ်တိုင်ပင် မေမေ့ပေါင်ပေါ်မှာမျက်နှာအပ်၍ ငိုမိရပါပြီ၊

"ဒီအရေးတွေကြိုမြင်လို့ မေမေသူ့ကိုအဆက်ဖြတ်ခဲ့တာ၊ မေမေ ငယ်ငယ်ကလည်း သူ့ကြောင့် အရှက်ခွဲခံခဲ့ရပြီးပြီ၊ သားသမီးလက်ထက် ထိ ဒီအမည်းစက်ကြီးပါလာမှာစိုးလို့ အဆက်ဖြတ်ခဲ့တာပဲ၊ အာကာ့ကို လည်း မေ့ထားခဲ့တယ်၊ သူဟာ အာကာဆိုတဲ့နာမည်နဲ့အသက်ရှင်နေ မှန်းတောင် မေမေမသိခဲ့ဘူး၊ မသိပဲလည်းနေနိုင်ခဲ့တယ်၊ ခုတော့ . . ခုတော့ . ."

"မေမေ . .သားတို့အဖြစ်က ဆိုးလှချည်လားဗျာ၊ ဆိုးလှ ချည်လားမေမေရယ်''''

"ခုတော့ . .ပြည်ဖုံးကားချ ဖုံးဖိထားတာတွေအားလုံး ပေါ်ကုန်ပြီ၊ တော်ပါတော့သားရယ်၊ တော်ပါတော့၊ ရပ်တန်းက ရပ်ပါတော့၊ သူတို့နဲ့ပတ်သက်သမျှ ကိုယ့်ဖက်ကအနားချည်းပါပဲကွယ်၊ ဟိန်းရာဇာ လို့ တစ်နိုင်ငံလုံးကချစ်နေတဲ့သားနာမည်ကို မေမေအထိပါးမခံနိုင်ဘူး၊ သူတို့နဲ့မပတ်သက်ပါနဲ့တော့ကွယ်၊ မေမေ့ကိုကတိပေးပါသား"

ဟိန်းရာဇာ ဘာမှပြန်မပြောနိုင်။ မဆုံးနိုင်အောင်သာ ငိုနေမိ တော့သည်။

# အပိုင်း – ၈

## ( ၁ )

“မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခန်းအနား”

နေပြည်တော်တွင် ကျင်းပသော အကယ်ဒမီဆုပေးပွဲအခန်းအနားသို့ ရန်ကုန်မြို့မှ ရုပ်ရှင်ဗီဒီယိုလောကသားအားလုံးရောက်ရှိနေကြသည်။

အရောင်အသွေးစုံထွန်းညှိထားသော မီးဆိုင်းမီးပွင့်များကြား ဝယ်ဆုပေးပွဲစင်မြင့်ကြီးသည် ခန်းနားထယ်ဝါစွာ လှပနေပေ၏။

ဆုပေးပွဲအခန်းအနားကို ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်ပေးနေသည့်အတွက် တစ်နိုင်ငံလုံးကလည်း မြင်တွေ့သိရှိနေရပေသည်။

ဒေါ်ဟိန်းသူဇာနှင့်ဟိန်းရာဇာတို့သားအမိ ပွဲခင်းထဲသို့ဝင်လာ သည်။ ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာရွေးပေးသည့် ရွှေဖလားရောင်ပိုးပုဆိုးလေးနှင့်တိုက်ပုံလေးနှင့်ဖြစ်၏။

ဗီဒီယိုကင်မရာပေါင်းများစွာက ဟိန်းရာဇာတို့သားအမိကို မျက်ခြေမပြတ်လိုက်ရိုက်နေကြသည်။ တီဗီဌာနများ၊ မဂ္ဂဇင်းဂျာနယ်များမှသတင်းထောက်များကလည်း ဟိန်းရာဇာကို အင်တာဗျူးလုပ်ရန် တသီတတန်းကြီးပါလာလေသည်။

ဟိန်းရာဇာကား ယခုနှစ်အတွက် အကယ်ဒမီတစ်ပြေးနေ သောမင်းသားများထဲတွင် အလားအလာအကောင်းဆုံးမဟုတ်ပါလား။ ဟိန်းရာဇာပါဝင်သော“လရောင်ဝေးဝေး”ဇာတ်ကားသည် မင်းသားဆု၊ ဇာတ်ပို့မင်းသမီးဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆုများရမည်ဟု နာမည်ထွက်နေသည်။ ရှိသမျှဂျာနယ်လစ်များက ဟိန်းရာဇာနားမှ မခွာတော့ ပေ။

ဟိန်းရာဇာက တဖြတ်ဖြတ်လင်းလက်နေသော ဓာတ်ပုံဆလိုက်မီးများကြားမှ ပွဲခင်းထဲတွင် အာကာ့ကိုတွေ့လိုတွေ့ငြား ရှာကြည့် မိသည်။ မတွေ့မိသေးပါ။ ဒီပွဲကို အာကာလည်း တက်ရောက်သင့် ပေသည်။ အာကာသည်လည်း “လင်းလက်ကြယ်စင်”အဖြစ်နှင့် ဇာတ်ညွှန်းအကယ်ဒမီဆုရနိုင်သည်မဟုတ်ပါလား။

မေမေက သူ့အနားမှာကပ်နေ၍ ဟိန်းရာဇာ ဘယ်မှသွားခွင့်မရပေ။

သည်လိုနှင့် အကယ်ဒမီဆုပေးပွဲကြီး ကျင်းပသည့်အချိန်သို့ရောက်လာလေသည်။

\+ + + + +

ဝန်ကြီးမိန့်ခွန်းပြောကြားအပြီးတွင် ရုပ်ရှင်ထူးချွန်ဆုရရှိသူများစာရင်းကို ကြေငြာလေသည်။

ပထမဆုံးကြေငြာသည်က ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆု။

ထို့နောက် ရုပ်ရှင်နောက်ခံတေးဂီတဆု။

တတိယမြောက်ကြေငြာသည့်ဆုကတော့ ဇာတ်ညွှန်းဆုပင်ဖြစ်ပါသည်။

“ယခုနှစ်အတွက် အကောင်းဆုံးဇာတ်ညွှန်းဆုကို ဆွတ်ခူးရရှိသူကတော့ လင်းလက်ကြယ်စင်ဖြစ်ပါတယ်”

ကြေငြာသံဆုံးသည်နှင့် လက်ခုပ်သံများဆူညံသွားလေသည်။

ဒေါ်ဟိန်းသူဇာနှင့်ဟိန်းရာဇာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

“မေမေ ဝမ်းသာလားဟင်”

ဒေါ်ဟိန်းသူဇာက ဘာမှပြန်မပြော။

“သားတို့ကုမ္ပဏီက ထုတ်လုပ်တဲ့ဇာတ်ကားက ရတာလေ မေမေ၊ မေမေဝမ်းမသာဘူးလား”

“ဝမ်းသာပါတယ်သားရယ်၊ အရေးကြီးတာက သားကိုယ်တိုင်ရဖို့ပါ”

ဇာတ်ညွှန်းဆုကို “လရောင်ဝေးဝေး”ဇာတ်ကား ဇာတ်ညွှန်းအတွက် ဆွတ်ခူးသွားကြောင်း ဆက်လက်ပြောကြားနေသည်။ စင်မြင့်ပေါ်မှပိတ်ကားပေါ်တွင်လည်း ဇာတ်ညွှန်းပံ့ပိုးမှုကြောင့် ဇာတ်လမ်းကိုအထောက်အကူပြုသည့်ပြကွက်များကို ရွေးနှုတ်ပြသနေပေသည်။

ကင်မရာသမားများ တစ်နေရာကိုစုရုံးပြေးသွားကြသည်ကို တွေ့လိုက်ရပေသည်။ ထိုနေရာ၌ အာကာရှိနေပေလိမ့်မည်။ ဟိန်းရာဇာတို့ထိုင်နေသည့်နေရာကတော့ မမြင်ရပေ။

အာကာရေ ငါပါဆုရရင်တော့ ငါတို့ညီအစ်ကိုနှစ်ယောက်

အတူတူဆုတက်ယူရတော့မှာပေါ့ကွာ။ ပရိတ်သတ်တွေ ငါတို့နှစ်ယောက်ကိုကြည့်ပြီး အံ့သြသွားမှာမြင်ယောင်သေးတယ်။

မေမေနှင့်ပြဿနာဖြစ်ပြီးနောက်ပိုင်း . အာကာနှင့် ဟိန်း ရာဇာ မတွေ့ရသေးပါ။ မေမေကလည်း ဟိန်းရာဇာသွားသမျှနောက်ကို နောက်မှတကောက်ကောက်ပါနေ၍ အာကာတို့နှင့်အဆက်အသွယ် ပြတ်နေခဲ့သည်။

\+ + + + +

ထို့နောက် အခြားဆုများကို ဆက်လက်ကြေငြာလေသည်။

ဒါရိုက်တာဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆုများကို တစ်ခုပြီးတစ်ခုကြေငြာသွားသည်။ ပညာသားပါသောပြကွက်များကိုလည်း ပိတ်ကားပေါ်တွင်လက်တွေ့ပြသသွားပေ၏။

အမျိုးသမီးဇာတ်ပို့ဆုနှင့်ဒါရိုက်တာဆုကို ''လရောင်ဝေးဝေး'' ကားဖြင့်မျှော်လင့်ခဲ့သော်လည်း မရရှိခဲ့ပါ။

\+ + + + +

အမျိုးသားဇာတ်ဆောင်ဆုကို နောက်ဆုံးမှကြေငြာလေသည်။

ကြေငြာပေးရန်ဖိတ်ခေါ်ခံရသူက စာအိတ်ကိုဖောက်နေပြီ။

ပရိသတ်အားလုံးက အဖြေကို တိတ်ဆိတ်စွာ၊ ရင်ခုန်စွာ စောင့်ဆိုင်းနေကြပေ၏။

''ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ဆွတ်ခူးရရှိသူကတော့ ဟိန်းရာဇာ .

ဆုကြေငြာသူ ဆက်ပြောသောစကားသံများကိုပင် မကြားရတော့ပါ။ လက်ခုပ်သံများက အားလုံးကိုဖုံးလွှမ်းပစ်လိုက်လေသည်။

အဆင်သင့်ဝိုင်းရံထားသောကင်မရာမီးများက တဖြတ်ဖြတ်ဖြင့်လင်းလက်စွာကျရောက်လာသည်။

သားကိုပွေ့ဖက်ရင်း မျက်ရည်ကျနေသောဒေါ်ဟိန်းသူဇာပုံရိပ် ကို ရုပ်မြင်သံကြားမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံး မြင်တွေ့နေရပေ တော့မည်။

♛♛♛♛♛

( ၂ )

ဆုကြေငြာအပြီး၊ ဆုရသည့်ပြကွက်များကိုပြသအပြီးမှာ .

ဆုရရှိသူများကို တစ်ယောက်ချင်းခေါ်ယူကာ ဆုများချီးမြှင့် ပါသည်။

ဆုကြေငြာသည့်အစဉ်အတိုင်း ဆုရသူများကို တစ်ယောက်ချင်း ခေါ်၍ ဝန်ကြီးကိုယ်တိုင် ဆုများချီးမြှင့်နေ၏။

တည်းဖြတ်ဆုရသူ၊ တေးဂီတဆုရသူများ ဆုယူအပြီးမှာ . ဇာတ်ညွှန်းဆုရသူ ''လင်းလက်ကြယ်စင်''ကိုခေါ်ယူလိုက်ပါပြီ။

ဟိန်းရာဇာတို့ထိုင်နေသည့်နေရာမှ .ဆုယူရန် စင်မြင့်ဆီသို့ လျှောက်လှမ်းသွားသူကို မြင်နေရသည်။

ယောပုဆိုးအပြာရောင်၊ တိုက်ပုံအင်္ကျီအဖြူရောင်ဝတ်ထားသူ ကို နောက်ကကြည့်ရသည်မှာ အာကာနှင့်မတူပါ။

''အာကာလည်း မဟုတ်ပါလား၊ အဲဒါ .အာကာမဟုတ်ဘူး မေမေ''

ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာကို လှည့်ပြောလိုက်သည်။

''ဟုတ်တယ်၊ အဲဒါ အာကာမဟုတ်ဘူး၊ သူဘယ်သူဆိုတာ မေမေသိတယ်သား''

ဒေါ်ဟိန်းသူဇာက တုန်လှုပ်သောအသံဖြင့်ပြောသည်။

''ဟင် .အာကာမဟုတ်ရင် ဘယ်သူလဲမေမေ''

''အဲဒါ .အဲဒါ .ကိုဥက္ကာရယ်လေ''

''ဟင် .ဦးဥက္ကာ၊ သားအဖေ၊ ဟုတ်ပါ့မလားမေမေရယ်၊ သားအဖေဦးဥက္ကာက .''

''မေမေတော့ သူလို့ပဲထင်နေတယ်၊ စင်ပေါ်ရောက်တော့ သေချာကြည့်တာပေါ့''

ထိုအချိန်တွင် .ဆုယူမည့် လင်းလက်ကြယ်စင်ဆိုသူမှာ စင်ပေါ်ရောက်သွားပါပြီ။

ဝန်ကြီးထံမှ အကယ်ဒမီရွှေစင်ရုပ်ဆုကိုလက်ခံယူသည်။ သူ့ကို ဘေးတိုက်အနေအထားဖြင့်သာ မြင်နေရပါသေးသည်။

ဆုယူအပြီးတွင် သူက ပရိတ်သတ်ဖက်သို့လှည့်ကာ လက်နှစ်ဖက်မြှောက်ရင်း နှုတ်ဆက်လိုက်သည်။

''သေချာတာပေါ့သား၊ သူမှသူအစစ်ပဲ၊ ကိုဥက္ကာ .ကိုဥက္ကာ ရယ်ပါလား''

“ဟင် . မေမေ၊ သေချာသလားဟင်၊ သားအဖေဦးဥက္ကာ က .”

“အေး . ကိုဥက္ကာကိုယ်ပျက်သွားတယ်ဆိုတာ မင်းပဲ မေမေ့ကိုပြောခဲ့တာပဲ၊ အခုတော့ ခြေအကောင်းလက်အကောင်းအတိုင်းပါပဲလားဟိန်းရာဇာ၊ မေမေမမှားပါဘူးကွယ်၊ လင်းလက်ကြယ်စင်ဆိုတဲ့လူဟာ မင်းအဖေကိုဥက္ကာပဲသား”

ဟိန်းရာဇာက စင်ပေါ်မှလင်းလက်ကြယ်စင်ကို လှမ်းမျှော်ကြည့်လိုက်သည်။

“ဟာ . ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာမေမေရယ်”

“ဘာကိုဝမ်းသာတာလဲသား”

“ဖေဖေ . ဖေဖေ . ဘာမှမဖြစ်ဘူးဆိုလို့ပေါ့မေမေ၊ သားနဲ့အဖေ အတူတူဆုယူရလို့ပေါ့မေမေရယ်”

“သား . မင်းအလှည့်ရောက်တော့မယ်၊ မင်းကိုခေါ်တော့ မယ်၊ စင်နားကိုသွားနေတော့သား”

ဒေါ်ဟိန်းသူဇာက ဟိန်းရာဇာကို သတိပေးလိုက်သည်။

\+ + + + +

ဆုလက်ခံယူအပြီးမှာ ဆုရသူများ စင်ပေါ်တွင် ကုလားထိုင်ဖြင့်ထိုင်နေရပါသည်။

ကံအားလျော်စွာပင် ဟိန်းရာဇာကိုနေရာချပေးသည့်ကုလား ထိုင်မှာ ဦးဥက္ကာနှင့်ကပ်လျက်ထိုင်ခုံဖြစ်နေသည်။

ထိုင်ခုံဆီလျှောက်လာသောသူ့ကို ဦးဥက္ကာက ပြုံးကြည့်နေသည်။

သူက ထိုင်ခုံတွင်ဝင်ထိုင်ပြီးပြီးချင်းမေးလိုက်၏။

“ဦး . ဦးက . ဦးက ကျွန်တော့်အဖေလားဟင်”

“ဟုတ်ပါတယ်သား၊ ဖေဖေဟာ သားအဖေဦးဥက္ကာပါပဲ သားရယ်”

“ဟာ . ဖေဖေရယ်”

ဟိန်းရာဇာက လက်တစ်ဖက်မှ အကယ်ဒမီအရုပ်ကိုကိုင်ထားရက်မှပင် ဦးဥက္ကာကိုပွေ့ဖက်လိုက်လေသည်။

“သားဝမ်းသာလိုက်တာဖေဖေရယ်၊ သားသိပ်ဝမ်းသာတာပဲ”

စင်အောက်မှညှေ့သည်တော်များက ဇာတ်ကားတစ်ကားတည်းမှဆုရသူနှစ်ဦး ဝမ်းသာစွာပွေ့ဖက်နှုတ်ဆက်နေကြသည်ဟု ထင်ကြပေလိမ့်မည်။



ဒေါ်ဟိန်းသူဇာသည်လည်း ထိုမြင်ကွင်းကို မြင်နေရပါသည်။

သူတို့သားအဖ တွေ့နေကြပြီ။

ကိုဥက္ကာ။ အသက်ကြီးသွားတာကလွဲလို့ အရင်အတိုင်းပါလား ကိုဥက္ကာရယ် .။

လင်းလက်ကြယ်စင်ဆိုတာ ရှင်ကိုး၊ တတ်လည်းတတ်နိုင်ပါပေ့ကိုဥက္ကာရယ်။ ရှင်က ဇာတ်လမ်းတွေရေးပြီး သားအတွက် ဇာတ်ကားရိုက်နိုင်အောင် ပို့ပေးနေတာကိုး။ ရှင့်ဇာတ်လမ်းတွေကြောင့် သားက ကျော်ကြားလာပြီး ခုလို အကယ်ဒမီဆုပါရပြီဆိုတော့ ကျွန်မရှင့်ကို အပြစ်ဆိုလို့ဖြစ်ပါတော့မလား။

ကိုဥက္ကာရယ် . ရှင် တတ်လည်းတတ်နိုင်ပါပေ့ရှင် .

\+ + + + +

ဆုရသူများက တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျကျေးဇူးတင်စကားပြောကြားနေကြသည်။

ဟိန်းရာဇာနှင့်ဦးဥက္ကာသည် သူတို့အလှည့်မကျမီ တီးတိုးစကားပြောနေကြ၏။

“သား ဖေဖေ့ကို ခုလိုတွေ့ရလိမ့်မယ်လို့ မမျှော်လင့်ဘူး ဖေဖေ၊ ကိုအာကာက ဖေဖေ့ကို .”

“သားကြီးအာကာက ဘာပြောထားလို့လဲ သား”

“ကိုအာကာက ဖေဖေ အနာကြီးရောဂါသည်စခန်းမှာရောက်နေတယ်တဲ့”

ဦးဥက္ကာတွေသွားသည်။ ပြီးမှ ပြုံးလိုက်ကာ .

“ဒါတွေ စင်အောက်ရောက်တော့ ရှင်းပြပါ့မယ်သားရယ်”

“ကိုအာကာရော ပါမလာဘူးလားဖေဖေ”

“သားကြီးအာကာရော၊ လေပြေရော ပါလာပါတယ်သား၊ ပွဲခင်းထဲမှာ သူတို့ရှိကြပါတယ်”

“ဒါဖြင့် . ပွဲပြီးရင် သားတို့တည်းတဲ့ဟိုတယ်ကိုလိုက်ခဲ့နော် ဖေဖေ”

“သားအမေက ဖေဖေ့ကိုလက်ခံပါ့မလားကွယ်”

“ဟာ . လက်ခံအောင်လုပ်မှာပေါ့ ဖေဖေ၊ ဒါ သားတာဝန်ထားလိုက်ဖေဖေ”

♛♛♛♛♛

( ၃ )

ဆုပေးပွဲပြီးလို့ ဟိန်းရာဇာနဲ့ဒေါ်ဟိန်းသူဇာတို့ တည်းတဲ့ဟိုတယ်ကိုပြန်အရောက် ．

နောက်မှလိုက်လာသောဦးဉက္ကာတို့အဖွဲ့ကလည်း မရှေးမနှောင်းရောက်ရှိလာသည်။ ဦးဉက္ကာရယ်၊ အာကာရယ်၊ လေပြေရယ်။

"အခန်းထဲကို မဝင်ပါနဲ့ဦးမေမေရယ်၊ ဟိုမှာ ဖေဖေနဲ့အာကာတို့လိုက်လာကြတယ်၊ လေပြေလည်း ပါတယ်မေမေ"

"အို ．ဘာလို့ သူတို့က လိုက်လာတာလဲ"

"ဖေဖေက မေမေနဲ့တွေ့ဖို့လိုက်လာတာပေါ့မေမေရဲ့"

"သားနော် ．မေမေစိတ်ထိခိုက်မခံနိုင်တော့ဘူးကွယ်၊ သူတို့နဲ့မပက်သက်ပါနဲ့လို့ မေမေပြောထားတယ်မဟုတ်လား"

"ဖေဖေ့ကို မေးစရာရှိလို့ပါမေမေ၊ မေမေရော သားရော ဖေဖေ့ကို အနာကြီးရောဂါသည်စခန်းမှာ နေနေရတယ်လို့ ထင်ထား တာမဟုတ်လား။ သား မေးကြည့်ချင်လို့ ဖိတ်ထားတာပါမေမေ"

ဦးဉက္ကာတို့အုပ်စုက ဟိုတယ်ထဲဝင်လာပါပြီ။

"လာပါမေမေ၊ ဖေဖေနဲ့တွေ့လိုက်ပါဦး၊ စကားမပြောချင်ရင် တောင် ဖေဖေပြောတဲ့စကားလေးကိုတော့ နားထောင်လိုက်ပါဦးမေမေ"

ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာကို ပခုံးမှသိုင်းဖက်ရင်း ခေါ်လာခဲ့သည်။

အားလုံးမျက်နှာချင်းဆိုင်မိတော့ ဒေါ်ဟိန်းသူဇာက ခေါင်းကိုငုံ့ထားလေသည်။

"မေမေ ဒီမှာထိုင်နော်"

"အို ．ဒီမှာပဲထိုင်ပါမယ်"

ဦးဉက္ကာနှင့်ဒေါ်ဟိန်းသူဇာ ယှဉ်တွဲ၍ နေရာချပေးသည်ကို ဒေါ်ဟိန်းသူဇာက ငြင်းဆန်ကာ မျက်စောင်းထိုးချထားသောခုံတွင် ဝင်ထိုင်လိုက်သည်။

"ဘာစကားမှမပြောခင် သား မေမေ့ကို ကန်တော့ပါရစေ မေမေ၊ အကယ်ဒမီရုပ်လေးရှေ့ချပြီး မေမေ့ကိုကန်တော့မယ်ဆိုတာလေ၊ ခု ．ကန်တော့ခွင့်ရပါပြီမေမေ"

ဟိန်းရာဇာက ဒေါ်ဟိန်းသူဇာရှေ့ကြမ်းပြင်ပေါ်ဝယ် ဒူးတုပ်ထိုင်လိုက်ကာ အကယ်ဒမီရွှေစင်ရုပ်ကို ဒေါ်ဟိန်းသူဇာကိုပေးလိုက်သည်။

"သားတို့လည်း ကန်တော့ပါရစေမေမေ၊ သားကို ကန်တော့ခွင့်ပေးမယ်မဟုတ်လား"

"အာကာကလည်းကွာ ကိုယ့်အမေကိုယ်ကန်တော့တာပဲ ခွင့်တောင်းနေရသေးလား၊ ကန်တော့ပေါ့၊ လာ– ငါတို့ညီအစ်ကိုနှစ်ယောက် အတူတူကန်တော့ရအောင်"

"သမီးကိုလည်း ကန်တော့ခွင့်ပေးပါအန်တီ၊ သမီးလုပ်ရပ်တွေကိုလည်း ခွင့်လွှတ်ပေးပါနော်"

လေပြေကပါ ထိုင်ကန်တော့လိုက်သည်။

ဒေါ်ဟိန်းသူဇာကိုကန်တော့အပြီးတွင် ．

"ဖေဖေ့ကိုလည်း ကန်တော့ပါရစေ"ဆိုကာ သုံးယောက်သား ဦးဉက္ကာကို ထပ်ပြီးကန်တော့လိုက်ကြသည်။

ဦးဉက္ကာက ဆုများပေးသည်။

"ဖေဖေ့သားသမီးတွေ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ သားကြီးအာကာလည်း ချစ်သူနဲ့အိုအောင်မင်းအောင်ပေါင်းရပါစေကွယ်၊ သားငယ်ရာဇာလည်း ပြည်သူချစ်တဲ့အနုပညာသည်ဘဝနဲ့ ထာဝရရပ်တည်နိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဖေဖေ"

"သူဇာကရော ．သားတို့ကန်တော့တဲ့အတွက် ဆုပေးလိုက် ဦးလေ"

ဦးဉက္ကာက ဒေါ်ဟိန်းသူဇာကို လှမ်းပြောလိုက်သည်။

"အို ．"

ဒေါ်ဟိန်းသူဇာက တစ်ဖက်ကိုမျက်နှာလှည့်လိုက်လေ၏။

"မေမေက သားညတိုင်းကန်တော့ရင် ဆုပေးနေကျပါဖေဖေ၊ သားကို သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ပါစေလို့ မေမေအမြဲပေး နေကျဆု ပြည့်သွားပါပြီဖေဖေ၊ ဒါထက် ．သားစင်ပေါ်မှာ မေးထားတဲ့ မေးခွန်းလေး ဖြေပေးပါဦးဖေဖေရယ်၊ မေမေကလည်း အဲဒါကိုသိပ်သိ ချင်နေတယ်"

"အို ．သားဟိန်းရာဇာ၊ ဘာတွေလျှောက်ပြောနေတာလဲ"

"သားသိချင်နေသလို မေမေလည်းသိချင်နေတာ သားသိပါ

တယ်မေမေရယ်''

''ဘာများမေးချင်လို့လဲသား''

''အာကာက ဖေဖေ့ကို အနာကြီးရောဂါသည်စခန်းမှာ ရောက်နေတယ်လို့ပြောခဲ့တယ်လေ၊ အဲဒီတော့ ..မေမေနဲ့သားနဲ့က ဖေဖေ့ ကို .. ဖေဖေ့ကို ဟို ..ဟိုဟာဖြစ်သွားလို့လို့ ..''

''ကြော် ..ဒါလားသားရယ်၊ ဟားဟားဟား ..''

ဦးဥက္ကာက ရယ်လိုက်သည်။

အာကာက ..

''မင်းနဲ့ငါ ဆက်သွယ်မိတဲ့အချိန်က ဖေဖေ မန္တလေးက အနာကြီးရောဂါသည်စခန်းကိုရောက်နေတာအမှန်ပဲဟိန်းရာဇာ၊ အဲဒါ ဘာဖြစ်လို့လဲ''

''ဖေဖေရှင်းပြပါ့မယ်ကွယ်၊ သားကြီးက ဖေဖေ့ကို အနာကြီးရောဂါသည်စခန်းမှာရောက်နေတယ်ဆိုတော့ သူဇာနဲ့သားငယ်နဲ့က ဖေဖေ့ကို ဖေဖေ့အဖေလို ကိုယ်ပျက်သွားပြီလို့ ထင်နေကြတာဖြစ်မှာပေါ့၊ ဟုတ်လား''

''ဟုတ်ပါတယ်ဖေဖေ''

ဒေါ်ဟိန်းသူဇာက ဦးဥက္ကာစကားများကို နားစွင့်နေသည်။

''တကယ်တော့ ..သားကြီးပြောတာမမှားပါဘူး၊ လွန်ခဲ့တဲ့ တစ်ပတ်လုံး ဖေဖေ ရေနံ့သာအနာကြီးရောဂါသည်စခန်းမှာရှိနေခဲ့ပါတယ်ကွယ်၊ တခြားကြောင့်မဟုတ်ဘူး၊ အဲဒီစခန်းမှာ နေနေရတဲ့ ဖေဖေ့ရဲ့အဖေ ..မင်းတို့အဘိုး အနာကြီးရောဂါသည်ကြီး ကွယ်လွန်သွား လို့လေ''

''ဟင် ..''

''သားတို့အဘိုးဟာ လွန်ခဲ့တဲ့တစ်ပတ်က အသက်၇၅-နှစ် အရွယ်မှာ ကွယ်လွန်သွားရှာပြီကွဲ့၊ အဲဒီအတွက် မင်းတို့အဘိုးအသုဘကိစ္စဆောင်ရွက်ဖို့ ဖေဖေ အနာကြီးရောဂါသည်စခန်းကိုရောက်နေရတာပါကွယ်''

''တော်သေးတာပေါ့ဖေဖေရယ်၊ သားနဲ့မေမေက တစ်မျိုးတွေး ပြီး စိတ်မကောင်းဖြစ်နေကြတာ၊ ဟုတ်တယ်နော်မေမေ''

''အို ..''

''သားတို့အမေက ဖေဖေ့အတွက် စိုးရိမ်ကြောင့်ကြဖြစ်တယ်ဆိုတာကို ဝန်ခံမှာမဟုတ်ပါဘူးကွယ်''

''ဟာ ..အဲဒါတော့မဟုတ်ဘူးဖေဖေ၊ မေမေက ဖေဖေ့ကို သံယောဇဉ်ရှိတုံးပါဖေဖေ၊ ဖေဖေအကယ်ဒမီဆုယူဖို့ စင်မြင့်ပေါ်တက်သွားတုံးက အဝေးကနေ ဖေဖေ့နောက်ကျောကိုလှမ်းမြင်တာတောင် မေမေက ဖေဖေမှန်းသိနေတယ်ဖေဖေ''

''ဟဲ့ ..ဟိန်းရာဇာ၊ ဘာတွေလျှောက်ပြောနေတာလဲ''

ဒေါ်ဟိန်းသူဇာက ထိုင်နေရာမှထလိုက်သည်။

''ဘယ်ကိုလဲမေမေ''

''အခန်းထဲသွားတော့မယ်လေ''

''နေပါဦးမေမေရယ်၊ ဖေဖေနဲ့တွေ့တုံးမှာ ပြောစရာရှိတာ ပြောပါဦးမေမေရယ်''

''မေမေ့မှာ ဘာမှပြောစရာမရှိပါဘူး''

''ကိုယ့်မှာတော့ ပြောစရာရှိတယ်သူဇာ၊ သားငယ်ဟိန်းရာဇာ ကို ခုလိုအောင်မြင်ထင်ရှားတဲ့အနုပညာသည်တစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့တာကို ကိုယ်ကျေးဇူးတင်ပါတယ်သူဇာ''

''အို ..''

''သားအောင်မြင်လာတာ ဖေဖေ့ဇာတ်လမ်းတွေကြောင့်လည်း ပါပါတယ်ဖေဖေ၊ ဟုတ်တယ်နော်မေမေ''

''မှန်ပါတယ်သားရယ်''

ဒေါ်ဟိန်းသူဇာက ဝန်ခံလိုက်သည်။

''ရှင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲကိုဥက္ကာ''

''ကိုယ့်ဇာတ်လမ်းတွေ သားနဲ့ရိုက်ဖို့ ကိုယ်ကိုယ်တိုင်လာပေး ရင် သူဇာလက်ခံမှမဟုတ်ဘူးဆိုတာ သိနေလို့ပါသူဇာ''

''အို ..''

ဒေါ်ဟိန်းသူဇာက အာကာ့ကိုကြည့်လိုက်သည်။

''ရှင် သားကြီးအာကာကို ဒီအရွယ်ရောက်အောင် ဘယ်လို မွေးခဲ့လဲဟင်၊ ကျွန်မ ..ကျွန်မ တစ်ချိန်လုံးတွေးပြီး စိတ်ပူခဲ့ရပါတယ်''

''သူဇာစိတ်ပူမယ်ဆိုတာ ယုံပါတယ်၊ သူဇာက အမေပဲ၊ သူဇာ တို့မြို့ကနေ သားကြီးအာကာကိုယူပြီး ကိုယ်ထွက်သွားတော့ ညောင်ဦး ကိုပြန်သွားရတာပေါ့သူဇာ၊ ညောင်ဦးက ကိုယ့်ရဲ့မွေးစားအမေကြီး ဆရာမ ဒေါ်ငြိမ်းရင်ကပဲ သားကြီးကို အသက်ရှင်အောင် မွေးပေးခဲ့ပါတယ်''

"အို . အခု ဆရာကြီးနဲ့ဆရာမကြီးရော"

"မရှိကြတော့ပါဘူးသူဇာ၊ ဆုံးကုန်ကြပါပြီ"

"ကျွန်မမာနတွေထားခဲ့မိပါတယ်၊ ကျွန်မမာနတွေထားသ လောက် မေတ္တာထားနိုင်တဲ့သူတွေက ထားနိုင်လို့ သားကြီးလူတစ်လုံး သူတစ်လုံးဖြစ်ခဲ့ရတာပါ၊ ဆရာကြီးနဲ့ဆရာမကြီးတို့မေတ္တာကို ဂါရဝပြု ပါတယ်ကိုဉက္ကာရယ်၊ ဒါနဲ့ ရှင် နောက်ထပ် အိမ်ထောင်မကျဘူးလား ဟင်"

"သူဇာ . ကိုယ်တို့နှစ်ယောက်ကွဲခဲ့တာ တစ်ယောက်နဲ့ တစ်ယောက် မုန်းလို့မှမဟုတ်ပဲ၊ ကြားလူနှောက်လို့သာ ကံကြမ္မာကြောင့် ကွဲခဲ့ကြတာလေ၊ ကိုယ့်ဘဝမှာ သူဇာ့နေရာကို ဘယ်သူနဲ့မှ အစားမထိုး ခဲ့ပါဘူးသူဇာ"

"အို ."

"ဟုတ်ပါတယ်မေမေရယ်၊ ဖေဖေက တစ်နေ့ မေမေနဲ့ပြန်ဆုံ ရမယ်ဆိုတဲ့စိတ်နဲ့ မေမေ့ကို သစ္စာရှိရှိစောင့်နေတာပါမေမေ"

အာကာက ဝင်ပြောလိုက်သည်။

"ရှင်တို့ ဘာလုပ်ကိုင်စားနေသလဲကိုဉက္ကာ၊ သားကြီးကိုယူပြီး မြို့ကထွက်သွားတော့ ရှင် အလုပ်ကပါထွက်သွားတာ မဟုတ်လား"

"ပုဂံကိုလာနေကျ ပြင်သစ်လူမျိုးတစ်ယောက်နဲ့ဆက်သွယ်မိ ခဲ့တယ်သူဇာ၊ သူက ပြင်သစ်နိုင်ငံမှာ မြန်မာအနုပညာပစ္စည်းတွေရောင်း တဲ့ဆိုင်ဖွင့်ထားတယ်၊ ကိုယ်က ဒီကပစ္စည်းတွေကို တင်ပို့ပေးရပါတယ်၊ ကိုယ်စားလှယ်ပေါ့၊ ကိုယ့်ရုံးခန်း ရန်ကုန်မှာလည်းရှိပါတယ်"

"ဩော် ."

"သူဇာတို့သားအမိနဲ့ ဆုံသာမဆုံတာပါ၊ ကိုယ်တို့ ရန်ကုန်မှာ ပဲနေကြတာပါသူဇာ၊ သားကြီးအာကာက အခု ဆေးတက္ကသိုလ်မှာ တတိယနှစ်တက်နေတာလေ၊ သာ့ဒ်အမ်ဘီ Third MBပေါ့"

"အို . သားကြီးက ဆေးကျောင်းတက်နေတာလား"

"ဟုတ်ပါတယ်သူဇာ၊ လေပြေကလည်း သားကြီးနဲ့တစ်တန်း တည်း ဆေးကျောင်းသူတစ်ယောက်ပါ၊ သူဇာတို့အသိုင်းအဝိုင်းထဲဝင် နိုင်ဖို့ သမီးလေပြေကိုပဲ စာရေးဆရာမအယောင်ဆောင်ပေးဖို့ အကူ အညီတောင်းခဲ့ရတယ်၊ ကိုယ်ပေးထားတဲ့ကလောင်နာမည်ကလည်း ယောကျ်ားရော မိန်းမရော ဖြစ်နိုင်တယ်မဟုတ်လား"

"ကိုဉက္ကာရယ် . ကျွန်မရှင့်ကိုကျေးဇူးတင်ပါတယ်၊ သားကြီး ကို ခုလို ပညာတတ်တစ်ယောက်ဖြစ်အောင်ပြုစုပျိုးထောင်ပေးခဲ့တဲ့ ရှင့် ကို လေးစားပါတယ်ကိုဉက္ကာ"

"ဒါဖြင့် . မေမေက ဖေဖေ့ကိုအမြင်ကြည်သွားပြီပေါ့နော်၊ ဟုတ်လား မေမေ"

"အသက်ကြီးလာလို့ တရားသဘောကိုနားလည်လာပြီး မေမေ စိတ်ထားတွေတည်ငြိမ်သွားပါပြီသားရယ်"

"ဒီလိုဆို ဖေဖေနောက်ရေးထားတဲ့ နေကိုကျောခိုင်းထားတဲ့လ ဇာတ်လမ်းကိုရော မေမေ၊ ရုပ်ရှင်ရိုက်မှာလား"

"ရိုက်မယ်သား၊ ရိုက်ဖို့ မေမေဆုံးဖြတ်လိုက်ပြီ"

ဒေါ်ဟိန်းသူဇာက ဦးဉက္ကာကိုပြောလိုက်၏။

"ကိုဉက္ကာ . ရှင့်ရဲ့ နေကိုကျောခိုင်းထားတဲ့လ ဇာတ်ညွှန်း ကို ရုပ်ရှင်ကားကြီးရိုက်ဖို့ ကျွန်မဝယ်ပါ့မယ်"

"မဟုတ်တာသူဇာရယ် . အရောင်းအဝယ်စကားပြောရမယ့် အချိန်မဟုတ်တော့ပါဘူး၊ သားငယ်အတွက် ဇာတ်လမ်းကောင်းတွေ ကိုယ့်မှာအများကြီးရှိပါသေးတယ်သူဇာ"

"နေကိုကျောခိုင်းထားတဲ့လ–ဇာတ်လမ်းကို ရုပ်ရှင်ရိုက်တဲ့နေရာ မှာ ဇာတ်သိမ်းခန်းလေးကိုတော့ ပြင်ခွင့်ပေးပါကိုဉက္ကာ"

"သူဇာဘယ်လိုဖြစ်ချင်လို့လဲ"

"ရုပ်ရှင်ကြည့်ပရိတ်သတ်အကြိုက် Happy Ending ပျော်စရာ ဇာတ်သိမ်းဖြစ်အောင် ပြင်ချင်လို့ပါ"

"ဘယ်လိုပြင်ချင်တာလဲသူဇာ"

"ဇာတ်သိမ်းခန်းမှာ မင်းသမီးက ကိုယ်ရေပြားရောဂါဆိုတာ ကူးစက်တတ်တဲ့ရောဂါမဟုတ်ဘူး၊ စံနစ်တကျကုသရင်ပျောက်ကင်းတဲ့ ရောဂါဆိုတာနားလည်သွားပြီး သူ့ယောကျ်ားနဲ့ရော အမွှာသားလေး နှစ်ယောက်နဲ့ပါပြန်ပေါင်းပြီး ဇာတ်သိမ်းပေးချင်ပါတယ်ကိုဉက္ကာ"

"ကောင်းတာပေါ့သူဇာ၊ သူဇာ့သဘောပါလေ"

"ဟာ . မေမေ၊ အပြင်မှာရောမေမေ၊ အပြင်မှာလည်း အဲဒီအတိုင်းဇာတ်သိမ်းရင် ကောင်းမှာပဲနော်မေမေ"

"ဘာဆိုင်လို့လဲသား၊ မေမေက ရုပ်ရှင်အနေနဲ့ကြည့်ကောင်း အောင်ပြောတာပါ"

"မရဘူးဗျာ၊ အပြင်မှာလည်း အဲဒီလိုဇာတ်သိမ်းပေးပါမေမေ ရယ်"

"အို ... ကလေးကလား၊ သားကလဲကွယ် ..."

"ဇာတ်သိမ်းကို အန်တီပြောသလိုပြင်မယ်ဆိုရင် ဇာတ်လမ်း နာမည်ကိုလည်း ပြင်မှဖြစ်မှာပေါ့"

လေပြေက ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ မင်းသားမင်းသမီးဇာတ်ပေါင်းပေး ရင် နေကိုကျောခိုင်းထားတဲ့လဆိုတဲ့နာမည်နဲ့ မလိုက်တော့ဘူး၊ ဘယ်လို ပြင်ရင် ကောင်းမလဲဟေ့"

အာကာက မေးလိုက်သည်။

"လွယ်ပါတယ်အာကာ၊ **နေနဲ့လနဲ့မျက်နှာချင်းဆိုင်**လို့ ပြင် လိုက်ရုံပေါ့၊ ဟုတ်တယ်မဟုတ်လားဖေဖေ"

"ဖေဖေက နေတို့လတို့ကို မိခင်၊ ဖခင်နဲ့နှိုင်းပြီး တင်စား ထားတာပါသားတို့ရယ်၊ **ဖခင်မေတ္တာကို နေရောင်၊ မိခင်မေတ္တာကို လရောင်နဲ့ နှိုင်းကြတယ် မဟုတ်လား။** အဲဒါကြောင့် ..သားနဲ့ အမေ ဝေးကွာနေရတဲ့အကြောင်းကို ရေးထားတဲ့ဇာတ်လမ်းကိုလည်း "လရောင်ဝေးဝေး"ဆိုတဲ့ နာမည် ပေးခဲ့တာပါသား၊ သားငယ်ပြောတဲ့ **နေနဲ့လနဲ့မျက်နှာချင်းဆိုင်**–ဆိုတဲ့နာမည်ကလည်း ပြင်မယ့်ဇာတ်သိမ်း နဲ့လိုက်ပါတယ်သား"

"ဟေး–ဟုတ်ပြီကွ၊ ဒါဆို အပြင်မှာလည်း ဇာတ်လမ်းထဲက အတိုင်းဇာတ်သိမ်းဖို့ပဲလိုတော့တယ်၊ အာကာ– တို့နှစ်ယောက် နေနဲ့လ ကို မျက်နှာချင်းဆိုင်ပေးလိုက်ရအောင်လေ"

"အေး– ငါက ငါ့အဖေကို တာဝန်ယူတယ်ကွာ"

"ငါကလည်း ငါ့အမေကို တာဝန်ယူပါတယ်ကွာ၊ မေမေ၊ ထပါဦး"

"ဘာလုပ်မလို့လဲသား"

"လမင်းကြီးမေမေ့ကို နေမင်းကြီးဖေဖေနဲ့ မျက်နှာချင်းဆိုင် ပေးမလို့ပါ"

"အိုကွယ် ..မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲမေမေ၊ သားအဖေက မေမေ့ကို တစ် သက်လုံးသစ္စာရှိရှိစောင့်နေခဲ့တာပါမေမေရယ်"

အာကာက ပြောရင်း ဦးဥက္ကာကို ဒေါ်ဟိန်းသူဇာရှေ့သို့ ခေါ် လာလေသည်။

ဟိန်းရာဇာကလည်း ဒေါ်ဟိန်းသူဇာကို မတ်တပ်ရပ်စေလိုက် သည်။

"နေနဲ့လနဲ့ မျက်နှာချင်းဆိုင်လိုက်ပါမေမေရယ်"

"အိုကွယ် ..ရှက်စရာကြီး၊ သားတို့ကလဲ"

အာကာက ဦးဥက္ကာကို ဒေါ်ဟိန်းသူဇာရှေ့သို့တွန်းပို့လိုက်၏။

ဟိန်းရာဇာကလည်း ဒေါ်ဟိန်းသူဇာပခုံးကိုဖက်ကာ ဦးဥက္ကာ နှင့် မျက်နှာချင်းဆိုင်ပေးလိုက်သည်။

ဦးဥက္ကာနှင့်ဒေါ်ဟိန်းသူဇာမျက်နှာချင်းဆိုင်ရပ်မိသွားသည်။

ဒေါ်ဟိန်းသူဇာက ရှက်ရှက်ဖြင့်ခေါင်းကိုငုံ့ထားလေ၏။

"ဖေဖေ့ကို မော့်ကြည့်လိုက်ပါဦးမေမေရယ်"

"ဟုတ်ပါတယ်သူဇာရယ်၊ သားတို့အလိုကျ ခေါင်းမော့်ပါဦး ကွယ်"

ဦးဥက္ကာက ပြောရင်း ဒေါ်ဟိန်းသူဇာ၏မေးစေ့လေးကိုဆွဲကိုင် ကာ ခေါင်းမော့်စေလိုက်လေ၏။

"ဟေး–"

လေပြေက လက်ခုပ်တီးလိုက်လေသည်။

"နေနဲ့လနဲ့မျက်နှာချင်းဆိုင်မိပြီကွ"

"နေနဲ့လနဲ့မျက်နှာချင်းဆိုင် ..ဟားဟားဟား ..."

သားများ၏ရယ်မောပျော်ရွှင်စွာပြောလိုက်သောအသံကြောင့် ဦးဥက္ကာနှင့်ဒေါ်ဟိန်းသူဇာတို့မျက်နှာများက ပြုံးသွားကြလေသည်။

လူငယ်သုံးယောက်၏ရယ်မောသံနှင့်လက်ခုပ်သံများက ဟိုတယ် ခန်းမတစ်ခုလုံးတွင် ပျံ့လွင့်သွားလေတော့သည်။

ငွေတမာန်

၁၆–၇–၂၀၀၉

၂၅–၇–၂၀၀၉